
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


**Quality Publishing House** မှ ထုတ်ဝေ

# တို့ဆုံတွေ့ခဲ့ဖူးသော သမ္မတကြီးဦးထင်ကျော်

သူတို့ဆုံတွေ့ခဲ့ဖူးသော
သမ္မတကြီးဦးထင်ကျော်



အမှတ်-၅၀၈/၅၁၂(၂-ခ)၊ ပထမထပ်၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊


သို့ ..................................................

မှ ..................................................

# ဂမ္ဘီရလောက


ဆုမြည့်စုံထွန်း စာပေ

အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC

# ဂမ္ဘီရလောက

## ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂၊ ၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၃၈၃၆၆၄၊ ၀၁ - ၃၈၆၈၃၃

http://Quality.myanmaronlinesales.com တွင်
ထိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရလောက

No.111,
August,
2016








ဒဂုန်ရွှေမျှား
မရဏာရက်ချိန်း ၆

မကွေးညိုစိမ့်
ငှက်ပျောပင်စိုက် ဗိုလ်ကြီးမသာ ၃၃

ကျော်မင်းညွန့် (လှည်းကူး)
တစ်ရွာသူမြရင်မ ၄၈

စောဘုန်းဦး (ရက္ခဇေဒ)
ဗိုလ်တဲစောင့်တစ္ဆေများ ၆၀

ကောင်းသော်
ထိန်ပင်စောင့် ၇၂

ကေရာဇ်
မဖြစ်နိုင်လည်း မဖြစ်၊ မမြင်ရ မြင်ရ ကြုံခဲ့ရ ၈၆

...t Month Preview ၅

...င်လေးအောင် (သန်လျင်)
...ခဲ့သောကိုယ် (သို့မဟုတ်) ဒေါ်နှန်းအိုကာနှင့်
...င်အောင်ခွေးနက်ကြီး ၁၂၆

...သိုလ်အပန်ငယ်
... ၁၄၃

...င်းသျှင်
... ၁၅၄

...ကျော် (အောင်လံ)
... ဂေါ်ရာသရဲ ၁၈၆

...င်အောင်ဆန်း
...သော ဘိုးတော် ၂၀၀

...
... အာပေတူး ၂၁၀








BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


**အယ်ဒီတာချုပ်**
ကိုမြင့်ထွန်း(Quality)

**တာဝန်ခံအယ်ဒီတာ**
ဝေလွင်မြင့်မောင် (၀၉၃၁၁၀၁၆၉၉၉)

**ထုတ်ဝေသူ**
ဒေါ်ခင်မာရွှေ (ဂုဏ်ရည်ထုံထွန်းစာပေ)(၀၀၅၅၆၀)
အမှတ် ၅၁၈/၅၁၂ (၂၈) လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**အတွင်းသရုပ်ဖော်**
ထိပ်တောင်၊ ဝင်းသိန်း၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊
ကျော်စိုးညိန်း၊ တောင်ငူစိုးမြင့်လေး၊
လှသစ်အောင်(အင်းလျား)၊ ရန်နိုင်ဦး၊ မောင်နေကြည်၊
ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်တာ၊ ပိုင်းမော်၊

**ပုံနှိပ်သူ**
ဦးအောင်မှုံနိုင်ဝိုက်၊ ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)
အနိုစက်အဝိုဝန္တည်းစက်ရုံဝင်၊ အထက်ပုဇွန်တောင်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်၊

**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**
အမှတ် ၅၁၈/၅၁၂ (၂၈) လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁ ၃၈၃၆၆၆၄၊

**အုပ်ချုပ်မှုအယ်ဒီတာ**
မခင်မာရွှေ

**အယ်ဒီတာအဖွဲ့**
ဉာဏ်လင်းထက်

**ရုံးအဖွဲ့**
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ နေဇင်လတ်၊ ဝေလင်း
သန်းထက်ဇင်၊ ထွန်းထွန်း၊ ငြိမ်းမင်းဦး၊ မြမြသင်း၊
မြတ်နှင်းသွယ်၊ ကြည်စင်သန့်၊ အိဖြူ၊ မီမီဇင်။

**မျက်နှာဖုံး**
ဉာဏ်လင်းထက်

**ကွန်ပျူတာနှင့် ဖလင်**
Quality

**စာအုပ်ချုပ်**
တင်မေထွန်း

အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၀၀၀ ကျပ်




# Next Month Preview



ဒဂုန်ရွှေမျှား
**ချစ်ဝိညာဉ်**



[မ]ောင်လေးအောင်(သန်လျင်)
**အိမ်တစ်အိမ်၊ လူလေးယောက်၊ သရဲနှစ်ကောင်**



ဝင်းခိုင် (မကွေး)
**ဘုရားသိုက်နဲ့ မိုက်ကြည်မိုး**



တင့်ထူး (ဧရာဝတီ)
**ခေါင်းပြတ်တစ္ဆေ**

www.burmeseclassic.com


www.burmeseclassic.com

# ဒဂုန်ရွှေမျှား

ဝတ္ထုရှည်ကြီး

၁၉၅၁ ခုနှစ် နွေဦးပေါက်တနင်္ဂနွေ နေ့တစ်နေ့ ညနေစောင်းအချိန်၌ ကိုစိန်ကြိုင်နှင့် ကိုတင်အေးတို့ အပါအဝင် သူငယ်ချင်း(၃၊ ၄)ယောက်တို့သည် ရန်ကုန်အနောက်ပိုင်း လမ်းမတော်ရှိ "လူငယ်များအသင်း" ခေါ်ကလပ်အတွင်းတွင် ရေခဲစိမ်သော ဘီယာများကို အတန်ကြာသောက်လျက်ရှိရာမှ ဘိလိယက်ခုံရှိသော အခြားအခန်းဘက်သို့ ကူးခဲ့ကြလေ၏။

ကိုတင်အေး၊ ကိုစိန်ကြိုင်တို့မှာ
အလွန်ချစ်သော သူငယ်ချင်းများဖြစ်
ကိုစိန်ကြိုင်၏ မိဘများမှာ အတော်
အတန်ပစ္စည်းဥစ္စာနှင့် ပြည့်စုံသူများဖြ
သည့်အတိုင်း သွင်းကုန်လုပ်ငန်းနှင့်
စပ်များတွင် အစုရှယ်ယာများပါဝင်
ဖြစ်ပေသည်။ ကိုစိန်ကြိုင်မှာ ကုန်သည်
မိုးရာ လုပ်ကိုင်လျက် မိဘများကို ကူ
နေသူဖြစ်၏။ ကိုတင်အေးမှာမူ အစိုး
ဌာနတစ်ခုတွင် ရုံးဝန်ထောက်ဖြစ်



www.burmeseclassic.com

# မဂါကရတ်ချိန်း

## ဒဂုန်ရွှေမျှား

မြင်းလောင်းခြင်း၌ ဝါသနာပါ၍ မြင်းနိုင်သောအခါများတွင် သူငယ်ချင်းများအား အမြဲတွေးမွေးတတ်သူ ဖြစ်လေသည်။

ထိုနေ့က မြင်းပွဲတွင် ကိုတင်အေးမှာ (၃)ကောင် စွပ်တိုက်၍ ငွေ(၁၇၀၀)တော့်မှုပွဲရာ သူငယ်ချင်းဖြစ်သူ ကိုစိန်ကြိုင်အား မြူစုလိုသဖြင့် အခြားရင်းနှီးသူ (၂)ယောက်၊ (၃)ယောက်ကိုပါ ဖိတ်မန္တက ပြုပြီးလျှင် ထိုနေ့ညနေအတွက် "ဒကာခံ"ခဲ့ခြင်းဖြစ်လေသည်။ သူတို့၏ အစီအစဉ်မှာ ကာလပ်တွင် ဘီယာသောက်၍ ဘီလိယက်တစ်ပွဲမျှ ကစားပြီးနောက် လပွတ္တာလမ်းဟိုတယ်တွင် ညစာစားရန် ဖြစ်လေသည်။

ဘီလိယက်ခန်းသို့ ရောက်သောအခါ လက်စမသတ်သေးသော နှစ်ယောက်တွဲတစ်တွဲကို စောင့်ဆိုင်းရင်း စင်မြင့်များပေါ်၌ ထိုင်လျက်ရှိကြစဉ် မြင်းပွဲ၌နိုင်သဖြင့် အူရွှင်လျက်ရှိသော ကိုတင်အေးသည် ဘီယာကလေး အနည်းငယ်ဝင်၍ သွားပြန်သောအခါ ယခင်ကထက်ပင် အာသွက်လျှာသွက် ဖြစ်လာလျက် ကိုစိန်ကြိုင်အား မထိတထိ "စ"လျက်ရှိလေ၏။





ဤကဲ့သို့ ကျီစားရန်စပြုလုပ်မိသဖြင့်သာ အောက်တွင် ရေးသားအံ့သော အကြောင်းအရာများ ဖြစ်ပေါ်လာခြင်းဖြစ်လေသည်။

အေး ။ ။ "ဟော့လူ - ခင်ဗျားဟာ ဒီတ်ဆံလည်းရှိတယ်၊ ရုပ်လည်း မခေဘူး။ ဒါနဲ့များ ခုထက်ထိ မိန်းမ မရသေးဘာအံ့ဩသဗျာ"

ကြိုင် ။ ။ "ဒါတော့ ကျုပ်ကမှ မလိုချင်ဘဲကိုဗျ"

"ဒီဟာတော့ သက်သက် ခင်ဗျားဖြီးတာဗျာ။ မိန်းမမလိုချင်တဲ့ယောကျ်ားရယ်လို့ ဘယ်မှာရှိသလဲ၊ ခင်ဗျားအရွယ်ဆိုရင် ကျုပ်တို့ သူငယ်ချင်းတွေထဲကပဲ ကလေးပဲ (၄၊ ၅)ယောက် ရှိကုန်ပြီ။ ခင်ဗျားလေးဆယ်ပြည့်ပြီမဟုတ်လား"

"မဟုတ်တာဗျာ - ကိုတင်အေးကလဲ ကြုံကြုံဖန်ဖန်၊ ကျုပ်က ခင်ဗျားထက် (၃)နှစ်ငယ်တာပဲ"

အေး ။ ။ "အေးလေ - (၄)နှစ်ပဲငယ်ငယ်၊ (၅)နှစ်ပဲငယ်ငယ် ထားပါတော့၊ သူတို့ အနောက်နိုင်ငံသားများဆိုးစံတော့ လူတစ်ယောက်ကို လခဘယ်လောက်ရသလဲ၊ ခင်ဗျားမိန်းမနဲ့ကလေးလူရှိလား၊ ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ မမေးရဘူးတဲ့ဗျ။ မေးရင် ရိုင်းရာရောက်တယ်၊ ဒါပေမဲ့ - ကျုပ်တို့က အရှေ့နိုင်ငံသားတွေပဲဗျာ။ ကိုင်း - ကျုပ်တို့အထဲက ကိုစိန်ကြိုင် ဘယ်နှစ်မှာမွေးသလဲ၊ အသက်ဘယ်လောက်ရှိပြီလဲ ဘယ်သူပြောနိုင်လဲ။ ပြောနိုင်တဲ့လူရှိရင် နောက်ထပ်ဘီယာတစ်ပုလင်းဗျို့"

ကိုတင်အေးသည် အာကျယ်တာကျယ်နှင့်ပင် အော်လိုက်ရာ ခုံမြင့်ပေါ်မှ စောင့်ဆိုင်းနေသူအားလုံးပင်ကြားရ၏။ ထိုနေ့ညနေက ကာလပ်တွင် မင်းဘားများသာမက ယင်းတို့က အသီးသီးခေါ်ဆောင်လာကြသော မိတ်ဆွေသင်္ဂဟများ ညည်သည်များဖြင့် အတော်ပင် စည်ကားလျက် ရှိလေသည်။ ကိုတင်အေးသည် မိမိတို့အချင်းချင်းသာမက အခြားလူများပင်ကြားလောက်အောင်လက်ကိုဝှေ့ယမ်းလျက် ပြောလိုက်လေသည်။ ထိုအခါ အခန်းတွင်းရှိလူအချို့မှာ ကိုစိန်ကြိုင်တို့ ပြောင်လှောင်လိုသောမျက်နှာများဖြင့် ကြည့်၍လည်းကောင်း၊ အချို့လည်းအားနာဟန်ဖြင့်လည်းကောင်း၊ အချို့လည်း နီးရာလူနှင့် တီးတိုးပြောကာ ရယ်မောလျက်လည်းကောင်း ရှိနေကြကုန်၏။

အေး ။ ။ "ကိုင်းလေ - ခင်ဗျားတို့ အထဲက ကိုစိန်ကြိုင်မွေးတဲ့ခုနှစ်ကို ဘယ်သူပြောနိုင်လဲ - ပြောကြလေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သိတယ်၊ ၁၉၁၉ခုနှစ်" ဟု အသံတစ်သံကို လူအုပ်ထဲမှ ကြားလိုက်ရသဖြင့် ကိုတင်အေးတို့ လူစုလည်း အံ့အားသင့်လျက် မှိုကြတုန်၏။ လူများသည် အသံကြားရာသို့ လှည့်ကြည့်ကြ၏။ အော်လိုက်သောသူငယ်မှာ အုစိမ်းထစ်ယောက်ဖြစ်၍ အသက် (၁၇)နှစ်၊ (၁၈)နှစ်ခန့် ကျောင်းသားအရွယ်မျှသာ ရှိသေးသည်ဟု ခန့်မှန်းရလေသည်။

ကိုစိန်ကြိုင်မှာ နဂိုတဝင် စိတ်တိုသောသူတစ်ယောက် ဖြစ်သည့်ပြင် ကိုတင်အေး "စ" နေသည်ကိုလည်း မခံချင်စိတ်ဖြစ်သဖြင့် ကိုယ်ကို မတ်တတ်ရပ်လိုက်ကာ "ဘယ်သူလဲဟေ့၊ တို့အရှင်းရှင်းပြောနေတဲ့အထဲဝင်ရှုပ်တာ" ဟုခပ်ထန်ထန်ပြောလိုက်လေသည်။

အော်လိုက်သော သူငယ်မှာ အသားအလွန်ဖြူပြီးလျှင် မျက်နှာဝိုင်းဝိုင်းဖြားဖြားရှိလျက် စူးရတောက်ပသောမျက်လုံးများလည်းရှိ၏။ မြန်မာလူမျိုးများမဟုတ်ဘဲ ရှမ်းအမျိုးသား တစ်ယောက်ဖြစ်သည်ဟု ကိုစိန်ကြိုင် တွေးလိုက်မိ၏။

"ဟေ့ကောင်လေး - မင်း ငါ့ကို ဘာအောက်မေ့သလဲဟင်"

ကိုစိန်ကြိုင်သည် လက်သီးများကို ဆုပ်ကာ ရှေ့သို့ တစ်လှမ်းတိုးလိုက်သဖြင့် ကိုတင်အေးတ ရှေ့မှ ကာဆီးထားလိုက်ရလေသည်။

အသားဖြူသောသူငယ်မှာ မျက်နှာများ နီမြန်းလာလျက် တစ်စုံတစ်ရာ ကြောက်ရွံ့သည့်လက္ခဏာလည်း မရှိပေ။

ကြိုင် ။ ။ "မင်းဟာ ငါမွေးတဲ့သက္ကရာဇ်ကို ဘယ်လိုသိတယ်တော့ ငါမသိဘူး။ နို့ပေမဲ့ - ပါးစပ်ကလေး ပိတ်ထားလိုက်ရင် ကောင်းမယ်၊ မပိတ်ရင်တော့ နှစ်ခြမ်းကွဲသွားလိမ့်မယ် ထင်တယ်"

အေး ။ ။ "တော်ပါဗျာ - ကိုစိန်ကြိုင်၊ ကလေးနဲ့ ဖက်ပြီး ပြောမနေစမ်းပါနဲ့"

သူငယ်မှာမြို့ပေါ်မှမဟုတ်ဘဲ နယ်မှ ရန်ကုန်သို့အစ်ကိုများနှင့်အတူ အလည်အပတ် လိုက်လာသူဖြစ်၏။ မင်းဘားတစ်ယောက်က သူ့အစ်ကိုအား ကလပ်သို့ခေါ်လာရာတွင် ထိုသူငယ်ပါလာခြင်းဖြစ်လေသည်။

ကိုတင်အေးသည် ကိုစိန်ကြိုင်၏ ရှေ့မှကွယ်လျက် မိမိ "စ" သဖြင့် ဖြစ်ပေါ်လာသော ပြဿနာကို ဖြေရှင်းရန် ကြိုး





စားလျက်ရှိစဉ်၌ပင် အသားဖြူလွန်းလှသောသူငယ်သည် လူအုပ်ရှေ့သို့ထွက်လာပြီးနောက် ...

"ကျွန်တော် သိလို့ ပြောတာပဲခင်ဗျ"

အေး ။ ။ "မင်း ဘာသိတာလဲ"

ထိုအခါ အသားဖြူဆွတ်လှသောသူငယ်သည် တစ်စုံတစ်ရာမရှိသော အသက်လဟာပြင်သို့ မော်ကြည့်ပြီးနောက် မျက်စိများကို စုံမှိတ်ကာ -

"ကိုစိန်ကြိုင်၊ ၁၉၁၉ - ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက် မွေးဖွားသည်။ ၁၉၅၀ - ခုနှစ်၊ မတ်လ (၁၃)ရက်နေ့ သေနိဗ္ဗာန်ရောက်သည်"

သူငယ်ပြောဆိုသောစကားများကို ကြားလိုက်ရသောအခါ ကိုစိန်ကြိုင်သည် ကိုတင်အေးအား ရှန်းဖယ်ကာ ရှေ့သို့ ထွက်လာ၏။ သူငယ်လေးနှင့် အတူပါလာဟန်တူသောသူအချို့လည်း အနေအကြောင်းရှိက ခုခံရန် တစ်ဖက်သူ့ကိုအရှေ့ချင်းကပ်လိုက်ကြလေသည်။

ထိုခဏ်းကုန်းမှာ သူပြောလိုက်သော စကားများကြောင့် "ဟာ" ခနဲဖြစ်ကာ အံ့အားသင့်သွားကြပြီးလျှင် ဘီလိယက်ကစားသူနှစ်ယောက်ပင် "ကျူများကို ကိုင်ကာထူးဆန်းသောသူငယ်အားငေး မောကြည့်ရှုလျက်ရှိကြလေသည်။

ကိုစိန်ကြိုင်သည် ကိုတင်အေး လက်တွင်းမှ ရုန်းကန်ရင်း ...

"ခင်ဗျားတို့အားလုံးကြားကြတယ်နော်၊ ဒါဟာ သက်သက်စော်ကားတာဗျ ကိုင်းဟေ့ - သူငယ် - ဒီမှာတော့ လူများ ပါတယ်ကွယ်၊ ကျုံးလမ်းဘက်က တွင်းပြင်လိုက်ခဲ့"

သို့ပင်ပြောရခြားလည်း ကိုစိန်ကြိုင်၏မျက်နှာမှာ သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်၍သွားပြီးလျှင် အသံများပင် တုန်ရီ၍နေလေသည်။

ထိုနောက် ကိုစိန်ကြိုင်သည် အပြင်သို့ထွက်သွားလေရာ ကိုတင်အေးလည်း သူ၏လည်ပင်းကိုဖက်ကာ ရပ်နှင့်အတူလိုက်သွားရလေသည်။ သို့နှင့် ကိုတင်အေး စီစဉ်ခဲ့သောအစီအစဉ်မှာ ပျက်ပြီးလျှင် ကိုစိန်ကြိုင်အား သူတို့အထဲမှ မိတ်ဆွေတစ်ဦး၏ကားပေါ်သို့ အတင်းဆွဲဝင်ချော့မော့ပြီး အိမ်သို့ ပြန်ပို့ရ၏။

ကတောက်ကဆတ်ဖြစ်သော သူငယ်ကိုလည်း သူ့အဖော်များက ကားတစ်စီးဖြင့် ခေါ်သွားကြလေသည်။

ကားပေါ်သို့ ရောက်သောအခါ ကိုတင်အေးက - "ကျုပ်တို့ အစီအစဉ်တော့ ပျက်တာပဲဗျို့၊ ဘယ်လိုတာမျိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com




လာတွေ့ရတယ် မပြောတတ်ပါဘူး။ ဒီသူငယ်က အထက်သူငယ်ဆိုထင် ပါရဲ့၊ ကိုဘမှိုတို့နဲ့အတူကလပ်ကို လိုက်လာတာ"

ကြိုင် ။ ။ "နေပါဦး-ကျုပ် မွေးနေ့ကိုသူကဘာဖြစ်လို့ပြောနိုင်ရတာလဲ၊ ပြီး တော့-ကျုပ်မွေးတဲ့လက ဖေဖော် ဝါရီလ မဟုတ်ပါဘူး-မတ်လပါ"

ထိုအခါကိုတင်အေးကကိုစိန်ကြိုင်အားစိတ်အေးစေရန်-"မတ်လဖြစ်ဖြစ် ဖေဖော်ဝါရီလဖြစ်ဖြစ် ဘာဖြစ်ရဦးမှာလဲဗျာ၊ ရှိန်တို့၊ နတ်တို့၊ ရှေ့ဖြစ်ဟောင်းတို့၊ အတိတ်နိမိတ်တို့ကျုပ်ဖြင့် ဘာတစ်ခုမှ မယုံဘူး"

ကြိုင် ။ ။ "ကျုပ်လည်း မယုံပါဘူး၊ နို့ပေမဲ့-မွေးတဲ့နှစ်ကိုပဲ သူသိတာ အံ့သြတယ်ဗျာ"



# 6

အဲဒီဆေး ထိုးပြီးတဲ့နောက် (၃)ရက်လောက်ကြာတော့ ကျွန်တော်တို့ အိမ်နဲ့ မျက်စောင်းထိုးအိမ်က လူကြီးတစ်ယောက်ထိုင်နေတာ ကျွန်တော် စိုက်ကြည့်နေမိတယ်။ အဲဒီလိုကြည့် နေရင်းက ကျွန်တော့်မျက်စိတွေ ပြာလာပြီး ဘာမျှမမြင်ရတော့ဘဲ ရှိနေတဲ့အထဲက အဲဒီလူကြီးကို လူသုံးလေးယောက် ဝိုင်းပြီး ဓားနဲ့ ခုတ်နေတာ မြင်ရတယ်။





အေး ။ ။ "ဒါကတော့ အသက်ကိုမှန်းပြီးရမ်းပြောရင်မှန်ချင်လည်းမှန်တာပေါ့ဗျ"

"ကျုပ် သေလိမ့်မယ်ဆိုတဲ့ရက်ကတော့ဗျာ"

"ဒါလဲ ရမ်းတုတ်တာ ဖြစ်မှာပေါ့၊ ဒီသူငယ်က စိတ်မှ နှံ့ပါ့မလား မပြောတတ်ဘူး"

"ကျုပ်လည်း ဒီလိုထင်တာပဲ၊ ဒီကောင်လေးကြည့်ရတာ ပုံပန်းက ရှမ်းလေးနဲ့တူပါတယ်"

"ဟုတ်လိမ့်မယ်ဗျို့၊ ကျုပ်လည်းခုမှ စဉ်းစားမိတယ်၊ ဒီသူငယ်ဟာ ကိုဘမှိုတို့ သူ့စုနဲ့ ပါလာတာ မဟုတ်လား၊ ကိုဘမှို တစ်စမ်းချောင်းက ရှမ်းတွေနဲ့ အဆက်အသွယ် ရှိတာပဲ၊ ခင်ဗျားတွေးတာ မှန်တယ်၊ ဘာပဲပြောပြောဗျာ၊ အရှုံးစကားတွေ အလကားလျှောက်ပြီး တွေးမနေပါနဲ့-ကိုစိန်ကြိုင်၊ ကိုင်း-ကျုပ်တို့ တရုတ်ဟိုတယ် မသွားတော့ဘူး၊ ဟော ဒီက မြန်မာ့ထမင်းဆိုင်မှာပဲ စားကြတယ်"

ထို့နောက် သူငယ်ချင်းလေးယောက်တို့သည်မြန်မာထမင်းဆိုင်တစ်ဆိုင်သို့ဝင်၍ ထမင်းစားသောက်ကြပြီး လျှင် ကိုတင်အေးသည်ကိုစိန်ကြိုင်အား အိမ်တိုင်ရာရောက် ကားဖြင့် ပို့ပေးပြီးနောက် ထိုညအဖို့အပြင်သို့ မထွက်ရန် ပင် မှာကြားခဲ့သေး၏။

သူစိမ်းတစ်ယောက်ကကိုစိန်ကြိုင်အား မရေမရာ ပြောလိုက်သောစကားများသည် ကိုစိန်ကြိုင်အတွက် မကြာမီ မေ့ပျောက်သွားနိုင်ဖွယ် အကြောင်းရှိသော်လည်း အောက်တွင် ဖော်ပြအံ့သော အကြောင်းများဖြစ်ပေါ်လာသဖြင့် ကိုစိန်ကြိုင်သည် မေ့ပျောက်၍ မရနိုင်တော့ချေ။

နှစ်ရက်မြောက်နေ့၌ကိုစိန်ကြိုင်၏ အစ်မကြီးသည် အိမ်သို့လာ၍ မန္တလေးမြို့ရှိပုဏ္ဏားတော်တစ်ဦးထံ ဗေဒင်တောစာတမ်း တောင်းထားသည့်အတွက် သူ၏ဇာတာကို ပို့ရမည်ဖြစ်ကြောင်းဖြင့် ပြောဆိုပြီးလျှင် မိဘရှေးဟောင်းပစ္စည်းများ ထည့်ထားသော ကျွန်းသေတ္တာ ဟောင်းကြီးအတွင်းတွင် ရှာဖွေလျက်ရှိလေရာအဝတ်များ၏အောက်မှဇာတာ (၂)စောင်အနက် တစ်စောင်မှာ အစ်မကြီး၏ဇာတာဖြစ်၍အခြားတစ်စောင်မှာ မောင်စိန်ကြိုင်၏ဇာတာဖြစ်လေသည်။

www.burmeseclassic.com



မောင်စိန်ကြိုင်သည် သူ၏ဇာတာကို ကြည့်ပြီးလျှင် တစ်စုံတစ်ရာကို စဉ်းစားမိသည့်ဟန်ဖြင့် ...

"ဩော် - ဒါထက်ကျွန်တော်မွေးတဲ့လဟာ မတ်လ မဟုတ်လား အစ်မကြီး"

"ဟုတ်တယ် ထင်ပါရဲ့၊ မင့်ဇာတာထဲ မပါဘူးလား"

"မြန်မာသက္ကရာဇ်သာ ပါတာပေါ့ အစ်မကြီးရဲ့၊ ဖေဖေက မတ်လလို့တစ်ခါတပြောဖူးလို့ ..."

"ဖေဖေတလည်း အသက်ကြီးမှပဲကွယ်၊ မေ့ချင်မေ့မှာပေါ့၊ ဘာဖြစ်လို့လဲ၊ မင်းက ဇာတာစစ်ချင်လို့လား"

"မဟုတ်ပါဘူး - အစ်မကြီးရဲ့၊ ကျွန်တော် မွေးတဲ့လကို အင်္ဂလိပ်လို သိချင်လို့ပါ"

"မြန်မာလိုက ဘယ်လလဲ"

"၁၂၈၁ - ခု၊ တပေါင်းလပြည့်ကျော် (၂)ရက်တဲ့၊ ဒီတော့ မတ်လလောက်ပဲလို့ကျွန်တော်ထင်တယ်"

"ပြက္ခဒိန်ကြည့်ပေါ့ကွယ်"

"ဒီလောက် နှစ်ပေါင်း(၃၀)ကျော်၊ (၄၀)က ပြက္ခဒိန် ဘယ်ရှိပါ့မလဲ - အစ်မကြီးရဲ့"

"မင်းလည်း ကာလသားလုပ်နေပြီး အဝ်မတန်ညံ့သေးတာပဲ၊ ဆူးလေဘုရားပေါ်က ဗေဒင်ဆရာတွေဆီမှာ အနှစ် (၅၀)၊ အနှစ်(၁၀၀)ကြည့်နိုင်တဲ့ပြက္ခဒိန်တွေရှိတယ်၊ မင်းမွေးတဲ့ မြန်မာနှစ် သက္ကရာဇ်သာ ပြောလိုက်၊ အင်္ဂလိပ်လို ဘယ်လ ဘယ်ရက်ဆိုတာ တစ်ခါတည်း ပြောနိုင်တယ်၊ နေ့ကိုတောင်အတိအကျ ပြောလိုက်လိမ့်ဦးမယ်"

ထိုနေ့ညနေ၌ ကိုစိန်ကြိုင်သည် ဆူးလေဘုရားသို့ လာခဲ့၍ ဗေဒင်ဆရာတစ်ဦးထံ ငွေ(၁)ကျပ်ပေး၍ မိမိမွေးနေ့ကိုကြည့်ရှုရာ ၁၉၁၉ - ခု၊ ဖေဖော်ဝါရီလ (၂၉)ရက်နေ့ဟု သေချာစွာ သိရလေ၏။

သူငယ်လေး ပြောလိုက်ခြင်းကား အတိအကျ မှန်ကန်၍ နေလေပြီ။

စိတ်အဖော်ပင် ထိရိုက်သွားသဖြင့် ကိုစိန်ကြိုင်မှာ အနည်းငယ် ဖျား ပြီးလျှင် ဆရာဝန်ထံသို့ပင် သွား၍ ဆေး များ ထိုးရ၏။ သို့သော် ဆရာဝန်က အ မိသဖြင့် အတန်ငယ် နေမကောင်းခြင်း မျှသာဖြစ်ကြောင်း၊ တစ်စုံတစ်ရာ စိုးရိမ် ရန်မရှိကြောင်းဖြင့်ဆေးထိုးပေးလိုက်၏။

အဖျားပျောက်သည့် "နောက်တစ် နေ့၌ပင်ကိုစိန်ကြိုင်သည်တက္ကစီတစ်စီး ငှား၍ "အသားဖြူလွန်းသောလူငယ်" ကို ရှာဖွေရန် စမ်းချောင်းရှိ ရှမ်းလူမျိုး အဆက် အသွယ်များရှိသော ကိုဘမို





အိမ်သို့ သွားရောက်ရာ ရှမ်းတပြားကလေးအား အခန့်သင့်ပင် တွေ့ရလေ၏။ အိမ်တွင် ကိုဘမိုကို အဆင်သင့် မတွေ့ရသော်လည်း ကိုဘမို၏ ဇနီးက ညွှန်ပြလိုက်ခြင်း ဖြစ်လေသည်၊ ရှမ်းကလေးမှာ ကိုဘမို ဆောက်လုပ်ဆဲဖြစ်သော အိမ်သစ်တစ်လုံးပေါ်၌ သီးခြားတည်းခိုနေထိုင်လျက် ရှိလေသည်၊ သူ၏အမည်မှာ မောင်ဝဏ္ဏဟု ခေါ်တွင်ကြောင်းလည်း သိရ၏။

မောင်ဝဏ္ဏသည် ကိုစိန်ကြိုင်အား ကောင်းစွာမှတ်မိ၍ မျက်စိမျက်နှာများပင် မကောင်းဖြစ်သွား၏။

ဝဏ္ဏ ။ ။ "အစ်ကို ကျွန်တော့်ကို ထိုးချင်ရင် ဒီမှာတော့ မလုပ်ပါနဲ့ အစ်ကို"

ကြိုင် ။ ။ "မင့်ကိုငါမထိုးချင်ပါဘူးကွယ့်၊ အခုတစ်ခါတော့ မင်းက ထန်ရမယ့် အလှည့်ပါ"

"အဲဒီတုန်းက ကျွန်တော့်နှုတ်က ထွက်သွားမိတယ် - အစ်ကို၊ အစ်ကိုအ(?)က်က မှန်ပါတယ်၊ ကျွန်တော့်အပြစ်ပါပဲ၊ ကျွန်တော် တောင်းပန်ပါတယ်"

"ကိစ္စ မရှိပါဘူးကွယ်၊ လွန်ခဲ့တာတွေပြန်ပြောမနေစမ်းပါနဲ့၊ အစ်ကိုသိပါတယ်"

"ကျေးဇူးတင်ပါတယ် - အစ်ကို"

"ဒါနဲ့ - အစ်ကိုလာခဲ့တာ ထခြား အကြောင်းမဟုတ်ဘူးကွယ့်၊ အစ်ကိုသေမယ့်ရက်ချိန်းကို ဘာကြောင့် အခုလိုတိတိကျကျပြောလိုက်တယ်ဆိုတာ သိချင်လို့၊ မင်း ပြောသလိုဆိုတော့ အစ်ကိုဟာ နောက်(၅)နှစ်ပဲ နေရတော့မယ်၊ အစ်ကိုဟာ အသက်ငယ်သေးတယ်၊ ဘာရောဂါဝေဒနာမှလည်း မရှိဘူး၊ ကျန်းမာသန်စွမ်းတယ်၊ နှစ်ပေါင်း (၅၀) ကောင်းကောင်းကြီး နေနိုင်သေးတယ်၊ ပြီးတော့ - အစ်ကိုတို့အမျိုးဟာ အသက်ရှည်တဲ့အမျိုးကွယ့်၊ အစ်ကို့ရဲ့ အဖေဟာ(၇၆)နှစ်နေရတယ်၊ အဘိုးက (၈၄)နှစ် ကျမှသေသတဲ့"

ရှမ်းကလေးမောင်ဝဏ္ဏကား ထ တစ်ရာ ပြန်၍မပြောချေ၊ သို့နှင့် ကိုစိ ကြိုင်က ဆက်လက်၍ ...

"အစ်ကိုမေးနေတာ မင်းပြောလိုက်တဲ့ရက်ချိန်းကွယ့်"

"ဟုတ်တယ် - အစ်ကို၊ အဲဒါ ရ ချိန်းပဲ"

"အစ်ကို သေရမယ့် ရက်ချိ ဟုတ်စ"

မောင်ဝဏ္ဏသည် တစ်စုံတစ်ရာ လေးနက်စွာ စဉ်းစားနေသည့်တန်

www.burmeseclassic.com

www.burmeseclassic.com



မျက်စိများကိုအတန်ကြာမှိတ်ထားလိုက်ပြီးနောက် -

"အဲဒီ့တုန်းက ကျွန်တော် (၁၀)နှစ်သားလောက်ပဲရှိဦးမယ်၊ ဒါနဲ့ - အဲဒီဆေးထိုးပြီးတဲ့နောက် (၃)ရက်လောက်ကြာတော့ ကျွန်တော်တို့အိမ်နဲ့ မျက်စောင်းထိုးအိမ်က လူကြီးတစ်ယောက် ထိုင်နေတာ ကျွန်တော် စိုက်ကြည့်နေမိတယ်၊ အဲဒီလိုကြည့်နေရင်းက ကျွန်တော့်မျက်စိတွေ ပြာလာပြီး ဘာမှုမမြင်ရတော့ဘဲရှိနေတဲ့အထဲက အဲဒီ့လူကြီးကို လူ သုံးလေးယောက် ဝိုင်းပြီး ဓားနဲ့ခုတ်နေတာ မြင်ရတယ်၊ ဒီနောက်လူကြီးဟာဒီနေရာမှာပဲ လဲသွားပြီး သေသွားတယ်၊ ဓားနဲ့ခုတ်တဲ့လူတွေ ထွက်ပြေးတဲ့အခါ ကျွန်တော်တို့ ရွာသားတွေ ရောက်လာပြီး သူ့အလောင်းကို သွေးရဲရဲ သံရဲရဲနဲ့ မွေ့ရာပြီး ဘာင်တစ်ခုပေါ် တင်တာ မြင်ရတယ်၊ ကျွန်တော့်မျက်စိထဲမှာ လသာသာမှာ မြင်သလိုစိမ်းလဲ့လဲ့မှိုင်းဝေဝေအရောင်တွေထဲမှာ မြင်နေရတာပဲ၊ နောက် ကျွန်တော်လဲ ဖျတ်ခနဲ သတိပြန်ရသလိုဖြစ်ပြီး တစ်ခါကြည့်လိုက်တော့ အရင်က အတိုင်းပါပဲ၊ ဒီလူကြီးဟာ အိမ်ရှေ့ကွပ်ပျစ်ကလေးမှာထိုင်ပြီး တောင်းရက်နေတာပါပဲ၊ နောက်တစ်နေ့ကျတော့ အဲဒီလူကြီးအိမ် ဓားပြတွေက သူ့ကို ဝိုင်းပြီး ဓားနဲ့ခုတ်တယ်၊ ဓားပြတွေ ထွက်သွားလို့ ရွာသားတွေ ဝိုင်းလာပြီး ဒီလူကြီးအလောင်း ဆေးရုံပို့ဖို့ ယူသွားတာ ကျွန်တော့်မျက်စိထဲမှာ အရင်တစ်နေ့က မြင်ရတဲ့အတိုင်းပါပဲ - အစ်ကိုရယ်၊

ဒီနောက်ကျွန်တော်တို့ရွာအစွန်းက မိန်းမကြီး တစ်ယောက်ကို ဒီလိုပဲ အာရုံစိုက်ပြီး ကြည့်မိတယ်၊ သူ့ကိုတော့ ဘာမြင်ရသလဲဆိုရင်ကလေးမွေးပြီးကလေးကို အနီးနဲ့ထုပ်ပြီး အိမ်နောက်ဖေးမှာ မြှုပ်နေတာ မြင်ရတယ်၊ ဒီမိန်းမဟာ ယောကျ်ားမရှိဘူး၊ နောက် (၆)လလောက်ကြာတော့ တိတ်တိတ်ပုန်း ကလေးမွေးပြီး ကလေးအလောင်းကို ဖျောက်ဖျက်မှုနဲ့အဖမ်းခံရတယ်လို့ကြားရတယ်၊ ဒီတစ်ခါကျတော့ ကျွန်တော်လည်းမနေနိုင်လို့ကျွန်တော့်စိတ်ထဲမှာ တင်ကြိုပြီးမြင်ရတဲ့အကြောင်းတွေပြောတော့ ကျွန်တော့်အမေလည်း ထိတ်ထိတ်ပျာပျာနဲ့ - ဟဲ့လူကလေး - လက်စသတ်တော့ နင်ဟာ အမြင်ပေါက်နေပါကလား၊ ဒီအကြောင်း ဘယ်သူ့မှလည်း မပြောနဲ့၊ နောက်ကိုလည်းဘယ်သူ့ကိုမှ သူ့အကြောင်း သိချင်တဲ့စိတ်နဲ့ မှန်းပြီး မကြည့်နဲ့လို့ ပြောတယ်၊ ဒီစကားကို သေခါနီးအထိမှာ သွားရှာပါတယ် - အစ်ကိုရယ်၊ နို့ပေမဲ့ တစ်ခါတစ်ခါ ကျွန်တော့်မှာ ဒီစိတ်ပေါ် လာပြီး လူတွေကို ကြည့်မိတယ်၊ အဲဒီလို ကြည့်လိုက်မိတဲ့အခါ ရိုးရိုးတန်းတန်း မဟုတ်ဘူး၊ ကျွန်တော့်ရဲ့မူလစိတ်ဟာ ပျောက်သွားပြီး တခြားကမ္ဘာတစ်ခုကိုရောက်သွားသလို အားလုံးပြောင်းလဲပြီး တစ်မျိုးတစ်ဖုံမြင်ရတယ်၊ သူတို့ရဲ့သချိုင်းရာတွေကို မြင်ရတယ်၊ သချိုင်း မှတ်တိုင်မှာ သူတို့ နာမည်နဲ့ ကမ္ပည်းထိုးထားတာ တွေ့မြင်ရတယ်၊ အဲဒီစာတမ်း ကျွန်တော် ဖတ်ကြည့်လိုက်တာပဲ၊

ဒီဟာတွေ မလုပ်တော့ဘူးလို့ ဒီအလေ့အကျင့်တွေကျွန်တော်ဖြတ်ထားတာ အတော်ကြာပါပြီ၊ နို့ပေမဲ့ - တစ်နေ့ကတော့ အစ်ကိုနဲ့တူပါတဲ့လူက အစ်ကိုမွေးတဲ့ ခုနှစ်ကို ဘယ်သူပြောနိုင်လဲလို့ ထပ်ခါထပ်ခါမေးတော့ကျွန်တော်လည်း သိချင်စိတ်ပေါ်လာပြီး အစ်ကို့ကို စိုက်ကြည့်မိတာပဲ၊ အစ်ကို့ရဲ့သချိုင်းရာကို မြင်ရတယ်၊ အုတ်ဂူနဲ့ခေါင်းရင်းဘက်က မှတ်တိုင်စိုက်ထားတာပါ မြင်ရတယ်၊ အဲဒီမှတ်တိုင်ပေါ်မှာ ထိုးရေးထားတဲ့စာကို ကျွန်တော် ဖတ်ပြလိုက်တာပါပဲ"

"ဪ - ဒီလိုကိုး"

"အမှန်ကတော့ ကျွန်တော် ပြောဖို့ မဟုတ်ပါဘူး - အစ်ကို၊ မပြောဖို့လည်း အထက်ဆရာကြီးက ကျွန်တော့်ကိုတား မြစ်ထားပါတယ်၊ ကျွန်တော် သေရမယ့်ရက်တောင် ကျွန်တော့်ကို ဖွင့်ပြောထားပါပြီ၊ ဒီတော့ အစ်ကို့စိတ်ထဲမှာ ဘယ်လိုနေလိမ့်မယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာပြီး သိပါတယ်၊ ပြီးတော့ ကံကြမ္မာဆိုတာ ရှောင်လို့ရတာမဟုတ်ဘူး အစ်ကို"

ကိုစိန်ကြိုင်က မောင်ဝဏ္ဏပြောသော နောက်ဆုံးစကားကို ဂရုမစိုက်သည့်ဟန်ဖြင့် -

"ဪ - ဟုတ်လား - ဒါထက် ဘယ်လိုဖြစ်လိမ့်မယ်ဆိုတာတော့ အစ်ကို့ကိုပြောမပြနိုင်ဘူးလား၊ မတော်တဆဖြစ်မယ့်ကိစ္စလား၊ ဘာလား၊ ညာလားပေါ့ကွယ်၊ ဒီတော့မှ အစ်ကိုလဲ ကြိုတင်ပြီး အကာအကွယ်ယူသင့် ယူရအောင်ပေါ့"

မောင်ဝဏ္ဏက ရီဝေသောမျက်လုံးများဖြင့် ကြည့်လိုက်လေသည်၊

(ထိုနောက်တွေဝေဝေးမောလျက်)

"ပြောနိုင်မယ် မထင်ပါဘူး၊ နို့ပေမဲ့ - ကျွန်တော် ကြိုးစားပါ့မယ် အစ်ကို၊ အချိန်လည်းများများမရှိဘူး၊ ကျွန်တော်

www.burmeseclassic.com



သန်ဘက်ခါ မန္တလေးကို လေယာဉ်ပျံနဲ့ ပြန်မယ်၊ တကယ်လို့အချိန်ရရင်အစ်ကို့ ဆီကို တယ်လီဖုန်းဆက်ပါ့မယ်"

ကိုစိန်ကြိုင်သည် မောင်ဝဏ္ဏအား တယ်လီဖုန်းနံပါတ်ကို ပေးထားခဲ့ပြီး နောက် နှုတ်ဆက်၍ပြန်ခဲ့၏။

လေယာဉ်ပျံထွက်မည့်နေ့တွင် ကိုစိန်ကြိုင်သည် မောင်ဝဏ္ဏထံမှ တယ်လီဖုန်းရလေသည်။

"ကျွန်တော် မောင်ဝဏ္ဏပါ အစ်ကို"

မောင်ဝဏ္ဏအသံမှာ ခြင့်၍တုန်တုန် ယင်ယင် ရှိလှ၏။

"ပြော - မောင်ဝဏ္ဏလား"

"ဟုတ်တယ် - အစ်ကို၊ ကျွန်တော် မော်လာဒုံတနေပြီး စကားပြောနေပါ တယ်။ ကျွန်တော်တို့ လေယာဉ်ပျံတက် ခါနီးပြီ။ ဒီလိုအစ်ကိုရဲ့ လေယာဉ်ပျံကွင်း ကို လောခင် မနက်ခင်းက ထမင်းစော စောစီးစားပြီး ပက်လက်ကုလားထိုင် ပေါ်မှာ ခဏလှဲနေတုန်း အစ်ကို့ကို မျက် စိထဲ တကယ်မြင်ရသလိုလို၊ အိပ်မက်လို လိုမြင်ရတယ်၊ အစ်ကိုမေးခဲ့တဲ့ပြဿနာ ပေါ့။ မော်တော်ကား မှောက်တာပဲ - အစ်ကို"

"ဘာကွယ့် - ဘာ - ဘာ"

"ကားမှောက်ပြီးဖြစ်မယ့်ကိစ္စပဲ အစ်ကို၊ အစ်ကို့ရဲ့ ကံကြမ္မာပေါ့၊ ကား ပျက်တစ်ခုထဲမှာ အစ်ကို့ကိုမြင်ရတယ်၊ ကျွန်တော့်စိတ်ထင်တော့ သေနေပြီထင် တာပဲ၊ အသေအချာတော့ မပြောနိုင် ဘူး"

(ဆက်လက်၍) "အချိန်က (၇) နာရီခွဲ - အစ်ကို၊ နေ့အချိန်ပဲ ကားရှေ့က နာရီကို အသေအချာ ကျွန်တော် မြင်ရ တယ်၊ ပြီးတော့ တစ်ခုရှိသေးတယ် အစ်ကို၊ ကားနံပါတ်က (ယ - ၆၃) နဲ့စ တယ်၊ ကိုင်း - ဒါပဲ အစ်ကို၊ လေယာဉ်ပျံ ပေါ်တက်ဖို့ ခေါင်းလောင်းတီးပြီး လူခေါ် နေပြီ၊ ကျွန်တော် သွားပါရစေတော့၊ ကျွန်တော်ဟာ အမှန်တွေကို ပြောနေ တာပါ၊ သတင်းစာဖတ်ရတဲ့အခါ ကျွန် တော့်ကို မကောင်းလည်း ထင်မနေပါနဲ့ အစ်ကို၊ ကိုင်း - ကျွန်တော် သွားပြီ"

ထို့နောက် အသံပြတ်သွားလေ သည်၊ တစ်ဖက်မှ တယ်လီဖုန်းခွက်ပေါ် သို့ လက်ကိုင်ချသံ ကြားလိုက်ရ၏၊ ကိုစိန်ကြိုင်ကား သက်ပြင်းတစ်ချက် ချလိုက်လေသည်၊

❦

ထိုနေ့ညရေဒီယို၌သတင်းပိုင်းတွင် ထိုနေ့နံနက် မန္တလေးသို့ ထွက်ခွာသွား သောလေယာဉ်ပျံမှာ ပျဉ်းမနားမြို့အလွန် နားလောက်တွင် ပျက်ကျသွားကြောင်း၊ သက်ဆိုင်ရာမှ လေယာဉ်ပျံပျက်ကို အပူ တပြင်း ရှာဖွေလျက်ရှိကြောင်းဖြင့် ကြား သိရ၏။

"အင်း - ရှမ်းကောင်လေးတော့ ဇာတ်သိမ်းသွားလို့ အေးသွားပြီ၊ ငါက တော့ (၅) နှစ်နေရဦးမယ်၊ ပြော် - ငါးနှစ် ငါးနှစ်"

ကိုစိန်ကြိုင်သည် ရေဒီယိုကို ဆောင့်၍ပိတ်လိုက်၏၊ ထိုနောက် ရေခဲ သေတ္တာထဲမှ ဘီယာပုလင်းကိုထုတ်ကာ ဖန်ခွက်ထဲသို့လက်(၃)လုံးခန့်ငှဲ့ပြီးလျှင် တစ်ခါတည်း မော့ချလိုက်လေသည်၊

(၅) နှစ်မျှ အချိန်အတွင်း၌ ကိုစိန် ကြိုင်သည် မိမိသေရအံ့သောဘေးကို တွေး၍ ကြောက်ရွံ့ခြင်းဖြင့်သာ အချိန် ကုန်ရလေ၏၊ ပျော်ပွဲရွှင်ပွဲမှန်သမျှသို့ သွားရောက်၏၊ မြင်းလောင်းခြင်း၊ ဖဲရိုက် ခြင်းများဖြင့် စိတ်ကို ဖြေဖျောက်၏၊ အရက်တို့ အဖော်ပြုကာ ရဲဆေးတင်၏။ ဤသို့ဖြင့် "နေ့" မှသည် "လ" သို့ လည်း ကောင်း၊ "လ" မှသည် "နှစ်" သို့တရွေ့ရွေ့ ကူး၍ လာခဲ့တော့၏၊

❦

ဤသို့ဖြင့် ၁၉၅၈ - ခု၊ ဖေဖော်ဝါရီ လကုန်ခါနီးအချိန်သို့ ရောက်လာတော့ ၏၊ ကိုစိန်ကြိုင်သည် မတ်လ(၁)ရက်နေ့ မှ (၁၅) ရက်နေ့အထိ အလုပ်မှ ခွင့်ယူ၍ ထားရာ သူ၏အကြံမှာ မောင်ဝဏ္ဏပြောခဲ့ သည့် မတ်လ (၁၃) ရက်အပါအဝင် ထို လ၏ပထမလဝက်ကိုသူ၏ဦးလေးတော် တစ်ယောက်ပိုင်သော ကုန်သည်လမ်းရှိ သုံးထပ်တိုက် အပေါ်ဆုံးထပ်တွင် မည် သူ့ကိုမျှ အသိမပေး၊ မည်သူ၏ အကူ အညီကိုမျှလည်း မတောင်းဘဲ နေတော့ မည်ဟုစိတ်ကိုပိုင်းဖြတ်ထား၏။ အစည်း အဝေးခန်းအဖြစ်ဖြင့်သာ ဖွင့်လှစ်ထား သော ယင်းသုံးထပ်ပေါ်ရှိ နောက်ဆေး ခန်းတွင် (၁၅) ရက်လုံးလုံး အေးချမ်းစွာ နေထိုင်ရသော် မော်တော်ကား၏ သေ ရန်ကို အနည်းငယ် စိုးရိမ်ဖွယ်မရှိ သ အသက်အန္တရာယ်နှင့် လုံးဝကင်းဝေ မည်မဟုတ်ပါလော၊ ဦးလေးဖြစ်သူအာ မိမိသည်အလုပ်ပင်ပန်းလှသဖြင့်အလု မှစိတ်အေးလက်အေးအနားယူခြင်းဖြ ကြောင်းဖြင့် ပြောထား၏၊ မတ်လ(၁ ရက်မှစ၍ ကိုစိန်ကြိုင်သည် အော ထပ်ကိုမျှမဆင်း၊ နံနက်စာနှင့်ညစာ ကို အချိန်မှန်ပို့ရန် ဘားလမ်းထောင့် ကုလားဟိုတယ်အား မှာကြားထား





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ကော်ဖီနှင့် မုန့်သေတ္တာများကိုမူ အခန်းအတွင်း၌အသင့်ထားပြီးလျှင်မိမိ အလိုရှိသောအချိန်တွင် စားသောက်၏။ ဤသို့ဖြင့် မတ်လ၏ပထမသီတင်းပတ် ကုန်လွန်ပြီးနောက် (၁၂)ရက်နေ့ ညသို့ ပင်ရောက်ခဲ့လေပြီ။

ထိုည၌ ကိုစိန်ကြိုင်သည် ဝီစကီကို ဆော်ဒါအနည်းငယ်မျှနှင့် ရောစပ်သောက်ပြီးနောက် အိပ်ရာသို့ စောစောဝင်၏။

နံနက်လင်းသောအခါ တံမြက်လှည်းသော ကုလားက တံခါးကို ပုတ်သောအခါမှ အိပ်ရာမှ နိုးလေသည်။ စားပွဲတင်နာရီကို လှမ်း၍ကြည့်လိုက်ရာ အချိန်မှာ (၈)နာရီ၊ မိနစ်(၄၀)ပင် ရှိနေလေပြီ။ ကိုစိန်ကြိုင်သည် ရင်ထဲမှအလုံးကြီးကျသွားပြီးလျှင် "အင်း - နံနက်(၇)နာရီခွဲတော့ လွန်သွားပြီ" ဟု ဝမ်းထဲမှ ရေရွတ်ကာ မသိမသာ ပြုံးလိုက်၏။



# 6

ကြောင်ပိန်သည် မိမိကိုယ်ပေါ်သို့ဝိကာ တစောင်းလဲကျလျက်ရှိ၏။ ရှေ့ထိုင်ခုံမှ သံချောင်းအသည် သူ၏ရင်ဝကို သပ်ဖြင့် လျှိုထားသကဲ့သို့ ထိုးဖောက်လျက်ရှိရာ ဒဏ်ရာမှ သွေးများသည် ကိုစိန်ကြိုင်၏ အင်္ကျီပေါ်သို့ စီးကျလျက် ရှိ၏။ တားမောင်းသူ ထိပ်ပြောင်မှာမူ လက်ကိုင်ဘီးနှင့် ထိုင်ခုံနောက်မှီကြားတွင် ညပ်ပြီးလျှင် ပက်လက်လန်ကာ မျက်လုံးပြူးထွက်လျက် ရှိနေ၏။

ထိုနေ့သည်ကားမတ်လ(၁၃)ရက် (သောကြာ)နေ့ဖြစ်၏။ နံနက်(၇)နာရီခွဲ အချိန်ကားလွန်၍သွားလေပြီ။ ညနေ(၇)နာရီခွဲသာ ကျန်တော့၏။ မတ်လများ၌ ညနေ(၇)နာရီခွဲအချိန်၌ နေရောင်မရှိနိုင်၊ မောင်ဝဏ္ဏ၏ ဟောပြောချက်အတိုင်းဆိုသော် အလင်းရောင်ရှိသော (၇)နာရီခွဲဟု ဆိုသဖြင့် တစ်စုံတစ်ရာ စိုးရိမ်ရန် ရှိတော့မည်မဟုတ်ပေ။ ဘေးအန္တရာယ်နှင့်တွေ့ကြုံရမည့်အချိန်ကား လွန်၍သွားပေပြီ။

နံနက်စာစား၍ တရေးတမော အိပ်ပြီးနောက် အိပ်ရာမှ နိုးသောအခါ ကိုစိန်ကြိုင်သည် ကော်ဖီတစ်ခွက်ကို ဖျော်၍သောက်၏။ ကော်ဖီသောက်အပြီး၌ ခံတွင်းချဉ်သဖြင့် စီးကရက်ဘူးကို စားပွဲပေါ်မှ ဆွဲယူလိုက်သောအခါ စီးကရက်ကုန်နေသည်ကိုတွေ့ရလေသည်။ သို့နှင့် ကိုစိန်ကြိုင်သည် ကုန်သည်လမ်းဘက်သို့ မျက်နှာမူလျက်ရှိသော မှန်ပြတင်းတစ်ချပ်ကို ဖွင့်လိုက်၏။ အချိန်မှာ (၂)နာရီထိုးရန် (၁၀)မိနစ်မျှ လိုသေး၏။ နေ့လယ်စာစားချိန် ကျော်လွန်ခဲ့ပြီးလျှင် ရုံးဆင်းချိန် မကျသေးသဖြင့် ထိုအချိန်၌ကား အသွားအလာများမှာ အတော်အတန် ရှင်းလျက်ရှိ၏။ ကိုစိန်ကြိုင်တည်းခိုလျက်ရှိသော သုံးထပ်တိုက်၏ အပေါ်ဆုံးအိမ်ရှေ့ပြတင်းပေါက်မှကြည့်လျှင် ဆူးလေစေတီတော်မြတ်ကြီးကို တစ်စိတ်တစ်ဒေသမျှ မြင်နိုင်၏။ နေကောင်းစွာ မပူဘဲ အတန်ငယ် အုံ့မှိုင်းပြီးလျှင် ရာသီဥတုမှာ သာယာလျက်ရှိလေရာ ကိုစိန်ကြိုင်သည် အောက်သို့ဆင်း၍ စီးကရက်တစ်ဘူးဝယ်ရန် စိတ်များ ပေါ်လာလေသည်။ မော်တော်ကားများ၏ ရန်ကို ကြောက်သောကြောင့် ကိုစိန်ကြိုင်သည် ထိုရက်များအတွင်း၌ ကုန်သည် လမ်းကြီးကိုပင် တစ်ကြိမ်မျှ ဖြတ်၍မကူးခဲ့ချေ။ ဆေးလိပ်ဆိုင်မှာ လမ်းကို ဖြတ်၍ မကူးရဘဲ မိမိနေသော တိုက်တန်းဘက်၌ရှိသဖြင့် တော်ပေသေး၏ဟု အောက်မေ့ကာ စီးကရက်ဝယ်ရန် ထိုဆေးလိပ်ဆိုင်ကလေးရှိရာ လမ်းထောင့်ဘက်သို့ လျှောက်ခဲ့လေ၏။

သူသည် ဘဏ်တိုက်တစ်ခုရှေ့သို့ ဖြတ်၍လျှောက်ခဲ့ရာ ဘဏ်တိုက် အတွင်းမှ လူ(၂)ယောက်သည် အညိုရောင်ရှက်ဖျင်ဖြင့် ချုပ်ထားသော အိတ်နစ်လုံးကို တစ်ယောက်တစ်လုံးဆွဲကာ





www.burmeseclassic.com

www.burmeseclassic.com



ထွက်လာ၍ လူသွားစင်္ကြံကို ဖြတ်သွားလျက် ရှိ၏။ ထိုအချိန်၌ လမ်း၏ အခြားဘက် စင်္ကြံရှေ့တွင် ရပ်ထားသော ပရိုက်ဗိတ် ကားတစ်စီးပေါ်မှ မျက်မှန်နက်ကိုယ်စီတပ်လျက် ကက်ဦးထုပ်များဆောင်းထားသော လူနှစ်ယောက်သည် လမ်းကို ခပ်သုတ်သုတ် ဖြတ်ကူးလာပြီးလျှင် အိတ်ကိုင်လာသော လူနှစ်ယောက် အနီးသို့ ချဉ်းကပ်လာ၏၊ တစ်ယောက်၌ လည်ပင်းတွင် ပိုးလည်စည်းတစ်ခုစည်းထားလေသည်၊ အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မျက်မှန်နက် နှစ်ယောက်သည် အိတ်ကိုင်လာသူများထံမှ အိတ်များကို အတင်းဆွဲ၍ လုလေ၏၊

ဘဏ်မှ ထွက်လာသော လူနှစ်ယောက်အနက် တစ်ယောက်သည် ရွက်ဖျင်အိတ်ကို ချကာ ထွက်ပြေးလေ၏။ အသက် ခပ်ကြီးကြီးလူသည် အိတ်ကို မလွှတ်ဘဲ အတင်းဆွဲ၍ ထားလေရာ လုယက်သူနှင့် ထွေးလုံးရစ်ပတ် ရှိနေလေသည်။ ထိုအချိန်၌ ကိုစိန်ကြိုင်မှာ သူတို့နှင့် (၆) ပေခန့်သာ ဝေးသောနေရာသို့ ရောက်နေလေပြီ။

၎င်းသို့ထွေးလုံးနေစဉ်နှစ်ယောက်စလုံး သမံတလင်းပေါ်သို့ လဲကျသွားလေရာ မျက်မှန် တပ်သူ လူဆိုးမှာ တစောင်းလဲကျသွားသဖြင့် လည်စည်းရောမျက်မှန်ပါပြုတ်ကျသွား၏၊ ကက်ဦးထုပ်လည်း တစ်နေရာသို့ လွင့်စဉ်သွား၏၊ ထိုသူမှာ ကိုစိန်ကြိုင်လာနေသော ဘက်သို့ မျက်နှာမူ၍လဲသဖြင့် ကိုစိန်ကြိုင်လည်း ထိုလူဆိုး၏ မျက်နှာကို အသေအချာ မြင်လိုက်ရ၏၊ သူ၏ သေးငယ်သောပါးစပ်၊ မေးအောက်တွင် အမာရွတ်တစ်ခု စသည်တို့ကိုပင် မှတ်သားလိုက်မိ၏၊ ဘဏ်တိုက်မှ လူကြီးမှာ အုတ်တိုင်တစ်ခုကိုမှီကာ ပက်လက်လန်၍ ကျသွားသဖြင့် ခေါင်းပေါ်မှ ဖော့ဦးထုပ်ပင် လွင့်စဉ်သွားလေသည်၊

ထိုလူကြီး လဲကျိုသို့ ကိုစိန်ကြိုင်သည် မျက်စိရောက်သွားရာ ဝင်းခနဲ မီးပွင့်သွားသကဲ့သို့ အရောင်တစ်ခု ထွက်သွားသည်ကိုမြင်လိုက်ရပြီးလျှင် ထိုအနီးမှ "ဖြန်း" ခနဲ အသံတစ်သံကိုလည်းကြားလိုက်ရလေသည်၊ အသံမှာ ခြောက်လုံးပြူးသေနတ်ထဲမှထွက်သော အသံတစ်သံဖြစ်လေသည်၊ အုတ်တိုင်ကို မှီလျက် လဲသွားသော လူကြီးသည် ပက်လက်လန်ရာမှ တွန့်လိမ်လျက်ရှိလေ၏၊ ထိုအချိန်၌ပတ်ဝန်းကျင်တစ်ပိုက်ယောက်ယက်ခတ်ဖြစ်သွားရာ ကိုစိန်ကြိုင်သည် သေနတ်သံကြားရာသို့ ကြည့်လိုက်၏၊ (၁၀) ကိုက်ခန့်အကွာတွင် ရောက်နေသော လည်စည်းပြုတ်ကျသူ လူဆိုးကပစ်လိုက်ခြင်းဖြစ်၏၊ အခြားလူဆိုးမှာ လမ်းကို ဖြတ်ပြေးရာ လမ်းတစ်ဝက်သို့ပင် ရောက်နေချေပြီ၊

ယောက်ယက်ခတ်ဖြစ်နေသည့်အတွင်းမှ ကိုစိန်ကြိုင်သည် သေနတ်နှင့်ပစ်သော လူဆိုးကိုပင် ကြောင်၍ကြည့်နေမိရာ လူဆိုးကလည်း ကိုစိန်ကြိုင်အားပြန်၍ကြည့်နေ၏၊ လမ်းတစ်ဝက်သို့ရောက်နေသော လူဆိုးကမူ သေနတ်ကိုင်သမားအား ဟစ်အော်ခေါ်ဝင်လျက်ရှိလေသည်၊

"ဟေ့ကောင် - လာဟေ့ - မြန်မြန်"

သေနတ်ကိုင်လူဆိုး ၊ ၊ "သူ - ကျွန်တော့်ကို မြင်သွားပြီ - ဦးလေး"

"မပစ်နဲ့နော် - မပစ်နဲ့ - ထပ်မပစ်ပါနဲ့တော့ကွယ်"

"မဟုတ်ဘူး - ဦးလေး - ဒါဖြင့်"

ထိုအချိန်၌ကိုစိန်ကြိုင်သည်တိုက်နံရံတစ်ခုဘက်သို့ ကပ်လိုက်ရာ သေနတ်ကိုင်သောလူဆိုးသည် ကိုစိန်ကြိုင်ထံသို့ ပြေးလာပြီးလျှင် ကိုစိန်ကြိုင်အား အတင်းဖက်လေ၏၊ သို့ရှိစဉ် ထွက်ပြေးသောသူသည် ကားပေါ်သို့ရောက်ပြီဖြစ်၍ ကားသည်လည်း စက်နှိုးကာ လမ်းကို အတင်းဖြတ်၍ တိုက်နံရံအစွန်းအနီးသို့ မောင်းလာ၏၊ အနီးသို့ရောက်လာသည်နှင့်တစ်ပြိုင်နက် ကားပေါ်သို့ ရောက်နှင့်ပြီး လူဆိုးသည် သန်မာသောလက်ကြီးများဖြင့်ကိုစိန်ကြိုင်အားသိမ်းရုံးဖက်ကာ အတင်းတရွတ်ဆွဲ၍ ကားပေါ်သို့ တင်လေ၏၊ ထို့နောက် ကားကလေးသည် ဝီခနဲ လက်ဝဲဘက်သို့ ချိုးထွက်ပြီးလျှင် ကုန်သည်လမ်းမကြီးအတိုင်းအနောက်ဘက်သို့ လျင်မြန်စွာ မောင်းသွားလေသည်၊

အထက်ပါ အဖြစ်အပျက်များမှာ စက္ကန့် (၁၀၀) ခန့်အတွင်း ဖြစ်ပျက်ခဲ့သဖြင့် လွန်စွာလျင်မြန်လှပေ၏၊ ဘဏ်တိုက်အတွင်းမှ ထွက်လာသော ဂေါ်ရခါးအစောင့် (၂) ယောက်အနက် တစ်ယောက်မှာ သေနတ်ပါသော်လည်း ရှုပ်ယှက်ခတ် ပြေးလွှားနေသော လူထုအားထိမှန်မည်စိုးသဖြင့် မပစ်ရဘဲ ရှိနေရာ စက္ကန့်အနည်းငယ် မျှ နောက်ကျ၍ ရောက်လာသော ရဲအုပ်တစ်ယောက်မှာလည်း (၆) လုံးပြူးသေနတ်သာ ပါသဖြင့်





www.burmeseclassic.com

www.burmeseclassic.com

တိုက်၏ ထောင့်စွန်းသို့ သူရောက်လာသောအခါ လူဆိုးများ၏ ကားမှာ ဝီခနဲ ထွက်သွားခဲ့လေပြီ။

ကိုစိန်ကြိုင်သည် ကားပေါ်တွင် အတင်းရုန်းကန်ရင်း ပါသွားလေ၏။ အကြီးဖြစ်သူ လူဆိုးက ကိုစိန်ကြိုင်၏ ဇက်ကိုနှိမ်၍ မျက်နှာကို ကူရှင်နှင့် ထိလုမတတ် ဖိထားလေသည်။ ခြောက်လုံးပြူး ကိုင်ထားသောလူဆိုးသည် မိမိမျက်နှာကို ကိုစိန်ကြိုင် မြင်သွားသဖြင့် သေနတ်ဖြင့် ပစ်သတ်ရန် တကဲကဲရှိနေ၏။ အသက်အနည်းငယ် ကြီးပုံရသော လူဆိုးမှာ သူတို့အထဲတွင် ခေါင်းဆောင်ဖြစ်ဟန်တူ၍ လူရွယ်အား ဟန့်တားလျက် ရှိလေသည်။

"ဒီအကောင် ထားလို့မဖြစ်ဘူး - ဦးလေး။ ကျွန်တော် ပစ်သတ်ရလိမ့်မယ်။ ကျွန်တော့်မျက်နှာကို သူမြင်သွားပြီဦးလေးရဲ့"

"ငါပြောတဲ့စကားနားမထောင်ဘူးလား - ကြောင်ပိန်။ တစ်ယောက်ပစ်သတ်ခဲ့ရလို့မင်း အားမရသေးဘူးလား။ အားလုံး ဒုက္ခတွေ့ကုန်မယ်"

"သူမြင်သွားတာကိုဗျ"

"ဒီလောက်လေး မြင်ရုံနဲ့ မှတ်မိပါ့မလားကွ။ ကိုင်း - ထိပ်ပြောင်ရေ - ခပ်မြန်မြန်ကလေးသာ မောင်းပေး"

"အရင်နေရာပဲနော် - ဦးလေး"

"ဟုတ်ပါတယ်ကွ - မောင်းသာ မောင်းပါ"

ခေါင်းဆောင်နှင့်တူသော လူဆိုးသည် ကားမောင်းသူ ထိပ်ပြောင်အား လှမ်း၍ပြောရာ ထိပ်ပြောင်သည် ရှေ့ကားများကို ကျော်တက်လျက် ဆူးလေဘုရားလမ်းမှ လက်ယာဘက်သို့ ကွေ့ပြီးလျှင် ကမ်းနားလမ်းအတိုင်းအနောက်ဘက်သို့မောင်းသွားလေ၏။ ကိုစိန်ကြိုင်မှာ ဦးခေါင်းကို ကူရှင်နှင့် ထိလုမတတ် ငုံ့၍နေရသဖြင့် ထိုအချိန်မှစ၍မည်သည့် လမ်းများသို့ မောင်းသွားသည်ကိုမသိတော့ချေ။ မိမိအား ချုပ်ကိုင်ထားသူ နှစ်ယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်တူသော အကြီးဖြစ်သူအမည်မှာ "လူဆိုးဗိုလ်ကြီး" ဟု သိရ၏။ မိမိအား ပစ်သတ်လိုသည့် အငယ်လူဆိုး ပိန်ပိန်၏အမည်မှာ "ကြောင်ပိန်" ဖြစ်၏။ ထိပ်ပြောင်ပြောင်နှင့် ကားမောင်းသူ လူဆိုးအား "ထိပ်ပြောင်" ဟုခေါ်ကြ၏။ သူတို့နာမည်ရင်းများ ဟုတ်မည်မထင်ချေ။

ကိုစိန်ကြိုင်သည် ကားပေါ်သို့ အတင်းဆွဲ၍ တင်ခြင်းခံရသည့်ခဏ ပင်မောင်ဝင္ကာ၏ဟောပြောချက်များကို သတိရမိသဖြင့် ကားနံပါတ်ကို လှမ်းကြည့်လိုက်မိသေး၏။ ကားနံပါတ်မှာ ၁-၄၇ စသည်ဖြင့် မိမိအား နိမိတ်ဖတ်အားသော နံပါတ်မဟုတ်သောကြောင့် မှတ်ပေသေးသည် အောက်မေ့လိုက်၏။

ကိုစိန်ကြိုင်သည်တဝီဝီပြေးလျက်ရှိသော ကားပေါ်တွင် ဦးခေါင်းနှင့် ဆိုဖာကို ထိလုမတတ် ငုံ့ရင်း ပါသွားလေ၏။ ကားကလေးသည် တစ်ခါတစ်ရံ လက်ယာဘက်သို့လည်းကောင်း၊ တစ်ခါတစ်ရံ လက်ဝဲဘက်သို့လည်းကောင်း ကွေ့လျက် အရှိန်ပြင်းစွာဖြင့် မောင်းနှင်လျက်ရှိလေ၏။ တစ်နာရီနီးပါးမျှမောင်းမိသောအခါ ကားကလေးသည် အတော်ပင် ယိမ်းယိုင်စုန်ပေါက်လျက် ရှိလေရာ လမ်းကြမ်းနှင့် အတော်ဝေးလာဟန်တူ၍ ကိုစိန်ကြိုင်သည် ယခင်ကထက် အေးမြသန့်ရှင်းသောလေကို ရှူရှိုက်ရသည်ဟု ထင်မိ၏။

သို့ရှိစဉ် လူဆိုးဗိုလ်ကြီးက မိမိတို့ အတော်ဝေး၌ ကား(၂)စီးကို မြင်ရကြောင်း၊ ယင်းတို့မှာ ရဲကားများဖြစ်ဟန်တူကြောင်း ပြောသဖြင့် ထိပ်ပြောင်က "လမ်းကွေ့ရောက်ဖို့ နည်းနည်းပဲ လိုတော့တယ် - ဆရာ" ဟု ပြောပြီးလျှင် ယခင်ကထက် ခပ်ကြမ်းကြမ်း မောင်းပြန်၏။ ထိုအခါ ကားတွင်းရှိ လူများမှာ ဆီးဖြူသီးကို ဆန်ကောထဲတွင် ထည့်၍ ခလောက်သကဲ့သို့ရှိလေရာ ကိုစိန်ကြိုင်၏ ဦးခေါင်းမှာ တစ်ခါတစ်ရံ လူဆိုးများလက်ထဲမှ လွတ်သွားလုမတတ်ရှိ၏။ မိမိအား သေနတ်နှင့် ပစ်သတ်လိုသည်ဆိုသော လူရွယ်၏လက်မှာခပ်လျော့လျော့ ရှိလေသည်။

လူဆိုး ။ ။ "ဟေ့ - ကြောင်ပိန် ငိုက်နေသလား။ အရေးထဲ မင်းမို့ အိပ်နိုင်သကွာ"

ကြောင်ပိန်ကား ပြန်၍မပြောချေ။ အိပ်ပျော်နေဟန်တူ၏။ ထိုအခါ ကားကလေးသည် လက်ယာဘက်သို့ တစ်ဆစ်ချိုးချိုး၍ဝင်သွားကာ ခပ်ဖြည်းဖြည်း မောင်းနှင်လျက်ရှိ၏။ လမ်းမှာ အလွန်ကြမ်းသည့် ပြင် သစ်ပင်များကြားမှ မောင်းရသည့်လက္ခဏာဖြင့် နံဘေးမှ သစ်ကိုင်းများသည် ကားဘေးသို့ လာ၍ ခြစ်သွားသည်ကို ကိုစိန်ကြိုင် သတိပြုမိ၏။ (၁၅)မိနစ်ခန့် မောင်းမိသောအခါ သဲများထူထပ်သော နေရာတစ်ခုသို့ ရောက်လာပြီးလျှင် တစ်မိုင်ခန့် ဆက်လက်မောင်းရာတွင် ကျယ်ပြန့်သော မြက်ခင်းနှင့် သစ်ပင်ကလေးများရှိသော



www.burmeseclassic.com

www.burmeseclassic.com



တောစပ်တစ်ခုသို့ ရောက်လာပြီးလျှင် ကားသည် တဲငယ်တစ်ခုရှေ့တွင် ရပ်လိုက်လေသည်။

အတွင်းမှ မိန်းမတစ်ယောက်က ထွက်၍ကြိုလေရာ လူဆိုးဗိုလ်ကြီးသည် စားသောက်ဖွယ်ရာများရှိက ယူလာရန် ပြောလိုက်၏။ မကြာမီမိန်းမသည် တဲထဲမှ ပန်းကန်ပြားတစ်ချပ်နှင့် ထည့်ထားသော ကြက်သားကြော်များနှင့် အရက် (၃)ပုလင်းကိုယူလာပြီးလျှင်ကွပ်ပျစ်ပေါ်၌ချပေးရာ လူဆိုးများလည်းကြက်သားကြော်ကို အရက်ဖြင့်မြည်းလျက် ရှိကြကုန်၏။ ကိုစိန်ကြိုင်ကိုမူ လူဆိုးဗိုလ်ကြီးက သူ၏ ခါးပတ်နှင့်တွဲကာ ကြိုးတစ်ချောင်းဖြင့်ခါးနောက်မှသိုင်း၍ချည်ထားလေသည်။ လူကြီးဗိုလ်ကြီးဆိုသူ ခေါင်းဆောင်က အတန်ငယ် မျက်နှာသာ ပေးသော်လည်း ကြောင်ပိတ်ဆိုသူ လူရှယ်ကမူ အံတကြိတ်ကြိတ်ဖြင့် ရှိနေခဲ့၏။ စားသောက်၍ ပြီးကြသောအခါ လူဆိုးဗိုလ်ကြီးက ...

"ဟေ့ ထိပ်ပြောင် - ကားနံပါတ်ချင်းလဲလေကွာ"

"ဘယ်မှာထားသလဲ - ဦးလေး"

"တဲထဲမှာ ရှိတယ်။ မိကောက် ယူပေးပါလိမ့်မယ်"

မကြာမီ - ထိပ်ပြောင်သည် တဲ အတွင်းမှ ကားနံပါတ်အသစ်တစ်ခု ထုတ်ယူခဲ့ပြီးလျှင်နံပါတ်ဟောင်းနှင့် လှယ်တပ်ဆင်လျက် ရှိလေ၏။ နော ယူခဲ့သော နံပါတ်သစ်မှာ "ယ - ၆ ××× "နံပါတ်ဖြစ်လေသည်။ ကိုစိန်ကြိ သည် နေရာမှခုန်၍ ထလိုက်မိ၏။ နောက် ငိုသံပါသောအသံဖြင့် -

"ဒီနံပါတ်တော့ မချိတ်ကြပါ ခင်ဗျား၊ ကျွန်တော် သေရပါလိမ့်မယ်"

လူဆိုး ။ ။ "ဒီအကောင် တယ် စကားများတဲ့ အကောင်ပဲ။ ကားနံပါ အသစ်ချိတ်တာနဲ့မင်းသေရတော့မလာ မင်းကို ငါတို့မသတ်ဘူး - သိလား"

ကြိုင် ။ ။ "ကျေးဇူးတင်ပါတ ခင်ဗျာ၊ နို့ပေမဲ့ -ဒီနံပါတ်သာ ချိတ် ကျွန်တော် သေရမှာမို့ ပြောတာ ခင်ဗျာ"

လူဆိုး ။ ။ "ဘာကြောင့်လဲက ပြောစမ်းပါဦး"

ကိုစိန်ကြိုင်သည် သူ၏ အဖြ အပျက်ကို အတိုချုပ်မျှပြန်ပြောလေ

လူဆိုး ။ ။ "ဟား - ဟား - ဟ ရယ်စရာ ကောင်းလိုက်လေကွာ၊ အကောင်လေး တွေ့ကာရာရှစ်သော ပြောတာနဲ့ ရတော့မှာလား"

ကြိုင် ။ ။ "မဟုတ်ပါဘူး။ ကျွန် တော် တောင်းပန်ပါတယ် ခင်ဗျာ"

လူဆိုး ။ ။ "တော်ကွယ် - မင်း အတော်ဒုက္ခပေးတဲ့အကောင်၊ မင်း ပြောတဲ့စကားတို့နားမထောင်ဘူး။ ထိပ် ပြောင် စက်နှိုးဟေ့"

သို့နှင့် ကိုစိန်ကြိုင်သည်ကားပေါ်၌ ပါသွားရပြန်လေ၏။ ကားကလေးသည် တောစပ်ကို ဖြတ်ပြီးလျှင် လမ်းကြားကလေးတစ်ခုမှထွက်၍ အလွန်ဖုန်ထူထပ်သောလမ်းတစ်လျှောက်မောင်းနှင်လျက်ရှိလေ၏။ ရွာတစ်ရွာကို လွန်မိသောအခါ တာလမ်းပေါ်သို့ တက်၍ ယခင်ကထက်လျင်မြန်သောမောင်းနှင်လျက်ရှိလေရာမိုင်(၄၀)နှုန်းထက်လျော့မည်မထင်ပေ။

ထိုလမ်း၌ကားအသွားအလာများ ရှိသဖြင့် မကြာခဏရှောင်တိမ်း၍မောင်းရ၏။ သို့နှင့်ပင် ထိပ်ပြောင်သည် မိုင်နှုန်းကို လျှော့သည်ဟူ၍မရှိဘဲ တိုး၍သာ မောင်းနှင်တော့၏။

ကြိုင် ။ ။ "ရပ်ကြပါဗျာ။ ကျွန်တော့်ကို တစ်နေရာရာ ချထားခဲ့ကြပါ။ ကျွန်တော်လည်း ဘယ်သူ့ကိုမှ မပြောပါဘူး"

ကြောင်ပိန် ။ ။ "ဟေ့ကောင် - မင်း ပါးစပ်ပိတ်ထားစမ်း၊ ငါ သတ်မိလိမ့်မယ်။ ဦးလေးကသာ ဆွဲမထားရင် မင်းအလောင်းဟာ အခုလောက်ရှိရင် ရွာထိပ်က ချောင်းထဲ ရောက်နေပြီ"

ကားကလေးသည် လျင်မြန်သော အဟုန်ဖြင့် ဆက်လက်မောင်းနှင်လျက်ရှိလေ၏။ (၂)မိုင်ကျော်ကျော်ခန့်မောင်းမိသောအခါကိုစိန်ကြိုင်တို့ကားရှေ့တစ်ဖာလုံအကွာလောက် လက်ယာဘက်တွင် ကားကလေးတစ်စီး ရပ်ထားသည်ကို လည်းကောင်း၊ ကားကလေး၏ နောက်ဘက်မှ အရှိန်အတော်ပြင်းစွာဖြင့် မိမိတို့ဘက်သို့ မောင်းလာသော လော်ရီကားကြီး တစ်စီးကို လည်းကောင်း တွေ့မြင်ရ၏။ ထိုအချိန်တွင် ကိုစိန်ကြိုင်မှာ မိမိ၏လက်ဝဲဘက်လက်ကို လူဆိုးဗိုလ်ကြီးက ဆုပ်ကိုင်ထားသည်မှတစ်ပါး လွတ်လပ်စွာရှိနေသဖြင့် ကောင်းစွာမြင်ရလေ၏။ လမ်းမှာအလွန်ကြမ်း၍ အရှိန်ကလည်း ပြင်းသည့်ပြင် ထိပ်ပြောင်မှာလည်းအရက်မူးနေသဖြင့် လက်ကိုင်ကို ငြိမ်အောင် မထိန်းနိုင်ကြောင်းကိုစိန်ကြိုင်သတိပြုမိ၏။ လူဆိုးဗိုလ်ကြီးအားနောက်ထပ်ပြောရန် သတိပေးရန်လည်း အခွင့်အရေးမရှိတော့ချေ။





www.burmeseclassic.com

www.burmeseclassic.com



ကားကလေး ရပ်ထားသောနေရာနှင့် ကိုက်(၃၀)ခန့်သာ လိုတော့၏။ ထိုအချိန်၌ လော်ရီကြီးသည် နံဘေး၌ ရပ်ထားသော ကားတလေးကို ကျော်၍ တက်လာလေ၏။ ထိုနေရာ၌ လမ်းမှာ အတော်ကျဉ်းမြောင်းသည့်ပြင် လမ်းဘေးတစ်ဖက်တစ်ချက်၌လည်း ကုက္ကိုပင်များ ရှိနေ၏။ ကိုစိန်ကြိုင်တို့ ကားကလေးသည် အရှိန်ကို အနည်းငယ်လျှော့၍ လက်ဝဲဘက်သို့ အတန်ငယ်ရှောင်လိုက်ပါမှ လွတ်မြောက်သွားရန် ရှိ၏။ သို့သော် ထိပ်ပြောင်သည် "စတီယာရင်"ကို လက်မဝက်မျှပင် မလှည့်တော့ချေ။ လက်ဝဲဘက်မှ ကုက္ကိုပင်ကြီးကိုလည်းကောင်း၊ မိမိတို့ရှိရာသို့ ခေါင်းတည့်၍လာနေသောလော်ရီကားကြီး၏ ထိပ်ကိုလည်းကောင်း နောက်ဆုံးမြင်လိုက်ရပြီးလျှင် "ဝုန်း - ဒုန်း - ဒိုင်း - ခွမ်း" ဟူသော အသံများဖြင့် ရောနှောကာ ကားတစ်စီးလုံး ဆွဲ၍ခါလိုက်သကဲ့သို့ တုန်၍သွားပြီးနောက် ကိုစိန်ကြိုင်သည် လက်ဝဲဘက်သို့စောင်းကျသွားသည်ဟု ထင်လိုက်ရ၏။ ထိုနောက် မေ့ခနဲ ဖြစ်၍ သွားလေသည်။

⚜

ကိုစိန်ကြိုင်သည် သတိပြန်၍ရလ
သေး၏။ မိမိနှင့် မျက်နှာချင်းဆိုင်တွ
လူဆိုးဗိုလ်ကြီးသည် မိမိအား သွား
ကိုဖြဲကာကြည့်နေ၏။ သို့သော်အသ
မရှိတော့ချေ။ ကြောင်ပိန်သည်မိမိကို
ပေါ်သို့ပိကာတစောင်းလဲကျလျက်ရှိ
ရေ့ထိုင်ခုံမှ သံချောင်းသည် သူ၏ရင်
ကိုသပ်ဖြင့်လျှိုထားသကဲ့သို့ထိုးဖော
လျက်ရှိရာ ဒဏ်ရာမှ သွေးများသည်
ကိုစိန်ကြိုင်၏ အင်္ကျီပေါ်သို့ စီးကျလျက်
ရှိ၏။ ကားမောင်းသူ ထိပ်ပြောင်မှာ
လက်ကိုင်ဘီးနှင့် ထိုင်ခုံနောက်မှီကြာ
တွင် ညပ်ပြီးလျှင် ပက်လက်လန်က
မျက်လုံးပြူးထွက်လျက် ရှိနေ၏။ သုံ
ယောက်စလုံးမှသသည့်အကြားမှ မိ
သတိပြန်၍ရလဲ့သေးသည်ကို ပ
ကိုစိန်ကြိုင်မှာ မိမိကိုယ်ကိုယ် မိမိ မယ
ကြည့်နိုင်သကဲ့သို့ ရှိတော့၏။ "ငါ မသေ
ပါဘူး၊ သေရင် အခုလို သတိရမယ
မဟုတ်ဘူး။ အခုတော့ မျက်စိလည်းမြ
ရတယ်၊ နားလည်း ကြားရတယ်။ မသေ
ဘူး - မသေဘူး၊ ငါ မသေဘူး" ဟု တင
ကိုယ်တည်း ရေရွတ်လိုက်မိ၏။

ကိုစိန်ကြိုင်သည် အပေါ်မှ ဖိနေ
သောကြောင်ပိန်၏အလောင်းကိုခဲယဉ်
စွာတွန်းဖယ်ပြီးနောက်မှအပြင်သို့ထွက်





နိုင်ခဲ့လေသည်။ ပိတ်၍နေသော တံခါးပေါက်မှ ခေါင်းပြူနိုင်သည်နှင့်တစ်ပြိုင်နက် လူတစ်ယောက်သည် မိမိအား အပြင်မှနေ၍ ကူညီဆွဲယူလျက် ရှိလေရာ ထိုသူမှာ လော်ရီကားကြီးမှ ဒရိုင်ဘာပင် ဖြစ်လေသည်။

တာ ။ "ဟိုလူတွေဘယ့်နှယ်နေသလဲ"

ကြိုင် ။ ။ "အားလုံး သေကုန်ပြီ"

"ဟုတ်ပါရဲ့ ရှေ့ကလူက လက်ကိုင်နဲ့ညပ်မိပြီး သေတာပါပဲဗျို့။ ဒီလူကတော့ ထိုင်ခုံနောက်တန်းက ဘားချောင်းကြီးစူးဝင်သွားတာကိုး၊ ဖြစ်မှဖြစ်ရလေဗျာ၊ အောက်ဆုံးက ကပ်ပိနေတဲ့ လူကြီးကော"

"သူလဲ သေပါပြီ၊ ခေါင်းကွဲပြီး သွေးထွက်နေတယ်"

"ခင်ဗျား သိပ်ကံကောင်းတာပဲဗျာ။ ဘယ်များနိုက်မိသေးသလဲ၊ ကြည့်ပါဦး"

(အင်္ကျီမှ ဖုန်များကိုခါ၍ လုံချည်ကို ပြင်ဝတ်ပြီးနောက်) "မနိုက်မိပါဘူး။ ပွန်းရာတောင် မတွေ့ပါဘူး"

"ထူးရောဗျို့ - ခင်ဗျားလောက် ကံကောင်းတာ မရှိဘူး၊ ခင်ဗျားတော့ ဒီတစ်သက် ကားမှောက်လို့ မသေတော့ဘူး။ ဒါနဲ့ - ကားမောင်းတဲ့လူက အရက်မူးနေတယ်ထင်တယ်၊ အရက်နံ့ရတယ်"

"နည်းနည်း ဘယ်ကမလဲ ဆရာ၊ များများကြီး မူးနေတာပေါ့"

"ဒရိုင်ဘာလား"

"အကုန်လုံးပဲ၊ ပြီးတော့ - ဒီလူတွေဟာ လူကောင်းတွေ မဟုတ်ဘူးဗျ၊ ဓားပြတွေ၊ ဘဏ်တိုက်ကငွေကိုလုတဲ့လူတွေပေါ့"

"ခင်ဗျားက ဘဏ်တိုက်ကလား"

"မဟုတ်ပါဘူး၊ သူတို့အထဲက လူတစ်ယောက်မျက်နှာကို ကျုပ်က မှတ်မိတယ်ဆိုပြီး ခေါ်လာတာပဲ"

ကိုစိန်ကြိုင်သည် သူ၏ အဖြစ်အပျက်များကို အတိုချုပ် ပြန်ပြောလေ၏။

"ဒါဖြင့် ခင်ဗျားဟာက တစ်ခါမက ဘူး၊ နှစ်ခါကံကောင်းတာဗျို့။ ဟောဟိုမှာ ရဲဘက်က ကားတွေ လာနေပြီ၊ ပိုင်ယာ လက်ကားလည်း ရှေ့က ပါလာတယ်"

ထိုခဏ၌ရဲကားများရောက်လာပြီးလျှင်ပျက်စီးသွားသောကားကလေးထဲမှ အလောင်းများကို ဆွဲထုတ်ကာ ကိုစိန်ကြိုင်နှင့်တကွ လော်ရီကားမှ ဒရိုင်ဘာကိုပါ စစ်ဆေးလျက် ရှိလေ၏။ ကိုစိန်



www.burmeseclassic.com

www.burmeseclassic.com



ကြိုင်သည် ကားမှောက်သည့်အချိန်ဖြင့် အတော်ပင် တုန်လှုပ်လျက် ရှိသော်လည်း အကျိုးအကြောင်းကို အကျဉ်းချုပ်မျှ ပြောပြရ၏။ သို့သော် မိမိအား နှိမ်မိတ်ဖတ်ထားသည့် အကြောင်းကိုမူ ထည့်၍မပြောရေး၊ သူ၏ ဖာတ်လမ်းနောက်ပိုင်းကို လော်ရီကားဒရိုင်ဘာက ထောက်ခံလေသည်။ မိမိမှာ ဘဏ်ဓားပြမှုနှင့် တစ်စုံတစ်ရာ သက်ဆိုင်ခြင်း မရှိပါဘဲလျက် လူဆိုးများ၏ ကားပေါ်တွင် ပါလာရသည့်အတွက်လည်း ရဲအရာရှိများ အထင်မမှားစေရန် ရှင်းလင်းပြောပြရခြင်းဖြစ်လေသည်။

ရဲမှူး ။ ။ "ဒီလိုဆိုရင် ခင်ဗျား သိပ်ကံကောင်းတဲ့လူပဲဗျာ၊ ကိုင်း - တော်လောက်ပါပြီ၊ ဂါတ်ကျမှ အပြည့်အစုံ အစစ်ခံတာပေါ့၊ ဒါထက် ခင်ဗျား တုန်တုန်ယင်ယင်ဖြစ်နေတယ်"

ကြိုင် ။ ။ "ဟုတ်ကဲ့"

ရဲအုပ် ။ ။ "ဒါဟာရှော့ (Shock) ပဲဆရာ"

ရဲမှူး ။ ။ "အေး - ဟုတ်တာပေါ့ ကွယ်၊ ဒဏ်ရာမရပေမယ့် တိုက်တဲ့အချိန်ကလည်း သိပ်ပြင်းထန်တယ်၊ လူသေတွေပိနေတဲ့ ကြားထဲကလည်း ထွက်လာရတယ်ဆိုတော့ သိပ်တုန်လှုပ်သွားတာပေါ့"

ရဲမှူးသည် လော်ရီမောင်းသော ဒရိုင်ဘာအားမည်ကဲ့သို့အရေးယူရမည်ဟူသော ကိစ္စများ၊ အလောင်းများကို ဆေးရုံပို့ရန်နှင့် ကားပျက်ကို ဆွဲဖယ်ယူဆောင်ရန် ကိစ္စများကိုအခြားရဲအုပ်တစ်ယောက်နှင့်ထားခဲ့ပြီးနောက် ကိုစိန်ကြိုင်အား ဆေးရုံသို့ ပထမပို့ပြီးနောက်မှ ဌာနာတွင် တိုင်ချက်ဖွင့်ရန် စီစဉ်လျက် ရှိလေ၏။

သို့နှင့်ကိုစိန်ကြိုင်အားပထမရဲအုပ်နှင့်အတူ သူ၏ကားပေါ်သို့ တင်စေ၏၊ ကိုစိန်ကြိုင်ကမူ ဆေးရုံသို့ မသွားလိုလှပေ။ ကားပေါ်သို့ ရောက်သောအခါ ကိုစိန်ကြိုင်က ရဲမှူးအား -

"ဆေးရုံကို ဘာဖြစ်လို့ ပို့ဦးမှာလဲ ခင်ဗျာ၊ ကျွန်တော့်မှာ ဒဏ်ရာမှ မရဘဲနဲ့"

"နို့ပေမဲ့ - ခင်ဗျားဟာ ကားချင်း တိုက်မိတဲ့အချိန်နဲ့ အင်မတန် တုန်လှုပ်နေတယ်၊ ဒီတော့ ဆရာဝန်က ဆေးဝါး တိုက်ပြီးလို့ စိတ်ငြိမ်သက်မှ အစစ်ခံတာကောင်းတယ်"

ရဲကားမှာ ရန်ကုန်ဘက်သို့ ထွက်ခဲ့လေပြီ၊ ကိုစိန်ကြိုင်သည် ကား၏ ပေါင်ပေါ်၌ မီတာများနှင့်အတူ တပ်ထားသော နာရီကို ကြည့်လိုက်၏။ အချိန်မှာ နေမဝင်သေးသော်လည်း နာရီလက်တံမှာ (၇) နာရီခွဲကို ပြလျက် ရှိလေသည်။

ကြိုင် ။ ။ "ဒီနာရီက (၇) နာရီခွဲပြီး နေပကော၊ အချိန်က အစောကြီး ရှိသေးတယ်"

ကားမောင်းသ ။ ။ "နာရီက ဒီကနေ့ မနက်(၇) နာရီခွဲကပဲ ပျက်သွားတယ်"

ကြိုင် ။ ။ "အို - ဟုတ်လား - ဘုရားရေ၊ အချိန်ကလည်း ကျပ် သေရမယ့်အချိန်ပါကလား၊ ဒါထက် ရဲမှူး ခင်ဗျားဒီကားနံပါတ်ဟာ ဘယ်လောက်ပါလဲ"

ရဲမှူး ။ ။ "ဘာလုပ်မလို့လဲ ဗျ၊ ကားနံပါတ် ယ - ၆၃၇ × × ×"

ကြိုင် ။ ။ "အလိုလေး ဘုရား - ဘုရားကျွန်တော် ဒီကားစီးလို့မဖြစ်ပါဘူး ခင်ဗျာ၊ ဒီကားစီးရင် မုချကားမှောက်ပါလိမ့်မယ်၊ ဒီနံပါတ်နဲ့ကားဟာ မုချမှောက်ရမယ်၊ ကျွန်တော်လဲ မုချသေရမယ်"

ရဲမှူး ။ ။ "ဒီလူ ဘာကြောင်ပြီး နေတာလဲ၊ ခင်ဗျား ကားမှောက်ပြီးပါပြီကော ဗျ၊ မသေလို့ အခုကျန်တာမဟုတ်လား"

ကြိုင် ။ ။ "နို့ပေမဲ့ - ကျွန်တော် မလိုက်ဘူး၊ ဒီကားနဲ့ မလိုက်ဘူး၊ လိုက်ရင် သေပြီးသားပဲ"

ရဲအုပ် ။ ။ "ဒါဟာ ကျွန်တော်ပြောတဲ့ (Shock) ရှော့ပဲ - ဆရာ၊ ဒီလူ ကယောင်ချောက်ချား ပြောနေပြီ"

ကိုစိန်ကြိုင်သည် ရဲမှူးနှင့် ရဲအုပ်ကြားမှ ရုန်းထွက်ပြီးလျှင် ကားတံခါးဆီသို့ရောက်ရန် ကြိုးစားလျက် ရှိလေ၏။

ရဲမှူး ။ ။ "ကိုင်း - ကိုသိန်းဟန် ဒီလူကို လက်ထိတ်ခတ်လိုက်စမ်းဗျို့"

ရဲမှူးက ချုပ်ကိုင်ပေးသည်တွင် ကိုသိန်းဟန်လည်း ကိုစိန်ကြိုင်အား လက်ထိတ်ခတ်လိုက်လေ၏။

ရဲအုပ် ။ ။ "ဟေ့လူ - ငြိမ်ငြိမ်နေစမ်း၊ ခင်ဗျားကို ကျုပ်တို့ဘာမှမလုပ်ဘူး၊ ဆေးရုံကျရင် ဆေးတစ်ခွက်သောက်ရုံပဲ"

ကြိုင် ။ ။ "ကျွန်တော် ဘာမှ မဖြစ်ပါဘူးဗျာ - ဆင်းပါရစေ၊ ကားရပ်ပါဗျာ၊ ရပ်ပါ - ရပ်ပါ - ရပ်ပါဗျို့ - ရပ်ပါဗျိုရပ်"

ရဲမှူး ။ ။ "အင်း - ရှေ့ဟာ တော်တော်ဆိုးတာပါပဲ၊ တစ်ခါတလေ သွေးမနိုင်တဲ့လူများဆို စိတ်နောက်တောင် သွားတတ်တယ်၊ ခင်ဗျားလူ ကိုင်ထားဗျ - ကိုသိန်းဟန်"

www.burmeseclassic.com

ကိုစိန်ကြိုင်သည်ရဲအရာရှိများအား မည်သည့်နည်းနှင့်မျှ ပြော၍မရသဲ ပါသွားတော့၏။

ရဲအုပ် ။ ။ "ဒီလိုဆိုရင် ကျွန်တော်တော့ ဆေးရုံကြီး မပို့ချင်တော့ဘူး။ စိတ်ရောဂါကုဆေးရုံကို ပို့ရင် မကောင်းဘူးလား - ဆရာ"

ရဲမှူး ။ ။ "ခင်ဗျား သဘောပဲလေ။ ခင်ဗျား ကြည့်ပြီး စီမံပေတော့"

ဤသို့ဖြင့် ကိုစိန်ကြိုင်သည် စိတ်ရောဂါကုဆေးရုံ၌ (၁၅)ရက်ခန့်နေရရှာ၏။

"အမြင်ပေါက်သည်" ဆိုသော မောင်ဝဏ္ဏ နိမိတ်ဖတ်လိုက်ခြင်းကား ကိုစိန်ကြိုင်အတွက် သေသည်အထိ မမှန်ကန်သော်လည်း ဖြစ်ပျက်သော ရက်၊ မမျှော်လင့်ဘဲ ထူးထူးဆန်းဆန်း ကားနင့်ပါသွားရပုံ၊ ကားနံပါတ်မှန်တန် ပုံတို့မှာ မောင်ဝဏ္ဏ နိမိတ်ဖတ်ခဲ့သည့်အတိုင်း မှန်ကန်ခဲ့လေသည်။

လောကီပညာများကား လွန်စွာပင် ထူးဆန်း၏၊ နက်နဲ၏။ အတွေးအခေါ် အယူအဆ များစွာလိုလှ၏၊ ငွေတစ်ထောင်ရလိမ့်မည်ဟု အိပ်မက်ထဲမှညွှန်ပြနေသောနေရာသို့ သွားရောက်တူးဖော်သောအခါ ဒင်္ဂါးတစ်ပြား "ထောင်" နေသည်ကို တွေ့ရပြီး တိုက်ဆိုင်နေ၍ မှန်ကန်ခြင်းမျိုးမဟုတ်၊ အသေအချာ မှန်ကန်၏။ သို့သော် နည်းအမျိုးမျိုး ပုံစံအမျိုးမျိုးဖြင့် မှန်ကန်တတ်ပေသည်။

ဒဂုန်ရွှေမျှား

## ချောင်းခြောက်ဆိုးလျှင်

- ဖီးကြမ်းငှက်ပျောသီးပျော့ပျော့ကို သကြားဖွှ၍ ထမင်းလွတ် အဝစားပါ။
- သံပုရာမြစ်၊ နွယ်ချို၊ ဆား၊ အမှုံ့သွေး၍လျက်ပါ။
- နွယ်ချို၊ မန်ကျည်းမှည့်၊ သိဖန်ခါးဆား အမှုန့်ကြိတ်၍စားပါ။



# ငှက်ပျောပင်စိုက် မိလိုက်ဖသာ

www.burmeseclassic.com

# ငှက်ပျောပင်စိုက် မိလိုက်ဖသော

**မကြွေးညိုစိမ့်**

မယုံမရှိနဲ့။

မယုံလို့ လုပ်ကြည့်ရင် ဒုက္ခလှလှ တွေ့မယ်မှတ်။

"ပြဿဒါး" ရက်မှာ ဘာမှမကောင်း တာရော၊ ကောင်းတာရော မလုပ်နဲ့၊ ဒုက္ခ တွေ့မယ်မှတ်။

"မွေးနေ့ သောကြာ၊ တနင်္လာ ကေသာဆံဖြတ် မပြုအပ် - ရတဲ့"

ကိုယ့်ရဲ့မွေးတဲ့မွေးနေ့၊ အဲဒီနေ့ ဆံပင်မညှပ်နဲ့၊ သောကြာ၊ တနင်္လာ အဲဒီ နေ့တွေမှာလည်း ဆံပင်မညှပ်နဲ့၊ ခေါင်း ကိုက်မယ်၊ ဖျားမယ်၊ အလုပ်အကိုင်တွေ ကြန့်ကြာမယ်၊ ပြဿနာတစ်ခုခုတော့ တွေ့လိမ့်မယ်။

"သောကြာ - ရေကြောင်းခရီး မသွားကောင်း" တဲ့။ ရှောင်နိုင်ရင် ကောင်းမယ်၊ မယုံလို့သွားရင် အခက် အခဲတစ်ခုခု တွေ့လိမ့်မယ်။

"သောကြာ - ရေကြောင်းခရီး မသွားကောင်း" တဲ့၊ ရှောင်နိုင်ရင် ကောင်းမယ်၊ မယုံလို့သွားရင် အခက် အခဲတစ်ခုခု တွေ့လိမ့်မယ်။

"တနင်္လာနေ့မှာ ခရီးသွားရင် အလုပ်တစ်ခုကိုလုပ်ရင် (နှစ်ခါ) လုပ်ရ တတ်တယ်၊ ဘယ်တော့မှ အဆင် မချောဘူး"





"ငှက်ပျောပင်စိုက် - မိလိုက်ဖသော" တဲ့၊ ငှက်ပျောပင်ဆိုတာ ကိုယ့်ဘိုးဘွား တီ၊ ဘင်များက ရှေးအစဉ်အဆက် ကတည်းက စိုက်ခဲ့ဖူးမှ သူတို့ရဲ့သား၊ သမီး၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်တွေထိ စိုက်လို့ရတယ်။

မယုံလို့ စိုက်ခဲ့ရင်တော့ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေးနဲ့ လုပ်ငန်း ကိုင်ငန်းတွေ ပျက်တတ်တယ်၊ အိမ်ဝိုင်း အတွင်း အိမ်ရှေ့တွေမှာ မစိုက်ကောင်း ဘူး၊ ဥယျာဉ်ခြံမြေအတွင်းမှာပဲ စိုက်ရ တယ်၊

ဒါတွေက ကျွန်တော်တို့ရဲ့တတ်သိ များလည်တဲ့ အဘိုးအဘွားတွေ ထားခဲ့ တဲ့ (ဂမ္ဘီရ) စကားတွေပါ။

ဒီနေ့ ကွန်ပျူတာခေတ်၊ (IT အိုင်တီ ခေတ်) လူငယ်တွေက ဒါတွေ လက်မခံချင်ကြဘူး။

အဲဒီလို လက်မခံဘဲ တစ်ဖောက် ကန်းလုပ်ခဲ့လို့ဘဝပျက်သွားရတဲ့မကြွေး မြို့ပြို့ဟောင်းအမှတ် (၅) စကားပါလမ်း ထဲက ကျွန်တော့်ရဲ့တူအရင်းခေါက် ခေါက်ဖြစ်တဲ့ (မောင်ထွန်းတောက်) အကြောင်းကို သံဝေဂယူတတ်ကြဖို့ တစ်ပြချင်ပါတယ်။

အဖြစ်က ဒီလိုပါ ...

ထွန်းတောက်တို့များ ကံကောင်း ချက်ကတော့ အိမ်ရှေ့က ငှက်ပျောပင် တွေက ငှက်ပျောသီးတွေ သီးနေလိုက် တာများ တစ်နိုင်ကို အဖီးဆယ်ဖီး သီးနေ တယ်။

ငှက်ပျောပင်က အသီးနဲ့ အလေး ဒဏ်ကိုမခံနိုင်လို့ ကိုင်းကျလာလို့ ဝါးလုံး တွေနဲ့ ထောက်ထားရတယ်၊ သီးနေတာ တစ်ပင်တည်း မဟုတ်ဘူး၊ ငါးပင်ကြီးများ တောင်မှ သီးတာ၊ ထွက်လာတဲ့ အသီး တွေက တစ်လုံးကို ဝံတောင်နီးနီး ရှည် တယ်၊ အရောင်က (နီညို) ရောင်၊ ဒီ ငှက်ပျောသီးတွေကို ရွှေငှက်ပျောသီးလို့ ခေါ်ကြတယ်၊

ပေတစ်သီး၊ ကျီးတစ်သားလို့ လူ တွေက ပြောကြတယ်၊ ပေပင်ဆိုတာမျိုး က အသီးတစ်ချိန်သီးပြီးရင် နောက်မသီး တော့ဘူး သေသွားတာပဲ၊ ကျီးကန်းငှက် တွေကလည်း တစ်သားမွေးပြီးရင် နောက်ထပ် မမွေးတော့ဘူး။

ငှက်ပျောပင်ကိုတော့ မသိကြလို့ လား မပြောကြဘူး။ ငှက်ပျောပင်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း တသီး သီးပြီးရင် နောက်မသီးတော့ဘူး၊ ငှက်ပျောပင်က သေတာပဲ။

ထွန်းတောက် ကံကောင်းတာက အဲဒီသီးနေတဲ့ အပင်ဘေးပတ်လည်က အပင်ပေါက်ကလေးတွေ ထပ်ပြီးပေါက်နေတယ်၊ လက်ရှိသီးနေတဲ့ အပင်က အသီးတွေ ရောင်းရမယ့်အချိန်ရောက်ရင် နောက်ထွက်လာတဲ့ အပင်တွေက အသီးတွေထပ်ပြီး သီးလာမှာလေ၊

ဒီလို ငှက်ပျောပင်မျိုးကလည်း မကွေးမြို့မှာ ဘယ်လိုမှမရှိတဲ့အပင်မျိုး။ ရှာမှ ရှားပဲ၊ မကွေးမှာရှိတဲ့ အပင်တွေက ဖီးကြမ်း၊ သူငယ်တော်၊ သီးမွှေး၊ ရခိုင်နဲ့ ရင်မောင်းစိမ်းဆိုတဲ့ ငှက်ပျောမျိုးပဲရှိတာ၊ ဒီအကောင် ကံကောင်းလို့ ဒီရွှေငှက်ပျောမျိုး ရတာ၊ အသီးတွေက နီညို ရောင်သန်းပြီးကြီးထွားလှပလွန်းလို့ သူ့အိမ်ရှေ့က ဖြတ်သွားတဲ့ လူတွေက ဒီငှက်ပျောသီးတွေကိုငေးကြည့်ရင်းလမ်းလျှောက် ကြတာ၊ ခလုတ်တိုက်ပြီး လဲတောင် လဲကြဆိုပဲ၊

လူများ ပြောပါတယ်၊ ကံကောင်းချင်တော့ ဒီငှက်ပျောမျိုးတွေက ငှက်ပျောပင်တွေက သူ့အိမ်ရှေ့ကို အလိုလိုရောက်လာကြတာ။

ဒုက္ခရောက်ချင်လို့လား၊ ကောင်းကျိုးပေးချင်လို့လားတော့ မသိဘူး။ ငှက်ပျောပင်ရောက်လာပုံထူးဆန်းလွန်းလို့ ပြောပြရဦးမယ်၊

မြန်မာနိုင်ငံအတွင်း (နာဂစ်)မုန်တိုင်းကြီး ကျရောက်လာတာ သတိရကြဦးမယ် ထင်တယ်၊ အဲဒီမုန်တိုင်းကြီးကျတော့ ကျွန်တော်တို့ မကွေးမြို့က (ရခိုင်)နဲ့ နီးတော့ မုန်တိုင်းအဖျားရိုက်ခံရတယ်၊ ပြင်းထန်တဲ့ လေပြင်းတွေရဲ့ဒဏ်၊ မိုးတွေရွာ၊ မိုးကြီးတွေပစ်နဲ့တဲ့တွေပြို၊ သစ်ပင်တွေလဲ၊ ချောင်းရေတွေ လျှံလို့ စိုက်ခင်း၊ ယာခင်းတွေ ရေထဲ ပါသွားကြတယ်၊

မြို့ဟောင်းရပ်ကွက် ဆိုတာက မကွေးမြို့နဲ့ မြေနိမ့်ပိုင်းမှာရှိတာ၊ ကံသာမြင်သာ၊ သိင်္ဂါနဲ့သနက (၁) စစ်တပ်တို့က ကျွန်တော်တို့ရပ်ကွက်ရဲ့ အထက်မှာ ရှိတာဆိုတော့ အဲဒီက ရေမှန်သမျှ၊ အမှိုက်သရိုက်မှန်သမျှ သစ်ပင်တွေ မှန်သမျှက မိုးရေနဲ့အတူ ကျွန်တော်တို့ရပ်ကွက်မှာ စုစီးတာလေ၊

အဲဒီငှက်ပျောပင်တွေက အဲဒီမိုးရေနဲ့အတူ ပါလာတာ၊ ထွန်းတောက်တို့အိမ်ရှေ့ရောက်တော့ ဘယ်ရေစီးကြောင်းနဲ့မှ ပါမသွားတော့ဘဲ (ဗုတ်သွင်းရထား) ဆိုက်သလို ကျောက်ချပြီးရပ်နေတော့တာ၊

ထွန်းတောက်က အိမ်ရှေ့ထွက်ပေါက်တံခါးမကြီးဘေးမှာ စိုက်ထားလိုက်တာ စီးပွားတွေ ဖြစ်နေပါကောလား၊ ပိုက်ဆံရှိတဲ့ လူတချို့က သာသနာပွဲကို (စေတီ) ပုံသဏ္ဌာန် ငှက်ပျောသီးနဲ့ တင်ချင်တော့ အလုံးလှတဲ့ ဒီရွှေငှက်ပျောသီးတွေကို ထွန်းတောက်ဆီက လာဝယ်ကြတယ်လေ၊

ထွန်းတောက်တို့များ အဲဒီငှက်ပျောသီးအရှိန်နဲ့ ဘဝင်လေဟပ်ပြီး မိုးမမြင်လေမမြင်တောင် ဖြစ်နေတယ်၊ လမ်း

# ၆

မူတူးကပြောတော့
ကျွန်တော်လည်း မနေနိုင်ဘဲ
ကြက်ကို အမွေးတောင်
မနုတ်တော့ဘဲ ခြေနှစ်ချောင်း
ဆွဲဖြဲလိုက်တာ
ဖြဲခနဲ ပြဲသွားတော့
လား–လား–အမှန်ပဲဗျို့။
ကြက်ဗိုက်ထဲမှာ
အူနဲ့ အသည်းတွေ မရှိဘူး။
ထူးဆန်းလိုက်တာဗျာ ...







www.burmeseclassic.com

www.burmeseclassic.com


လျှောက်ရင်တောင်မှ အထက်မော့လျှောက်တယ်။ မြေကြီးကိုမကြည့်တော့ဘူး။

ငှက်ပျောသီးတွေများ ရောင်းပြီးလားဆိုရင် ကျွန်တော့်ကို လာလာပြီး ကြွားရတာလည်း အမော။ ကြွားမယ်ဆိုလည်း ကြွားလောက်ပါတယ်။ သူ ဒီငှက်ပျောပင်ကို စိုက်မယ်လုပ်တော့ ...

"ဟိတ်ကောင် - ငါတို့ အမျိုးထဲမှာ ငှက်ပျောပင်စိုက်ခဲ့တဲ့ လူ မရှိဘူး။ ငှက်ပျောပင်ဆိုတာက မိလိုက်ဖသာ ဆွေစဉ်မျိုးဆက်မှ စိုက်ကောင်းတာ။ မင်းမစိုက်နဲ့ နိုက်လိမ့်မယ်" လို့ တားခဲ့မိတာကိုး။

ပြောရဦးမယ်၊ ထွန်းတောက်ဆိုတာက ကျွန်တော့်အဖေရဲ့ညီတစ်ဝမ်းကွဲက မွေးတာဆိုတော့ ကျွန်တော်နဲ့က တူအရီးတော်တယ်လေ၊ နေတော့လည်း ကျွန်တော့်အိမ်ရဲ့အနောက်ဘက်နစ်ဝိုင်းကျော်မှာ နေတာ၊ သူက ကျွန်တော့်အကြီးဆုံးသားနဲ့ သက်တူရွယ်တူ၊ အသက်က နှစ်ဆယ့်ငါးနှစ်ပဲ ရှိသေးတယ်၊ သားနှစ်ယောက်အဖေ။ မိန်းမကချောချောလှလှကလေး။

စီးပွားရေး လာဘ်မြင်တယ်၊ အိမ်ဝိုင်းထဲမှာပဲ ကြက်ခြံနှစ်ထပ် ဆောက်ထားပြီး နိုင်ငံတော်က ရောင်းတဲ့ မွေးမြူရေးကြက်တွေကို ရန်ကုန်က တစ်ဆင့်ဝယ်ပြီး မွေးမြူရေးအကြီးအကျယ် လုပ်နေတဲ့ အကောင်၊

ကြက်ခြံအပေါ်ထပ်မှာ (ဥ)စားကြက်အကောင် (၁၀၀)၊ အောက်ထပ်မှာ သားစားကြက်အကောင် (၁၀၀) မွေးထားတယ်။ ကြက်တွေ တစ်ခုခုဖြစ်ရင် သူကိုယ်တိုင် ဆေးထိုးတာ၊ ပြုစုစောင့်ရှောက်တယ်၊ ဆရာဝန် ငှားစရာ မလိုဘူး၊ စီးပွားရေးဘက်မှာ အိမ်က သားနဲ့တော့ (နံ့သာဆီနဲ့ချေး) လောက် ကွာတယ်၊

မွေးမြူရေးအကြောင်း ကောင်းကောင်း နားလည်တော့ ကြက်ကို အကောင်ပေါက်ကလေးတွေ ဝယ်တာ၊ အထီး၊ အမ ကောင်းကောင်းခွဲတတ်တော့ သူ့မှာ ဘာပြဿနာမှ မရှိဘူး။ ဘယ်လိုဆေးတွေများစပ်ပြီးကျွေးတယ် မသိဘူး၊ အကောင်ငယ်ကလေးတွေက (အထွား)မြန်တယ်၊ သုံးလဆိုရင်ရောင်းရတော့တာပဲ၊

မကွေးမြို့က သားသတ်လိုင်စင်ရထားတဲ့ ကုလားတွေက သူ့ဆီက ကြက်တွေကိုပဲ ဝယ်တယ်၊ သူက ဥစား ကြက်တွေကိုလည်း သုံးလပဲထားတယ်၊ ကြက်တွေကို အစာနဲ့တစ်မျိုး၊ ဆေးထိုးပြီးတစ်မျိုး၊ ဥ,ဥနိုင်းတယ်၊ ဒီအချိန်မှာမှ လုပ်သမျှ အောင်မြင်နေတော့ ရပ်ရွာက်အုပ်ချုပ်ရေးမှူးကိုတောင်မှ လူမထင်တော့တဲ့အကောင်၊

ရပ်ကွက်ထဲကလည်း သူ့ကို အမြင်ကပ်တော့ သူနဲ့ ပတ်သက်သမျှ ဘာမှ အဆက်အစပ်မရှိတော့ဘူး၊ ဒီကောင်ကလည်း သူ အလှူလုပ်ရင်တောင်မှ ရပ်ကွက်ကို အသိမပေးဘူး၊ တခြား ရပ်ကွက်က လူတွေကို ပိုက်ဆံပေးငှားပြီး လုပ်တာ၊ သူ့ရဲ့စိတ်ထဲမှာ ဒီလမ်းထဲက လူတွေက သူ့လောက် အရည်အချင်းမရှိ ဘူးလို့ ယူဆထားတဲ့အကောင်၊

"ချေးသုံးလည်း မလွယ်နဲ့၊ ရှေးထုံးလည်း မပယ်နဲ့" ဆိုတဲ့ လူကြီးတွေ ထားခဲ့တဲ့ စကားက သူနဲ့ကျမှ ပျက်ရတော့မလိုဖြစ်နေပြီ၊ အခုကြည့်လေ၊ ငှက်ပျောပင် စိုက်၊ မိလိုက်ဖသာ" ဆိုပေမယ့် သူ့ကျတော့ ဒီငှက်ပျောပင်က အကျိုးပေးလိုက်တာ မပြောပါနဲ့တော့"

"ကောသလ အိပ်မက် တစ်ဆယ့်ခြောက်ချက်" တောင် ဒီခေတ်ကြီးမှာ မှန်နေပြီ၊ ဒီငှက်ပျောပင်ကိစ္စက ဘာကြောင့် မမှန်ရသလဲလို့ ကျွန်တော် စဉ်းစားမရဖြစ်နေချိန်မှာ ဒီကောင် ပြဿနာစတော့တာပဲ၊

"ဟေ့ - ငါ့လိုကောင်က ဘယ်မိဘကိုမှ မမှီခိုဘဲ ကိုယ့်ဒူးကို ကိုယ်ချွန်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေတဲ့အကောင်ကွ၊ ဘယ်အကောင်ကိုမှ ငါ ဂရုမစိုက်ဘူး"

"ငါ့လိုနေချင်ရင် ငါလုပ်သလို လုပ်ပါလား၊ ငါ့ကို ဘာမနာလိုဖြစ်လို့ ငါ့စီးပွားရေးကို လာပြီး ဖျက်ဆီးနေကြတာလဲ၊ ဒီရပ်ကွက် ဒီလမ်းထဲက ကောင်တွေ၊ ပုဆိုးခြုံထဲက လက်သီးဆုပ်ပြမနေနဲ့၊ သတ္တိရှိရင် လူချင်းလာပြီးရင်ဆိုင်ကြကွ၊ ကြိုက်တဲ့အချိန်၊ ကြိုက်တဲ့နေရာကို ခေါ်၊ တစ်ယောက်ချင်း ရင်ဆိုင်မယ်၊ ငါ့လိုကောင်က ဘယ်မအေ (   )ကိုမှ လူမထင်ဘူး"

ဆိုပြီး ငှက်ကြီးတောင် ဓားရှည်ကြီးကိုင်ပြီး သူ့အိမ်ရှေ့ကနေ တစ်ရပ်ကွက်လုံးကို စိန်ခေါ်နေတော့တာပဲ၊ သူ ဆဲဆိုနေသံကြားတော့ ကျွန်တော်လည်း မနေနိုင်တော့ဘူး၊ ဘာများ ဖြစ်ပြန်ပြီလဲလို့ ပြေးရတော့တာပေါ့၊

www.burmeseclassic.com



"ဟကောင် - ထွန်းတောက်၊ စောစောစီးစီး မင်းဘယ်သူနဲ့ ဘာဖြစ်နေတာတုန်း" လို့ ကျွန်တော်က မေးတော့...

"ပြော မပြောချင်တော့ပါဘူး - ဦးလေးရာ"

"ဟာ - မပြောလို့တော့ မဖြစ်ဘူး၊ ပြောစမ်းပါဦး၊ အကြောင်းမဲ့ မင်း တစ်ယောက်တည်း ဆဲနေရင် တရားစွဲခံရလိမ့်မယ်" လို့ ကျွန်တော်က ပြောတော့...

"ဟာ့ - ဦးလေးကလည်း ကြက်ကို အဆိပ်ကြွေးဟာ အိမ်ဝိုင်းထဲ ဝင်မှ မဟုတ်ဘူးဗျ၊ ပြောင်းဖူးစေ့၊ ဆန်စေ့ကို ဆေးစိမ်ပြီး အပြင်က ပစ်ကြွေးလည်း ရတယ်ဗျ"

"ကျုပ်မှာ ကြက်သေတွေကို ရောင်းနေရတော့ ကုလားတွေက စျေးနှိမ်ဝယ်တယ်ဗျ၊ ကျွန်တော် အရှုံးပေါ်နေပြီ" လို့ သူက ရှင်းချက်ထုတ်တယ်၊

ကျွန်တော်တို့ အခြေအတင် ပြောနေတုန်း သူ့ဆီ ကြက်ဝယ်နေကျ ကုလား မူတူးရောက်လာတယ်၊ ကုလားမူတူး ပြောလိုက်တဲ့ ဂမ္ဘီရဆန်ဆန် စကားကို ကြားရတော့ ကျွန်တော့် အဖို့ စဉ်းစားစရာ တစ်ခု ပေါ်လာတယ်၊

"အရေး - ထွန်းတောက်၊ ဒီနေ့ ပါ...
ရပ်ကွက်က ဒံပေါက်ထမင်းလှူဖို့ ကြ...
အချိန်တစ်ဆယ် လိုတယ်၊ ဒါပေမဲ့ - ...
ကို ပြောစရာတစ်ခုတော့ ရှိတယ်"

"ဘာများလဲဗျ၊ ခင်ဗျားက တ...
မှောင့်"

"ဘာများလည်း မလုပ်နဲ့၊ မင်းကြ...
တွေက အူတွေ၊ အသည်းတွေ မပါဘူ...
မင်းကြက်တွေမှာ အူတွေ၊ အသည်းတွေ...
မရှိလို့ အခုတလော မင်းကြက်တွေ ဒေ...
နေတာ"

"ဘာဗျ"

"ဘာ - မဗျနဲ့၊ တကယ်ပြောတာ...
မင်းကြက်တွေကို ငါ ခုတ်ပြီး ရောင်းတာ...
အူတွေ၊ အသဲအသည်းတွေ မပါဘူး"

"ခင်ဗျားကြီး မိုးပါက်တတ်ကရဗျာ..."

"မယုံရင် မင်းသေနေတဲ့ ကြက်တ...
တောင်ကို ဖျက်ကြည့်"

လို့ မူတူးက ပြောတော့ ကျွန်တော်...
လည်း မနေနိုင်ဘဲ ကြက်ကို အမွေ...
တောင် မနတ်တော့ဘဲ ခြေနစ်ချောင်...
ဆွဲဖြဲလိုက်တာပြီးနဲ့ပြဲသွားတော့လား - ...
လား - အမှန်ပဲဗျို့၊ ကြက်ဗိုက်ထဲမှာ အူ...
အသည်းတွေ မရှိဘူး၊ ထူးဆန်းလိုက်...
တာဗျာ"

"ဟော့ကောင် - ထွန်းတောက်"

"ဒါ - လင်းဝါ မြွေလင်မယား လက်ချက် ဖြစ်ပါမယ်ကွ"

"ဗျာ - ကျုပ် နားရှင်းအောင် ပြောပြစမ်းပါ"

"ဒီလိုလေကွာ၊ ငါတို့ရပ်ကွက်ထဲမှာ လင်းဝါနှစ်ကောင် သွားလာနေတာ မင်းမသိပဲလေ၊ အဲဒီနှစ်ကောင်က ညဆိုရင် ငါတို့အိမ်က ကြက်ချေး (ချီး) တွေ လာလာ စားတယ်ကွ၊ အဲဒီနှစ်ကောင် လက်ချက်လို့ပဲ ငါတော့ ထင်တယ်" လို့ ပြောမိတယ်၊

ကျွန်တော့် သားကလည်း ကြက်တွေ မွေးတယ်၊ သူ့ကိုတော့ စားကြက်၊ ကြက် မဟုတ်ဘူး၊ တိုက်ကြက်တွေ မွေးတာ၊ မျိုးကောင်းကြက်တွေ မွေးပြီး ပြည်ပနိုင်ငံ သွားရောင်းတယ်၊

ရန်ကုန်မှာရှိတဲ့ တိုက်ကြက်ဘုရင် (အောင်သန်းစိန်) ဆီပို့တယ်၊ ကျွန်တော်တို့ လမ်းပဲခြားတဲ့ မကွေးအမှတ် (၁) ရပ်ကွက်ထဲမှာ ရောမရေကန်ကြီး ရှိတယ်၊ ချုံပုတ်တွေ ထူထပ်တော့ မြွေတွေ ရှိတယ်၊

အဲဒီမြွေတွေအထဲကမှ လင်းဝါအဖို နဲ့ အမမြွေနှစ်ကောင်က ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ခြေရှုပ်နေတယ်၊ လူကို အန္တရာယ်မပေးတော့ ရပ်ကွက်ထဲကလည်း သူတို့ကို အိမ်မွေးတိရစ္ဆာန်လို ကြည့်နေကြတယ်၊ မြွေနှစ်ကောင်က လူတွေနဲ့ ယဉ်ပါးနေကြပြီ၊

ကျွန်တော့်သားက အရွယ်ရောက်တဲ့ ကြက်တွေကိုတော့ ခြံနဲ့ အိမ်နဲ့ ခြင်ထောင်နဲ့ ထားတယ်၊ အရွယ်မရောက်သေးတဲ့ ကြက်တွေကိုတော့ ဒီအတိုင်း လွှတ်ထားတယ်၊ ညအိပ်တော့ အိမ်ခြံထဲက သစ်ပင်တွေပေါ်မှာ ကြက်တွေ အိပ်ကြတယ်၊ အဲဒီကြက်ချေးတွေကို ဒီလင်းမြွေနှစ်ကောင်က လာပြီးစားတာ ကျွန်တော် ခဏခဏ တွေ့တယ်၊

"တို့ - ဒီည မင်းကြက်ခြံစောင့်ကြည့်ကြရအောင်" လို့ ပြောတော့ ထွန်းတောက် သဘောတူတယ်၊ ဒါနဲ့ပဲ သံလောက်စာလုံးတွေရှာပြီး ဒီညမှလောက်လေးခွတစ်ချောင်းနဲ့ ကျွန်တော်နဲ့ ထွန်းတောက် ကြက်ခြံကို စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်ကြတော့တယ်၊





www.burmeseclassic.com

www.burmeseclassic.com



"ကရင်-ကရင်-ကရင်"

ညဥ့်နှစ်နာရီတွင် နာရီနှိုးစက်သံက ရှည်စွာ ကြားလာရသဖြင့် ကျွန်တော် အိပ်ရာမှ ပြူးပြဲထမိသည်၊

ဟိုကောင် ထွန်းတောက်က ဝီရိယ ရှိသည်၊ လောက်လေးခွတစ်ချောင်း နှင့် မှောင်ရိပ်တွင် ထိုင်နေ၏။

ကြက်ခြံမှာ (၅၀) ဝပ်မီးလုံး၏ အလင်းရောင်ဖြင့်ကြက်များကို ကောင်းစွာ မြင်နေရသည်။

"ရှူး-ရှူး-ရှူး"

ပါးစပ်ကိုလက်ညှိုးတစ်ချောင်းဖြင့် ပိတ်၍ ကျွန်တော့်ကို အသံမထွက်ရန် သတိပေးသဖြင့် ငြိမ်သက်စွာဖြင့် ထွန်းတောက်၏အနီးသို့ ကျွန်တော် ဝင်ထိုင်မိသည်၊

သူ လက်ညှိုးထိုး၍ ညွှန်ပြရာသို့ ကြည့်လိုက်သောအခါလင်းဝါနှစ်ကောင် သည်ဝါးတန်းပေါ်တွင်အိပ်နေသော (၃) နေဆဲကြက်မများ၏ အောက်သို့ရောက် နေသည်ကို တွေ့မြင်ရ၏။

လင်းဝါနှစ်ကောင်သည် တစ်ကောင်လျှင် ကြက်မတစ်ကောင်ချင်း အောက်သို့ ရောက်နေကြပြီး ကြက်မ၏ စအိုရှိရာသို့ တဖြည်းဖြည်းချင်း ရွေ့သွား ပြီးနောက် ကြက်မ၏စအိုအားရင်းတို့ လျှာဖျားဖြင့် တို့ဆိတ်နေသည်ကို မြင်ရ၏။

ကြက်မမှာ ယားယံသဖြင့် ဖင် ဟိုရွှေ့သည်ရွှေ့လုပ်နေ၏၊ ပါးစပ် လည်း "ကွတ်-ကွတ်-ကွတ်"ဖြင့်အော နေပြီး နေရာရွှေ့ပြောင်းသွား၏။

ထိုအခါ ဖင်ကို တို့နေသော မြွေ နောက်မှလိုက်သွားပြီး ထပ်၍တို့နေပြ ၏။

ကြာသော် ကြက်မသည် မနေနိ တော့ဘဲ ဥကို ဥ၍ ချလိုက်၏၊ ထိုဥ လိုက်သော ကြက်ဥမှာ ကြမ်းပျဉ်ပေါ် မကျဘဲ မြွေ၏ ပါးစပ်ထဲသို့ ကျသွား၏

မြွေသည်ကြက်ဥကိုမျိုချပြီးနော ပွင့်နေသော ကြက်၏စအိုအနားသို့က လျက် (လျှာ)ကြီးကို ကြက်မ၏ ဝ အတွင်း ထိုးသွင်းလိုက်၏။

ထို့နောက် ကြက်မကိုယ်ခန္ဓာထဲ အူနှင့်အသည်းများကို ဆွဲစုပ်ယူ၍ တ သုံးနေသည်ကို တွေ့ရှိရလေ၏။

"ကရော့"

"အွတ်"

"ဖောက်"

"ဖောင်း"

ဖြောင့်လိုက်သည့် လက်၊

ထွန်းတောက် ပစ်လိုက်တဲ့ သံလောက်စာလုံးဟာ လောက်လေးခွမှ ထွက်သွားပြီး ကြက်မ၏ စအိုထဲမှ အူနှင့် အသည်းများကို စုပ်ယူစားသောက်နေသော လင်းဝါမြွေကြီး၏ ဦးခေါင်းကို တည့်တည့်မှန်ကာ ပေါက်ထွက်သွားခဲ့၏။

မြွေနှစ်ကောင်ကို နှစ်ချက်ပဲ ပစ်လိုက်ရသည်၊ နှစ်ကောင်လုံး ဦးခေါင်း (ပါးပျဉ်း)ပေါက်ထွက်သွားပြီး ကြမ်းပျဉ်ပေါ်တွင် လူးလိမ့်နေ၏။

ထွန်းတောက်သည် တော်တော် လျှင်သည်၊ အနားတွင်ရှိသော ထင်းခုတ်ဓားမကို ယူပြီး မြွေနှစ်ကောင်၏ ခေါင်းများကိုဖြတ်တောက်ပြီး သတ်လိုက်လေ၏။

မြွေနှစ်ကောင်၏ တဝုန်းဝုန်း တွန့်လိမ်နေသော အသံနှင့်အတူ ကြက်တွေ လန့်ပြီး အော်သံများမှာ ကျွန်တော်တို့ ရပ်ကွက်တစ်ရပ်လုံး ဆူညံသွားတော့၏။

မြွေနှစ်ကောင် သေသွားပြီဖြစ်သဖြင့် ကျွန်တော်လည်း နှုတ်ဆက်ပြီး အိမ်သို့ပြန်ခဲ့လေတော့သတည်း။

ထွန်းတောက်ကမြွေသားကိုတစ်ခါ စားယူထားပြီး လမ်းထိပ်မှ အရက်ဆိုင်သို့ သွားရောင်းရာ ငွေ (၃၀၀၀) ကျပ် ရသည်ဟုကြားရ၏။

ညနေပိုင်းတွင် ငှက်ပျောပင် အောက်၌ ဘီယာနှင့် မြွေသားမြည်း၍ စားသောက်နေသည်ကို တွေ့မြင်ရ၏။

ထိုမြွေသားစားပြီး နောက်နေ့တွင် သတင်းစာများ၌ စီးပွားဖြစ် မွေးမြူရေး လုပ်ကိုင်စားသောက်သူများ ရပ်ကွက်ထဲတွင် မွေးမြူရေး မလုပ်ရဲဘဲ မြို့ပြင်သို့ ထွက်ပြီး မွေးမြူရေးလုပ်ရန် ပါလာရာ၊

ထွန်းတောက်တစ်ယောက် တစ်ရပ်ကွက်လုံးက စာပစ်ခြင်း၊ စံရခြင်း၊ ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာတို့မှ လူထုအော်သံအစခန်းတွင် ဖော်ပြခံရခြင်းတို့ကြောင့် မြို့နှင့် (၃) မိုင်ဝေးသော (ဆားတိုင်ကန်) ရွာဘက်သို့ ကြက်ခြံကို ပြောင်းရွှေ့သွားရလေတော့၏။

ထိုနေရာသို့ရောက်သော် ကြက်တွေ ပျောက်ကုန်၏၊ နာ၍လည်းသေသ





www.burmeseclassic.com

www.burmeseclassic.com



››› အမှတ် - ၁၁၁ ၊ ဩဂုတ် ၊ ၂၀၁၆ ‹‹‹

ကုန်၏။ စီးပွားရေး ပျက်လာတော့သည်။

ငှက်ပျောပင်တွေ ခုတ်ပစ်ဖို့ပြောတော့လည်း လင်မယားနှစ်ယောက်စလုံးက လက်မခံ။ တားမြဲ တား၏။

မြွေသားတွေစားပြီး ထွန်းတောက်တစ်ယောက် တရှောင်ရှောင်ဖြစ်လာပြီး ကျန်းမာရေးချို့တဲ့လာ၏။ တစ်နေ့တခြား ပိန်၍လာတော့ပြီ၊ မြွေသားစားပြီးသုံးလအကြာတွင် ငှက်ဖျားလိုလို၊ ပန်းနာရင်ကြပ်လိုလို ဖြစ်လာပြီး ဆေးရုံတက်ရသည်။

ဆေးရုံပေါ်တွင် တစ်လကြာသောအခါ ငှက်ဖျားဆေးများ အစားလွန်ပြီး သေဆုံးသွားတော့သည်။

ယောက်ျားသေဆုံးသွားသောအခါ မိန်းမမှာ ကလေးနှစ်ယောက်ဖြင့် လုပ်ကိုင် မစားတတ်ဖြစ်နေလေရာ သူငယ်ချင်း လင်မယားနှစ်ယောက်ကို အိမ်ငှားထား၍ မိသားစုနှစ်စု အတူနေထိုင်ကြ၏။

ချေးဖိုးကလေး ချောင်ချောင်ရရှိသော (နှစ်လုံး) ဒိုင်ကလေး (၁၀၀၀) ကွက်ဖွင့်၍ ရောင်းရာ သူငယ်ချင်း၏ ယောက်ျားက ကူညီ၍ရောင်းချပေးလေရာ...

ကြိုးချင်းထား ကြိုးချင်းညှို၊ အိုးချင်းထား အိုးချင်းထိဆိုသကဲ့သို့ မယားရှိ လင်နှင့် ဖောက်ပြားကြလေ၏။

မယားကြီးက သိရှိသောအခါ အိမ်ပေါ်မှ ဆင်းသွားရာ ထိုယောက်ျားအား ထွန်းတောက်၏ မိန်းမက အပိုင်သိမ်းလိုက်သည်။

တစ်နေ့တွင် ပတ်ဝန်းကျင် လူများ၏ သတင်းပေးချက်အရ နှစ်လုံးထီရောင်းနေခိုက် ဝင်ဖမ်းရာ ဘောက်ချာစာအုပ်များနှင့်တကွ ငွေများပါ လက်ပူးလက်ကြပ် မိသွားရာ အဖမ်းခံရသည်တွင် မိန်းမဖြစ်သူက တစ်ယောက်တည်း အဖမ်းခံပြီး အမှုရင်ဆိုင်ခဲ့ရာ အိမ်များ၊ ဝိုင်းများ ပြုတ်သွားခဲ့၏။ နောက်ယောက်ျားလွတ်ဖို့အတွက် နစ်တွေကြာပြီး ငွေတော်တော် ကုန်သွားခဲ့၏၊ အမှု မပြီးသေး ရင်ဆိုင်ရဆဲ ဖြစ်၏။

မွေးထားသော ကလေးများ ပညာတစ်ပိုင်းတစ်စဖြင့် ဟိုရောက် ဒီရောက် ရောက်ကုန်၏။ ပထွေးနှင့် မနေလို၍ ဝေးသွားကြ၏။ လူကြီးသူမများ ထားခဲ့သော ဆောင်ရန်၊ ရှောင်ရန် စကားများသည် ကြောက်မက်ဖွယ်ရာ မှန်ကန်ကြောင်း တွေ့ရ၏။

ကျွန်တော်ကိုယ်တိုင် (ပြုသဒါး) ရက်တွင် "မောင်နှမစာပေ" ဟူ၍ စာအုပ်ဆိုင်ကြီး ထောင်ခဲ့ဖူး၏။ လွန်စွာ အောင်မြင်ခဲ့၏။ မကွေးတိုင်းရှိ မြို့အားလုံးက ကျွန်တော့်ထံမှ တစ်ဆင့်မှာယူ ရောင်းချကြ၏။ သို့သော် (ပြုသဒါး) ရက်တွင်စတင်ခဲ့ခြင်းကြောင့်အကြောင်းမရှိ၊ အကြောင်းရှာကာ ပျက်စီးခဲ့ဖူး၏။ ထိုစာအုပ်ဆိုင်နှင့် ပတ်သက်ပြီး အချုပ်ထဲသို့ ရောက်ခဲ့၏။ စာအုပ်ဆိုင်မြေကို သိမ်းခံရလေ၏။

ထိုရှောင်ရန် ပြောထားပါလျက် ဆောင်ရွက်ခဲ့ပါလျှင် ပထမ အကျိုးပေး၏။ ထိုစဉ်နိုက် ကုသိုလ်ကောင်းမှုများများ၊ လုပ်ဖို့တော့လို၏။ သို့သော်လည်း ကြာလျှင် ပျက်စီးရမည်မှာ အမှန်ပင်ဖြစ်၏။

အကယ်၍သာ ကျွန်တော် တူတော် မောင်ထွန်းတောက်သည် ကျွန်တော့်စကားကို နားထောင်ခဲ့ပါက ဤကဲ့သို့ အကျိုးဆက်များဖြစ်ကောင်းမှဖြစ်မည်ဖြစ်၏။

မိမိ၏ ဘိုးဘွားများက ငှက်ပျောပင် မစိုက်ဘူးခဲ့ပါက နောက်မှပေါက်ဖွားလာသော မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ဆတ် အားလုံး မစိုက်ကြရန် ဤဆောင်းပါးဖြင့် သတိပေးလိုပါ၏။

ဤဆောင်းပါးအစမှ ဖော်ပြခဲ့သော စကားများကို မယုံမရှိပါနှင့်။ အတတ်နိုင်ဆုံး ရှောင်ကြပါရန် မေတ္တာဖြင့် သတိပေးနှိုးဆော်အပ်ပါသည်။


သဗ္ဗေ အနိစ္စ သင်္ခါရ ...

**မကွေးညီညိုစိမ့်**

www.burmeseclassic.com





သူတို့ဆုံတွေ့ခဲ့ဖူးသော
သမ္မတကြီးဦးထင်ကျော်




ဒဂုန်ရွှေမျှား
ရော်ဘင်ဆင်ကရူးဆိုး

www.burmeseclassic.com

www.burmeseclassic.com




# တစ်ရွာသူ မြရင်မ

ကျော်မင်းညွန့် (လှည်းကူး)

"အား"

စံထွန်း၏ငယ်သံပါသည့်အော်ဟစ်လိုက်သံကြီးကြောင့် အတူအိပ်နေသည့် အောင်ရင်၊ သာထွန်းနှင့် အောင်တိုးတို့ "ဝေါက်ခနဲ" ထထိုင်လိုက်ကြပြီး မျက်လုံးပြူးမျက်ဆန်ပြူးနှင့်စံထွန်းအားတစ်လှည့်၊ အမှောင်ထုကြီး စိုးနေသော စာအတွင်းအပြင်သို့ တစ်လှည့် ကျိုးကန်းတောင်းမှောက်ကြည့်လိုက်မိကြသည်။

ပတ်ဝန်းကျင် အမှောင်ထုအတွင်း၌ ပုရစ်အော်သံ၊ လေသိမ်းတိုင်း ယိမ်းနွဲ့နေသော ထနောင်းပင်ထက်မှ ပုစဉ်းရင်ကွဲ အော်မြည်သံ၊ တစ်ရံတစ်ခါတွင် ဂီးခနဲ၊ ဂစ်ခနဲအော်လိုက်သည့် သားစားညဉ့်ငှက်တို့၏ အသံ မြွေတွန်သံ တရှဲရှဲမှအပ တိတ်ဆိတ်လျက်။

အတန်ကြာမှ သာထွန်းက ကညင်ဆီမီးခွက်ကို ထွန်းညှိလိုက်သဖြင့် နီကြောင်ကြောင် ဝါကျင့်ကျင့်မီးရောင်က အမှောင်ကို စွမ်းအားရှိသမျှ ဖယ်ထုတ်လိုက်သည်။

စံထွန်းမှာ တစ်ကိုယ်လုံး ရေဆွတ်ထားသည့်အလား ချွေးသီးချွေးပေါက်များနှင့် စိုရွှဲနေပြီး ရင်ဘတ်အစုံ ပြင်း

www.burmeseclassic.com



ထန်သောအသက်ရှူမှုကြောင့်ဖားဖိုကြီးနယ် ပိန်လိုက် ဖောင်းလိုက်၊ မျက်လုံးအစုံက ကြောက်လန့်စဖွယ် ပြူးထွက်နေပြီး နှာခေါင်းနှင့် အသက်ရှူသည်ကိုပင် အားမရသည့် အလား ကုန်းပေါ်ရောက် ငါးတစ်ကောင်နယ် ပါးစပ်ဟအသက်ရှူနေရပြီး နှုတ်ခမ်းအစုံမှာ သွေးမရှိတော့ဘဲ ဖြူဖွေးလျက်။

သူ့တစ်ကိုယ်လုံးကမူ မတုန်မလှုပ်ကျောက်ရုပ်။

သူငယ်ချင်းများကဝိုင်းဝန်းနှာနှုတ်၊ ခြေဆစ်လက်ဆစ် များ နှိပ်နှင်းချိုးဖွဲ့ပေးလိုက်မှ ဟင်းခနဲ သက်ပြင်းချသံကြီးနှင့် ...

"တော်ပါပြီ - သူငယ်ချင်းတို့၊ ငါကောင်းသွားပြီကွာ၊ ကျေးဇူးပါပဲ"

"မင်းကွာ - ဘာတွေဖြစ်လို့ ဒီလောက် ထအော်ရတာလဲ"

"ဟ - ဒီကောင် ဘီလူးစီးခံရတာကွ"

သူငယ်ချင်းများ၏ တစ်ယောက်တစ်ပေါက် ငြင်းသံခုံသံကို စံထွန်းက လက်ကာပြလိုက်ပြီး ...

"ငါ - မြရင်မကို အရမ်းတွေ့ချင်တယ်။ သူ - ဒုက္ခရောက်နေပြီကွ"

"ဟာ - ဒီကောင် မပြောကောင်း မဆိုကောင်း မင်းနဲ့ မြရင်မနဲ့ မနေ့ည တောင် တွေ့ခဲ့သေးတာပဲကွ"

"မင်းတို့ ပြောတာလည်း မှန် တယ်။ ဒါပေမဲ့ - မြရင်မ ဒုက္ခရောက် တာ အမှန်ပဲ။ ငါသွားမှ ဖြစ်မယ်ကွ"

"ဟာ - ညကြီးအချိန် မတော် နောက်မှ သွားလေကွာ။ မနက်မြန် ငါ ပါလိုက်ခဲ့မယ်"

တစ်ယောက်နှင့် အများ စံထွန်း မငြင်းသာတော့ မိုးမြန်မြန် လင်းစေရ သာ ဆုတောင်းနေမိသည်။

"ကိုင်း - မင်း လုပ်လို့ တို့တစ်တေ အိပ်မရတော့တဲ့အတူ မင်း အခု မက် တဲ့ အိပ်မက်ကိုပြော။ ငါတို့ နားထော မယ်"

သာထွန်း၏ အဆိုကို ကျန်သူငယ် ချင်းများကပါဝိုင်းအုံလာကြသဖြင့်စံထွ မနေသာတော့။

"အေးလေ - မဟုတ်ပါစေနဲ့ လို့ ဆုတောင်းပေးရမှာပဲလေ။ အိပ်မက်က ထူးဆန်းလွန်းလို့ပါကွာ။ မင်းတို့သေသေ ချာချာ နားထောင်ကြပေတော့ ဒီလိုကွ"

⸙

အချိန်က ဒုတိယကမ္ဘာစစ် (၁၉၃၉ - ၄၅) ပြီးစ ...။

ဂျပန်များ မြန်မာပြည် စစ်မျက်နှာမှ မြန်ထွက်ပြေးပြီး အင်္ဂလိပ်တို့ ပြန်ဝင်လာချိန် အုပ်ချုပ်ရေးက အသားမကျ ဥပဒေလက်တံကလည်း လက်တံမရှည်သေး။ "တော့မီးလောင် တောကြောင် လက်စမောင်းခတ်" ဆိုသည့်အတိုင်း စစ်ကျန်လက်နက်များနှင့် သူခိုးဓားပြတို့ ထူပြောချိန်။ ရပ်သူရွာသားများ မိမိတို့အသိနှင့် စုပေါင်း၍ ရပ်ရွာကို ကာကွယ်နေရသည့် သမယ"

သည်ကြားထဲ "မြွေပွေရာ ကင်းမှောင့်" ဆိုသည့်နယ် အညာဒေသတွင်

# ၆

အိမ်မြှောင်စုတ်သပ်သံ၊
သူ ဝင်ခဲ့သော မန်ကျည်းပင်ကြီးဆီမှ
တောက်တဲ့အော်သံ
"ဂီးခွန်" ငှက်ဆိုးထိုးသံတို့ကို
ဆက်တိုက်ကြားလိုက်ရသည်။
ကျောချမ်းစရာ။
"မြန်တော့ အမြန် ထွက်သွား" ဟူသော
အသံတစ်ခုကိုလည်း
သူ့နားစည်က ပီပီသသကြီး
ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အရပ်အခေါ် (သရောကြီးနိုင်းသည်ဟု ဆိုသည့်) ပလိပ်ရောဂါ၊ ကာလဝမ်းရောဂါ၊ ကျောက်ရောဂါတို့က ကူးစက်မြန်ဆန်ပြီး ရွာလုံးကျွတ် သေကြေနေချိန်၊ "ကမ္ဘာမီးလောင် သားကောင်ရှာနင်း" စကားအတိုင်း ကပ်ရောဂါကျရောက်လာလျှင် သေဆုံးသူများကို မြေပင် မမြှုပ်နိုင်ဘဲ ရွာလုံးကျွတ်ကလေးလက်တို့၊ ခွေးအို့အို့ပင် မခေါ်နိုင်၊ ကိုယ်လွတ်ရုန်းပြေးရသည့် သမယ၊

✱

လပြည့်ကျော် (၇) ရက် လမင်းသန်းခေါင်ထွက်လာမည်၊ သည်အမှောင်ကို အခွင့်ကောင်းယူ၍ စံထွန်း "ဒဟတ်တောရွာ" မှ "ညောင်နွယ်ရွာ" သို့ အရှည်တံတောင်ခန့်ရှိ ကြခတ်အဆစ်ပိတ်ပိုင်း၊ လက်ထဲဆွဲ အဖော်ပြုထွက်ခဲ့သည်၊

စင်စစ် ဒဟတ်တောနှင့် ညောင်နွယ်ခရီးက ဝေးလှသည်မဟုတ်၊ နှစ်မိုင်ခရီးခန့်သာ (တစ်တိုင်လျှင် နှစ်မိုင်ခန့်ဝေးသည်)

"တမ်းတူဆွေး၊ သူနှင့်ဝေးသော်၊ ပြည်ထဲရေးနှင့် ဝမ်းရေးတို့ထက် လွမ်းရေးခက်၏ဆိုသော ဥမ္မာဒန္တီပျို့ကိုလည်း "သူ" မသိ၊ ယနေ့ည "ညောင်နွယ်ရွာ" ရှိရည်းစား "မြရင်မ" နှင့် ချိန်းထားသည်၊ တစ်နေကုန် နေပူထားသော်လည်း "အညာလေက ရက်ရက်စက်စက် အေးပါဘိခြင်း၊ စံထွန်းလုံချည်ကိုခြုံ လက်စွဲတော် ဝါးရင်းတုတ်ကိုင် မြွေမကြောက်၊ ကင်းမကြောက် ချစ်သူထံ အသောနှင်နေသည်၊

လမထွက်သေး၊ သို့သော်ကြယ်ပွင့်မှိန်မှိန်တို့၏ လမ်းပြမှုက "တစ်ကွင်းလုံး ဖွေးနေသည် ထင်ရ၏၊ ဖွေးနေသော လှည်းလမ်းကြောင်းအတိုင်း စံထွန်းရှေ့သို့၊

ကနေ့ည မြရင်မနှင့် သွားတွေ့မည့် အကြောင်း အောင်ထွေးတစ်ယောက်ကိုသာ အသိပေးထားခဲ့သည်၊

အောင်ထွေးအမျိုးမျိုးတားသည့်ကြားမှ "သူ" ထွက်လာခဲ့ခြင်းပင်၊ သည့်အတွက် "သူ" နောင်တမရပါ၊

သည့်နှယ် နေ့မြင်ညပျောက်၊ ညမြင် နေ့ပျောက် ကာလပျက်ကြီးထဲ ဘာတစ်ခုမှ ကောင်းကွက်မရှိ၊ ချစ်သူ၏ နွေးထွေးသော အတွေ့အထိမှတစ်ပါး "သူ့" အတွက် ဘာမှမရှိ၊ "မြရင်မ" သည်သာ သူ့အတွက် မျက်နှာငွေလ ရှင်ပျံပျံ၊

အသောနှင်ခဲ့သည့် စံထွန်း၊

ရှေ့တွင် "မသဲ" ရိုးနှင့် ရေစပ်ကျင်းတွင် အစုအပြုံလိုက် ပေါက်နေသည့် ဗုဒ္ဓသရက်ပင်များ၊

သည်နေရာလေးက တကယ့်ထူးထူးခြားခြား၊

အညာဒေသ၏ ထနောင်းနွယ်ရစ်ဆူးရစ် ချုံပုတ် တန္တာရပင်များအစား ရေခပ်ကျင်းလေးရှိနေ၍ ထင့်၊ ဗုဒ္ဓသရက်ပင်တို့က ထူထပ်စွာ ပေါက်နေသည်၊

ပွင့်သည့် အပင်က ပွင့်၊ ခြောက်သည့်အပင်တခြောက်၊ စိုသည့်အပင်က စို၊

"မသဲရိုး" ဆိုသည်ကလည်း မသဲဆိုသော အမျိုးသမီးတစ်ဦး ဤရိုးနေရာတွင် တောင်ဆီမှ ညိုမည်းနေသော ရေအဟုန်ကြောင့် ရေနစ်သေဆုံးခဲ့ရသည့်နေရာ၊

တစ်နည်းဆိုရလျှင်ဤနေရာသည် ဒဟတ်တောနှင့် ညောင်နွယ်ရွာ၏ နယ်နိမိတ်၊ သည် ဗုဒ္ဓ သရက်ပင်အစုကို ကျော်လျှင် ညောင်နွယ်၊ သည်မှာဘက်က ဒဟတ်တောရွာ၊ ဖဝါးပွတ်ရုံ သာရှိသည့် မသဲရိုးအတိုင်း လျှောက်လာခဲ့ပြီး လှည်းလမ်းပေါ်တက်မည် အပြု...

"ဖြောင်း - ဖြောင်း"

ဟူသော အသံများနှင့်အတူ နွားရိုက်သံ တရှမ်းရှမ်း လှည်းသံ၊ လူသံများကြောင့် ဗုဒ္ဓသရက်ပင်များအကြားသို့ ဝပ်ချလိုက်ပြီး စောင့်ကြည့် လိုက်မိသည်၊

ဒုန်းစိုင်း အပြေးမောင်းနှင်လာသော လှည်းငါးစီး...

ကလေးများ၊ ခွေးများနှင့် လှည်းငါးစီးက ကျားလိုက်ခံရသည့် သမင်ငယ်နှယ်၊ "သူ့" ရွာ ဒဟတ်တောဘက်ဆီသို့ ဖုန်တထောင်းထောင်းနှင့် တကယ့်ကြောက်ကွဲပြေးသည့်အလား၊

သူတို့သောကနှင့် သူတို့မို့ထင့်၊

"သူ့" ကို မြင်မသွား၊ "သူ" ကလည်း အမြင်မခံဝံ့၊ ဝပ်နေရာမှ ကုန်းထ၍ ဒူးထောက်ပြီးရှေ့နောက်ဝဲယာလှည့်ကြည့်လိုက်သည်၊

www.burmeseclassic.com





လှည်းလမ်းကြောင်းတစ်လျှောက် ဝေ့ဝဲ၍ လေထဲမျောပါနေသည့် ဖုန်လုံးကြီးမှအပ လုံးဝအငြိမ်။

✈

ရှေ့တွင် ညောင်နွယ်ရွာစည်းရိုး။

အမှောင်ထဲ ပုဆိုးချုံစပ် ချုံနွယ်ကျိုးတိုးကျဲတဲကို မျက်ကွယ်ယူ၊ တစ်စစချဉ်းကပ်လာသော စံထွန်း။

ကနေ့ညမှ ညောင်နွယ်တစ်ရွာလုံး တိတ်ဆိတ်နေသည်။ မီးရောင်လက်လက်ပင် မမြင်ရ။ ကလေးငိုသံ၊ ခွေးဟောင်သံပင် မကြားရ။ ကျေးရွာလုံခြုံရေး ကင်းသမားများလည်း အရိပ်အယောင်မျှမတွေ့မိ။

ဤထူးခြားသည့် အဖြစ်အပျက်ကို စံထွန်း သတိမထားမိသေး။

တိတ်ဆိတ်သံကို ဖောက်ထွင်းပေါ်ထွက်လာသည့် ရင်ခုန်သံကို အဖော်ပြု၍ ခါတိုင်းတွေ့နေရကျ မြရင်မတို့ အိမ်နောက်ဘက် မန်ကျည်းပင်အောက် ခွေးတိုးပေါက်မှ တိုးဝင်ကာ မန်ကျည်းပင်ကို ကျောမှီ၍ ခါတွန်သံတစ်ချက် ပေးလိုက်သည်။

"ကျွိစနဲ" မြည်သံတစ်ခုက ကြိတ်၍ပေါ်ထွက်လာသည်။ ပွင့်သွားသော အပေါ်ပြတင်းပေါက်မှ မြရင်မ၏ သဏ္ဌာန်က ရိပ်ခနဲ ...။

ထို့နောက် မီးရောင်လက်လက်လေးက အားနည်းစွာ ပေါ်ထွက်လာသည်။ ထို့နောက် လှေကားအံ့ဖုံးဖွင့်သံ၊ ခြေသံတိုးဖွဖွ။

စံထွန်း တွေဝေမနေတော့။

အိမ်အောက်သို့ သတိဖြင့် အသာချဉ်းကပ်၊ လက်စွဲတော် ဝါးရင်းတုတ်ကို အောက်ထပ်လှေကားအနီးရှိ သောက်ရေအိုးစင်တွင် မှီထားခဲ့ပြီး အပေါ်ထပ်သို့ လေ၏ လျှင်မြန်ခြင်းနှင့်အတူ လှေကားထစ်များအတိုင်း အသံမကြားရလေအောင် ဖွ၍ တက်လိုက်သည်။ ရင်တွေ ခုန်နေသည်။

သူ့ကို စောင့်ကြိုနေသူက မြရင်မ။

✈

ကနေ့ညမှ မြရင်မက ပို၍ လှနေသည်။ အို - သူ့အတွက် မြရင်မက ထာဝရ လှနေသူ မဟုတ်ပါလား။

ရှန်သားအင်္ကျီနီ လက်စကလေးနှင့် ဂျပ်ခုတ်ထဘီအနက် ဝတ်ထားပြီး သနပ်ခါးဘဲကျားလေး လိမ်းရိုက်ထားသော ရှည်လျားညိုမှောင်နေသည့် ဆံကေသာ ထက်ဝယ် ခေါင်ရမ်းပန်းအနီကြီး ပန်လျက်။

"ဂီး"

မြရင်မ၏ ကမ်းလင့်သော လက်ကို အားပြု ရင်ခွင်တွင်း ဆွဲသွင်းမည်အပြု "ဂီးစနဲ" ငှက်ဆိုးထိုးသံကြီးကြောင့် စံထွန်း ကျောချမ်းသွားမိသည်။

"အို - အစ်ကိုကလဲ"

မြရင်မ၏ ချစ်စဖွယ် ရှက်စိုးအသံလေးကြောင့် စံထွန်း အရဲစွန့် ရှေ့တိုးကာ မြရင်မကို သိမ်းကြုံးဖက်ကာ သူ့ရင်ခွင်ကျယ်ကြီးအတွင်း သွတ်သွင်းကာ အနမ်းမိုး ရွာသွန်းလိုက်မိသည်။

"အစ်ကိုကလည်း - လွှတ်ဦးကွယ်၊ မြရင်မ အသက်ရှူလို့ မရတော့ဘူး"

တိုးလျသော မြရင်မ၏ အသံကြောင့် မြရင်မကို အသာလွှတ်ပေးလိုက်သည်။

ဝါကျင့်ကျင့် မီးရောင်အောက်မှ မြရင်မ၏ အလှက သူ့ကို ညို့ငင်ဖမ်းစားထားသည်။

ကပိုကရိုနှင့် တောပန်းအလှလေး တစ်ပွင့်။

အချစ်၏ မျက်နှာကို အားပါးတရ ကြည့်ရှုပြီးမှ စံထွန်းက လေသံတိုးတိုးဖြင့် ...

"အဘတို့ - တစ်ယောက်မှ မတွေ့ပါလား"

သူ့အမေးကြောင့် ကွက်ခနဲ ပျက်သွားသော မြရင်မမျက်နှာကို သူ သတိမထားမိလိုက်။ မြရင်မ ဘာမှဆက်မပြော၊ ငြိမ်သက်နေသည်။

မြရင်မက ချစ်ရည်ရွှမ်းသော မျက်ဝန်းနှင့် သူ့ကို တစ်ချက်စွေကြည့်လိုက်ပြီး ...

"အစ်ကိုက ညီမနဲ့ တွေ့ဖို့လာတာလား၊ အဘနဲ့ စကားပြောချင်တာလား"

"အို - မဟုတ်ရပါဘူး ညီမရယ်၊ ဘာသံမှ မကြားမိလို့ပါ"

ကပျာကယာ တောင်းပန်စကား ပြောလိုက်ပြီး ကုတင်ထက် တစောင်းအနေအထားနှင့် ကန့်ကလျ ထိုင်နေသော မြရင်မကို ထပ်မံတိုးဖက်ထားလိုက်သည်။

"ကျွတ် - ကျွတ် - ကျွတ်"

"တောက်တဲ့ - တောက်တဲ့ - တောက်တဲ့"

"ဂီး - ဂစ်"





www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

အိမ်မြှောင်စုတ်သပ်သံ၊ သူ ဝင်ခဲ့သောမန်ကျည်းပင်ကြီးဆီမှ တောက်တဲ့အော်သံ "ဂီးခနဲ" ငှက်ဆိုးထိုးသံတို့ကို ဆက်တိုက် ကြားလိုက်ရသည်၊ ကျောချမ်းစရာ၊

"ပြန်တော့ အမြန်ထွက်သွား" ဟူသော အသံတစ်ခုကိုလည်း သူ့နားစည်က ပီပီသသကြီး ကြားလိုက်ရသည်၊ ဘယ်က အသံပါလိမ့်၊ ထူးဆန်းလှသည်၊

ကျောတစ်ချက် စိမ့်ကာ ဆံပင်များ ထောင်တက်လာပြီး ဦးခေါင်းက ပုတ်တစ်လုံးခန့် ကြီးသွားကာ ကြက်သီးမွေးညင်းများ တစ်ကိုယ်လုံးထလာတော့သည်၊

ဘာရယ်တော့ မသိ၊ တစ်ခုခုတော့ ထူးခြားနေသည်က အမှန်၊ အန္တရာယ်အရိပ်ပေးသံများကို အလိုလိုကြားလာမိသည်၊

စံထွန်း ခေါင်းအေးအေးထား စဉ်းစားလိုက်သည်၊

လမ်းတွင် သည်ရွာဘက်မှ သူတို့ရွာဘက်ဆီသို့ တရကြမ်း မောင်းပြေးသွားသော လှည်းများ၊ ရပ်ရွာကာကွယ်ကြသည့် ကင်းသမားတစ်ယောက်မှ မရှိသည့် စည်းရိုး၊

အထူးခြားဆုံးက တစ်ရွာလုံး တိတ်ဆိတ်နေပြီး ကလေးသံ၊ ခွေးသံ၊ ကြက်တွန်သံ လုံးဝမကြားခဲ့၊

ယခုလည်း ...

တစ်အိမ်လုံး မြရင်မမှတစ်ပါး မည်သူမျှမရှိ၊

ခါတိုင်းတွေ့နေကျနေရာသည် မန်ကျည်းပင်ကြီးအောက် ...

ယခု မြရင်မ၏ အိပ်ခန်းတွင်း ...

အိမ်ရှေ့မှ အခြားသူများ၏ အသက်ရှူသံ၊ ဟောက်သံများလည်း လုံးဝမကြားရ၊ ဘယ်လိုဖြစ်ပါလိမ့်၊ တစ်ခုခု ထူးခြားနေသည်၊

"ဘာဖြစ်သွားတာလဲ - အစ်ကိုရယ်"

တွေ့၍သွားသော သူ့ကို မြရင်မက အားမလို အားမရဟန်နှင့် မေးလိုက်သည်၊

"သူ" က ဖျပ်ခနဲ မြရင်မကို ကြည့်လိုက်ပြီး ဝါကျင့်ကျင့်မီးတိုင်ဘက် မျက်စိတစ်ဖက် ဝေ့ကြည့်လိုက်မိသည်၊





"ဘုရား - ဘုရား"

သူ၏ ရုတ်ခြည်းအကြည့်အောက်တွင် မြရင်မ၏ မျက်နှာကြီးက ဖိန်လိုက် ဖောင်းလိုက် မျက်စိအစုံက အက်ကွဲထွက်မတတ် ပြူးလိုက်၊ မှိန်ဖျော့လိုက်၊ နီတွေးသော နှုတ်ခမ်းအစုံက ထော်လိုက်၊ လန်လိုက် သည်ကြားထဲ ဖြူဖွေးညီညာသော ပုလဲသွယ်သွားများက သစ်ခွယ်၊ ကျားစွယ်နှယ် ဖျိုးခနဲ ဖျတ်ခနဲ၊ လက်ခနဲ၊ ကျောချမ်းစရာ ကောင်းလှသည်၊

စံထွန်း ကြိတ်၍ ဘုရားတလိုက်မိသည်၊

ပြီးမှ တုန်ရင်သော အသံကို ထိန်း၍ ...

"ဘာ - ဘာမှ မဟုတ်ပါဘူး ညီမ၊ အစ်ကို အောက်ဆင်းအပေါ့သွားစွန့်လိုက်ဦးမယ်နော်"

မြရင်မ မျက်နှာက ရုတ်ခြည်း လငပုပ်သလို၊

"မြန်မြန်လာခဲ့နော် - အစ်ကို၊ အချိန်သိပ်မရှိတော့ဘူး"

"အင်း - အင်းပါ ညီမရယ်"

မြရင်မရှေ့မှ ကုန္ဓြေရရ ဆင်းခဲ့ပြီး တိမ်အောက်လှေကားအနီးရှိ ရေအိုးစင်တွင် ထောင်ထားသော ဝါးရင်းတုတ်ကို ယူသောက်၊ ရေအိုးအဖုံးကို အသာဖွင့်ကာ သောက်ရေအပြည့်နှင့် ရေအိုးအား ဝါးရင်းတုတ် ဖြည်းညင်းစွာထည့်၍ အသာကြိတ်ဆောင့်ထိုးလိုက်သည်၊

ဆတ်ခနဲ ကြိတ်ရိုက်လိုက်သော ဝါးရင်းတုတ်ကြောင့် ရေအိုးဖင်ဘက်မှ အပေါက်ငယ်တစ်ခု ဖြစ်သွားပြီး ရေများက တစိမ့်စိမ့်နှင့် တပေါက်ပေါက် အသံပြုလျက်၊

မြေကြီးနှင့် ရေထိသံ တစ်ပေါက်ပေါက်ကြားမှ ဝါးရင်းတုတ်ကို ဆွဲကာ ခြံစည်းရိုးကိုဖြဲ၍ ခွေးပြေး ဝက်ပြေးဆိုသော စကားအတိုင်း သေပြေး ရှင်ပြေး ပြေးတော့သည်၊

ဖနောင့်နှင့် တင်ပါးတစ်သားတည်း ပြိုင်မြင်းတစ်ကောင်နှယ် အားသွန် ...၊ နောက်ကျကျန်သည့် ခြေထောက်သစ္စာဖောက်ထုံး၊ နလုံးမူ၍ သေပြေးရှင်ပြေး အသက်လုပြေးလာသည့် စံထွန်း။

ရှေ့တွင် ...

မသဲရိုးနှင့် ဗုဒ္ဓသရဏပင် အရှေ့ ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ပြေးလို့ လွတ်ရှိုးလား အကောင်ရယ်၊ ငါ - လာပြီဟေ့"

အသံနက်အသံကွဲကြီးဖြင့် အသားကုန် အော်ဟစ်ကြုံးဝါးလိုက်လာသော မြရင်မ (သို့) ပုံပျက်ပန်းပျက် မိစ္ဆာမ။

စံထွန်း အသက်လု ပြေးရင်းမှ အနောက်ဘက်သို့ သမင်လည်ပြန် တစ်ချက် ကြည့်လိုက်မိသည်။

လူ့သဘော လူ့သဘာဝဟုပင် ဆို ရမည် လားမသိ။ ကြောက်စရာကောင်းမည်မှန်း သိပါလျက် ကြည့်ဖြစ်အောင် ကြည့်လိုက်မိသေးသည်။

"ဘုရား - ဘုရား"

မြင်ကွင်းက တကယ့်သည်းထိတ်ရင်ဖို။

ရောမမိစ္ဆာတစ်ကောင်က ခေါင်းတလားကြီးကို ပန်းထက် ထမ်းလျက် ကြောက်မက်ဖွယ်ရုပ်အဆင်းနှင့်ကြုံးဝါးအော်ဟစ်ရင်း သူ့နောက် အပြေးလိုက်လာနေသည်။ တစ်ရှိန်ထိုး ထက်ကြပ်မကွာ လိုက်လာလေပြီ။

တကယ့် သမင်ဆယ်လှမ်း ကျားတစ်လှမ်း။

စံထွန်း မပြေးနိုင်တော့ ...

နောက်ဆုံး အားကုန်ထုတ်၍ မသဲရှိုးတစ်ဖက်ရှိဗုဒ္ဓသရဏပင်များအကြား ကြောက်လန့်တကြား ခုန်ဝင်လိုက်တော့သည်။

မိစ္ဆာမကြီးက သူ့အား ခေါင်းတစ်လုံးနှင့် လှမ်းပစ်လိုက်ခြင်းကို သူ့အားပါး တရအော်ဟစ်မိခြင်း။

⚘

"အိပ်မက်ကတော့ အဲဒါပါပဲကွာ"

စံထွန်းက သူ့ရောက် ချားဖွယ် ပြောပြပြီးသည်နှင့် သူငယ်ချင်းများ၏ သက်ပြင်းချသံကိုကြားလိုက်မိသည်။

မိုးလင်းသွားပြီ ...

⚘

အဖြစ်အပျက်တို့က မယုံနိုင်စရာပင်။

မနေ့ညက ညောင်နွယ်ရွာတွင် (သရောကြီးနိုင်း၍) ကူးစက်မြန်သည့် ပလိပ်ရောဂါကြောင့် ရွာလုံးကျွတ်နီးပါး ဖိတ်စဉ် (သေ) ကုန်ကြသည်။

အပြေးကောင်း၍သာ လှည်းငါးစီးနှင့် အချို့လွတ်မြောက်လာကြရသည်။

အဆိုးဆုံးကား စံထွန်း၏ ချစ်သူ မြရင်မတို့ မိသားစုသုံးဦးပါ သေဆုံးစာရင်းတွင် ပါဝင်သွားခြင်းပင်။

စံထွန်း ဖြေမဆည်နိုင်တော့ ...

အိပ်မက်ထဲတွင် သူ့အသက်ကို ကယ်ခဲ့သည်ဆိုသော ဗုဒ္ဓသရဏပင်ပန်းများကို ဘုရားသို့ လှူရင်း မျက်ရည်စက်လက်။

တစ်ခါတစ်ရံတွင် အိပ်မက်တို့သည် ...။

**ကျော်မင်းညွန့်** (လှည်းကူး)

## ဇာတာကြီး (၄)ခု

မူလသတ္တရာဇ်ကိုတည် (၁၂)ခုစား၊ အကြွင်းကို ခုနစ်ခုစား ...။

၁ - ကြွင်း ဂဠုန်မင်းဇာတာ

၃ - ကြွင်း ခြင်္သေ့မင်းဇာတာ

၅ - သိကြားမင်းဇာတာ


၇ - နဂါးမင်းဇာတာ

အဲဒီဇာတာကြီးလေးခုထဲက တစ်ခုခုရမယ် ဆိုရင် ကျော်ဖော်ထင်ရှားမယ်၊ စည်းစိမ်ဥစ္စာ ပြည့်စုံမယ်လို့ ဆိုလိုသည်။



www.burmeseclassic.com

www.burmeseclassic.com




# ပိုလ်တဲဆောင်တစ္ဆေများ

**စောဘုန်းဦး (ရုက္ခဗေဒ)**

မြန်မာပြည်တောင်ပိုင်း တောမြို့ကလေးတစ်မြို့ရှိ ဘူတာရုံငယ်လေးတစ်ခုတွင်းဖြစ်သည်။ ရထားသည် မိုးအလွန်ချုပ်မှ ဆိုက်သည်ဖြစ်ရာ ခရီးသည် ကိုနန္ဒမှာ ခရီးဆောင်သေတ္တာတစ်လုံးချကာ ယောင်ချာချာဖြစ်နေသည်။ အသိအကျွမ်းမိတ်ဆွေဆို၍ မြို့ထဲက ကိုဘအေးတို့ လင်မယားသာ ရှိသည်။ ကိုနန္ဒအဖို့ တစ်ကြိမ်တစ်ခါမှ မရောက်ဘူးသော မြို့လေးသို့ ရောက်လာ၍ စိတ်ထဲမှာလည်း စနိုးစနောင့်ဖြစ်လျက် ရှိသည်။

သူ့အဖို့တော့ ဘုရားဖူးသက်သက်လည်ပတ်ရင်း ကိုဘအေးတို့နှင့်လည်း အေးအေးဆေးဆေး စကားပြောရန် အနားယူနေထိုင်ရန် ရည်ရွယ်ချက်ဖြင့် ရောက်ခါလာခြင်းဖြစ်သည်။

အချိန်မှာ ဒုတိယကမ္ဘာစစ်ပြီးစအချိန်ဖြစ်၍ မြို့ရွာတိုင်း၌ လူသူနည်းပါးပြီး ချောက်ချီးချောက်ချက်နှင့် တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ ညဘက်ဆိုပါက အသွားအလာမရှိလူသူနည်းပါးလှရကား ကိုနန္ဒမှာ ဘူတာရုံအပြင်ဘက်၌ အတန်ကြာရပ်ရင်း မြင်းလှည်းများရှိ၊ မရှိ ရှာကြည့်နေမိသည်။ ညမှာ ပိန်းပိတ်အောင်မှောင်လွန်းလှသည်။ ဘူတာရုံနှင့်ခပ်လှမ်းလှမ်းမီးတိုင်အလင်းရောင်အောက်၌ မြင်းလှည်းတစ်စီး ရပ်ထား



www.burmeseclassic.com

www.burmeseclassic.com

သည်ကို တွေ့ရ၍ ဝမ်းသာသွားမိသည်။ မြင်းလှည်းသမားမှာ ဒူးကို ချိတ်ကာ ဆေးလိပ်တိုကို တရှိုက်မက်မက်ဖွာရင်း ဇိမ်ယူနေလျက်ရှိသည်။

"ဒီမယ် - ဗျို့ - မြင်းလှည်း ဆရာ"

မြင်းလှည်းသမားက ကိုနန္ဒခေါ်သံကို ဂရုမစိုက်ဟန်ဖြင့် ဆေးလိပ်ကို ဆက်သောက်နေရာ ကိုနန္ဒ ဒေါသထွက်သွားရသည်။

"ဒီမယ် - ဆရာကြီး - မြင်းလှည်း အားလား"

ကိုနန္ဒ၏ ဒေါသတကြီး အော်သံကြောင့် မြင်းလှည်းသမားက လန့်ဖျပ်ကာ မျက်လုံးကို ဖွင့်ကြည့်လိုက်ပြီး...

"ဘယ်သွားမလို့လဲ"

"မြို့ထဲကိုပေါ့"

"မြို့ထဲအထိတော့ မရောက်ဘူး၊ ဗိုလ်တဲဆီကိုတော့ရောက်မယ်၊ အဲဒီမှာ တည်းပေါ့"

"ရတယ်ဗျာ - လိုက်ပို့"

ကိုနန္ဒကမြင်းလှည်းနောက်မှတက်လိုက်ရာမြင်းလှည်းက သိမ့်ခနဲ တုန်ဆင်းသွားသည်။ ကိုနန္ဒမြင်းလှည်းပေါ်ရောက်သည်နှင့်မြင်းလှည်းက ခြူသံ တချွင်ချွင်နှင့် စတင်ထွက်ခွာလေတော့သည်။

"ချွင် - ချွင် - ချွင်"

ကားလမ်းမတစ်ခုလုံး အမှောင်ထုအောက်ဝယ် တိတ်ဆိတ်ငြိမ်သက်စွာ တည်ရှိလျက် လူသူအသွားအလာကင်းရှင်းလျက်ရှိသည်။ မြင်းလှည်းကလေးက အရှိန်မပျက် ပြေးလွှားနေသည်။ ညဘက် မြင်းလှည်းစီးရသည်မှာ အရသာတစ်မျိုးရှိသည်ဟု ကိုနန္ဒ ခံစားမိသည်။ တောမြို့လမ်းကလေးက သိပ်မကောင်း၍ မြင်းလှည်းဘီးများမှာ ခနော်ခနဲ့ ချိုင့်ခွက်နှင့် မကြာခဏ မိတ်ဆက်မိလေရာ ကိုနန္ဒအဖို့ ထိုင်ရသည်မှာလည်း သိပ်မသက်သာလှပေ။

မြင်းလှည်းဆရာက နောက်သို့ လုံးဝလှည့်မကြည့်ဘဲ ဆေးလိပ်ကိုတွင်တွင်ရှိုက်ကာ မြင်းလှည်းကို ဂရုတစိုက် မောင်းလျက်ရှိသည်။ ဓာတ်မီးတိုင်များမှာ လင်းသည့်နေရာလင်း၊ မှောင်သည့်နေရာမှောင်နှင့် ဝန်းကျင်တစ်ခုလုံး အမှောင်ထုကသာကြီးစိုးလျက်ရှိသည်။ လူနေအိမ်ခြေများမှာ ကျိုးတိုးကျဲတဲနှင့် တချို့နေရာများ၌ လုံးဝမရှိသည်ကို တွေ့ရလေရာ ကိုနန္ဒမှာ "ဘုရား - ဘုရား ငါဘယ်နေရာများရောက်နေပါလိမ့်" ဟု စဉ်းစားရကြပ်မိသည်။ သစ်ပင်သစ်ရိပ်များက ထူထပ်စွာရှိနေပြီး လေတိုက်သည့်အခါတိုင်း သစ်ပင်များ ယိမ်းထိုး



>>> အမှတ် - ၁၁၁ ၊ ဩဂုတ် ၊ ၂၀၁၆ <<<

လျက် ညဘက်ကြည့်ပါက သရဲတစ္ဆေများ ကနေသည့်နှယ် ချောက်ချားထိတ်လန့်စရာ ကောင်းလှသည်။

မြင်းလှည်းသည် အရှိန်မပျက် သွားနေရာမှ ခဏအကြာ၌ အင်္ဂလိပ်စတိုင် ဗိုလ်တဲတစ်လုံးကို လရောင်မှုန်ပျပျအောက်၌ တွေ့လိုက်ရသည်။ မြင်းလှည်းကဗိုလ်တဲတံခါးပေါက်ရှေ့၌ရပ်လိုက်ရာ ကိုနန္ဒက ခရီးလက်ဆွဲအိတ်ကို ဆွဲကာ မြင်းလှည်းပေါ်မှ ဆင်းလိုက်သည်။ ငှားနောက်ကျသည့်ငွေကို ပေးလိုက်သည်နှင့် မြင်းလှည်းက ခြူသံတချွင်ချွင်ပေးကာ အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။ မြင်းလှည်းသံ

# ၆

သူ့ကို စူးစိုက်ကြည့်နေသော ညှိုကြုကောင်တာမှ အာမန်ဒါဆိုသူ မိန်းမကြီးကို တွေ့လိုက်ရ၍ အနည်းငယ်လန့်သွားမိသည်။ အာမန်ဒါ၏ မျက်လုံးများက အမှောင်ထဲတွင် အရောင်တလက်လက် တောက်လျက် စူးရှတောက်ပနေသည်။ အာမန်ဒါသည် လူမှဟုတ်ရဲ့လားဟု စိတ်ထဲ၌ တွေးထင်မိ၍ ကျောချမ်းတဖြန်းဖြန်း ထမိလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



မကြားရတော့သည်နှင့် ဝန်းကျင်တစ်ခုလုံးညဥ့်၏ဆိတ်ငြိမ်ခြင်းဆီသို့ပြန်လည်ရောက်ရှိသွားလေတော့သည်။

တစီစီနှင့် အော်နေသော ပုစဥ်းရင်ကွဲသံများမှအပ အရာအားလုံးတို့သည် တိတ်ဆိတ်ငြိမ်သက်နေသယောင် ရှိသည်။ ဗိုလ်တဲတစ်ခုလုံး အမှောင်ကျလျက်ရှိပြီး လျှပ်စစ်မီးလုံးဝ မရှိသည်ကို တွေ့ရသည်၊ အတွင်းသို့ဝင်လိုက်သည်နှင့် အောက်လင်းဓာတ်မီးအိမ်တစ်လုံး ထွန်းထားသည်ကို တွေ့ရ၏။ လူတစ်ယောက်မှ မတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ကိုနန္ဒက ဘေးဘီကို လှည့်ပတ်ကြည့်ရှုရာ စကြံလမ်းမှာ မှောင်အတိကျလျက်ရှိသည်၊ ဗိုလ်တဲမှာ နှစ်ထပ်ဖြစ်ပြီး ညဘက်အေးသည့်အခါ မီးလင်းဖိုပြုလုပ်ထား၏။ ခေါင်တိုင်များ ရှိသည်။ သမံတလင်းနှင့် နံရံများမှာ အင်္ဂတေကိုင်ထားလေသည်။ ကျန်နေရာအားလုံးမှာ သစ်ဖြင့် တည်ဆောက်ထားသည်။ အပေါ်ထပ်၌ မှုန်ပျပျ မီးအိမ်တစ်လုံး ထွန်းထားသည်ကို တွေ့ရသည်၊ ယင်းအခိုက် အခန်းတစ်ခုအတွင်းမှ အသက်ငါးဆယ်ခန့်မိန်းမတစ်ဦးထွက်လာသည်ကို တွေ့ရသည်။ ဗိုလ်ကပြား ဖြစ်ပုံရပြီး မြန်မာအင်္ကျီ ရင်ဖုံးနှင့် အောက်၌ ဂါဝန်ရှည်ကို ဝတ်လေသည်။

"ဘာကိစ္စလဲ"

အသံက နည်းနည်းတော့မာသည်။ သူမ၏မျက်လုံးက ကိုနန္ဒကို ခြေဆုံးခေါင်းဆုံးအကဲခတ်နေရာ သူမအနေနှင့် ကိုနန္ဒမှာ ဤဒေသမှလူမဟုတ်ကြောင်း သိထားပုံရသည်။

"တစ်ညတည်းချင်လို့ပါ ခင်ဗျာ"

"ဘာပုရေ"

အမှောင်တစ်နေရာမှ တရှေ့ရှေ့ထွက်လာသော အရုပ်ပုပု အရုပ်ဆိုးဆိုး လူတစ်ယောက် တွေ့ရသည်။ မျက်လုံးပြူးပြူး အရုပ်ဆိုးလွန်း၍ ကိုနန္ဒမှာ ရုတ်တရက် လန့်သွားရသည်၊ ညဘက် အမှောင်ထဲတွင် ရုတ်တရက် တွေ့လိုက်ပါက သရဲတစ္ဆေအလား ထင်မှတ်မှားနိုင်ပေရာ အသည်းငယ်သူများ အံ့သြသေသွားနိုင်လောက်ပေသည်။

"အောက်ထပ်နှင့် ထောင့်ခန်းကိုပို့လိုက်"

ဘာပုက သူ့နောက်လိုက်ခဲ့ရန် အချက်ပြရန် ကိုနန္ဒက နောက်မှ လိုက်သွားရသည်၊ အပေါ်ထပ်သို့တက်သည့် လှေကားအရောက်အပေါ်သို့မော့ကြည့်မိရာ လှေခါးထိပ်၌ လက်ရန်းကိုထောက်ကာ သူ့ကို စူးစိုက်ကြည့်နေသော ဗိုလ်ကပြားမိန်းကလေးတစ်ယောက်ကိုတွေ့လိုက်ရသည်။

ရုတ်တရက်မို့ ကိုနန္ဒ အံ့သြသွားရသည်၊ မိန်းကလေးတစ်ယောက်ကိုမြင်တွေ့လိုက်ရသောတစ်ခဏ၌ ကိုနန္ဒအဖို့ ဝမ်းသာသလိုလို ရှိသွားသည်၊ ဤဗိုလ်တဲ၌ တည်းခိုသူတွေ ရှိနေသေးပါလား ဟူသောအသိဝင်လာ၍စိတ်စနိုးစနောင့်ဖြစ်မှုများ တစ်မဟုတ်ချင်း ပျောက်ကွယ်သွားလေသည်၊ တည်းခိုသူရှိပါက သိပ်ကြောက်စရာ မရှိလှပေ၊ သူစိုးရိမ်သည်ကား တည်းခိုသူတစ်ယောက်မှမရှိသော အချိန်ဖြစ်သည်၊ ထိုအချိန်မျိုးသည် အန္တရာယ်အများဆုံး ကြုံတွေ့ရနိုင်၍ ဖြစ်သည်။

မိန်းကလေး၏ မျက်နှာအနေအထားကို အမှောင်ထုက ကွယ်နေ၍ ကောင်းစွာမမြင်ရချေ၊ သို့သော် သွင်ပြင်လက္ခဏာအရ အတော်ချောမည့် မိန်းမတစ်ယောက်မှန်း သိသာနိုင်သည်၊ ခန္ဓာကိုယ်အချိုးအဆစ်က လွန်စွာလှပ၍ဖြစ်သည်။

ဘာပုက အခန်းထောင့်တစ်နေရာအရောက် တံခါးကို ဖွင့်ကာ အတွင်းသို့ ဝင်သွားသည်၊ အတွင်း၌ ဖန်မီးအိမ်တစ်လုံးရှိရာ မီးခြစ်ဖယောင်းတိုင် ထွန်းကာ မီးညှိလိုက်၏။ အခန်းတွင်းအနည်းငယ် လင်းထိန်သွားပေရာ အခန်းတွင်း၌ ခုတင်တစ်လုံး စောင်တစ်ထည်၊ ခေါင်းအုံးတစ်ခုသာရှိသည်။ အခြား ထွေထွေထူးထူး မတွေ့ရချေ၊ ပြတင်းပေါက်တစ်ခုရှိရာ ပိတ်ထား၍ ကိုနန္ဒက ဖွင့်လိုက်ရာ လေအေးများက အတွင်းသို့ စုပြုံတိုးဝှေ့ဝင်လာသည်၊ ချမ်းအေးသော ရာသီဖြစ်ရာ အလွန်အေးစိမ့်လျက် "စောင်ထူထူနှင့် ကွေးလိုက်ရလျှင်ကောင်းမှာပဲ" ဟု တွေးနေမိသည်။

ကိုနန္ဒက လတ်ဆတ်သောလေထုအေးကို တစ်ဝကြီး ရှူလိုက်ပြီး ...

"ဒါနဲ့ ဧည့်သည်တွေ နည်းတယ်နော်"

"ဟုတ်တယ် - ဒီရာသီက လူနည်းတယ်၊ တစ်နေ့ တစ်ယောက်ပဲ လာတယ်"

"ဟုတ်လား - အံ့သြစရာပဲ"

ကိုနန္ဒက အပြင်ထွက်ဟန်ပြင်နေသော ဘာပုကို လှမ်းမေးလိုက်သည်။

"ဒါနဲ့ - ခင်ဗျားက လူလား၊ တစ္ဆေလားဗျာ"

ဘာပုတဟားဟားရယ်လိုက်သည်၊ ကိုနန္ဒ ကျောစိမ့်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘာထင်လို့လဲ"

"လူထင်တာပဲ"

"ဟုတ်ကဲ့ - ခင်ဗျားထင်တဲ့အတိုင်းပါပဲ"

ဘပုက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်ဟု ထင်သည်။

"ဒါဆို ကျုပ်က တစ္ဆေသရဲလို့ ထင်ရင်ကောဗျာ"

"ဟား - ဟား - ဟား - တစ္ဆေသရဲပေါ့ဗျာ၊ ဟား - ဟား"

ဘပု မျက်နှာက ကြောက်စရာကောင်းလှအောင် ပျက်ယွင်းနေသည်။

အမှောင်ထဲမှာမို့ သိပ်မသိသာလှပေမယ့် ကိုနန္ဒက ထိတ်လန့်တုန်လှုပ်သွားကာ နောက်သို့ဆုတ်လိုက်မိသည်။ ဘပုက မျက်လုံးကြီးပြူးထွက်လာကာ တဟားဟားရယ်ရင်း အခန်းအပြင်ဘက်သို့ ထွက်သွားလေတော့သည်။ ဘာကြောင့်ရယ်မှန်းမသိ ကိုနန္ဒသည် ဘပု၏ ကျောပြင်ကိုကြည့်ကာ ကြက်သီးတဖြန်းဖြန်း ထသွားရသည်။

"ဝါ ဒီမှာ တည်းခိုမိတာ မှားများမှားသွားသလား"ဟု နောင်တပင် ဝင်လာရသည်။ ကိုနန္ဒ ပြတင်းပေါက်မှ ကြည့်လိုက်ရာ သစ်ရွက်ခြောက်များ စုပုံကာ မီးရှို့နေသော ဘပုကို တွေ့လိုက်ရသည်။ မီးပုံကြီးအလင်းရောင်ကြောင့် ဝန်းကျင်ကို ကောင်းစွာ မြင်နိုင်လေသည်။

ကိုနန္ဒက ချက်ချင်းအိပ်ချင်စိတ်မရှိ၍ အခန်းအပြင်သို့ထွက်လိုက်သည်။ စင်္ကြံလမ်းအတိုင်း လျှောက်သွားပြီး အပေါ်ထပ် လှေကားကွေ့သို့ရောက်သောအခါ မိန်းမသဏ္ဌာန် အပေါ်ထပ်သို့ရောက်သည်နှင့် လူရိပ်မတွေ့ရဘဲ ရှိနေသည်။ အခန်းတစ်ခုအတွင်း၌ မီးရောင်တွေ့ရ၍ လျှောက်သွားရာ -

"ဝင်ခဲ့ပါရှင်"

ကြည်လင်ချိုအေးသောအသံတစ်သံကြား၍ လန့်သွားရသည်။ သူခိုးလူမိခံရသလို ဖြစ်သွားရသည်။ အခန်းတံခါးကို အသာအရာ တွန်းလိုက်ရာ ပွင့်သွားပြီး အတွင်းရှိ ခုတင်ဖေါ်၌ တင်ပါးလွှဲထိုင်နေသော မိန်းမတစ်ဦးကို တွေ့လိုက်ရသည်။ အသက်နှစ်ဆယ်ကျော်ခန့်သာ ရှိသေး၏။ လှပချောမောသူလေး ဖြစ်သည်။ ထိုမိန်းကလေးမှာ ကိုနန္ဒ စတင်ဝင်ရောက်ကတည်းက အပေါ်ထပ်မှ ကြည့်နေသောမိန်းကလေးမှန်းသိလိုက်ရသည်။

"ကျွန်တော့်အမည် နန္ဒပါ၊ ရန်ကုန်ကပါ"

"အလည်လာတာလား"

"ဟုတ်ပါတယ်၊ ဒီမြို့မှာ သူငယ်ချင်းကိုဘအေးရှိတယ်။ မြို့ထဲမှာ နေတာပါ။ မိုးသိပ်ချုပ်သွားတာနဲ့ မြင်းလှည်းဆရာက မြို့ထဲမပို့နိုင်ဘဲ ဒီဗိုလ်တဲကိုပို့ပေးတာပါ"

"ဪ - ကိုဒီပါပို့လိုက်တာကိုး"

မိန်းမပျို မျက်နှာပျက်သွားသည်။

"သိလို့လား"

"အင်း - ဆိုပါတော့၊ သူက တစ်မျိုးပဲ"

"ဟုတ်တယ်ဗျို့ - ကျုပ်ကဒီလူတစ်မျိုးပဲကိုတော့ ထင်တာပဲ၊ ဒါနဲ့ ခင်ဗျားအမည်က"

"ဆွေဆွေတင်ပါ၊ အရေးပိုင်မင်းကြီး ဦးဘတင်ရဲ့သမီးပါ"

"မဆွေဆွေတင် တစ်ယောက်တည်း တည်းသလား"

"ဟုတ်တယ် - ကြာပြီပေါ့၊ ကျွန်မဒီမှာနေတာ နှစ်နှစ်ရှိပြီ"

"ဗျာ"

နန္ဒလန့်သွား၏။

"ဘာဖြစ်လို့လဲ"

"ဪ - ဘာမှမဟုတ်ပါဘူး"

ရယ်မောသလိုလိုနှင့်နောက်ပြောင်ပြောသည်ထင်၍ ကိုနန္ဒ ဆက်မမေးတော့ပါ။

"ကျွန်တော် လှေကားအထက်နားမှာ ခင်ဗျားကို တွေ့လိုက်ရတယ်လေ၊ ဒါကြောင့် အခန်းဖော်ချင်း စကားပြောချင်လို့ပါ၊ ဒီကလူတွေက နည်းနည်း ထူးဆန်းနေတယ်နော်"

ဆွေဆွေတင် ပြုံးလိုက်သည်။ မီးအိမ်က မီးစကို အနည်းငယ်နှိမ့်ချလိုက်၍ မှောင်ချင်သလိုလို ဖြစ်သွားသည်။ ဆွေဆွေတင်၏ မျက်နှာကို အနီးကပ်တွေ့လိုက်ရ၍ ကိုနန္ဒ ရင်ခုန်သွားသည်။ ဆွေဆွေတင်ကသူထင်ထားသည်ထက်ပို၍ လှပနေ၍ဖြစ်သည်။ မွေးပျံ့သောကိုယ်သင်းနံ့ကလေးက ကလူကျီစယ်နေသယောင်ယောင်။

"နောက်တော့ ရှင်သိလာပါလိမ့်မယ်၊ ရှင့်အခန်းရှင် ပြန်တော့၊ အာမန်ဒါလာနေပြီ"

ရှပ် - ရှပ် - ရှပ်နှင့် ဖိနပ်သံကြား၍ ဆွေဆွေတင် မျက်နှာပျက်သွားပြီး ကိုနန္ဒကို အခန်းအပြင် ထွက်ခိုင်း၍ ကြောင်တောင်တောင်နှင့် အခန်းအပြင်သို့ထွက်လိုက်ရသည်။ ထွက်တာနဲ့ ဆွေဆွေတင်က တံခါးပိတ်လိုက်သည်။ စင်္ကြံလမ်းကပို၍မှောင်နေသယောင်ရှိသည်။ ကိုနန္ဒာက အောက်သို့လှည့်ကြည့်လိုက်ရာ သူ့ကို စူးစိုက်ကြည့်နေသော [illegible]ကြီး





www.burmeseclassic.com

www.burmeseclassic.com



ကောင်တာမှ အာမန်ဒါဆိုသူ မိန်းမကြီးကိုတွေ့လိုက်ရ၍အနည်းငယ် လန့်သွားမိသည်။ အာ မန်ဒါ၏ မျက်လုံးများက အမှောင်ထဲတွင်အရောင်တလက်လက် တောက်လျက် စူးရှတောက်ပနေသည်။ အာမန်ဒါသည် လူမှဟုတ်ရဲ့လားဟုစိတ်ထဲ၌တွေးထင်မိ၍ကြက်သီးတဖြန်းဖြန်း ထမိလိုက်သည်။

"ဩော် - မပြောမိလိုက်ဘူး၊ ညဘက်ဆိုရင် ကိုယ့်အခန်းထဲမှာပဲ ကိုယ်နေပါ၊ အပြင်သိပ်မထွက်ပါနဲ့၊ ဒီစည်းကမ်းလေးတော့ လိုက်နာပါနော်"

ချိုသာစွာပြောနေပေမယ့်အသံက အေးစက်မာကြောနေသည်။ ကိုနန္ဒက သဘောမကျသော်လည်းခေါင်းညိတ်ပြီးဖြစ်နေ၍ သည်းခံအောင့်အည်းနေရသည်။ သူ့အဖို့ တစ်ညတာဟူသည် သိပ်မကြာလှဘူးဟု ထင်ရသည်မဟုတ်ပါလား။

ပျော်

ကိုနန္ဒ သူ့အခန်းသို့ ပြန်ခဲ့ပြီး တံခါးဖွင့်ဝင်လိုက်သည်။ မိုလ်တဲရှေ့က မီးပုံကြီးလည်း တဖြည်းဖြည်း အရှိန်လျော့သွားပုံရသည်။ တငွေ့ငွေ့သာလျှင် ကျန်တော့သည်။ ကိုနန္ဒ အိပ်ရာထဲတွင် လဲလျောင်းနေသော်လည်း တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ ဟိုလူးဒီလိမ့် ဖြစ်နေရသည်။ ရုတ်တရက် အိပ်ရာ ပြောင်းလိုက်သည်မို့ မအိပ်တတ်ခြင်းလည်း ပါ,ပါသည်။ မိုလ်တဲရှိအခန်းများမှာ သိပ်မသန့်ရှင်းလှပါ။ ဆွေဆွေတင်က သူမ ဒီမှာနေတာ နှစ်နှစ်ရှိပြီဟူသော စကား၏အဓိပ္ပာယ်ကို သူ စဉ်းစားနေမိသည်။

"မိုလ်တဲမှာ နှစ်နဲ့ချီနေတာဆိုတော့ သူမှာဘယ်ကငွေနဲ့နေနိုင်တာလဲ၊ သူမှာ အိမ်မရှိတာလား၊ အရေးပိုင်သမီးဆိုတော့ ဆင်းရဲနွမ်းပါးတဲ့ အတန်းအစားမျိုးမဟုတ်နိုင်ဘူး"

ကိုနန္ဒက သို့လော သို့လောဖြင့် စဉ်းစားနေမိသည်။ ဆွေဆွေတင်၏ အလှရုပ်ပုံလွှာလေးက ကိုနန္ဒကို ညို့ယူဖမ်းစားနေချေပြီ။ ကိုနန္ဒမျက်လုံးထဲ၌ ဆွေဆွေတင်၏လှပသော မျက်နှာလေးက စိုးမိုးနေရာယူချေပြီတကား။

"ဝုန်း - ချမ်း - ချမ်း"

ဤတွင် အပေါ်ထပ် သိပ်မဝေးလှသော ဆွေဆွေတင်၏ အခန်းဘက်ဆီမှ ပစ္စည်းပစ္စယအချို့ကျသံကြားလိုက်ရသည်။ ကိုနန္ဒက ဘာဖြစ်တာပါလိမ့်ဟူသောအသိက သတိပေးမှုကြောင့် အခန်းတံခါးဖွင့်ပြီး အပေါ်သို့ ပြေးတက်ခဲ့သည်။ ကိုနန္ဒ အခန်းတံခါးရှေ့ရောက်သည်နှင့် တံခါးက ရုတ်တရက် ပွင့်သွားပြီး နူးညံ့သောလက်ကလေးတစ်ဖက်က ဆွဲယူလိုက်သလို ခံစားလိုက်ရပြီး အခန်းတွင်းသို့ အလိုအလျောက် ဝင်ရောက်ပြီးသား ဖြစ်သွားရသည်။ တံခါးကို အသာပြန်ပိတ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ဆွေဆွေတင်က အသံစပ်အုပ်အုပ်ဖြင့် ပြောလိုက်သည်။

"အင်း - သူတို့ ရှင့်ကို သတ်လိမ့်မယ်"

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

"အာမန်ဒါနဲ့ ဘာပုပေါ့"

"ဟင် - သူတို့က တစ္ဆေသူရဲတွေလား"

"အင်း"

ပျော်

ကိုနန္ဒ ကျောချမ်းသွားရသည်၊ သူထင်တာမမှားမှန်း သိရ၍ စိတ်ထဲ၌ လိပ်ခဲတည်းလည်း ဖြစ်မှုများ ပျောက်ကွယ်သွားရသည်။

"အမှန်တော့ ကျွန်မတို့က တစ်ဖွဲ့တည်းပဲ၊ ဒါပေမဲ့ဒီညတော့ရှင့်ကိုသနားမိတယ်၊ ဒါကြောင့် ရှင့်ကို ခေါ်လိုက်ရတာပေါ့၊ အခုလောက်ဆို ရှင့်အခန်းထဲ သူတို့ မွှေနှောက်နေပုံရတယ်"

ဝုန်းဒိုင်းပြေးလာသောခြေသံများ၊ မကျေမနပ် တောက်ခေါက်သံများ တစ်ဆက်တည်းကြားလိုက်ရသည်၊

"ဟော - သူတို့လာပြီး တိတ်တိတ်နေ"

ဆွေဆွေတင်က ကိုနန္ဒနားသို့ကပ်ကာ ပါးစပ်ပိတ်ထားရန် လက်ညှိုးကိုနှုတ်ခမ်းတွင် တေ့ကာ သတိပေးလိုက်သည်။ ကိုနန္ဒမှာဆွေဆွေတင်နှင့်နီးကပ်စွာနေရ၍ စိတ်တွင်တွင် တစ်မျိုး ကြည်နူးမိသည်။ ကြောက်ရမည်ထက် စိတ်ထဲက အလွန်ပျော်ရွှင်မှုက ပို၍များသည်ထင်သည်။ သူ့အဖို့တစ်သက်တာ၌ချောမောလှပသော မိန်းကလေးနှင့် ရင်းရင်းနီးနီး ပူးပူးကပ်ကပ် နေရသည်မှာ ပထမဆုံးဖြစ်၍ အကြောက်တရားထက် ကြည်နူးမှုက ပို၍သာလွန်သည်မှာ မဆန်းလှပါ၊ သို့သော် ဆွေဆွေတင်က သရဲတစ္ဆေတို့နှင့်တစ်ဖွဲ့တည်းပြောသည့်အတွက်ဆွေဆွေတင်ပင်လူမဟုတ်မှန်း ကိုနန္ဒ သိလိုက်ရချိန်၌ ပို၍ထိတ်လန့်တုန်လှုပ်မိလေတော့သည်။

ကိုနန္ဒအဖို့ မိုလ်တဲဆီ၌ရှိသော ဝိညာဉ်များနှင့်တစ်ညတာအတူနေထိုင်





www.burmeseclassic.com

www.burmeseclassic.com



ရခြင်းက ပို၍ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းပါသည်။

"ဒုက္ခပါပဲ၊ ငါနဲ့အခု အနီးဆုံးနေတဲ့ ဆွေဆွေတင်ပင်လျှင် ဝိညာဉ်တစ္ဆေပါလားနော်"

ကိုနန္ဒ စဉ်းစားရကြပ်နေစဉ်မှာပင် ...

"ဆွေဆွေတင် - တံခါးဖွင့်စမ်း၊ နင်သူ့ကို ခေါ်ထားလား၊ ရန်ကုန်ကကောင်ကို"

"မဖွင့်ဘူး၊ မဖွင့်နိုင်ဘူး"

"နင်က ငါ့တို့ကို အာခံချင်တယ်ပေါ့ကောင်မ"

အာမန်ဒါ၏အသံက ပို၍ အေးစက်မာကြောလာသည်။ ဆွေဆွေတင်မျက်နှာပျက်ပြီးပြတင်းပေါက်ကိုဖွင့်လိုက်ပြီး ဆင်းရန်ပြောသည်။ အပေါ်ထပ်မှာ သိပ်မမြင့်လှပေ။ ဆွေဆွေတင်ကဦးစွာခုန်ချလိုက်သည်။ ပေါ့ပါးစွာ သွက်လက်သော ဆွေဆွေတင်ကိုကြည့်၍ကိုနန္ဒမှာလည်း တွေဝေတုံ့ဆိုင်းခြင်းမရှိဘဲ ခုန်ချလိုက်သည်။ ကိုနန္ဒမှာ ဆွေဆွေတင်ကဲ့သို့ ကြောင်ကျမကျဘဲ ဆွေဆွေတင့်ကို ဖက်ကာ နှစ်ဦးသား လုံးထွေးရင်း လိမ့်ဆင်းသွားရသည်။ ဆွေဆွေတင်၏နူးညံ့သောအသားနှင့် တွေ့ထိလိုက်သဖြင့် ကိုနန္ဒအဖို့ တစ်ခဏ မိန်းမောသွားရသည်။ သို့သော် ဆွေဆွေတင့် အသားအရေက ပူနွေးမနေဘဲ ရေခဲတုံးလို အေးစက်နေသယောင် ရှိသည်။ မျက်နှာကနှင်းဆီ သွေးရောင်မဟုတ်ဘဲ ဖြူဖပ်ဖြူရော်နှင့် အသားအရေတွေက ပျက်ချင့်လိုလို သလိုလို ဖြစ်နေရကား ဆွေဆွေတင်ကိုကြည့်၍ ကိုနန္ဒ ပို၍ထိတ်လန့်တုန်လှုပ်လာရသည်။

"ရှင်လာလမ်းအတိုင်းပြေး၊ ကျွန်မ သူတို့ကို တားထားမယ်"

"ကျေးဇူးပါပဲ - ဆွေဆွေတင်"

ကိုနန္ဒ နောက်သို့ လှည့်မကြည့်ဘဲ ခြေကုန်သုတ်ရန် ပြေးလေတော့သည်။ အာမန်ဒါနှင့် ဘဟုဏ္ဍိ့အရိပ်နှစ်ခုက အေးဘက်မှပတ်ထွက်လာသည်ကိုတွေ့ရပြီး ဆွေဆွေတင်က ရှုးရှုးဝါးဝါးအော်ကာ ပြေးဝင်သွားပြီး အရိပ်သုံးခုက လုံးထွေးသတ်ပုတ်နေသည်ကို မြင်လိုက်ရ၍ ကြက်သီးမွေးညင်းထကာ ပို၍ပြေးနေမိသည်။

ကားလမ်းမကမှောင်ပြီးလူသူကင်းရှင်းလျက်ရှိသည်။ ကိုနန္ဒက ဆက်လက်ပြေးနေမိရာ ချွေးတရွှဲရွှဲနှင့် အတော်မောဟိုက်လာသည်အထိပြေးပြီးမှ ကားတစ်စီး မီးရောင်ဖွင့်ကာ မောင်းလာသည်ကိုတွေ့လိုက်ရ၍ လက်တားလိုက်သည်။ ကားထဲ၌ လူနှစ်ဦးထိုင်နေသည်ကိုတွေ့လိုက်ရသည်။ အမှောင်ထုက မသဲကွဲဘဲ ရှိနေသည်။

"ဘာကိစ္စလဲ"

"ကျွန်တော် လိုက်ပါရစေ"

"တက်"

ကိုနန္ဒကို တက်ရန်ပြော၍ နောက်တံခါးဖွင့်ကာ ဝင်ခိုင်းလိုက်သည်။ ကားက အရှိန်ဖြင့် မောင်းထွက်ကာ မိုလ်တဲဆီသို့ ပြန်ဝင်လာပြန်သည်။ ကိုနန္ဒ တုန်လှုပ်သွားရသည်။

"ခင်ဗျားတို့က ဘယ်သူတွေလဲ"

ကိုနန္ဒ ထိတ်လန့်တုန်လှုပ်စွာဖြင့် ကားပေါ်မှ ခုန်ဆင်းလိုက်သည်။

ကားက မိုလ်တဲရှေ့၌ ကျွီခနဲ ရပ်လိုက်သည်။ ထို့နောက်ကိုနန္ဒမှာမိုလ်တဲရှေ့၌ လဲကျကာ သတိလစ်သွားတော့သည်။

⚘

ကိုနန္ဒ မည်မျှကြာအောင်သတိမေ့နေသည်မသိ၊ သတိရလာသောအခါ ခုတင်ပေါ်ရောက်နေပြီး မိတ်ဆွေကိုဘအေးနှင့် ရဲတပ်သားတစ်ဦးတို့က ဘေးမှာ ရှိနေသည်ကို တွေ့ရသည်။

"ခင်ဗျား မိုလ်တဲရှေ့မှာ လဲနေလို့ ရဲတွေက ခေါ်လာတာ"

ကိုဘအေးက စိုးရိမ်ကြီးစွာဖြင့်ပြောရာသည်။ ကိုနန္ဒက ဖြစ်စဉ်ကို သေသေချာချာ ပြောပြလိုက်ရာ ကိုဘအေးက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

"ဪ - ခင်ဗျား ကံကောင်းတယ်ဗျာ၊ ဒီမိုလ်တဲမှာက တစ်နှစ်ကို တစ်ယောက်လောက် သရဲခြောက်ခံရပြီး သေတာ ပုံမှန်ပါပဲ"

"ဟုတ်လားဗျာ"

"သူတို့က ဒုတိယကမ္ဘာစစ်က မိုလ်တဲထဲမှာ စစ်ပြေးရင်း စုပြုံတည်းခိုနေရာကပလိပ်ရောဂါကြောင့်အစုလိုက်အပြုံလိုက် ရုတ်တရက် သေခဲ့ကြတယ်၊ မိုလ်တဲရဲ့နောက် ခပ်လှမ်းလှမ်းမှာ သင်္ချိုင်းကုန်းရှိတယ်။ အဲဒီမှာ စုပေါင်းမြေမြှုပ်သင်္ဂြိုဟ်ထားတယ်"

"ဗျာ"


ကိုနန္ဒမှာ စကားဆက်မပြောနိုင်တော့ဘဲ သတိလစ်ချင်သလိုလို အံ့သြတုန်လှုပ်ခြင်း ဖြစ်သွားလေတော့သတည်း။

မောင်ဘုန်းဦး(ရွှေဗမာ)



www.burmeseclassic.com

www.burmeseclassic.com




# ထိန်ပင်စောင့်

ကောင်းသော်

စမ်းရေချိုရွာသည်အမည်နှင့်လိုက်အောင် အေးချမ်းလှပါသည်။ ရွာ၏အနောက်တွင် တသွင်သွင် စီးဆင်းနေသော စမ်းချောင်းကို အစွဲပြု၍ စမ်းရေချိုရွာဟုအမည်တွင်ခဲ့ကြောင်းသိရသည်။ ရွာ၏အမည်ကို ကြားလိုက်ရသည်နှင့် ရင်ဝကို အေးမြသွားစေပါသည်။ ရွာအမည်ကအေးချမ်းသလို ရွာသူရွာသားများကလည်း ရိုးသား၍ စိတ်ထားဖြူစင်ကြပါသည်။ မြို့နှင့် ငါးမိုင်ခန့်ဝေးသဖြင့် ဈေးဝယ်ရန်ရှိပါက မြို့သို့ ခြေကျင်သွားရောက် ဝယ်ယူကြရပါသည်။ ရိုးသားသော ရွာသူရွာသားများဖြစ်၍ တစ်ဦးနှင့်တစ်ဦး ဆွေမျိုးသားချင်းများသဖွယ် ရင်းနှီးချစ်ခင်ကြပါသည်။ ရွာတွင် ခိုးဝှက်ခြင်း၊ ရန်ဖြစ်ခြင်း မရှိသဖြင့် ပျော်စရာကောင်းသော ရွာကလေးဖြစ်ပါသည်။

တစ်ရွာလုံးက ငြိမ်းအေးသာယာပါသော်လည်း အပြစ်ပြောစရာဆို၍ တစ်ခုသာ ရှိသည်။ ရွာထိပ်က ထိန်ပင်တွင် အစောင့်ရှိသည်ဟု ရွာသားများယုံကြည်နေကြပြီး ထိုအစောင့်ကိုကြောက်နေရခြင်းပင်ဖြစ်သည်။ ထိန်ပင်သည် သက်တမ်းရှည်လှပြီဖြစ်၍ ထိန်ပင်၏ သမိုင်းမှာ အထင်အရှား ရှိခဲ့သည်။ ထိန်ပင်မှာနှစ်ပေါင်းကြာပြီဖြစ်၍လုံးပတ်ကြီး

www.burmeseclassic.com



ရှိသာမက အလွန်မြင့်မားလှပါသည်၊ အပင်က မြင့်သဖြင့် လေတိုးသံမှာ "ရွှီးခနဲ"၊ "ရွှီးခနဲ" ကြားနေရသည်၊ တစ်ခါတစ်ရံမှ ကြားရသူအတွက် ထိုအသံမှာ ဂီတသံသဖွယ် ချိုမည်ဖြစ်သော်လည်း စမ်းရေချိုရွာသားများက ထိုအသံကို ကြားပါက ကြက်သီးထလျက် ရှိကြပါသည်၊

ထိန်ပင်သည်မြို့သို့သွားသော တာလမ်းဘေးတွင် ထီးထီးမားမား ရှိသဖြင့် ခရီးသွားများမှာ တာလမ်းပေါ်က ဖြတ်သွားတိုင်း ထိန်ပင်အောက်တွင် အရိပ်ခိုင်၍အပန်းဖြေလေ့ရှိပါသည်၊ စမ်းရေချိုရွာသားများသည် ထိန်ပင်အောက်သို့ မလွှဲသာ၍ဖြတ်ရမည်ဆိုပါက ဘုရားစာများ ဂါထာများရွတ်၍ အမြန်သွားတတ်ကြသည်၊ ကလေးငယ်များကို ထိုထိန်ပင်ဘက်သို့ လုံးဝမသွားစေကြပါ၊ ညဘက်တွင် ထိန်ပင်ကို ရဲရဲပင်မကြည့်ဝံ့ကြပါ၊ ထိုထိန်ပင်သည် ဘိုးဘွားများလက်ထက်မှစ၍ ခေတ်အဆက်ဆက်နာမည်ကြီးခဲ့သည်၊ ယနေ့ တိုးတက်နေသောလူငယ်များက ထိန်ပင်ကို အယုံအကြည်မရှိကြသော်လည်း ကိုယ်တွေ့ကြုံဖူးများသည့်အခါထိန်ပင်ကိုအလေးထားစရာဖြစ်လာခဲ့သည်၊ ညနေ နေဝင်ခါနီးအချိန် ထိန်ပင်အောက်ကိုဖြတ်၍ သားစိမ်း၊ ငါးစိမ်းများ ဆွဲယူသွားပါက လူရုပ်သဏ္ဌာန်မမြင်ရပဲ လုယက်ခြင်းခံကြရသည်၊ မယုံကြည်သော လူငယ်များက အလောင်းအစားနှင့် သွားကြသည်၊ အလောင်းအစားနှင့် လုပ်ပါက ပို၍လုယက်ကြောင်း သိလာကြသဖြင့် ထိုစကားသည် အတည်ဖြစ်ခဲ့ရသည်၊

စမ်းရေချိုရွာထဲတွင်အသက်(၇၀)ကျော် အဘိုးကြီး ဦးခါးဆိုသူ ရှိသည်၊ ဘိုးခါးသည် ငယ်စဉ်က လူပေလူရွှတ်ဖြစ်ပြီး တစ္ဆေသရဲနာနာဘာဝကို လုံးဝယုံကြည်သူမဟုတ်ပေ၊ ထိန်ပင်တွင် အစောင့်ရှိသည်ကိုလက်ခံသူမဟုတ်ပါ၊ အားလုံးကကြောက်ရွံ့ရသောထိန်ပင်ကို သူကဂရုမစိုက်ခဲ့ပါ၊ ထိန်ပင်အောက်သို့ ထမင်းထုပ်ယူသွားပြီး ထိုင်စားရဲ မစားရဲ လူငယ်ချင်း အလောင်းအစား လုပ်ကြသည်၊ ရှုံးသူက ကြက်တစ်ကောင်ပေးကြေးလောင်းကြရာဘိုးခါးသုံးကြိမ်သွားခဲ့ရာ သုံးကြိမ်လုံး သူ ရှုံး၍ ကြက်သုံးကောင် ပေးဆပ်ခဲ့ရပါသည်၊ ထိန်ပင်အောက်သို့ရောက်၍ထမင်းထုပ်ကိုဖြေလိုက်သည်နှင့် သူ၏ပါးစပ်သို့ ထမင်းတစ်လုတ်မရောက်ခင်ထမင်းထုပ်ပြောင်စင်သွားခဲ့ပါသည်၊ လက္ခယ်ညတိုင်းထိန်ပင်စောင့်သည်ထိန်ပင်အောက်သို့ဆင်း၍လမ်းလျှောက်သည်ဟု ပြောသည်ကို မယုံ၍ ဘိုးခါး သွားခဲ့ဖူးသည်၊ ထိန်ပင်စောင့်နှင့် နပန်းသတ်ခဲ့ရသည်အထိ ကိုယ်တွေ့ကြုံခဲ့ရပါသည်၊ ထိုသို့ ဘိုးခါးကိုယ်တိုင်သူ၏ကိုယ်တွေ့များကိုပြောပြသဖြင့် နောက်လူအဆက်ဆက်က ထိန်ပင်စောင့်ရှိသည် ဆိုခြင်းကို ယုံကြည်ခဲ့ကြပါသည်၊

ညနေဘက် နေဝင်စတွင် ကလေးများ ထိန်ပင်အောက်မှ ဖြတ်မိပါက နေအိမ်ရောက်သည်နှင့် ကြောက်လန့်တကြား အော်ဟစ်ငိုယိုတတ်ပါသည်၊ ငိုသောကလေးမှာအငိုမရပ်တော့သဖြင့် အဘဘိုးခါးအိမ်သို့သွားရောက်မေးမြန်းရသည်၊ ဘိုးခါးက ကောက်ညှင်းပေါင်းနှင့် ငါးကြော်ကို နေဝင်စတွင် ထိန်ပင်အောက်သို့ သွားရောက်ပို့ပါက ကလေးအငိုတိတ်မည်ဟု ပြောပါသည်၊ ဘိုးခါးပြောသည့်အတိုင်းလုပ်ပါက ထိန်ပင်သို့ကောက်ညှင်းပေါင်း ပို့ရန်သွားသော သူအိမ်သို့ ပြန်မရောက်ခင် ကလေးအငိုတိတ်သွားကြောင်း သိရသည်၊ အချို့သောလူများသည် ညနေဘက် ထိန်ပင်အောက်သို့ဖြတ်မိ၍ဗိုက်အောင့်ကာမခံမရပ်နိုင်အောင်ရှိသဖြင့် ဘိုးခါးထံ သွားမေးရာ ဘိုးခါးက ထိန်ပင်အောက်သို့ နေဝင်စတွင် ကောက်ညှင်းပေါင်းဖြစ်စေ၊ အခြားစား သောက်ဖွယ်ရာဖြစ်စေ သွားရောက်ပို့ပါဟု ပြောပါသည်၊

ဘိုးခါးပြောသည့်အတိုင်း ဆောင်ရွက်ပါက ဗိုက်အောင့်ရောဂါ ချက်ချင်းပျောက်ကင်းကြောင်းသိရပါသည်၊ ထိန်ပင်စောင့်အား ကျွေးမွေးခြင်းဖြင့် ခံစားနေရသောဝေဒနာမှ သက်သာပျောက်ကင်းကြောင်းလက်တွေ့ကြုံကြရသဖြင့် ရွာသူရွာသားများက ယုံကြည်ကြခြင်းဖြစ်ပါသည်၊ အချို့သောလူများကညနေခင်းဘက်နေဝင်စတွင် ထိန်ပင်ရှိရာသို့ မသွားရဲကြောင်းပြောလျှင် ဘိုးခါးက သူကိုယ်တိုင်သွားရောက်ပေးပို့ကူညီတတ်ပါသည်၊ ထိန်ပင်စောင့်နှင့်ဘိုးခါးမှာ နှစ်ပေါင်းများစွာ ဆက်ဆံလာခဲ့ကြသဖြင့် ရင်းနှီးနေကြောင်း သိရပါသည်၊

ဘိုးခါးမှာ ရွာ၏ သက်တမ်းရှည်လူကြီးဖြစ်ရုံသာမက ထိန်ပင်စောင့်နှင့်





www.burmeseclassic.com

www.burmeseclassic.com

ငယ်ပေါင်းပမာ ရင်းနှီးနေသူဖြစ်၍ ထိန်ပင်စောင့်နှင့် ပတ်သက်လာတိုင်း ဘိုးခါးကို အားကိုးတတ်ကြခြင်းဖြစ်ပါသည်။ ထိန်ပင်စောင့်နှင့်ပတ်သက်လျှင် အစစအဆင်ပြေအောင် ဘိုးခါးက ကူညီတတ်သဖြင့်ဘိုးခါးကိုလည်းထိန်ပင်စောင့်နှင့် ထပ်တူ ရိုသေလေးစားခဲ့ကြပါသည်။ စမ်းရေရျှိုတစ်ရွာလုံးက ထိန်ပင်စောင့်ကို ယုံကြည်ကြသော်လည်း ထိန်ပင်စောင့်ကို လုံးဝအယုံအကြည် မရှိသောအိမ်တစ်အိမ် ရှိပါသည်၊ ထိုအိမ်မှာဦးမာဒင်၊ ဒေါ်အေးစိန်တို့အိမ် ဖြစ်သည်၊ ဦးမာဒင်က တစ္ဆေသရဲနှင့် နာနာဘာဝများကို ယုံသူမဟုတ်ပါ။ ကြောက်လန့်ခြင်းမရှိပဲ ထိန်ပင်အောက်သို့မကြာခဏ သွားလေ့ရှိသည်။

ဦးမာဒင်က မကြောက်သလို သူ၏ဇနီး ဒေါ်အေးစိန်ကလည်းယုံကြည်မှုမရှိပါ။ ထိန်ပင်စောင့်ကို လုံးဝကြောက်လန့်ခြင်းမရှိပါ။ တစ်ရွာလုံးက နာမကျန်းဖြစ်ပါက ထိန်ပင်စောင့်ထံ သွားရောက်တောင်းပန်လေ့ရှိသော်လည်း ဦးမာဒင်တို့အိမ်က ထိန်ပင်သို့ မည်သူမျှ သွားလေ့မရှိကြပါ။ ထိန်ပင်စောင့်ကို အယုံအကြည်မရှိသလို ဘိုးခါးကိုလည်း မယုံကြည်ပါ။ ဘိုးခါးသည် ထိန်ပင်စောင့်ကို အမှီပြုကာ အကြံအဖန်လုပ်ပြီး စားသောက်နေသည်မှာပင် စွပ်စွဲပြောဆိုတတ်ပါသည်။ ဦးမာဒင်က ဘိုးခါးကို အထင်မကြီးသလို ဘိုးခါးကလည်း ဦးမာဒင်ကိုကြည့်မရဖြစ်နေပါသည်။

⚘

ဦးမာဒင်က မိဘဘိုးဘွား လက်ထက်ကစ၍လယ်မြေကေပေါင်းများစွာကို ပိုင်ဆိုင်ထားသဖြင့် ချမ်းသာကြွယ်ဝသော်လည်း အလုပ်လုပ်ချင်သူ မဟုတ်ပါ။ တစ်နေကုန် အရက်သောက်နေရပါကကျေနပ်နေသူဖြစ်သည်။ ဒေါ်အေးစိန်မှာ ဦးမာဒင် အိမ်အလုပ်များကို လှည့်မကြည့်သဖြင့် လယ်ယာလုပ်ငန်းကို ဦးစီးလျက် စာရင်းများကို အုပ်ချုပ်လုပ်ကိုင်နေရသည်။ နေ့စဉ်စာရင်းငှားသုံးဦးကို စီမံကွပ်ကဲနေရသဖြင့် ယောကျ်ားကြီးတစ်ဦးကဲ့သို့ ရဲဝံ့ပြတ်သားစွာ လုပ်နိုင်သူဖြစ်သည်။ စိတ်ဓာတ်မာကြောသဖြင့် ထိန်ပင်စောင့် ရှိသည်ကို အသိအမှတ်မပြုခြင်းဖြစ်သည်၊ တစ်ရွာလုံးက ထိန်ပင်စောင့်ကို အခါအားလျော်စွာ ပူဇော်ပသကာ ဆုတောင်းကြသော်လည်း ဦးမာဒင်နှင့် ဒေါ်အေးစိန်မှာ လုံးဝအရေးထားခြင်းမရှိပါ၊ ထိန်ပင်စောင့်အပေါ် ယုံကြည်မှု မရှိရာတွင် စိတ်ထားတူညီသော်လည်း ကျန်သည့်ကိစ္စများတွင် သဘောထား ချင်းတိုက်ဆိုင်မှု မရှိပါ၊ ဦးမာဒင်သည် အသက်လေးဆယ်ကျော်မှ ရွာ၏ အလှဆုံးအမျိုးသမီးဖြစ်သည့် မအေးစိန်ကိုရအောင်သိမ်းပိုက်နိုင်ခဲ့သည်၊ ထိုစဉ်က မအေးစိန်မှာ အသက် နှစ်ဆယ်ခန့်သာ ရှိသည်၊

ဦးမာဒင်နှင့် ဒေါ်အေးစိန်တို့တွင် သားသမီး မထွန်းကားပါ၊ ဦးမာဒင်မှာ

# ၆

ထိန်ပင်အောက်သို့ရောက်၍ ထမင်းထုပ်ကို ဖြေလိုက်သည်နှင့် သူ၏ပါးစပ်သို့ ထမင်းတစ်လုတ် မရောက်ခင် ထမင်းထုပ်ပြောင်စင်သွားခဲ့ပါသည်။ လက္ခယ်ညတိုင်း ထိန်ပင်စောင့်သည် ထိန်ပင်အောက်သို့ ဆင်း၍ လမ်းလျှောက်သည်ဟု ပြောသည်ကို မယုံ၍ ဘိုးခါး သွားခဲ့ဖူးသည်။ ထိန်ပင်စောင့်နှင့် နပန်းသတ်ခဲ့ရသည်အထိ ကိုယ်တွေ့ကြုံခဲ့ရပါသည်။





www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ကပင် အလုပ်လုပ်ရန် စိတ်မဝင်စားခဲ့ရာ အသက်ခြောက်ဆယ်ကျော်သောအခါ မအေးစိန်ကိုပင် ဥပေက္ခာပြုကာ အရက်ကိုသာ အဖော်ပြုနေခဲ့သည်။ ဒေါ်အေးစိန်မှာ အသက်လေးဆယ်ကျော်၍သာ ဒေါ်တပ်၍ခေါ်ရသော်လည်း အလွန်နုပျို၍ လှပနေဆဲဖြစ်သည်။ ခင်ပွန်းသည်မှာ အရက်နှင့်သာ ပျော်ပိုက်နေသဖြင့် ဒေါ်အေးစိန်မှာ အထီးကျန်ဆန်နေပါသည်။ ရုပ်ရည်ကလည်း လှပ၊ အရွယ်ကလည်း ရှိသေးသဖြင့် သူမကို စိတ်ဝင်စားနေသူများစွာ ရှိပါသည်။

ဒေါ်အေးစိန်သည် ခင်ပွန်းသည် ဦးမာဒင်မှလွဲ၍ မည်သူကိုမျှ စိတ်မဝင်စားပဲနေသဖြင့် သစ္စာရှိသည်ဟု ထင်ဖွယ်ရာရှိသည်။ သူမမှာလည်း အရွယ်ရှိသဖြင့်နောက်ဆုံးအလုပ်ဝင်လာသည့် စားရင်းငှား မောင်ချိုနှင့် တပူးတွဲတွဲနေသည်ကို တွေ့ရသည်။ မောင်ချိုသည် အသက်နှစ်ဆယ့်ငါးနှစ်အရွယ်၊ ရုပ်ချောသဘောကောင်းသည့် လူပျိုတစ်ဦး ဖြစ်သည်။ နေ့စဉ် တွေ့မြင်နေကြပြီး အတူတွဲပြီးအလုပ်လုပ်ရသဖြင့် သဒ္ဓါလွန်ခြင်းဖြစ်ပေမည်။ သူတို့နှစ်ဦးက လျှို့ဝှက်ပိရိစွာ နေကြသော်လည်း ကာလကြာသည့်အခါ ပတ်ဝန်းကျင်က ရိပ်မိလာကြသည်။ အိမ်တွင်း အတူနေသည့် သူရင်းငှားနှစ်ဦးမှာ အတွင်းရေးကိစ္စများကို သိသော်လည်း လူအေးများဖြစ်၍ အပြင်သို့ မပေါက်ကြားခဲ့ပါ။ နောက်ဆုံးတွင် တစ်ရွာလုံးက သိလာကြသော်လည်း ဦးမာဒင်၏ ဇနီးအပေါ် လျစ်လျူရှုမှု၊ ဒေါ်အေးစိန်၏ အရွယ်တင်မှုတို့အပေါ် သုံးသပ်၍ ခွင့်လွှတ်သင့်သည်ဟု ယူဆထားလိုက်ကြသည်။ မောင်ချိုဆိုသူမှာလည်း အလွန်သဘောကောင်းပြီး တစ်ရွာလုံးက ချစ်ခင်နေသူဖြစ်၍ ဖောက်ပြန်သည်ဟုပင် မထင်ရက်ကြပါ။ ပတ်ဝန်းကျင်တစ်ရွာလုံးက သိနေသဖြင့်ဦးမာဒင်လည်း သိမည်ထင်ရသည်။ ယခုအချိန်အထိ ဦးမာဒင်၏ တုံ့ပြန်မှုမရှိသေး၍ အမျိုးမျိုး ဝေဖန်ပြောဆိုနေကြပါသည်။

တစ်နေ့ ဒေါ်အေးစိန်ရွာထဲကအပြန် ခြံထဲအရောက်တွင် ကောက်ရိုးပုံဘေး၌ အရက်သောက်နေကြသော ဦးမာဒင်၏ အသံကို အမှတ်မထင် ကြားလိုက်ရာ နားစွင့်ပြီး တိတ်ဆိတ်နားထောင်နေခဲ့သည်။ ရွာထဲမှ လူခွေးနှင့် ဦးမာဒင်တို့ အရက်သောက်ရင်း စကားပြောနေကြသည်။ သူတို့၏စကားသံ မှာ လျှို့ဝှက်ချက်ဖြစ်၍တိုးတိုးပြောနေကြခြင်းဖြစ်၍ အလွန်နားစိုက်ထောင် ရပါသည်။

"ငါ-ဒီညပဲ ဒီကောင့်ကို အပြတ်ရှင်းတော့မယ်"

ဦးမာဒင်၏အသံဖြစ်၍ဒေါ်အေးစိန်က ရင်တထိတ်ထိတ်နှင့် နားထောင်ရသည်။

"ဒီလိုတော့ မလုပ်ပါနဲ့ဗျာ"

"မလုပ်လို့မရဘူး-လူခွေး။ ငါ-တယ်လောက်ခံစားနေရတယ် မှတ်သလဲ၊ ငါ့နေရာကနေပြီး မင်း စဉ်းစားစမ်း"

"ဒါဆိုလည်း ဒီကောင့်ကို အလုပ်က ထုတ်ပစ်လို့ပေါ့ဗျာ"

"အလုပ်က ထုတ်လည်း သူတို့က ပြတ်မှာမဟုတ်ဘူး။ လောကမှာ ဒီကောင်မရှိမှကိုဖြစ်မှာ၊ မင်းရဲ့ဒီမားမြှောင်ဓါးကိုပေးလိုက်။ ဒီဓါးနဲ့ ရှင်းရမယ်"

ဒေါ်အေးစိန်သည် ဆက်၍နားမထောင်ရဲသဖြင့် သူတို့မမြင်အောင် အိမ်ထဲသို့ ဝင်ခဲ့သည်။ အိမ်မှုကိစ္စများ လုပ်ကိုင်နေရသော်လည်း နေမထိထိုင်မသာ ဖြစ်နေပါသည်။ မောင်ချို လယ်ကွင်းထဲသွားနေ၍ ညနေ နေဝင်ခါနီးမှ ပြန်လာမည်ဖြစ်သည်။ မောင်ချို လုပ်ငန်းသိမ်း၍အိမ်အပြန်တွင်ဦးမာဒင် လမ်းကစောင့်၍သတ်တော့မည်။ မောင်ချိုကို ဘယ်လိုကယ်ရမည်ကို စဉ်းစားရသည်။ မောင်ချိုကိုအချိန်မီအကြောင်းကြားနိုင်ပါက မောင်ချိုအသက်ရှင်မည်။ မောင်ချိုဆီသို့ မိမိကိုယ်တိုင် သွား၍ မဖြစ်၊ မိမိ မောင်ချိုထံ လိုက်ပါက ပို၍ သံသယဝင်တော့မည်။ ရွာထဲက အိမ်တစ်အိမ်တွင် သူရင်းငှားလုပ်နေသူ မောင်ချို၏သူငယ်ချင်းတစ်ဦးဖြစ်သူ ကံထူးကို လွှတ်ရလျှင် အဆင်ပြေနိုင်သည်။ ဒေါ်အေးစိန်သည် ကံထူးရှိရာသို့ ထွက်ခဲ့သည်။ အိမ်ရှင်၏ စကားကြောင့် စိတ်ပျက်ရသည်။

"ကံထူး-မြို့ကို တက်သွားတယ်။ ညမှပြန်ရောက်လိမ့်မယ်"

မောင်ချိုထံ လူလွှတ်ရန် ရွာထဲတွင် လှည့်လည်ရှာဖွေသော်လည်း လူမရသဖြင့် စိတ်ပျက်ပြီး အိမ်သို့ပြန်ခဲ့သည်။ အချိန်မှာ နေ့လယ်သို့ရောက်ပြီဖြစ်၍ အချိန်များစွာ မကျန်တော့ပါ။ ဒေါ်အေးစိန်သည် အိမ်သို့ ရောက်သည်နှင့် ကောက်ရိုးပုံသို့ ချောင်းကြည့်ရာ ဦးမာဒင် နစ်မြိုက်စွာအိပ်မောကျနေသည်ကို





www.burmeseclassic.com

www.burmeseclassic.com



တွေ့ရမှ စိတ်အေးသွားပါသည်။ ဦးမာဒင် တစ်ညလုံး မန်းပဲ အိပ်ပျော်ပါစေဟု ဆုတောင်းနေရပါသည်။ အိမ်ပေါ်သို့ပြန်တက်လာရသော်လည်း ဒေါ်အေးစိန်မှာ အယောင်ယောင် အမှားမှားဖြစ်လျက်ရှိပါသည်။ ညနေစောင်းသည်အထိ ဦးမာဒင်အိပ်ရာက မနိုးသေးသဖြင့် ဝမ်းသာနေပါသည်၊ တစ်နေ့လုံးပင်ပန်းခဲ့သဖြင့် ရေဝအောင် ချိုးလိုက်သည်။ ရေချိုးပြီးသည်နှင့် ဦးမာဒင်အိပ်နေသည်ကို သွားရောက်ကြည့်ရာ ကိုမာဒင်ကိုအိပ်နေရာတွင် မတွေ့ရသဖြင့် ထိတ်ထိတ်ပျာပျာဖြစ်သွားပါသည်၊ အချိန်မှာလည်းနေဝင်တော့မည်ဖြစ်၍ ရွာပြင်သို့ အပြေးထွက်ခဲ့ပါသည်၊

⸻

နေဝင်ခါနီးဖြစ်၍ရွာပြင်တွင်မြူများဆိုင်းနေပါသည်၊ အဝေးသို့ လှည့်၍ကြည့်လိုက်ရာ ဦးမာဒင်သည် ထိန်ပင်ရှိရာသို့တရွေ့ရွေ့သွားနေသည်ကိုတွေ့ရပါသည်၊ မောင်ချို လုပ်ငန်းသိမ်း၍ အိမ်ပြန်ချိန်ဖြစ်၍ ဒေါ်အေးစိန်သည် အလွန်စိုးရိမ်နေမိသည်၊ ဦးမာဒင်ကိုအမီလိုက်ရန်စိတ်ဆုံးဖြတ်ပြီးအပြေးလိုက်ခဲ့သည်၊ ဦးမာဒင်ကို မိအောင်အပြေးလိုက်ရာတွင်ခလုတ်တိုက်၍လဲရသေးသည်။ မိမိနာကျင်သည်ကို ဂရုမစိုက်နိုင်ပဲ ကိုမာဒင်ကို မီအောင် အားစိုက်ပြေးခဲ့သည်၊ ဦးမာဒင်မှာထိန်ပင်အနီးသို့ရောက်ရှိနေပြီဖြစ်သည်။ ထိန်ပင်အကွယ်မှ မောင်ချိုကိုစောင့်၍ထိန်ပင်အောက်တွင်သတ်ရန် ရည်ရွယ်ကြောင်း သဘောပေါက်မိသည်။ ထိုအချိန်သည် နေဝင်စဖြစ်၍ ထိန်ပင်အနီးသို့လာတုံ့သူမရှိတော့ပြီဖြစ်၍ ထိန်ပင်တစ်ပိုက်တွင် လူရှင်းနေပါသည်။ ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်နေသဖြင့် မကောင်းမှုပြုလုပ်ရန် အကောင်းဆုံးအချိန် ဖြစ်ပေသည်၊ ဒေါ်အေးစိန် ထိန်ပင်အနီးသို့ရောက်ချိန် ဦးမာဒင်က သူ့ဘက်သို့ ကြည့်နေသဖြင့် သူမကို မမြင်စေရန် အနီးရှိ ချုံအတွင်းသို့ ဝင်နေခဲ့ရသည်။ နေဝင်ပြီဖြစ်၍ တစ်ယောက်ကိုတစ်ယောက် သဲသဲကွဲကွဲမမြင်ရတော့သဖြင့်မှုန်ဝါးဝါးသာ မြင်ရတော့သည်။ ထိုအချိန် ဦးမာဒင်၏ လှုပ်ရှားပုံကို ရုတ်တရက် မြင်လိုက်ရသည်။

ဦးမာဒင်သည် မောင်ချိုကို ဓားဖြင့် ထိုးလိုက်ပုံရသည်၊ မောင်ချို လဲကျသွားသည်ကို အဝေးက မြင်ရသည်၊ လဲကျနေသောမောင်ချိုကို ကိုမာဒင်က ဓားဖြင့်အချက်ပေါင်းများစွာ ထိုးနေသည်ကို မှုန်ဝါးဝါး မြင်နေရသည်။ မြင်နေရသော်လည်း မိမိက ဝင်ရောက်မကူနိုင်၍ စိတ်မကောင်းဖြစ်ရသည်။ အော်ရန် စိတ်ကူးမိသော်လည်း မိမိအော်ပါက မိမိကိုပါ သတ်တော့မည်ကို သိ၍ငြိမ်နေရသည်၊ ကိုမာဒင်သည်ထိန်ပင်အောက်တွင် ဓားဖြင့် မြေကြီးကို တူးနေသည်ကို တွေ့ရသည်၊ မြေကြီးကိုတူးပြီး ဓားကို မြေတွင်မြှုပ်နေကြောင်း မြင်လိုက်ရသည်၊ ဒေါ်အေးစိန်သည် မောင်ချိုကို သတ်နေသည်ကို မြင်နေရပါလျက် မကယ်တင်နိုင်ခဲ့၍ ကြေကွဲယူကျုံးမရဖြစ်ကာ ရွာဆီသို့ပြန်ခဲ့ပါသည်၊ ဦးမာဒင်ကိုလည်း အခဲမကျေနိုင်အောင် ရှိပါသည်။ အိမ်သို့ပြန်ရောက်သည်နှင့် ထမင်းပင် မစားနိုင်တော့ပဲ စိတ်ပျက်ပျက်နှင့် အိပ်ရာသို့ဝင်ခဲ့သည်၊ အိပ်ရာထဲသို့ ရောက်သော်လည်း အိပ်မပျော်နိုင်ဘဲ ဦးမာဒင်ကို လက်စားချေရန်နည်းလမ်းများကို စဉ်းစားနေခဲ့ပါသည်၊

မကြာမီ ဦးမာဒင် ပြန်ရောက်လာသံ ကြားရသည်။ အိမ်အောက်ထပ်သို့ ဦးမာဒင် ပြန်ရောက်ချိန် ဒေါ်အေးစိန်က အပေါ်ထပ်တွင် အိပ်ချင်ယောင်ဆောင်နေခဲ့သည်။ ဦးမာဒင်သည် အပေါ်ထပ်သို့လည်း တက်မလာ၊ ထမင်းစားသံလည်း မကြားရသဖြင့် အရက်ထိုင်သောက်နေပုံရသည်၊ ဦးမာဒင် ပြန်ရောက်ပြီးတစ်နာရီခန့်အကြာတွင်တံခါးခေါက်သံ ကြားရသည်။ ဦးမာဒင် တံခါးဖွင့်ပေးလိုက်သည်၊ ရပ်ကွက်လူကြီးများ ဝင်ရောက်လာသံကြားလိုက်ရသည်။

"ဒီအိမ်ကွ - မောင်ချိုရဲ့အလောင်းကို ထိန်ပင်အောက်မှာ တွေ့ရလို့ ဦးမာဒင်ဆီ လာပြီးအကြောင်းကြားတာပါ"

"ဟုတ်လား - ကျုပ်လည်းမောင်ချို ပြန်မရောက်သေးလို့ စိတ်ပူနေတာ"

ဦးမာဒင်နှင့် ရပ်ကွက်လူကြီးများ အပြန်အလှန် ပြောနေကြသည်။

"ရဲစခန်းကို အကြောင်းကြားထားတယ်။ ရဲတွေရောက်လာရင် အလောင်းကို စစ်ဆေးပြီး အလောင်းကို တော့ မနက်မှ ဆေးရုံပို့နိုင်တော့မယ်။ စီစဉ်စရာရှိတာ စီစဉ်ရအောင် ဦးမာဒင်လိုက်ခဲ့ပါ"

ဦးမာဒင်ကိုခေါ်ပြီး လူကြီးများထွက်သွားကြသည်၊ ဒေါ်အေးစိန်သည် အိပ်ချင်စိတ်လည်းမရှိ၍ သူမ၏အတွေးများ





www.burmeseclassic.com

www.burmeseclassic.com

ကို ဆက်တွေးနေသည်။ ရဲများရောက်လာပြီး စစ်ဆေးပါက သက်သေမရှိ၍ အမှုပြီးသွားမှာကို စိုးရိမ်နေသည်။ တစ်သက်လုံးပေါင်းသင်းလာသည့်ယောကျ်ားဖြစ်သော်လည်း ဒေါ်အေးစိန် ခွင့်မလွှတ်နိုင်ပါ။ မောင်ချို၏မျက်နှာကိုမြင်ယောင်လေဦးမာဒင်ကိုအပြစ်ကျစေချင်သည်။ မောင်ချိုသေရသလို သူလည်း အပြစ်ဒဏ်ခံရအောင် လုပ်ချင်သည်။ မိမိယောကျ်ား ထောင်ကျအောင် မိန်းမကဖော်ကောင် လုပ်သည်မျိုးလည်း အဖြစ်မခံပါ။ မိမိ၏အကြံကို ပြင်ပလူများ မသိစေဘဲ ဦးမာဒင် အပြစ်ဒဏ်ခံရစေချင်သည်။ အမှုမှန်ပေါ်စေရန် အမျိုးမျိုး စဉ်းစားရင်း မိုးလင်းခဲ့သည်၊ မိုးလင်းမှ ဦးမာဒင် ပြန်ရောက်လာသည်၊ ဒေါ်အေးစိန် သိအောင် ပြောလိုက်သည်၊

"ညက မောင်ချို - ထိန်ပင်အောက်မှာ အသတ်ခံရတယ်"

"ဟုတ်လား - လူသတ်တရားခံရော မိရဲ့လား"

"ဘယ်မိမလဲကွာ၊ သက်သေမှ မရှိပဲ၊ ဒီလိုနဲ့ အမှုပြီးသွားမှာပါ"

ဦးမာဒင်၏စကားကြောင့် ဒေါ်အေးစိန် ရင်နာရပါသည်။

"ကဲ - ငါပြန်သွားရဦးမယ်၊ မင်းသိအောင် ပြောချင်လို့ ခဏပြန်လာတာ၊ လူကြီးအိမ်မှာ လူငယ်တွေကို စစ်ဆေးကြတော့မယ်"

ဒေါ်အေးစိန်မှာ ဒေါသထွက်လျက်ကျန်ခဲ့သည်၊ လူသတ်ပြီး သက်သေမရှိ ရုံနှင့် ပြီးသွားရမှာလား။ ဥပဒေဆိုတာ မရှိတော့ဘူးလား၊ ဒီအမှုကို ပေါ်စေရမည်၊ အမှန်အတိုင်းဖြစ်စေရမည်၊ ဒီအမှုကို ဖြစ်သည့်နည်းဖြင့် ပေါ်ပေါက်စေရန် စိတ်ကူးပြီး ဒေါ်အေးစိန်ရွာထဲသို့ ထွက်ခဲ့သည်၊ ဘိုးခါး၏ အိမ်သို့သွားရာ ဘိုးခါးကို အသင့်တွေ့ရသည်၊ ဘိုးခါးက အရင်မေးပါသည်၊

"ဟဲ့ - အေးစိန် - ညက မောင်ချို အသတ်ခံရတယ်ဆို"

"ဟုတ်တယ် - ဘိုးခါး၊ အဲဒီ့ကိစ္စ ဘိုးခါးနဲ့ တိုင်ပင်စရာရှိလို့ လာခဲ့တာပါ"

"ဘာတွေတိုင်ပင်မှာလဲ - ပြောစမ်းပါဦး"

ဒေါ်အေးစိန်သည်အိမ်ပေါ်သို့တက်၍ ဘိုးခါး၏အနီးတွင် ထိုင်လိုက်ပြီး ပတ်ဝန်းကျင်အခြေအနေကို လေ့လာပြီးမှ ဘိုးခါး၏ နားသို့ ကပ်၍ တိုးတိုး ပြောလိုက်ပါသည်။

မောင်ချိုကို ဦးမာဒင်က ဓားနှင့်ထိုးသည်ကို သူကိုယ်တိုင်မြင်လိုက်ရပုံ၊ မောင်ချိုကိုသတ်ပြီး ဓားကို ထိန်ပင်ရင်းတွင် မြှုပ်ထားပုံ၊ မောင်ချိုကိုမသတ်မီ လူခွေးနှင့်မောင်ချိုကိုသတ်ရန် တိုင်ပင်နေကြပုံ၊ ဓားမှာ လူခွေး၏ ဓားဖြစ်ပုံစသည့်အဖြစ်အပျက်များကို အသေးစိတ် ပြောပြလိုက်သည်၊ ဘိုးခါးသည် ခဏစဉ်းစားပြီးမှ ပြောပါသည်။

"အေးလေ - ဒါဆိုရင်လည်း အမှုမှန်ပေါ်အောင် လုပ်ရမှာပေါ့၊ ကဲ - ဒါဆိုနင့်အိမ်မှာသာပြန်နေ၊ ဒီအမှုမှာ မာဒင် မလွတ်ရအောင် ငါလုပ်ပြမယ်"

"ကျေးဇူးပါပဲ - ဘိုးခါးရယ်၊ ကျွန်မကျေးဇူးဆပ်ပါ့မယ်"

ဘိုးခါးကိုနှုတ်ဆက်ပြီးဒေါ်အေးစိန် ကျေနပ်စွာ အိမ်သို့ပြန်ခဲ့သည်။

နေ့လယ်တွင် ရပ်ကွက်လူကြီး ဦးပန်းစိန်၏အိမ်တွင် ရဲများ ရောက်ရှိလာပြီး ရွာထဲရှိ မောင်ချိုနှင့် အပေါင်းအသင်းများကို တစ်ဦးချင်း စစ်ချက်ယူနေပါသည်၊စိတ်ဝင်စားသူရွာသူရွာသားများမှာ အိမ်ရှေ့မှ စုဝေးနားထောင်နေကြပါသည်၊ ထိုသို့ လူစည်ကားနေချိန် ဘိုးခါး ရောက်လာသည်။ ရဲအရာရှိထံချဉ်းကပ်၍ ဘိုးခါးက ပြောလိုက်သည်၊

"ရဲအရာရှိမင်းခင်ဗျား - ယခု စစ်ဆေးနေတဲ့ လူတွေထဲမှာ လူသတ်တရားခံ လုံးဝမပါပါဘူး၊ ကျုပ်ကို ထိန်ပင်စောင့်ကလွှတ်လိုက်လို့လာခဲ့တာပါ၊ ခင်ဗျားတို့ လက်ခံမယ်ဆိုရင် လူသတ်တရားခံကို ပြောနိုင်ပါတယ်၊ မယုံကြည်ဘူးဆိုရင် ကျုပ် ပြန်ပါ့မယ်"

အဘဘိုးခါး ပြန်မည်ဟုပြောသည့်အခါရဲအရာရှိကပျာပျာသလဲတားလိုက်ပါသည်၊

"နေပါဦး - အဘရယ်၊ အဘဘိုးခါး ပြောတာကို နားထောင်ပါမယ်"

"မောင်ရင်တို့ လက်ခံမှပြောဖို့ ထိန်ပင်စောင့်က မှာလိုက်တယ်၊ မနေ့က ဦးမာဒင်နဲ့လူခွေးတို့ မောင်ချိုကိုသတ်ဖို့ဆွေးနွေးကြတယ်၊ ဦးမာဒင်က မောင်ချိုကိုသတ်ဖို့ လူခွေးရဲ့ဓားမြှောင်ကိုယူပြီး မောင်ချိုပြန်အလာကို ထိန်ပင်အောက်ကနေ စောင့်တယ်၊ နေဝင်ခါနီး မောင်ချိုပြန်လာတော့ ထိန်ပင်အောက်မှာ မောင်ချိုကို ဓားနဲ့ထိုးပြီး သတ်လိုက်တယ်၊ အဲဒီ့ဓားကိုထိန်ပင်ခြေရင်းအရှေ့

www.burmeseclassic.com

www.burmeseclassic.com

အရပ်မှာ မြှုပ်ထားတယ်။ ကဲ-ဒါဆို-ပြည့်စုံပြီ၊ ကျန်တဲ့အပိုင်းကိုမောင်ရင်တို့ ဆက်လုပ်ကြပေါ့၊ ဒါတွေဟာ ထိန်ပင်စောင့်ရဲ့ပြောကြားချက်တွေပဲ၊ ဒါဆို-ကျွပ်တာဝန်ပြီးပြီမို့၊ ကျွပ် သွားပြီ"

ဘိုးခါးသည် ရဲအရာရှိကို အပြည့်အစုံ ပြောကြားပြီး နေအိမ်သို့ ပြန်သွားကြပါသည်၊ ကြားရသူများမှာ တအံ့တသြ ဖြစ်နေကြသော်လည်း ထိန်ပင်စောင့်ကို ယုံကြည်ကြသူများဖြစ်၍ ဘိုးခါး၏ပြောကြားချက်များမှန်ကန်မည် ဖြစ်ကြောင်း ယုံကြည်နေကြပါသည်၊ ရဲအရာရှိသည် ဦးမာဒင်နှင့် လူခွေးတို့ကို ခေါ်ထားရန် မှာကြားပြီး သူကိုယ်တိုင် ခေါင်းဆောင်လျက် ထိန်ပင်ဆီသို့ ချီတက်ခဲ့ကြသည်၊ ထိန်ပင်အောက်သို့ ရောက်သည်နှင့်ထိန်ပင်အောက် အရှေ့ဘက်တည့်တည့်တွင် ရဲသားတစ်ဦးကို မြေတွင်တူးခိုင်းရာ ဓားမြှောင်တစ်လက်ကိုတွေ့ရပါသည်၊ ဓားတွင်သွေးများစွန်းပြီးမကြာခင်ကမှ မြေတွင်မြှုပ်ထားသည့် လက္ခဏာကို ပါ စစ်ဆေးတွေ့ရှိရပါသည်၊ ထိုဓားကိုယူ၍ ရွာသို့ ပြန်ခဲ့ကြသည်၊ ရွာသို့ ရောက်သည်နှင့် အသင့်ခေါ်ယူထားသော လူခွေးနှင့်ဦးမာဒင်ကို စစ်ဆေးတော့သည်၊ ပထမ လူခွေးကို စစ်ဆေးပါသည်၊

"ကိုလူခွေး-ဒီဓားဟာ ခင်ဗျားရဲ့ဓား ဟုတ်၊ မဟုတ် ပြောပါ"

"ဒါ-ကျွန်တော့်ဓား မှန်ပါတယ် ခင်ဗျား"

လူခွေးမှာ ငြင်းပယ်ရန် မကြိုးစားပဲ ဝန်ခံလိုက်သည်၊

"ဒါဆို-မောင်ချိုကို ဒီဓားနဲ့ ကိုလူခွေး သတ်ခဲ့တာလား"

"ကျွန်တော် မသတ်ပါဘူး ခင်ဗျား၊ ဦးမာဒင်က မောင်ချိုကိုသတ်ဖို့ ကျွန်တော့်ဓားကို ယူသွားမယ်လို့ပြောပြီး ယူသွားပါတယ်၊ သူသတ်တယ်၊ မသတ်တယ်ဆိုတာတော့ မသိပါဘူး၊ ဒီဓားကတော့ ကျွန်တော့်ဓားမှန်ပါတယ်"

ရဲတပ်ဖွဲ့သည်လူခွေးကိုစစ်ဆေးပြီး ဦးမာဒင်ကို စစ်ဆေးရန် ခေါ်လိုက်သည်၊

"ကဲ-ဦးမာဒင်-ထိန်ပင်စောင့် ပြောတာတွေဟာ ဒီအထိ အတိအကျမှန်နေတယ်၊ ဦးမာဒင် ပုန်းကွယ်နေရင် အချိန်ကုန်တာပဲအဖတ်တင်မယ်၊ အမှန်တရားဟာပေါ်မှာပဲ၊ ဒီတော့-ယောကျ်ားပီပီ ဗျာ၊ လုပ်ရဲရင် ခံရဲရမှာပေါ့၊ ဒီတော့-အမှန်အတိုင်းဝန်ခံလိုက်ပါ"

ဦးမာဒင် ဘာစကားမှမပြောပဲ ငြိမ်နေပါသည်၊ မျက်မြင်သက်သေမရှိပါပဲ ထိန်ပင်စောင့်က အတိအကျပြောပုံကို အံ့သြမဆုံးအောင် ရှိနေပါသည်၊ ယခင်က ထိန်ပင်စောင့်ကို မယုံကြည်ခဲ့သော်လည်း ယခု ယုံကြည်လက်ခံရမလို ဖြစ်နေပါသည်၊ စိတ်ကို လျှော့လိုက်ပြီး ခေါင်းငုံ့လျက် ပြောလိုက်ပါသည်၊

"ဟုတ်ကဲ့-မောင်ချိုကိုကျွန်တော် ကိုယ်တိုင် သတ်ခဲ့တာကို ဝန်ခံပါတော့မယ်"

ရွာသူရွာသားအားလုံး မျှော်လင့်နေကြသည့်စကားကိုပင် ကြားလိုက်ရသည်၊ စမ်းရေချိုရွာတွင် ထိန်ပင်စောင့်၏သတင်းပို၍ကြီးသွားပါသည်၊ ထိန်ပင်စောင့် ရှိသည်ဟု ယုံကြည်နေကြပါတော့သည်၊

ကောင်းထေ...

## နားလေထွက်လျှင်...

- တရုတ်စကားပွင့်ကို နားတွင် ပိတ်ဆို့ထားပါ၊
- အပွင့်ကိုလက်သုပ် သုပ်စားပါ၊ သခေါ်ာရွက်ကို မီးကင်၍ တို့စရာအဖြစ် တို့စားပါ၊


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မဖြစ်နိုင်လည်း မဖြစ် မမြင်ရ မြင်ရကြုံခဲ့ရ

ကေရာဂ်

ရဲဘော်မိုက်ခဲနှင့်ပဲပေါတင်အောင်တို့က လေ့ကျင့်ရေးတပ်တွင်နေစဉ်ကတည်းက နာမည်ကျော်သူတွေလေ။ ပဲပေါတင်အောင်က အင်မတန်ကိုသည်းခံနိုင်စွမ်းရှိလွန်း၍ဖြစ်သည်။ သူ့ကိုဘယ်လိုနောက်ပြောင်ပြောဆိုရုံမက ကွဲပြီး သွေးထွက်ထွက်၊ သွားကျိုးကျိုး စိတ်မဆိုးတတ်၊ အစလွန်သွားသော ရဲဘော်ကို အပြစ်ပေးမခံရအောင် လိမ်ညာဖုံးကွယ်ပေးတတ်သေးသည်။ ထကယ်ကို ခန္တီတရား စိုင်မာလွန်းသူဖြစ်သည်။ တပ်ထဲရောက်လာခါစက အသားမည်းမည်းပုပု၊ မျက်လုံးပြူးပြူးနှင့်ပိန်ပိန်ညှက်ညှက်ကလေး။ လေ့ကျင့်ရေးတပ်ရောက်ပြီးတစ်နေ့ (၁၈)နာရီ ပြေးလွှားလေ့ကျင့်ရပြီးပဲဟင်းနှင့်ဓာတ်တည့်ပေါင်းသင်းမိသဖြင့် ဗိုးဝရုပ်နီးပါး ဝဖြိုးသွားသူမို့ ပဲပေါဘွဲ့ထူးပိုင်ဆိုင်သွားခြင်းပင်။

ရဲဘော်မိုက်ခဲကတော့ တစ်မျိုး၊ သူတစ်ဖက်သားကိုကူညီတတ်သူ။ အဝတ်အစားအသုံးအဆောင်မှ ငွေကြေးအထိပေးကမ်းကူညီသည်။ အပြန်အလှန်မျှော်လင့်ချက်မထား။ ကိုယ်ရေးကိုယ်တာကိစ္စများဆိုလျှင် အစအဆုံးအထိကူညီပေးသည်။ အထူးသဖြင့် ရဲဘော်အားလုံးအတွက် အကြပ်အတည်းဖြစ်နေပြီဆိုလျှင် ကန့်သတ်အမိန့်ကြောင့်အခက်အခဲကြုံသည်ဆိုလျှင် မရအရဖြစ်အောင်ဆောင်ရွက်ပေးတတ်သည်။ သည်လို လုပ်ဆောင်မှုကြောင့် မကြာခဏ ကွာတားထဲ ရောက်သွားသည်။ တစ်ကြိမ်နှစ်ကြိမ်မဟုတ်၊ အကြိမ်ပေါင်း မနည်းလှတော့ပါ။ ဒါဆို မှတ်ပြီလားဆိုတော့ "နောက်မလုပ်ပါဘူးဗိုလ်ကြီး" ဆိုသည်က မိုက်ခဲ၏ ဝက်ပါစကားပါ။

နောက်တစ်ကြိမ် ပြဿနာလုပ်၍ မေးလိုက်လျှင် "နောက်မလုပ်ပါဘူးဗိုလ်ကြီး" ဆိုသောစကားသာ ထွက်လာသည်။ ကြာတော့ သူ ရောက်လေရာတပ်မှ တပ်ခွဲမှူးတွေက သူ့အထာ သူ့အပြော သိသွားကြသည်။ တပ်ခွဲမှူးရုံးရောက်သွားသည့်အခါ "မင်း ရှေ့လည်းမလုပ်နဲ့၊ နောက်လည်းမလုပ်နဲ့၊ အလယ်ကို မလုပ်နဲ့၊ ဒီတစ်ခါလုပ်ရင် ပြစ်ဒဏ်နှစ်ဆခံရမယ်၊ မှတ်ထား" ခပ်မာမာသတိပေးတော့မှ ငြိမ်သွားသည်၊ သူတစ်ပါးကို ကူညီလိုက်ရလျှင် မိုက်ခဲအလွန်ဝမ်းသာပျော်ရွှင်နေတတ်သည်၊ မည်သည့်ပြစ်ဒဏ်ပေးပေး ဝမ်းမနည်းတတ်။ နောင်တလည်း မရတတ်ပါ၊ ပြန်မပြော၊ နားမထောင်ကောင်စား၊ အေးလေ - စစ်တပ်မဟုတ်လား၊ ပြန်ပြောလျှင် ထပ်ပြီးနားရင်းအုပ်ခံရမှာကိုး။

ရဲဘော်ပဲပေါတင်အောင်ကတော့ မြေမြန်တပ်ရင်းရောက်ပြီး ဒုတိယအကြိမ်စစ်ဆင်ရေးထွက်စဉ်ကရင်ပြည်နယ်တွင် ကျဆုံးခဲ့ရပါသည်၊ ရွာကျော်ရပ်ကျော်၊ အဲ - တပ်ခွဲကျော် တပ်ရင်းကျော်ရဲဘော်မိုက်ခဲကတော့ ယနေ့တိုင်သက်တော်ရှည်ဘိုးဘိုး ဖြစ်နေသည်။ မိုက်ခဲတွင် ရဲဘော်တွေသာမက အရာရှိတွေအားလုံး တပ်ရင်းမှူးတွေပါ အံ့သြနားမလည်နိုင်သော အလွန်ထူးခြားသော အစွမ်းသတ္တိရှိနေခြင်းပင်၊ ယင်းအစွမ်းက အသက်ဘေးအန္တရာယ် ကြုံသည့်အခါတိုင်း အံ့သြထူးဆန်းစွာ လွတ်မြောက်ခဲ့ခြင်းပင်ဖြစ်ပါသည်၊ မိုင်းနင့်တွေ့၍မိုင်းမကွဲခြင်း၊ ကျည်ဆန်လွဲချော်ခြင်း၊ ကျည်ဆန်မထွက်ခြင်းတို့နှင့် ကြုံတွေ့ခဲ့ပြီး လွတ်မြောက်ခဲ့ရမှုတို့ ဖြစ်သည်။

သည်လိုလွတ်မြောက်ရခြင်းမှာ မိုက်ခဲတွင် အဆောင်ပစ္စည်း လက်ဖွဲ့စလွယ် စသည်တို့ ဆောင်ထားခြင်း





www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်း မဟုတ်ပါ။ ဂါထာမန္တန်တွေ ရွတ်ဖတ်မှုလည်းမရှိ၊ မသိသူပင်၊ ဆေးတွေ အင်းတွေ ကိုယ်တွင် ထိုးထားသည်လည်း မတွေ့ရတော့၊ သူ့ကို အားလုံး အံ့ဩရုံမှလွဲ၍ ဘာမှမတွေးတတ် မစဉ်းစားအောင် ရှိကြသည်။ မွေးရာပါ မဟာလူသား Super Man အဖြစ် သတ်မှတ်ရတော့သည်၊ ကာယသိဒ္ဓိခေါ် ဓားပြီးတုတ်ပြီးလည်း မဟုတ်ပါ၊ ထိုသို့ ထူးဆန်းသောအစွမ်း ရှိနေသော်လည်း ရဲဘော်မိုက်ခဲသည် တပ်ထဲတွင်ရော အရပ်ထဲမှာပါမည်သူနှင့်မျှရန်မဖြစ်ခဲ့သူ ဖြစ်သည်။ တခြားသူတစ်ယောက်သာ ယခုလိုအစွမ်းရှိပါက လူတွင်ကျယ်လုပ်မည်၊ နေရာတကာ ဆရာလုပ် ဗိုလ်ကျမည်က သေချာပါသည်၊

"မင်းကွာ ဒီလောက်အစွမ်းတွေ ရှိနေတာတောင် သူများတွေက စိန်ခေါ်နေတာကို ရှောင်ပြေးလာရတယ် ဆိုတာ လူကြားလို့တောင် မကောင်းဘူး။ မင်းက ကြောက်လို့လား"

မကြာခဏ အပြင်ထွက် Out pass သွားသည့်အခါ အပြင်တွင် ရန်ပွဲကြုံတိုင်း ရဲဘော်မိုက်ခဲက ရှောင်တိမ်းလာလေ့ရှိသူမို့ ရဲဘော်တွေက ဗိုင်းပြောကြသည်။

"ဟုတ်တယ်၊ ပြဿနာဖြစ်ရင် မင်းက ငြိမ်းချမ်းရေးတရားဟော၊ တောင်ပန်နဲ့ သိက္ခာကျတယ်"

"မင်းနဲ့သွားရင် ငါတို့စစ်သားသိက္ခာ မရှိတော့ဘူး။ ဂန္ဒီးလိုလို အခြောက်လို လိုနဲ့၊ လူတွေက မလေးမစားပုံစံနဲ့ လု နေတာ မင်းတွေ့လား"

"ဟာ - ပြောမနေပါနဲ့ကွာ၊ ဒီကောင် မိန်းမလျာစိတ် ဝင်သွားပြီလားမသိဘူး"

သူတို့တွေက မခံချင်စိတ်နှင့် ပြော နေကြသော်လည်း မိုက်ခဲက သူ့ပင်ကို ပုံစံအတိုင်း ပြောင်ချော်ချော် စပ်ဖြဖြ ပင်၊

"မင်းကိုယ်မင်း စစ်သားဆိုတာကို သတိမှ ရသေးရဲ့လားကွ၊ လူတိုင်းကို ကြောက်နေတာချည်းပဲ"

"အေး - အဲဒါ မင်းတို့ အယူအဆ တွေ လွဲနေပြီကွ၊ ငါတို့စစ်သားဆိုတာ ပြည်သူတွေကို ကာကွယ်စောင့်ရှောက် ပေးရမယ့်တာဝန်ရှိသူတွေ၊ ပြည်သူတွေ ကို အနိုင်ကျင့် နှိပ်စက်ဖို့ စော်ကားဖို့ မဟုတ်ဘူးဆိုတာ မင်းတို့ မေ့နေပြီလား ကွ - ဟေ -"

"အင်း - အင်း ပြောပါဦး၊ တရား ဟော မွကထိကကြီးရဲ့"

"အေးမင်းတို့အယူအဆလွဲနေတာကို ပြင်ကြပါကွာ၊ ငါတို့အားလုံးဟာ ဟောဒီမြန်မာတစ်ပြည်လုံးက တိုင်းရင်းသားမိဘတွေက မွေးလာသူတွေလေ၊ ညီအစ်ကိုသွေးချင်းဆိုတာ မေ့နေပြီလား၊ ငါတို့မှာ လက်နက်ရှိလို့ လက်နက်အားကိုးနဲ့ အနိုင်ကျင့်တာ မတရားလုပ်ယူတာ၊ သတ်ဖြတ်တာတွေ လုပ်ရင် ပြည်သူ့စစ်သားဖြစ်ပါ့မလား။ လူယုတ်မာ ဓားပြ အကြီးစားတွေ ဖြစ်သွားမှာပေါ့"

"ဟ - ငါတို့က ဘယ်မှာလက်နက် ပါလို့လဲ၊ လက်သီးချင်းထိုးကြတာ မဟုတ်လားကွ"

"ရန်ဖြစ်ဖြီး ထိုးကြတယ် ဆိုကတည်းက မကောင်းတော့ဘူး၊ တို့က စစ်တပ်ကဆိုတဲ့အရှိန်အဝါနဲ့ အနိုင်ကျင့်တယ်လို့ပဲ သူတို့က ယူဆကြမှာပေါ့။ သူတို့ဟာ တို့ကာကွယ်ပေးရမယ့် စောင့်ရှောက်ပေးရမယ့် ပြည်သူတွေပဲဆိုတာ သတိရပြီး ရှောင်ထွက်လာတာကို ဦးနောက်ဆင်ခြင်ဉာဏ်ရှိတဲ့လူတိုင်းက ဝမ်းသာချီးကျူးကြမှာ သေချာတယ်"

ရဲဘော်အားလုံးငြိမ်သွားကြသည်။ ရဲဘော်မိုက်ခဲက ပြောလက်စနှင့် ဆက်လိုက်ပင် ပြောတော့သည်။

"ငါတို့ စစ်ခေါင်းဆောင် တစ်ယောက် ပြောဖူးတာ ငါပြန်ပြောပြမယ်၊ သူက ပြည်သူတွေ မပြုံးတာဟာ မမဲ့ရဲလို့မှတ်"တဲ့ကွ။ ကဲ... ဒီတော့ မင်းတို့ကို ပြည်သူချစ်တဲ့ ပြည်သူ့စစ်သားဖြစ်အောင် ငါက ရန်ရှောင်လာခဲ့တာ၊ မှန်သလား၊ မှားသလား၊ ပြောကြစမ်း"

ရဲဘော်မိုက်ခဲက သူ့အဘိဓမ္မာကို ဟောပြောမှုအဆုံးသတ်ရန် ရဲဘော်တွေကို ကြည့်လိုက်သည်၊ ရဲဘော်တွေကသူ့ကို ဖဝေဖဝါဖြင့် ကြည့်နေကြသည်။ တချို့က သိပ်လက်မခံချင်ဟန်ရှိသည်။ လျှာရှည်တတ်သော သိန်းရွှေလေးကတော့ သူ့ဗီဇအတိုင်း မေးခွန်းထုတ်လာသည်။

"မင်းပြောသလိုဆိုရင် ငါတို့က သူတို့လုပ်တာကို ငြိမ်ခံပြီး ပြန်လာရမလို ဖြစ်နေတာပေါ့"

"မင်းက သဘောမပေါက်သေးဘူး ထင်တယ်၊ ပြဿနာစဖြစ်တိုင်း စကားမပြေပြစ်လို့မဟုတ်လား၊ ကဲ - ပြော"

"အဲဒါတော့ ဟုတ်တယ်လေ"

"အေး - အဲဒီလိုစကားပြောထဲက ပြေပြေပြစ်ပြစ် ပြောဆိုမယ်၊ လျှော့တန်လျှော့ပေးရင် ရန်မဖြစ်တဲ့အပြင်၊ မိတ်ဆွေအဖြစ်တောင် တိုးလာဦးမယ်"

www.burmeseclassic.com



"ရှိုးရှိုးပြသနာနဲ့ ဖြို့လို့ဖြစ်တာကတော့ ဟုတ်တာပေါ့၊ တမင်လူမိုက်လုပ်နေတဲ့ကောင်တွေနဲ့ကျရင်မင်းပြောသလိုလုပ်လို့ရမလားကွ၊ သူကတွယ်လို့ခံလာရမှာပေါ့"

"အေး - အဲဒီလိုလူမိုက်ဆိုတာမျိုးတွေ့ရင် ဆက်ဆံရမယ့်နည်းလမ်းမျိုးလည်း ငါ့မှာ ရှိပါတယ်ကွာ"

"အဲဖြင့် - အခုပြောလေကွာ"

"အဲဒီနည်းကပြောပြလို့ရမယ့်နည်းမဟုတ်ဘူး၊ လက်တွေ့သင်ပြပေးမှရတာလေ၊ တစ်နေ့ မင်းတို့ကို ငါ သင်ပေးပါ့မယ်"

ရဲဘော်မိုက်ခဲက ပြောင်ချော်ချော်လုပ်တတ်သူဖြစ်သော်လည်းကတိဖျက်တတ်သူမဟုတ်ကြောင်းအားလုံးသိကြ၍ သိန်းရွှေလေး ငြိမ်သွားသည်၊ မိုက်ခဲသင်ပေးမည်ဆိုသောနည်းကလက်တွေ့သင်ပေးမည့်နည်း၊ ပြီးတော့ ရိုးရိုးလူကိုမဟုတ်၊ လူမိုက်ကိုတဲ့၊ လူမိုက်ကို သင်ပေးမည်ဆိုတော့လူမိုက်ထက်ပိုပြီးမိုက်ရမည်၊ ရဲဘော်မိုက်ခဲ တစ်ကြိမ်တစ်ခါမှ ရန်ဖြစ်ဖူးသူမဟုတ်၊ သူက လူမိုက်ကို တရားသွားဟောနေမည်ဆို လျှင်ကောင်းကောင်းအဆော်ခံလိုက်ရဖို့က

သေချာနေသည်၊

"ဟုတ်မှလည်း လုပ်ပါကွာ၊ တော်ကြာဟိုကဆော်လိုက်လို့ငါတို့တွဲပြီးပြန်ခေါ်လာရရင် ကြည့်မကောင်းဖြစ်ကုန်မယ်"

"အေး - ဟုတ်တယ်၊ နာမည်ကိုတော့ လူများရိုက်လို့ကွဲဆိုတာမျိုး ဖြစ်နေပါ့မယ်ကွာ၊ ဟားဟားဟား"

ရဲဘော်တွေက အမျိုးမျိုး လှောင်ပြောင်ခဲ့ကြသည်၊ သို့တစေ၊ သူက သူ့ချစ်ရဲဘော်တွေမို့ ခပ်ပြုံးပြုံးနှင့် ဘာမှပြန်မပြောခဲ့ပါပေ၊

ရဲဘော်၊ ရဲဘက် တိုက်ဖော်တိုက်ဖက်၊ သေတူရှင်ဖက်တွေ၊ သွေးရင်းချာညီအစ်ကိုတွေ၊ စားစား သွားသွား အိပ်စက်နေထိုင်၊ ကောင်းတူဆိုးခံ၊ ဝေမျှစံစား၊ ခံစားရသူတွေ၊ အဆင်မပြေ စိတ်အနိုက်မသင့်၍ ထပြီး ထိုးကြကြိတ်ကြကန်ကြဖြစ်သည်၊ ဖူးယောင်ပေါက်ပြဲသွားကြသည်၊ ဟော - တော်ကြာ တစ်ယောက်ကိုထိဦးကျပ်ထုပ်ထိုးပေး၊ ဆေးထည့်ပေး၊ ပြန်တောင်းပန်ပြော၊ ပြီး - တဟီးဟီးတဟားဟားဖြစ်နေပြန်သည်၊ အံ - တစ်ခါတစ်ခါကျတော့လည်းအဝ်မတန်ရယ်စရာကောင်းသည်ကို တွေ့ရ





တတ်သေးသည်၊ ဘယ်လိုဖြစ်သလဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ထိုးကြကြိတ်ကြနဲ့ အလံလုပွဲ ချန်ပီယံလုပွဲလို့ဆော်ပလော်တီးကြလို့ဘေးကကြည့်နေကြတဲ့ ရဲဘော်တွေကကြည့်လို့မှဝင်ထွဲဖျန်ဖြေပေးလိုက်ပြီး သရေပွဲ သတ်မှတ်ပေးမှ အေးသွားတော့ တစ်ယောက်ကိုတစ်ယောက် ဇီဝက လုပ်ပြန်ရော...၊

အဲ - ချစ်ခင်ကြင်နာမှုတွေကနေ ပါးစပ်ကို အငြိမ်မနေ ...

"မင်းက တစ်ခါတစ်ခါ သောက်ချဉ်ဖောက်တယ်"

# ၆

ဒီသေနတ်က ဂျပန်မြင်းစီးသေနတ်၊
ကျည်ဆန်တလည်း
ထုတ်တော့တာ မဟုတ်ဘူး။
လက်လုပ်ကျည်ဆန်နဲ့ ပစ်မှရတာ၊
ဘာဖြစ်ဖြစ် ကျည်ခွံကတော့
ပြောင်းရင်းထဲမှာပဲ ကျန်နေရမှာပဲ၊
အခု ကျည်ခွံလည်း မရှိဘူး။
မောင်းတံက ပြန်မဖွင့်ရသေးဘဲနဲ့
ကျည်ခွံမရှိတာ
အတော်ထူးဆန်းနေတယ် ...



www.burmeseclassic.com



"ဘာဖောက်လို့လဲ၊ မင်းသောက်ချိုးကရော ဟုတ်လို့လား"

"ငါက မင်းကို ခါတိုင်းလို ပြောနေကျအတိုင်း ပြောတာ"

"အေး - ငါကလည်း မင်းကိုတော့ မပြောနဲ့လို့ တားနေတာကိုမှ မရတာ"

"ဟ - ဒါလေးပြောတာနာစရာလားကွ၊ မင်းက အစမှ သောက်ကြီးသောက်ကျယ်လုပ်လို့..."

"လုပ်တော့ ဘာဖြစ်သလဲ (×)ဖြစ်သလား"

အဲသည်လို အဲသည်လိုကနေ ဖြစ်ပြီးစိတ်မကျေပွဲ၊ ဒုတိယအကြိမ်စိန်မခေါ်ဘဲ ထချကြပြန်လေရော၊ ထုံးစံအတိုင်း ရဲဘော်တွေက အခမဲ့တစ်ခါတစ်ရံမှသာ ကြည့်ခွင့်ရတာဆိုတော့ အားရပါးရကြည့်တာပေါ့။ ယောကျ်ားပီပီ လက်သီးချင်းဖိုက်ကြတာ၊ တုတ်ဆွဲ၊ ဓားဆွဲ အရပ်ထဲက မွဲလိုမှ လုပ်သည့်ထုံးစံ မရှိတော့တာ။ ခဏကြာတော့ နှစ်ကောင်လုံးသာ ခွေယိုင်တွေ ဖြစ်မှ၊ ဝိုင်းဆွဲပေးလိုက်ရပါတော့သည်။

အဆောင်မှူးတို့ တပ်စုတပ်ကြပ်ကြီးတို့ရောက်လာလျှင် အားလုံး တေမိတွေ ဖြစ်သွားကြသည်၊ ဘယ်သူ့မေးမေး မသိ၊ မမြင်ကြပါဆိုသောအဖြေကိုသာ ရသည်။ ဒင်္ဂါရာတွေကို မြင်နေပါလျက် တိုင်ချက်ဖွင့်သူ တရားလိုမရှိလေတော့ အမှုက ဖွင့်မရပါတော့။ လူကြီးတွေ၊ ဆရာတွေ ပြန်သွားကြပြီဆိုသော အခါ -

"ဟင်း - ခွေးမသား ငါက သနားလို့ ဘာမှမပြောလိုက်တာ"

"အေး - ငါကလည်း ဆရာက မင်းကိုအရင်ပြသနာပါပေါင်းပီးဆော်တော့ မှာစိုးလို့ မပြောလိုက်တာသိလား"

ထိုထိုသော အကြောင်းနာစခန်းတွေ၊ စေတနာတရားတွေနှင့် နမပေးယောက်ဖတွေ ချစ်ကြည်သွားကြပြန်သည်။

စဉ်းစားကြည့်ပါက ရဲဘော်တွေ၏ တကယ့် ရဲဘော်စိတ်သည် အသွေးအသား အသည်းနှလုံးထဲတွင်ပါ စိမ့်ဝင်စွဲထင်နေကြောင်း သိနိုင်ပါသည်။ လူသားပီပီ ရုတ်တရက်ဖြစ်ပေါ်လာသော စိတ်ကြောင့်သာ ရန်ဖြစ်တတ်ကြပေမယ့် အသက်သေအောင်ထိမလုပ်ကြ၊ မလုပ်ရက်ကြပါ။ ပွဲနှင့်ပွဲ ကွဲပြသွားသည်မှာ အလွန်ဆုံးပင်။ ရဲဘော်တိုင်းတွင် သေနတ်ရှိနေသည်၊ အလွယ်တကူ ပစ်ခတ်နိုင်သည်၊ သို့သော် မည်သူမှ သေနတ်နှင့်ပစ်ရန် စိတ်ကူးမိခြင်းမရှိပါ။ ရဲဘော်ချင်း ရန်ဖြစ်၍ သေနတ်နှင့် ပစ်သတ်မှုယနေ့ထိ တစ်ကြိမ်မှမရှိခဲ့သေးပါ၊ နောင်လည်းရှိလိမ့်မည်မထင်ပါ။ မတော်တဆဖြစ်၍ နောက်ပြောင်ရင်းမှ ဖြစ်သွားသည်တော့ ရှိပါသည်။

မတော်တဆဆို၍ ရဲဘော်မိုက်ခဲတစ်ခါက ခြေလျင်တပ်ရင်းတစ်ခုတွင် နေခဲ့ရစဉ်က တွေ့ခဲ့မြင်ခဲ့ဖူးသော အဖြစ်တစ်ခုကို အမှတ်ရလိုက်မိသည်၊ အင်မတန်ထူးဆန်းသောအဖြစ်တစ်ခုပင်၊ ထိုအဖြစ်အပျက်ကို ကြားရသူတိုင်း မဖြစ်နိုင်ပါဘူးလို့သာ ပြောကြသည်။ လက်တွေ့သိပ္ပံနည်းပညာအရ ဘယ်လိုမှ မဖြစ်နိုင်ပါ၊ သို့သော် တကယ်ဖြစ်ခဲ့ပါသည်၊ ဖြစ်သွားသောနေရာကလည်း တောတွေ တောင်တွေထဲမှာ မဟုတ်ပါ၊ ညည့်နက်သန်းခေါင်အချိန်လည်း မဟုတ်ခဲ့ပါ၊ ဖြစ်သည်မှာ မိုက်ခဲတို့တပ်ခွဲအတွင်းဖြစ်ခဲ့ခြင်းပါ၊ နေ့ခင်းပိုင်းလူတွေများစွာရှိနေကြသည်။

ဦးစွာ တပ်ရင်းတည်ရှိပုံကို ဖော်ပြရပါမည်။

တပ်ရင်းဝင်းထဲ ဝင်လိုက်လျှင် ညာဘက်ခြမ်းတွင် ဗဟိုကင်းကြီးရှိသည်၊ ကင်းကြီးရှေ့လမ်းတစ်ဖက်တွင် ဆက်သွယ်ရေးတပ်စိတ်ရုံးခန်းနှင့်ရဲဘော်တွေ အိပ်ဆောင်တစ်ခုရှိသည်၊ လမ်းမကြီးအတိုင်းဆက်သွားလျှင်လမ်းမကြီးဘယ်ညာတွင် လူပျိုရဲဘော်များ အိမ်ဆောင်ရှိနေကြသည်၊ လမ်းအဆုံးတွင်မှ အိမ်ထောင်သည်လိုင်းများ တည်ရှိကြသည်။

ဗဟိုကင်းနောက်ဘက် ပေတစ်ရာခန့်တွင် တပ်ရင်းမှူးနှင့် ဒု - တပ်ရင်းမှူး၊ ရေး/ထောက်နှင့် တပ်ရင်းအရာခံဗိုလ် (R.S.M)ရုံးခန်းများရှိကြပါသည်၊ တပ်ခွဲတစ်ခွဲတွင် အိပ်ဆောင်နှစ်ခုစီရှိ၍ အိပ်ဆောင်နှစ်ခုကြား၊ ဘော်လီဘောကစားကွင်းရှိသည်၊ ကွင်းထိပ်တွင် လက်နက်တိုက်ရှိပါသည်၊ တစ်ဆယ့်ငါးပေပတ်လည်ခန့် သွပ်မိုးပျဉ်ကာ အင်္ဂတေအခင်းနှင့် ဆောက်ထားသည်၊ လေးပေအကွာမျှ ပတ်လည်တွင် သံဆူးကြိုးစည်းရိုးကာရံထားသေးသည်၊ တံခါးမကြီးတစ်ခုသာ ဝင်ပေါက်ရှိပါသည်၊ လက်နက်တိုက်တာဝန်ခံက ဒုတပ်ကြပ်စိန်နီ ဖြစ်ပါသည်၊ တပ်ခွဲတိုင်းတစ်ခုစီ ရှိကြပါသည်။





www.burmeseclassic.com

www.burmeseclassic.com



နောက်တန်းပြန်နားရသည့်အချိန်ဖြစ်၍ဂျူတီမရှိသူတွေက ဘော်လီဘောကစားနေကြခြင်းမို့ အားပေးသူတွေလည်း ရှိနေကြသည်။ သူတို့အနီးသို့ ဆရာစိန်ခိုရောက်ရောက်ချင်း ခေါ်တော့သည်။

"ကဲ - ဟော့ကောင်သုံးကောင် လာကြ အလုပ်စမယ်"

ရဲဘော်မိုက်ခဲ၊ မင်းလွင်နှင့် အောင်မြင့်တို့ ထလာခဲ့ကြရသည်။ သူတို့သုံးယောက်ကို ဆရာစိန်ခိုက လက်နက်တိုက်သန့်ရှင်းရေးပြုလုပ်ရန် ခေါ်ထားခြင်းဖြစ်သည်။ ဆရာစိန်ခိုက သော့များဖွင့်၊ တံခါးဖွင့်၍အတွင်းသို့ဝင်ခဲ့ကြသည်။ မျက်နှာကြက်အမိုးနှင့် မျဉ်ထရံကာထားသည့်နေရာတွင် လေးကွက်သံဆန်ကာများ ပတ်ပတ်လည် ကာရံထားသဖြင့် အေးမြနေသည်။ လေးပေမီးချောင်း ဖွင့်လိုက်၍တစ်ခန်းလုံး လင်းလင်းချင်းချင်းဖြစ်သွားရာ၊ သစ်သားစင်များနှင့် စနစ်တကျထားသောလက်နက်များအောက်ခြေတွင် သံသေတ္တာများနှင့်ထားသော ကျည်ဆန်ဖ သေတ္တာ၊ စိန်ပြောင်းကျည်များ၊ မီးကျည်များကိုပါ တွေ့ရသည်။

"ဟို - သံသေတ္တာထဲက ကျည်ဆန်နဲ့ ဗုံးသီးတွေကတော့ ဘာမှမလိုပါဘူး၊ သေနတ်တွေကိုသာ လုပ်ရမှာ"

"သေနတ်တွေအားလုံး လုပ်ရမှာလား - ဆရာ"

တပ်ခွဲတစ်ခွဲစာ လက်နက်တွေကို ကြည့်ရင်း အောင်မြင့်စိတ်ညစ်သွားဟန်နှင့် မေးလိုက်ခြင်းပင်။ သူတို့သုံးယောက်နှင့်ဆိုပါက နှစ်ရက်နှင့် လုပ်ကိုင်၍ပြီးနိုင်မည်မဟုတ်ပေ။

"အေးလေကွာ - အားလုံးလုပ်ရမှာပေါ့၊ မင်းတို့ ပစ်ခဲ့ကြတာ မဟုတ်ဘူးလား"

"ဟား - သေပြီဆရာရေ"

"သောက်ပျင်း ပြောလိုက်ရုံရှိသေးတယ်၊ သေပြီဆရာ ဖြစ်သွားတယ်။ မင်းသေလည်း အေးတာပဲ"

ဆရာစိန်ခိုက မျက်စောင်းထိုးကာ ပြောလိုက်မှပါးစပ်ပိတ်သွားတော့သည်။ မိုက်ခဲနှင့်မင်းလွင်တို့ကမှတ်ဟဲ့သဘောနှင့် ပြုံးနေကြသည်။ ဆရာစိန်ခိုက သေနတ်တိုက်ကြိုး၊ ဖလန်နယ်အဝတ်စနှင့် သံဆန်ကာအနစားတို့ကို ထုတ်ပေး သည်။ သေနတ်သန့်ရှင်းရေးပြုလုပ်ရ ဖြစ်ပါသည်။

သည်နေရာတွင် သေနတ်သန့်ရှင်းရန် သေနတ်တိုက်ချွတ်ခြင်းမှာ သုံး သုံးနည်းရှိပါသည်။ ပထမနည်းကနေ ထုတ်ယူကိုင်တွယ်နေကြရသော ဗဟိုကင်းတပ်ရင်းလှည့်ကင်း၊ မိန်းမလိုင်း (အိမ်ထောင်သည်လိုင်း)ကင်း စသည်တို့မှ သေနတ်များမှာ သာမန် ဖိုးတိုင်ဘူး (၄" x ၂")ဖလန်နယ်အဝတ်စနှင့် တိုက်ရုံနှင့် လုံလောက်ပါသည်။ ဒုတိယတိုက်ချွတ်ခြင်းက ရှေ့တန်းတွင် တိုက်ခိုက်မှုပြုလုပ်ပြီး အားလပ်ချိန်တွင် သံဆန်ကာနနကလေးနှင့် ဦးစွာတိုက်ရသည်။ယမ်းခိုးယမ်းချေးများရှိ၍ ဖြစ်သည်။ ပြီးမှဖလန်နယ်စနှင့် ထပ်တိုက်ရပြန်သည်။

တတိယနည်းမှာ တိုက်ခိုက်မှုများပြီး သေနတ်တိုက်ချွတ်ချိန်မရ၍မတိုက်ချွတ်ရသည့်အခါနှင့် နောက်တန်းပြန်ရောက်သော အချိန်တွေမှာသာ အသုံးပြုတတ်ပါသည်။ ထိုနည်းက ပထမဦးစွာ ရေနွေးနှင့် ဆေးကြောသန့်စင်ပြီးဒုတိယ သံဆန်ကာ၊ တတိယအကြိမ် ဖလန်နယ်စတို့နှင့် တိုက်ချွတ်ရခြင်းတို့ ဖြစ်ပါလေသည်။ သေနတ်တိုက်ကြိုးမှာ (၃) ပေခန့်ရှည်၍ (၃) စင်တီမီတာ အလုံးခန့်ရှိသည်။ အဖျားတစ်ဖက်တွင် ဆန်ကာနှင့်အဝတ်စခေါက်ထည့်ရန် ကွင်းတစ်ခုလုပ်ထားသလို ကျန်တစ်ဖက်တွင် သံချောင်းလုံးရှည်သော တစ်ချောင်းတပ်ထားလျက် ရှိသည်။ တစ်ဖက်ကြိုးကွင်းတွင် အဝတ်စ သို့မဟုတ် သံဆန်ကာ တပ်ပြီး သေနတ်ပြောင်းထဲသို့ထည့်ပြီး ဆွဲတိုက်ရသည်။

ထိုသို့ သေချာအကြိမ်ကြိမ်တိုက်ပြီး ဝင်းလက်တောက်ပလာမှ ဆီထည့်ရသည်။ အပ်ချုပ်စက်သုံး ဆီဘူးမျိုးဖြစ်ပါသည်။ ဆီထည့်သည့်အခါ ဂရုစိုက်ရသည်။ ဆီများသွားပါက ယမ်းချေးနှင့် ရောဂါချေး အမြန်တက်သလို မျက်စေ့ကို ဆီစက်မှန်၍ ဒုက္ခပေးတတ်ပါသည်။

ယခု သူတို့သုံးယောက်မှာ သေနတ်တိုက်နည်းသုံးမျိုးလုံး သုံးကြရမည်ဖြစ်သောကြောင့် အောင်မြင့် စိတ်ညစ်သွားခြင်း ဖြစ်ပေသည်။

"မင်းတို့သုံးယောက် ဒီနေ့တော့ တစ်ယောက်ကို ဆယ်လက်စီသာတိုက်ကြ၊ နောက်နေ့မှ ကျန်တာ ဆက်တိုက်တာပေါ့"

"အိုကေ - ဆရာ၊ ဗဲရီးဂွတ်"

ရဲဘော်မိုက်ခဲ ဝမ်းပန်းတသာ ပြောလိုက်ပါသည်။

"ဘာ - အိုကေလဲ၊ ဆယ်လက်ပြီး တောင် တိုက်ရမှာ"





www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီလား - သောက်ပျင်းကောင်၊ ဒါဆို မင်းစက်တလေးကို တိုက်မလား"

"အာ - နေပါစေဆရာရယ်၊ ရိုင်ဖယ်တွေပဲ တိုက်ပါမယ်"

ဆရာစိန်နို၏ ခြိမ်းခြောက်စကားကြောင့် အောင်မြင့် အလန့်တကြား ဖြစ်သွားသည်။ စက်တလေး (Bren Gun) သာဆိုပါလျှင် အားလုံး အစိတ်အပိုင်းတွေဖြုတ်ရမည်က လက်ဝင်သည်၊ ကြန့်ကြာသည်ကို။

သူတို့အားလုံး လက်နက်တိုက်ရှေ့ မြေကြီးပေါ်တွင် (Ground Sheet) မြေခင်းမိုးကာများခင်းပြီး လုပ်နေကြသည်။ တစ်ခါတစ်ခါ မျက်စိဘောလုံးကစားသည့်ဆီ ရောက်သွားသည်၊ မိုက်ခဲနှင့် မင်းလွင်တို့ သေနတ်နှစ်လက်တိုက်ပြီးသွားချိန်တွင် အောင်မြင့်မှာ သေနတ်တစ်လက် မပြီးသေးပါ။

"ဟေ့ကောင် - သွက်သွက်လုပ်နော်၊ မင်း ဆယ်လက်မကုန်ရင် မင်းကုန်အောင်လုပ်ရမှာနော်၊ မင်းကို ငါတို့ ကူလုပ်ပေးမယ်မထင်နဲ့"

ရဲအောင်မိုက်ခဲက အောင်မြင့်ကူလီကူမာဉာဏ် များတတ်သည့်အထာကို သိနေသောကြောင့် သတိပေးလိုက်သည်။ မိုက်ခဲတို့ သုံးလက်မြောက်တိုက်နေချိန်တွင်မှ အောင်မြင့်မှာ သေနတ်တစ်လက်သာ ပြီးသည်။ အောင်မြင့်တို့ တိုက်ပြီးသွားသော သေနတ်ကို သွားထားပြီး မတိုက်ရသေးသော သေနတ်တစ်လက်ကို ဆွဲယူလာသည်၊ သူယူလာသောသေနတ်ကိုကြည့်ပြီးမင်းလွင်က ပြောတော့သည်။

"ဟေ့ကောင် - အောင်မြင့် ခင်းဘယ်က သေနတ်ယူလာတာလဲကွ"

"လက်နက်တိုက်ထဲက ယူလာတာလေ"

"မင်း ယူလာတဲ့သေနတ်ကို မင်းဘာသာ ပြန်ကြည့်ပါဦး"

"ဟ - မတိုက်ရသေးတဲ့သေနတ်လေ၊ ဟင် - ဒါဘာသေနတ်လဲ"

အောင်မြင့်က သူကိုင်ထားသောသေနတ်ကို ပြန်ကြည့်မိပြီးမှ အံ့ဩဟန်နှင့် ပြောတော့သည်၊ သူယူလာသောသေနတ်မှာ သုံးနေကျ အင်္ဂလိပ်ရိုင်ဖယ်အမေရိကန်ရိုင်ဖယ်တို့နှင့် မတူသလိုအရှည်ကလည်း သိသိသာသာ တိုသည်၊ မဂ္ဂဇင်းဘောက် (ခေါ်) ကျည်ဆန်ဘူးလည်း မပါရှိပါ။

"ဟေ့ကောင် - အဲဒီသေနတ်ကို ပြန်ထားလိုက်၊ တခြား သေနတ်တစ်လက်ယူ"

ဆရာစိန်နိုက လှမ်းကြည့်ပြီး ပြောလိုက်သည်။ ထိုစဉ် မင်းလွင်က အောင်မြင့် လက်ထဲမှသေနတ်ကို လှမ်းယူသည်။

"ခဏပြစမ်းကွာ၊ ဒီသေနတ်ပုံစံက တစ်မျိုးဘဲကွ"

"ဟာ - ကြည့်မနေပါနဲ့ကွာ၊ ပြန်ထားလိုက်မယ်"

"ဟ - ခဏလေးပါကွ"

မင်းလွင်က သေနတ်ကို ဒင်ဝယ်နေရာမှ ကိုင်ထားလျက် ဆောင့်ဆွဲယူလိုက်ပါသည်။ ထိုအခါ "ဒိုင်း - အား" ဆိုသော သေနတ်ပစ်သံ၊ လူအော်သံတို့က ဆက်တိုက်ပေါ်ထွက်လာသည်။

သေနတ်သံ၊ လူအော်သံတွေ ကစားနေကြသူများရော ကြည့်နေကြသူများပါ မြေပေါ်ဝပ်ချသူက ဝပ်ကြ၊ ကြောင်ပြီး ရပ်သူကရပ်နှင့် ဖြစ်သွားကြတော့သည်။ ခဏကြာတော့ရဲဘော်တွေ အားလုံး မိုက်ခဲတို့ဆီကို ပြေးလာကြသည်၊ လဲကျနေသော အောင်မြင့်ကို ဝိုင်းကြည့်နေကြသည်။

"ဟာ - အောင်မြင့်ကို သေနတ်မှန်သွားတာကွ"

"ဟေ့ - လုပ်ကြ၊ ကြည့်ကြစမ်း - ဆေးရုံပို့ရအောင်"

လဲကျနေသောအောင်မြင့်ကို ရဲဘော်တစ်ယောက်က ပွေ့ထူပြီး ...

"အောင်မြင့် - ဟေ့ကောင် - အောင်မြင့်"

အော်ခေါ်နေသည်။ ဆရာစိန်နိုက ရင်ဘတ်ကို စမ်းသပ်ကြည့်သည်၊ နောက်တစ်ခါ နားနှင့်ကပ်ပြီး အသက်ရှူသံ နားထောင်ကြည့်သည်၊ ပြီးတော့မှ ခေါင်းခါလိုက်ပါသည်။

"သွားပြီ - တစ်ခါတည်းပွဲချင်းပြီးပဲ"

တပ်ရင်းမှူးနှင့် အရာရှိတွေပါ ရောက်လာကြသည်၊ ဆရာစိန်နိုက သေနတ်ကို ကောက်ယူပြီး စစ်ဆေးကြည့်လိုက်သည်။ ပြီးတော့ တအံ့တဩ အမူအရာလေသံနှင့် ပြောလာသည်။

"ဟင်း - ကျည်ခွံလည်းမရှိဘူး၊ ဟေ့ကောင် - မင်းလွင်၊ မင်း မောင်းတံကို ဆွဲဖြုတ်လိုက်သေးသလား"

"ဟာ - ဆ - ဆရာကလည်း - ဒိုင်းခနဲသေနတ်သံပေါ်လာတာနဲ့ ကျွန်တော်လည်း လန့်ပြီး လွှတ်ချလိုက်တာ"





www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် - ဆရာ ကျွန်တော်မြင်နေတာသေနတ်သံကြားရပြီးအောင်မြင့် ပက်လက်လန်သွားတာနဲ့ သေနတ်ကျသွားတာ"

အောင်မြင့်ကို တစ်ဖက်သို့ လှည့်ကြည့်နေသောရဲဘော်မိုက်ခဲကဝင်ပြောသည်။ အောင်မြင့်ကျောဘက်ရှိ ကျည်ဆန်ထွက်ပေါက်ရာမှ တခြားရိုင်ဖယ်သေနတ် ဒဏ်ရာလို အကျယ်ကြီးမဟုတ်၊ အဝင်ဒဏ်ရာလိုပင် သေးငယ်စွာ ရှိနေသည်။ ဖြစ်ပျက်နေသည်တို့က ထူးဆန်းနေပါသည်။

"ကဲ - အားလုံး ကျည်ဆန်ထိပ်ဖူးနဲ့ ကျည်ခွံကို ရှာကြည့်ကြစမ်းကွာ"

ဒု - တပ်ရင်းမှူးက ပြောလိုက်၍ အားလုံး ဝိုင်းရှာကြသည်။ အောင်မြင့်ကျောပေးထားရာ နောက်ဘက်တွင် လက်နက်တိုက်၏ ရှေ့ခြမ်းပျဉ်နံရံရှိနေသလို မြေပြင်မှာလည်း ရှင်းလင်းထား၍ ပြောင်ရှင်းနေသည်။ နာရီဝက်မျှ ရှာသော်လည်း မတွေ့ရပေ။

"ဖြစ်နေတာတွေကတော့ တစ်ခါမှ မကြုံဖူးအောင်ကိုထူးထူးခြားခြားကိုဖြစ်နေတာပဲ၊ သေနတ်ကလည်း ကျည်အိမ်မရှိ၊ ကျည်ခွံမရှိဘဲနဲ့ ဒါနဲ့တောင် ဘယ်လိုလုပ်ပြီး ကျည်ဆန်ထွက်ရတာလဲကွာ"

"ဒီသေနတ်က ဂျပန်မြင်းစီးသေနတ်၊ ကျည်ဆန်ကလည်း ထုတ်တော့တာမဟုတ်ဘူး။ လက်လုပ်ကျည်ဆန်နဲ့ ပစ်မှရတာ၊ ဘာဖြစ်ဖြစ် ကျည်ခွံကတော့ ပြောင်းရင်းထဲမှာပဲ ကျန်နေရမှာပဲ၊ အခု ကျည်ခွံလည်း မရှိဘူး။ မောင်းတံကမြှန် မဖွင့်ရသေးဘဲနဲ့ကျည်ခွံမရှိတာအတော်ထူးဆန်းနေတယ်"

ဆရာစိန်ခိုက လက်နက်တိုက်တာဝန်ခံဖြစ်ပြီး သေနတ်ကျွမ်းကျင်သူဖြစ်လေရာ တအံ့တသြရှင်းပြနေသည်၊ သို့သော် အခြေအနေကို ထိန်းသိမ်းသောသဘောနှင့် မင်းလွင် အချုပ်ခန်းတွင်ထားရန် အမိန့်ပေးရသည်။

"မင်း ဘာမှစိတ်မပူနဲ့၊ လူတွေအများကြီးရှိနေတာပဲ၊ မင်းကြောင့် ဖြစ်တာမဟုတ်မှန်းသိတယ်၊ တော်ကြာ - မင်းက ကြောက်လန့်ပြီး တစ်ခုခုလုပ်မိမှာဖြစ်မှာစိုးလို့၊ အချုပ်ထဲ ထည့်ထားရတာ"

"ဟုတ်ကဲ့ - ဗိုလ်မှူး"

ဒု - တပ်ရင်းမှူးက မင်းလွင် စိတ်ဓာတ်မကျစေရန် အားပေးလိုက်သည်၊ ပြီးတော့မှ တပ်ရင်းမှူးရုံးခန်းသို့ အရာရှိအားလုံး သွားရောက်ကြသည်။ အောင်မြင့်အလောင်းအတွက် လက်ထောက်ဗိုလ်အား အကျိုးအကြောင်း ရှင်းလင်းပြောပြကာ သင်္ဂြိုဟ်လိုက်သည်၊

သို့သော် - စစ်တပ်ထုံးစံအတိုင်း တပ်ရင်းမှူးက စုံစမ်းစစ်ဆေးခြင်းကို ပြုလုပ်တော့သည်၊ အချင်းဖြစ်စဉ်က အနီးကပ်ရှိနေခဲ့သူ ရဲဘော်မိုက်ခဲနှင့် ဒု - တပ်ကြပ်စိန်ခိုတို့ကို စစ်ဆေးခဲ့သည်၊ သူတို့နှစ်ယောက်၏ ဖြေကြားမှုမှာလည်း ယခင်ပြောပြခဲ့သည့်အတိုင်းပင် ထပ်တူထပ်မျှ ကွဲပြားမှုမရှိပါ၊ တပ်ရေးဗိုလ်ကြီးကမူ ပြင်ပဗဟုသုတရှိပုံရသူဖြစ်သည်၊ အကြောင်းအကျိုးတို့ကို တစ်ခုစီ ရှင်းပြခဲ့သည်၊

"အခုကိစ္စမှာ ပုံမှန်သဘာဝမကျတဲ့အချက်တွေ ရှိနေတယ်၊ ကျည်ခွံ ကျည်ဖူး မတွေ့ရဘူး၊ နောက်တစ်ခုက နုလို ယမ်းအားပြင်းသေနတ်နဲ့ အနီးအပစ်ခံရတာတောင် အောင်မြင့်ရဲ့ ရင်ဘတ်မှာ မီးကျွမ်းထားတာ မတွေ့ရဘူးဗျာ၊ အဲ - ပြောင်းဝမှာ ယမ်းနံ့ လုံးဝကိုမရဘူး၊ မောင်းတံ့ကလည်းပိတ်ရက်သားရှိနေတယ်"

"ဒေါ့ဗျာ - ခင်ဗျာပြောတာ ဟုတ်တယ်နော်"

"နောက်တစ်ချက် ဆရာစိန်ခိုပြောသွားတာက ဒီသေနတ်ဟာ ရန်သူစခန်းက သိမ်းဆည်းရလာတဲ့သေနတ်လို့သိရတယ်၊ ကျွန်တော့်အထင်တော့ ဗိုလ်မှူးကြီး ယုံချင်မှ ယုံမှာပေါ့လေ"

"ဘာများလဲ - ကိုယ့် ဆရာရယ်၊ ပြောမှာသာ ပြောပါဗျာ"

"အင်း - ပြောရရင် ဒီလိုသေနတ်မျိုးမှာ ဝိညာဉ်ပူးကပ်တာတွေ ရှိတတ်လို့၊ ခုကိစ္စမှာလည်း အဲဒီပူးကပ်တဲ့ ဝိညာဉ် - ဟိုမကောင်းဆိုးဝါးကြောင့်လို့ ကျွန်တော်တော့ ထင်တယ်"

တပ်ရေးဗိုလ်ကြီးစကားကြောင့် နားထောင်နေကြသူများ ငြိမ်သက်နေကြသည်။ ယင်းကိစ္စမျိုးကိုမကြုံဘူးသော်လည်း သူတို့ ကြားဖူးခဲ့ပါသည်၊ ထို့နောက်တွင် အရာရှိများနှင့် တိုင်ပင်ပြီး တပ်ရင်းမှူးမှ ဖမ်းဆီးရမိသော လက်နက်များမှ ပြန်လည်အသုံးပြုနိုင်သော လက်နက်များကလွဲ၍ ချို့ယွင်းသော လက်နက်များကိုဖျက်ဆီးပစ်ရန်ရဲဘော် မင်းလွင်ကိုပြန်လွှတ်ပေးရန် အောင်မြင့်အတွက် တာဝန်ရှိန် ကျဆုံးမှုအဖြစ်ရသင့်သော ပင်စင်၊ ရရန်ငွေကြေးကိစ္စ၊ ဘုန်းကြီးများ ပင့်ဖိတ်ကာ တပ်ရင်းအား အန္တရာယ်ကင်းပရိတ်ရွတ် ဆွမ်းကျွေး

www.burmeseclassic.com



ရန် စသည်တို့ကို တပ်ရေးတပ်ထောက်အရာရှိများအား တာဝန်ပေးဆောင်ရွက်စေခဲ့ပါသည်။

ထူးဆန်းသည်မှာ အောင်မြင့်သည်အမှတ်မထင် ရုတ်တရက်သေဆုံးခဲ့ရသောကြောင့်လားမသိ။ သေဆုံးသွားခဲ့ချိန်မှစပြီးမိုက်ခဲထိုတပ်ရင်းတွင်ရှိနေစဉ်အတွင်း ခြောက်လှန့်ခြင်း၊ အရိပ်အယောင်ပြခြင်းတို့ လုံးဝ မရှိသည်ကိုမှတ်မှတ်ရရရှိနေခဲ့ရသည်။

⚜

ရဲဘော်မိုက်ခဲသည် ကျောင်းသားဘဝ စာသင်ခန်းထဲမှ တပ်မတော်ထဲရောက်လာသူ။ ကျောင်းသားဘဝတွင်အရာရာကို သိချင်သည်၊ ကာလသားခေါင်းကြီးတွေမှာ သူလာလျှင် မေးခွန်းတွေထုတ်တော့မည်ကို သိနေသည်။ သူ့ကိုကြိုတင်သတိပေးတတ်ကြသည်မှာ "စကားပြောနေတုန်း ဖြတ်မေးရင်အတီးခံရမယ်၊ သိချင်ရင်နောက်မှမေး" ဆိုပြီး ကြိုတင်ဘရိတ်အုပ်ထားရမြဲပင်။

စစ်သားတစ်ယောက်အဖြစ် ခြေလျင်တပ်၊ ခြေမြန်တပ် ဆက်သွယ်ရေးတပ်နှင့် သွေးသောက်တပ်သားဘဝ

ဘဝစုံစုံ ရောက်ခဲ့ရသည်။ သူ့ဝါသနာ
အရ တိုင်းနှင့် ပြည်နယ်၊ နယ်စပ်ဒေသ
များအပြင် အိမ်နီးချင်းတိုင်းပြည်တချို့
ပါ ရောက်ခဲ့ဖူးသည်။ အရှေ့ပိုင်းအာရှ
တိုက်သားတွေမှိုလားမသိပါ။ ယိုးဒယား
(ထိုင်း)၊ လာအို(လော)၊ တရုတ်၊ ပါကစ္စ
တန်နှင့် အိန္ဒိယနိုင်ငံတို့မှာပါ၊ ယုံကြည်
ရာ နတ်၊ သရဲ၊ တစ္ဆေအယူအဆများ
ပသမှု ပသပွဲတွေ ပြုလုပ်ကြသည်ကို
လည်းတွေ့ခဲ့ရသည်။ ယနေ့ လျင်မြန်စွာ
တိုးတက်ကြီးထွားလာနေသော တရုတ်
ပြည်သည် ကွန်မြူနစ်ဝါဒကို တစိုက်
မတ်မတ်လက်ခံနေခဲ့ပါလျက်တစ္ဆေကြီး
ပွဲတော်ကို တခမ်းတနား နှစ်စဉ်ပြုလုပ်
နေပါသည်။

ဂျပန်ပြည်တွင်လည်း အလားတူ
ပွဲမျိုး ပြုလုပ်တတ်ပါသည်၊ ထိုတဲ့သို့
အကြောင်းများကိုသာမက ကျွန်ုပ်တော
တို့ဗုဒ္ဓဘာသာစာပေများတွင် ဘုရား
ဟောကြားတော်မူခဲ့သော ဝေမာနိက
ပြိတ္တာအကြောင်းများကို အထင်အရှား
တွေ့နိုင်ပါသည်။ သို့စေကာမူ သည်
အကြောင်းများကို မေ့ထားခြင်းလား
မလေ့လာ မဖတ်ရှုခဲ့၍လား။ မည်သည့်
အကြောင်းများကို မေ့ထားခြင်းလား
မလေ့လာ မဖတ်ရှုခဲ့၍လား၊ မည်သည့်



အကြောင်းကြောင့်မသိ၊ ဒီအကြောင်းအရာတွေက မဟုတ်နိုင်၊ မဖြစ်နိုင်၊ ပုံပြင်တွေ ယုံတမ်းစကားတွေပါဆိုသူတွေမနည်းလှပါ။ တချို့က သွားရောက်စမ်းသပ်ကြည့်သည်၊ မိမိကုသိုလ် မြင့်မားနေချိန် ကြုံကြိုက်၍ ဘာမှမဖြစ်ခဲ့သည်ကိုအထင်တကြီးဖြစ်နေကြသည်။ တချို့က တမင် မထီလေးစားလုပ်၍ ဒုက္ခတွေ့သွားသူတွေလည်း ရှိခဲ့ပါသည်။

အဲသည်လို လူတွေထဲတွင် တောမရောက် တောင်မရောက် ပညာရပ်တစ်ခုကို ဆုံးခန်းတိုင် ပေါက်မြောက်စွာမသင်ယူခဲ့ပါလျက် မိမိကိုယ်ကို အထင်တကြီး လုပ်ကိုင်နေသူ လူတန်းစားတချို့လည်း ရှိကြပါသေးသည်။ ဟိုဂိုဏ်းဆရာလိုလို၊ ဒီဂိုဏ်းဆရာလိုလိုနှင့် တကယ်ဖြူစင် သန့်ရှင်းသော ဂိုဏ်းတွေကို နာမည်ပျက်စေသော ဆရာယောင်စိန်တွေဖြစ်ပါသည်၊ ထိုဆရာမျိုးတွေယနေ့ခေတ်ထိ ရှိနေပါသေးသည်၊ ထိုဆရာယောင်တွေကြောင့် သေဆုံးသွားခဲ့ရသူတွေလည်း နည်းလှသည် မဟုတ်ပါ။ ထိုအဖြစ်မျိုးတွေ မကြာခဏကြားခဲ့သည်။ ထိုစဉ်အချိန်က လူအများစုမှာ အသိပညာကင်းဝေးခြင်း၊ ခေတ်မီကျန်းမာရေးဌာနများ ဝေးလံခြင်း စသည့် အကြောင်းများ ပါရှိ၍ ဖြစ်ပါသည်။

ကျေးလက်ဒေသများတွင် ဥံုဖွဆရာတွေ၊ ပျောက်စေဆရာတွေ ခေတ်ထနေချိန်ဖြစ်သည်။ ရှားရှားပါးပါးတတ်ကျွမ်းသောဆရာတစ်ဦး ကုသအောင်မြင်သည်နှင့် ကျန်သောဆရာယောင်တို့ကိုပါ အထင်ကြီး ယုံကြည်သွားကြခြင်းဖြစ်သည်၊ ဆရာယောင်များ ဆရာတုများက ဆရာအစစ်များ အရှိန်အဝါနှင့် စားပေါက်လမ်းတည့်နေကြရာမှ တကယ် ပညာထက်မြက်သော သူနှင့် တွေ့ဆုံ လိုက်ရသောအခါ မရှုမလှ ခံလိုက်ရပါတော့သည်။

ထိုသို့ဖြစ်ခဲ့သည်မှာ မြစ်ဝကျွန်းပေါ်ဒေသတွင်းရှိ မအူပင်ခရိုင်တွင် ဖြစ်သည်၊ မအူပင်ခရိုင်မှာလည်း ပံသပွတ်ချောင်း၊ ရွှေကျီးဖြူ၊ မူလခဲ ဥစ္စာစောင့် အကြောင်းပြု၍ နာမည်ကြီးနေချိန်ဖြစ်သည်။ (ရွှေကျီးဖြူသောင်းကျန်းသူများထဲတွင်မြပုခက်၊ နော်တစ်လုံးစိန် (တချို့က နို့တစ်လုံးစိန်ဟူ၍လည်း ခေါ်ကြပါသည်၊) စောစီးပလိန်း၊ ဗိုလ်ဂါမဏိတို့လည်း နာမည်ကြီးနေကြပါသည်၊ ထို့ကြောင့် မအူပင်မြို့ရှိ တပ်မဟာ (၅) လက်အောက်ခံ၊ ခ.လ.ရ(၉)ဟင်္သာတ၊ ခ.လ.ရ(၂၅)ကျုံပျော်ရှိဒေသခံတပ်များမှလည်း နားရသည်မရှိအောင် လှုပ်ရှားနေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်မိုက်ခဲမှာ တပ်မဟာ (၅) တွင် တွဲဘက်တာဝန်နှင့် ရောက်နေချိန် ဖြစ်သည်။ စပ်စုတတ်သောရဲဘော်မိုက်ခဲကို တပ်မဟာရှိ ထောက်လှမ်းရေးအရာရှိ ဗိုလ်ဝင်းဖေက ခေါ်ယူထားခဲ့သည်။ အမှန်က မိုက်ခဲ စိတ်ဝင်စားသည်မှာ ရွှေဂျိးဖြူ မူလခဲ ဥစ္စာစောင့်အကြောင်း ဖြစ်သည်။ ရဲဘော်တွေထံမှ ကြားရသမျှသည် နယ်မြေတွင် စုန်း၊ ကဝေ၊ ဥစ္စာစောင့်တွေအကြောင်း လူတွေပြောနေကြောင်း ကိုယ်တိုင် မည်သည့်ရဲဘော်မှ ကြုံဖူးခြင်းမရှိခဲ့ကြောင်းတို့သာ ဖြစ်သည်၊ တိတိကျကျ သွားရောက်စုံစမ်းချင်သော်လည်း အခွင့်မသာခဲ့ပါ။ သူတို့က သာမန်အရပ်သားတွေလို လွတ်လွတ်လပ်လပ် သွားချင်တိုင်း သွားလို့ရသည် မဟုတ်ပါ။ အကန့်အသတ် အချုပ်အခြယ်တွေနှင့် နေရသူတွေ။

သွားမည်ဆိုလျှင် ခရီးက ဝေးလှသည် မဟုတ်ပါ။ ထို့ကြောင့် ရွှေပြည်တော်နီးလျက်နှင့် မျှော်လေတိုင်း ဝေးခဲ့ရသည်၊ သို့သော်လည်း ဥစ္စာစောင့်သုတေသနမလုပ်ခဲ့ရသော်လည်းမမျှော်လင့်သောစုန်း၊ကဝေအကြောင်းကိုတော့ တွေ့မြင်ခဲ့ရသည်။ တွေ့မြင်ခဲ့ရသည်မှာလည်း ခရီးသွားဟန်လွှဲဖြစ်သည်၊

ထိုနေ့က ဗိုလ်ဝင်းဖေ၊ ရဲဘော်မိုက်ခဲနှင့် ရဲဘော်စောဆာဂေးနှင့် သုံးယောက်သား သတင်းစုံစမ်းရန် တာဝန်နှင့် ထွက်ခဲ့ကြသည်၊ ကြက်နှင့်ဝက် အဝယ်သွားရန်အတွက်ပါ။ အရပ်ဝတ်များနှင့်ရုပ်ပြောင်းလာကြခြင်းဖြစ်သည်၊ ငွေနှင့် ခြောက်လုံးပြူးသေနတ်ထည့်ထားသော လွယ်အိတ်ကိုယ်စီလွယ်ကာ တကယ့်ပွဲစားတွေ ပုံစံမျိုးနှင့်ပဲ၊ ရဲဘော်မိုက်ခဲမှာအရာခံဗိုလ်နှင့် အရာရှိသာ ကိုင်ခွင့်ရသော ဝက်ဗလေခြောက်လုံးပြူးကိုင်ရသဖြင့် မြောက်ကြွမြောက်ကြွဖြစ်ချင်နေသည်၊ သို့သော်လည်း တာဝန်ဆိုသောသတိနှင့် သွားနေရပေသည်၊ ပထမရွာ်တွင် ဘာမှထူးခြားမှု မရှိ၍ တစ်မိုင်ခွဲခန့်ဝေးသော ဝက်ဗလေ ခြောက်လုံးပြူးကိုင်ရသဖြင့် မြောက်ကြွ မြောက်ကြွ ဖြစ်ချင်နေသည်။ သို့သော်လည်း တာဝန်ဆိုသောသတိနှင့် သွားနေရပေသည်။ ပထမရွာတွင် ဘာမှ ထူးခြားမှုမရှိ၍ တစ်မိုင်ခွဲ ခန့်ဝေးသော ဒုတိယရွာသို့ ဆက်လက်လာခဲ့ကြသည်။

လမ်းတွင်ဗိုလ်ဝင်းဖေကတိုင်းရင်းသားစကားတတ်သော ရဲဘော်ဆာဂေးကို မြန်မာစကားသာတတ်သည့်ပုံစံမျိုး သာနေရန်အကြောင်းရိုက သူ့ကိုတီးတိုးပြောရန် မှာထားခဲ့သည်၊ သို့မှသာ ကျွန်တော်တို့လိုချင်သတင်းများ ရနိုင်မည် ဖြစ်ပေသည်၊ ကြက်ကို စီးပွားဖြစ်မွေးသူတို့မှာ ထိုစဉ်က ကုလားတွေသာ များသည်၊ မြန်မာတွေက မွေးလေ့မရှိသေး၊ အပျော်သဘောတစ်နိုင်သာ မွေးကြသည်၊ ဝက်ကိုတော့ မြန်မာနည်းနည်း၊ တရုတ်တွေကသာ မွေးသည်၊ မြောင်းမြဘက်တွင် အများဆုံးမွေးကြပါသည်၊ ဗိုလ်ဝင်းဖေကလည်း တကယ်ဝယ်ချင်၊ လိုချင်သည်မဟုတ်၍ ဟန်ပြသာ မေးမြန်းသည်၊ ဒုတိယရွာတွင် ဝက်မွေးသောလူတစ်ယောက်နှင့် ဈေးမေးနေစဉ် မိန်းမကြီးတစ်ယောက် ရောက်လာသည်၊

"ကိုဗျောကြီး - ရှင့်ဆီမှာ ကလီစာ တစ်တွဲလောက်ကျန်သေးလား"

ဗိုလ်ဝင်းဖေနှင့် စကားပြောနေသူဝက်သမားကို မေးခြင်းဖြစ်ပါသည်၊ ကိုဗျောကြီးဆိုသူဝက်သမားကခေါင်းညိတ်ပြသည်၊

"အင်း - ရှိသေးတယ် ခဏနေဦး"

ဝက်သမားက နောက်ဘက်ဝင်သွားပြီး၊ ဝက်သားကလီစာတစ်တွဲ ယူလာကာ မိန်းမကြီးကိုပြောပြောပေးပေးနှင့် -

"ဒါ - တစ်ပိဿာကျော်ရှိတယ်၊ ဒါပေမဲ့ တစ်ပိဿာဖိုးပဲ ပေးပါတော့လေ၊ ဟုတ်လား"

"ကဲ - ဒါဆိုလည်း မနက်က တစ်ပိဿာနဲ့ ပေါင်းပြီး၊ နှစ်ပိဿာမှတ်လိုက်တော့၊ ရလား"

"ဟာ - ခင်ဗျားကလည်း တစ်ရွာတည်းသားတွေပဲဗျာ၊ ပြောနေရသေးလား၊ ဒါနဲ့ ဟိုကောင်မလေးက ဘယ်လိုလဲ"

"အဲဒါပေါ့ - သူ့အတွက် ဝယ်ရတာလေ၊ အခုရောက်လာတဲ့ ဆရာကတော့ သူ့နိုင်တယ်ပြောတာပဲလေ"

"ဟုတ်လား - ကျွန်တော်လည်း ပြီးမှ လာခဲ့ဦးမယ်ဗျာ"

"မြန်မြန်ပျောက်ပါမှ ကျွန်မတို့လည်းစိတ်အေးရမှာ၊ ငွေလည်းကုန် လူတွေလည်း စိတ်ညစ်လှပါပြီ"

မိန်းမကြီးကပြောပြီးခပ်သွက်သွက်ပြန်သွားတော့သည်၊ မိုက်ခဲက အမှတ်တမဲ့ပင်နေခိုက်၊ မိန်းကလေးအုပ်စုတစ်စုဖြတ်သွားရင်း ပြောဆိုသွားကြသည်ကို ကြားလိုက်ရသည်၊

www.burmeseclassic.com



"ဖြူတုတ်က စိတ်ရင်းတော့ ကောင်းပါတယ်၊ ဒါပေမဲ့ သူက စကားပြောရင် တုတ်ထိုးအိုးပေါက်ကြီး ပြောတာက ခက်တယ်၊ အဲဒါကြောင့် ဖြစ်တာပေါ့"

"အေးဟာ - ဟိုးရှေးလာရောင်းတဲ့ မိန်းမကာပင်လယ်ပိုင်းကတဲ့၊ ပညာလည်း တော်တော်ထက်တယ်လို့၊ လေ့သမားတွေဆီက ပြောသံကြားရတယ်တဲ့ဟ"

"အရင်ဆရာတွေလည်း မနိုင်လို့ လက်လျှော့သွားတာ၊ အခုလာတဲ့ဆရာကိုတော့ ကြည့်ရဦးမယ်ဟေ့"

မိန်းကလေးတွေ ပြောသွားသော စကားကြောင့် မိုက်ခဲ စိတ်ဝင်တစားဖြစ်သွားရသည်။ ဗိုလ်ဝင်းဖေက ဝက်သမားနှင့် စကားပြောရာမှ အတူတူ လျှောက်သွားရာ မိုက်ခဲနှင့် စောဆာဂေးတို့က နောက်မှ လိုက်ခဲ့ကြရသည်။ ရွာလယ်မရောက်ခင် ကုန်စုံဆိုင်လေးတစ်ဆိုင်ရှေ့တွင် လူတွေစုရုံးနေကြသည်ကို တွေ့ရသည်။ ဆိုင်ကလေးမှာ ပေါင်ဒါမျက်နှာချေမှုန့်၊ ဝမ်းဘဲဆေးလိပ်၊ ရွှေမြူးဆေးလိပ်၊ ကြော်ငြာတွေကို ကပ်ထားကာ တံခါးပိတ်ထားသည်။

"လာဗျာ - ပွဲစားကြီး တွေ့ဖူးတယ်ရှိတာပေါ့"

ဝက်သမားက ဗိုလ်ဝင်းဖေကို ပွဲစားကြီးဆို၍ မိုက်ခဲရော စောဆာဂေးပါ ပြုံးလိုက်မိကြပါသည်။ အေးပေါ့လေ... သဏ္ဌာန်လုပ်သရုပ်တူလွန်းတော့လည်း သည်လိုပင် ဖြစ်ရမည်ပင်။ ဗိုလ်ဝင်းဖေက ဘာမှတော့မပြောပါ။ ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေပါသည်။

"ဟော့ - ဒီဘက်လှည့်စမ်း"

"အံမာ ဝါ့ကို များ မထီလေးစားနဲ့ လှည့်ဆိုလှည့်စမ်း"

အိမ်ထဲမှ ကြိမ်းမောင်းသံကြောင့် မိုက်ခဲက အနီးသို့ တိုးကပ်ကာ သွားကြည့်လိုက်သည်။ သုံးပင်နှစ်ခန်းအိမ်ကလေး၏ ခေါင်းရင်းခန်းတွင် အသက်ငါးဆယ်ခန့်လူကြီးတစ်ယောက်၊ အသားညိုညို၊ တိုက်ပုံအကျီအနက် နက်ပြာရောင် ကွက်စိပ်လုံချည်နှင့် ထိုင်နေသည်။ လက်သန်းခန့် အနီရောင်ကြိမ်လုံးတစ်ချောင်းကိုင်ထားသည်။ သူ့ကိုကျောပေး၍ ထိုင်နေသူက အသက်အစိတ်ခန့် တုတ်တုတ်ခဲခဲ မိန်းကလေးတစ်ယောက်ဖြစ်သည်။ ဆောင့်ကြောင့်ထိုင်လျက် ထမင်းစားနေခြင်းဖြစ်သည်။ ဇလုံကိုင်ပြီး အားရပါးရ စားနေသည်။

"ဟင်းထပ်ပေးဦး"

"ဟဲ့ - ဒါမနက်ကချက်တာအကုန်ပဲ"





အသက်ငါးဆယ်ခန့် မိန်းမကြီးတစ်ယောက်က ပြောလျှင် မျက်လုံးကြီးပြူးကာ အော်ပြောပြန်သည်။

"ဘာလိမ်တာလဲ၊ နောက်ဖေးမှာ ရှိနေတယ်မဟုတ်လား"

"အဲဒါက ခုမှချက်နေတုန်း ရှိသေးတာပဲ သမီးရယ်"

"မရဘူး အခုယူပေး၊ နင်တို့က ဝါ့ကို ဘာမှတ်သလဲ၊ အခုယူခဲ့"

ထိုအခါ ထိုင်နေသောဆရာက ဝင်ပြောပြန်သည်။

"ဟဲ့ - ငါ့ရောက်နေတာတောင် နင်က တော်တော်ကဲနေပါလား"

"အောင်မာ - နင်က ဘာကောင်လဲကွဲ ..."

မိန်းကလေးက ပြောရင်းလက်ထဲမှ စားနေသော ဇလုံနှင့် လှမ်းပစ်လိုက်ရာ အမှတ်တမဲ့ဖြစ်၍ ဆရာ၏ ရင်ဘတ်ကို ထိမှန်ကာ ထမင်းတွေ ပေကျံသွားတော့သည်။ ဆရာမှာ ဒေါသဖြစ်၍ မျက်နှာ သွေးရောင်လွှမ်းသွားသည်။ ရှက်ဒေါသတွေ ဖြစ်ပေမည်။

"ဟင် - ငါကညှာနေတာကို ရောင့်တက်ပြီး လူ့ပါးဝတာပေါ့၊ ဟုတ်လား - သိကြသေးတာပေါ့ကွာ"

ပြောပြောဆိုဆို ဆရာက လက်ထဲမှ ကြိမ်လုံးနှင့် ရိုက်ရန်မတ်တတ်ရပ်သည်တွင် မိန်းကလေးက ဦးစွာရပ်၍ ဆောင့်ဆွဲလိုက်ရာ ဝုန်းခနဲ ကြမ်းပြင်ပေါ် လဲကျသွားလေသည်။ ဆရာပြန်မထနိုင်ခင်မှာပင် မိန်းကလေးက လွှင့်ကျနေသော ကြိမ်လုံးနှင့် ဆက်တိုက်ပင် ရိုက်ပါလေသည်။ ဆရာမှာအားအီးအမလေး အော်ကာ ပုဆိုးလက်တစ်ဖက်ကကိုင်ရင်း ဆင်းပြေးသွားပါလေတော့သည်။ သို့ရာတွင် စိတ်မကြေသေးသော မိန်းကလေးက ဆရာတိုးဝှေ့ပြေးသွားသောကြောင့် ဖရိုဖရဲဖြစ်နေသော လူများကြားထဲ ဆင်းလာစဉ် မိုက်ခဲတို့နောက်ဘက်မှ ခပ်ထန်ထန် အမိန့်ပေးသံတစ်ခုက ပေါ်ထွက်လာသည်။

"ဟော့ - အခုရပ်လိုက်စမ်း"

ထိုအမိန့်ပေးသံကြောင့် ခြေလှမ်းလာနေသော မိန်းကလေးမှာ တုံ့ခနဲဖြစ်သွားကာ လှမ်းကြည့်သည်။ လူများနှင့်အတူ မိုက်ခဲနောက်ဘက်သို့လှည့်ကြည့်ရာ အသက်လေးဆယ်ခန့်သာရှိဦးမည့် လူတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုသူက မိန်းကလေးကို စိုက်ကြည့်နေသည်။ ဝတ်စားထားသည်မှာ သာမန်လူတွေအတိုင်း ရိုးရိုးလေးဖြစ်သည်။ သို့သော် ထိုသူ၏ မျက်မှောင်ကုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



››› အမှတ်-၁၁၁၊ ဩဂုတ်၊ ၂၀၁၆ ‹‹‹

သော မျက်လုံးနှစ်လုံး ကြည်လင်တောက်ပလွန်းသည်ကိုမြင်ရသည်။

"နင့်လက်ထဲက ကြိမ်လုံး ငါ့ကိုပေးစမ်း"

ထိုသူက လက်ဖြန့်ကာ လှမ်းတောင်းသည်။ မိန်းကလေးက မလှုပ်၊ ပေးလည်းမပေးပါ။ ထိုသူကထပ်တောင်းရင်း ခြေတစ်လှမ်း တိုးလာသည်။

"ဟဲ့ - ငါ ပြောနေတယ်။ ပေးစမ်း၊ နားချင်လို့လား"

မိန်းကလေးက မပေးပါ။ မပေးသည့်အပြင် ထိုသူကိုရိုက်ရန် လက်ကိုမြှောက်လိုက်သည်။ သေးမှုကြည့်နေသူတွေ ကြောက်လန့်ကာ နောက်ဆုတ်သွားကြသည်။ တော်ကြာ အဖျားခတ်သွားက သက်သာမည်မဟုတ်ပေ။

"ဒီလောက်မိုက်ရိုင်းတာ၊ ကဲ - သက်ဆိုင်ရာက ဆုံးမလိုက်ပါ"

ရိုက်ရန်ရွယ်နေသောမိန်းကလေး လက်မှာ တုံ့သွားပြီး ကျောကော့သလို ဖြစ်သွားကာ "အမလေး" ဆိုသောအသံ ထွက်လာပါသည်။

"မမှတ်သေးဘူး၊ နောက်တစ်ခါ ခပ်ပြင်းပြင်းလေး လုပ်လိုက်ပါဦး"

သည်တစ်ကြိမ်တွင်တော့ ကျောကော့ရုံမဟုတ်၊ ရှေ့ကို ဟပ်ထိုးလဲကျတော့မလို ဖြစ်သွားပါသည်။ ပါးစပ်ကတော့ "အမလေး" ချင်း မပြတ်တမ်းအော်နေပါသည်။ မိုက်ခဲတို့မှာ တစ်ခါမှ မမြင်ဘူး၍ အံ့ဩနေသည်။

"အခု ဒူးထောက်လိုက်စမ်း"

သည်တစ်ကြိမ်တော့ ခေါင်းမမာတော့ပါ။ ဒူးထောက်လိုက်ပါသည်။

"နင် - ဘယ်သူလဲ ပြောစမ်း"

"ကျွန်မ မယ်သီပါ"

"ဩော် - နင် အရင်က ကွမ်းသဲဘက်က မဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မကို ချမ်းသာပေးပါ - ဆရာ"

"နင့်ကို သူများက တောင်းပန်တုန်းကရော နင်က ခွင့်လွှတ်ပေးခဲ့သလား။ ကဲ - အခု ဒီမိန်းကလေးကို မိမွေးဘမွေး အတိုင်းဖြစ်အောင် ပြန်လုပ်ပေး"

သည်တစ်ခါတော့ အတော်ကြာထိ ပြန်မဖြေပါ။ ဆရာက စိတ်တိုသွားဟန် လက်မြှောက်လိုက်မှ ကပျာကယာဖြေသည်။

"သူက လူအများရှေ့မှာ ကျွန်မကို မခန့်လေးစားပြောတာကိုး"

"ဒါလောက်လေးနဲ့ များ ဒီလိုဖြစ်အောင်လုပ်ရသလား။ ဘာပဲဖြစ်ဖြစ် အခု ငါပြောသလို တစ်ခုမကျန် ပြန်နုတ်ယူပေးရမယ်။ မလုပ်ရင်တော့ ငါ့အဆိုး မဆိုနဲ့"

သည်တော့မှ မိန်းကလေးက လက်နှစ်ဖက်ကို လှုပ်ရှားလိုက်ပါသည်။ ထိုအချိန် မိန်းကလေး၏ မိခင်ဖြစ်သော ထမင်းကျွေးသူ အဒေါ်ကြီးကပါ ဝင်ရောက်ပြောဆိုလာသည်။

"ဆရာရယ် - နောက်ကိုလည်းထပ်မလုပ်ဖို့ကိုပါ ပြောပေးပါရှင်"

ဆရာက ခေါင်းသာညိတ်ပြသည်။

"ဟိုမှာ ပြောနေတာ ကြားတယ် မဟုတ်လား။ အကုန်လုံး ပြန်နုတ်ပေး၊ နောက်ကိုလည်း ဒုက္ခမပေးနဲ့"

"ဟုတ်ကဲ့ - ကျွန်မအားလုံးပြန်နုတ်ပြီးပါပြီ"

"ကောင်းပြီ။ ဒါဆိုရင်နင်ကတိသစ္စာပြုရမယ်၊ နောင်အခါ လူအများပေါ်တွင် ဒုက္ခပေးခဲ့သည်ရှိပါက အန္တရာယ်ခပ်သိမ်း တွေ့ကြုံပြီး မဟာအဝီစိတွင် မကျွတ်တမ်းခံရပါစေ"

ဆရာက ရှေ့မှဆို၍ မိန်းကလေးက နောက်မှ လိုက်ဆိုပါသည်။

ဆိုပြီးပြီးချင်း ဆရာက လျင်မြန်စွာ မိန်းကလေးခေါင်းကိုရိုက်လိုက်ပါသည်။ မိန်းကလေးမှာ "အား" ဟု အော်ကာ သေးသို့ လဲကျသွားတော့သည်။ သူမ မိခင်နှင့် မိန်းမတွေက ပြေးပြီး ပွေ့ထူလိုက်ကြသည်။

"ဆရာ - ကျွန်မ သမီးလေး"

"ဘာမှမပူနဲ့တော့၊ အားလုံးကောင်းသွားပါပြီ၊ ဘုရားရေစက် သွားယူခဲ့ပါ"

ဘုရားရေတော်ရောက်လာလျှင် ဆရာက သူ့အိတ်ထဲမှ ဆေးနီတစ်လုံး ထုတ်ယူလိုက်သည်။

"ကဲ - ကလေးမ ဒီဆေးလုံးမျိုချပြီး ဘုရားရေတော်ကို အရဟံလို့ စိတ်ထဲ သုံးကြိမ်ရွတ်ပြီးသောက်လိုက်"

မိန်းကလေးဆေးသောက်ပြီးသည်နှင့် ဆရာက ခြံဝန်းလေးထဲမှ ထွက်သွားလေသည်။ မိန်းကလေးမိခင်က နောက်မှ ကမန်းကတန်း အပြေးလိုက်သွားသည်။

"ဆရာ - နေပါဦး ဆရာရဲ့ ဆရာ့ကို ကျွန်မတို့ ကန်တော့ပါရစေ"

"ဘာမှ မလိုပါဘူးဗျာ၊ ကလေးမ ကုသိုလ်ကံကြောင့် ကြုံကြိုက်လို့ ကူညီရတာပါ၊ ကဲ - ကဲ - သွားတော့"

ဝိုင်းကြည့်နေကြစဉ်မှာ ဆရာဆိုသူမှာ ရှာပြင်သို့ လျင်မြန်စွာ ထွက်သွားပါတော့သည်။ အားလုံးသောလူများသက်





www.burmeseclassic.com

www.burmeseclassic.com



မိုက်ခဲမှာ ပိုပြီး အံ့ဩနေမိပါသည်။ ဘယ်သို့သော ဆရာမျိုးပါလိမ့်။ ဆေးလွယ်အိတ်မပါ။ ဥုပ္ပဒေ့မရွတ်၊ ကြိမ်းမောင်းဆဲဆိုတာ မပါ၊ အသာအယာနှုတ်ဖြင့်ကုသပေးသွားပုံမှာ အံ့ဩမကုန်နိုင်အောင် ဖြစ်နေသည်၊ လူပြောမသန်၊ လူသန်မပြောဆိုသလို အလုပ်နှင့် သက်သေပြသွားသည်။ ကန်တော့သည်ကိုပင် လက်မခံခဲ့သူပါ။ ရှားမှရှားသည်။

"ဖြူတုတ်ကုသိုလ်ကလည်း ထူးပါ့အေ၊ ဆရာတစ်ယောက်မနိုင်လို့ထွက်လည်းပြေး၊ တကယ့်ဆရာအစစ်ကမပင့်မဖိတ်ရဘဲ ရောက်လာရပြီး ကုပေးသေးတယ်၊ အံ့ရော - အံ့ရော"

"အေးနော် - ငွေတောင် တစ်ပြားမှ မပေးရဘူး၊ ကန်တော့ချင်လို့ခေါ်တာတောင် လက်ခံမသွားဘူးဟယ်"

"အဲ့ဒါတကယ့်ဆရာကောင်း၊ဆရာမြတ်ပေါ့၊ ကေန္တ - အကြားအမြင်ရတဲ့ ဆရာဖြစ်မယ်"

"အေးပေါ့ - အကြားအမြင် ရတဲ့ဆရာဖြစ်လို့သာ အခုလို အချိန်မီရောက်လာတာပေါ့ဟယ်၊ နင်တို့ကလည်း အံ့ပါ"

ရွာသူတွေက ထူးဆန်းသောဆရာနှင့်ဖြူတုတ်ဆိုသော ပြုစားခံရသောမိန်းကလေးအကြောင်းကိုပြောမဆုံးအောင်ရှိနေကြသည်။ ရဲဘော်မိုက်ခဲတို့အတွက်ကတော့ သတင်းထူးမရသော်လည်း ထူးဆန်းသောပညာရှင်တို့အကြောင်းကိုယ်တိုင် တွေ့ကြုံခဲ့ရခြင်းကြောင့် ကျေနပ်နေမိရသည်။

"ကျုန်တော်လည်း ဒီနယ်ဘက်ရောက်နေတာကြာပီ၊ လူပြော သူပြောတော့ ကြားဖူးတယ်။ တစ်ခါမှ မကြုံဘူးဗျာ၊ အခုမှ မြင်ဖူးတော့တာ"

အပြန်လမ်းတွင် ဗိုလ်ဝင်းဖေက တွေ့မြင်ခဲ့ရသည်ကို သတိတရ ပြောနေခြင်းဖြစ်သည်။ တောက်ခေါက်ရင်း မရှင့်မရဲ ဆက်ပြောနေပြန်သည်။

"တကယ့်ပညာသည်ကာယကံရှင်အစစ်ကို မမြင်ရတာတော့ တစ်ချက်နာသွားတယ်ဗျာ"

"အခုလုပ်တဲ့ပညာသည်ကကာယကံရှင်အစစ်ကို မမြင်ရတာတော့ တစ်ချက်နာသွားတယ်ဗျာ"

"အခုလုပ်တဲ့ ပညာသည်က အသံကြားရုံနဲ့ တွက်ဆကြည့်ရင် အသက်ကြီးကြီးထဲကဖြစ်မယ်၊ ဗိုလ်ကြီးတွေ့ရင်စိတ်ပျက်သွားမှာ"

ရဲဘော်မိုက်ခဲကလည်း သူကြားဖူးနားထောင်ခဲ့သမျှနှင့်ဆက်စပ်ပြီး ပြောပြလိုက်ခြင်းဖြစ်သည်။

"အေးဗျာ - သူများ ပြောတာတွေကြားရသမျှ ဒီစုန်းကဝေဆိုတာတွေက အရုပ်ဆိုးကြတာတွေလို့ပဲ သတိရတယ်"

"ပညာနိမ့်တဲ့ထဲက ဆိုရင်တော့ တချို့လည်း ချောချောလေးတွေ ရှိကြတယ်ပြောတယ် - ဗိုလ်ကြီးရဲ့"

"တစ်ယောက်တလေလောက် တွေ့ဖူးချင်တယ်ဗျာ"

"ဟာ - ဗိုလ်ကြီးကလည်း သူ့တို့ကချစ်ရင်လည်း မသက်သာဘူး၊ အဲ - မုန်းပြန်တော့လည်း ခံလိုက်ရတာမျိုးဗျ"

"အင်း - ခင်ဗျား ပြောသလိုသာဆိုရင်တော့ ဘယ်ဘက်ကမှ မသက်သာပါလား - ဆရာဖော်မြင့်ရယ်"

"သူတို့နဲ့ မပတ်သက်လေ ကောင်းလေပဲ ဗိုလ်ကြီးရေ"

အမှန်စင်စစ် ရဲဘော်မိုက်ခဲသည် တစ်ဆင့်ကြားစကားတွေအရ ပြောလိုက်ခြင်း ဖြစ်ပါသည်။ သူတို့ကိုယ်တိုင်လည်း စုန်း - ကဝေ ပညာသည်များကို တွေ့ခဲ့ကြုံခဲ့ရခြင်း မရှိသေးပါ။ တကယ်လို့ ကိုယ်တိုင်တွေ့ကြုံခဲ့ရပါလျှင် ဆိုသော အတွေးကိုတော့ မိုက်ခဲတစ်ယောက် မတွေးမိခဲ့ပါ။

တစ်ချိန်သောကာလ သူ့ဘဝတစ်သက်တာတွင် သူမထင်မှတ်ထားသော အများသူငါ ပြောကြသလို စုန်း ကဝေ ပညာသည်တို့သည် အသက်ကြီးပြီး ရုပ်အလွန်ဆိုးဆိုး မိန်းမတို့သာ တတ်မြောက်ကြသည်၊ လူတွေကို ဒုက္ခပေးလေ့ ရှိကြသည်ဆိုသော စကားမမှန်ကြောင်း ရဲဘော်မိုက်ခဲ ကိုယ်တိုင် တွေ့ကြုံခင်မင်ခဲ့ရ၍ သိခဲ့ရပါသည်၊ သည်လိုအတွေ့အကြုံကို စောစောကသာ ကြုံခဲ့ဖူးသည်ဆိုပါက ဗိုလ်ဝင်းဖေကို ရဲဘော်မိုက်ခဲ မည်သည့်စကား ပြောမည်မသိပါ။

⚘

ရဲဘော်မိုက်ခဲ တပ်နှစ်ခုပြောင်းရွှေ့ရောက်ရှိပြီးချိန်၊ ပါတီအစိုးရမှ ပထမဆုံး တပ်မတော်သို့လွှဲအပ်ချိန်တွင် မိုက်ခဲတို့တပ်မှာ ရန်ကုန်မြို့သို့ ခေတ္တတာဝန်အရ ရောက်ရှိခဲ့ပါသည်။

မိုက်ခဲတို့ ခေတ္တနေရာချထားခံရသည့်နေရာမှာ ဟံသာဝတီအဝိုင်းကြီး အနီးရှိ အစိုးရအထက်တန်းကျောင်း

www.burmeseclassic.com



တွင် ဖြစ်သည်။ ကျောင်းရှေ့တွင် မြန်မာ့အသံလွှင့်ဌာနရှိသည်၊ ဘယ်ဘက်မျက်စောင်းထိုးနေရာမှာ ကြံတောသချိုင်းနှင့် အဝင်လမ်းဖေါက်ဝရှိသည်။ ကျောင်းရှေ့လမ်းမကြီးက ဟံသာဝတီလမ်းမကြီးဖြစ်ပါသည်၊ အရှေ့အနောက်တန်းနေကာ ရန်ကုန်မြစ်ကမ်းအထိ ရှိသည်။ ဟံသာဝတီဘူတာအနီးမှ ကျွန်းတောလမ်းထိပ်နားအထိ လမ်းမတစ်လျှောက်လူသေခေါင်းများရောင်းသောဆိုင်များ ရှိနေပါသည်။ ည (၈)နာရီခန့်ဆိုလျှင် လူသွားလူလာမရှိအောင် ရှင်းသွားလေ့ရှိသည်။ လမ်းမီးရောင်ကလည်း နီကျင်ကျင်မျှသာ ရှိသည်၊

တော်ရုံတန်ရုံအကြောင်းနှင့် မည်သူမှ မသွားရဲကြပါ။ သွားလာရဲကြသူတွေက မုန့်လုပ်ဆောင်းကုန်းရပ်ကွက်သားတွေသာဖြစ်သည်၊ ထိုစဉ်က ယခုလို ဝေဠုဝန်အိမ်ရာတိုက်ခန်းတွေ မရှိသေးပါ။ တဲအိမ်စုကလေးတွေသာ ရှိနေကြပါသည်၊ ကျွန်းတောလမ်းအတွင်းဘက် စိန့်မေရီရပ်ကွက်မှ ဟံသာဝတီလမ်းဘက်မှာ ညဘက်ဆို အမြဲတိတ်ဆိတ်ရှင်းလင်းနေတတ်သည်။ ရဲဘော်မိုက်ခဲက ရန်ကုန်သား၊ ကြည့်မြင်တိုင်ဇာတိမို့ ကြံတောသချိုင်းက မစိမ်းပါ၊ အသုဘပို့အဖြစ် ကျောင်းသားဘဝပင် ရောက်ဖူး၍ဖြစ်သည်၊ သူလို ရန်ကုန်ဇာတိသားသုံးလေးဦးမျှလည်း ပါလာခဲ့သည်။

မိုက်ခဲတို့က ရန်တုန်တိုင်းစစ်ဌာနချုပ်ကို အားဖြည့်ကူညီရခြင်းဖြစ်ပါသည်၊ ညပိုင်းတွင် ကားဖြင့်လည်းကောင်း၊ ခြေလျင်တပ်စိတ်ဖြင့်လည်းကောင်း ကင်းလှည့်ကြရသည်၊ သူတို့တာဝန်ယူကြရသည်က အရှေ့ဘက်ပြည်လမ်းမကြီးတစ်လျှောက်မြေနီကုန်းဘောင်ဒရီလမ်း(ယခု ဓမ္မစေတီလမ်း) အနောက်ဘက် ရန်ကုန်မြစ်ကမ်း၊ တောင်ဘက်ပိုက်ပေဟာ သီတာရပ်ရှင်ရုံ၊ မြောက်ဘက် ကမာရွတ်အပိုင်း(နောင်အခါမှ အပိုင်းကြီးများအဖျက်ခံရစဉ် ပါဝင်သွားခဲ့ပြီး မီးပွိုင့်များတပ်ဆင်လိုက်ခြင်းပင်။) ညစဉ်ညတိုင်း ကင်းတာဝန်ယူကြရသည်၊ မိုက်ခဲတို့ စခန်းချထားခြင်းကြောင့်အနီးဝန်းကျင်တစ်ဝိုက်တွင် လူများ သွားရဲလာရဲရှိလာသည်၊ ကျွန်းတောလမ်းထိပ်အနီးတွင် ည (၁၀)နာရီကျော်ထိ လက်ဖက်ရည်ဆိုင်များ ဖွင့်ကြသည်၊

ကြံတောသချိုင်းအတွင်း အင်္ဂလိပ်သချိုင်းဘက်တွင် လူနေတဲစုကလေးတစ်စု ရှိနေသည်၊ မိုက်ခဲတို့က အသံလွှင့်ရုံအနောက်ဘက်ကို အထူးဂရုစိုက်စောင့်ရှောက်ကြရသည်၊ ခြေလျင်လှည့်ကင်းကို အနည်းဆုံး နစ်ကြိမ်မျှ ဝင်ရောက်စစ်ဆေးကြည့်ရှုရသည်၊ ကြံတောသချိုင်းမှာကြီးမားကျယ်ပြန့်ပြီးဝင်လမ်းသုံးလမ်း ရှိနေသည်၊ အများဆုံးအသုံးပြုသည်မှာဟံသာဝတီလမ်းဘက်မှ ဝင်ထွက်သွားလာကြသော လမ်းနစ်ပေါက်ရှိသည်၊ နောက်ဝင်လမ်းတစ်ပေါက်က ပြည်လမ်း၊ ဝဂ္ဂီကျောင်းလမ်းဘက်မှ ဖြစ်ပါသည်၊

# ၆

အေးကွာ –
ရောက်တုန်းရောက်ခိုက်
မြင်ဖူးအောင် သွားကြည့်တာ၊
ငါတို့က မီးရှို့စက်ကိုကြည့်တာ၊
သူက သေသွားတဲ့
ကောင်မလေးကိုသွားပြီး
ငမ်းကြောထတာကွ၊
အဲဒါတောင် အားမရလို့
ပြောင်းကကျသွားတဲ့ပန်းတောင်
ယူလာသေးတယ်၊
ဟိုမှာကြည့် ...



www.burmeseclassic.com



တစ်ခါတစ်ရံ နေ့လယ်ဘက်တွင် သူငယ်ချင်းတွေ လေးယောက်နှင့် သချိုင်းထဲ သွားရောက်တတ်ကြသည်။ ထိုရဲဘော်များမှ ရဲဘော်တွေဖြစ်၍ ယခုမှ ရန်ကုန်မြို့ကို ရောက်ဖူးကြသူများ ဖြစ်ကြသည်၊ ရောက်တုန်းရောက်ခိုက် လေ့လာရေး ထွက်ကြခြင်း ဖြစ်သည်။ အသံလွှင့်ရုံကတော့ နစ်ရက်ခြားဂျူတီ ဝင်နေရသဖြင့် ရေဒီယိုအဆိုကျော်တွေ၊ မကျော်တကျော်လေးတွေ၊ ဆိုခါစ အဆိုတော်ပိစိကွေးတို့ကိုလည်း မြင်ဖူးသွားခဲ့ကြပြီး ဖြစ်ပါသည်။ သူတို့ ယခုလို ကံကောင်းပြီး ရန်ကုန်လာရောက်ရခြင်း အတွက် ဝမ်းသာမဆုံး ပြောမဆုံးဖြစ်နေကြပါသည်။ ထိုသူတွေထဲတွင် အတွေးအခေါ်ပညာရှင်တွေလည်း ပါနေပုံရသည်။

အားလပ်သည့် ရက်များတွင် ရွှေတိဂုံဘုရား၊ ဆူးလေဘုရား၊ တိရစ္ဆာန်ရုံတွေလည်း သွားရောက်ခဲ့ကြပြီးဖြစ်သည်။ တစ်နေ့ ထိုရဲဘော်တစ်စုက ဝိုင်းဖွဲ့ထိုင်ကာ ပေါက်တတ်ကရစကားဝိုင်း ကျင်းပနေကြသည်။ ဂျူတီအားသူတွေ၊ ဂျူတီမှထွက်၍ အိပ်နေသူတွေလည်း ရှိကြသည်။ ဇာတ်လမ်းကို အဆိုကျော် မိန်းကလေးများအကြောင်းကစ၍ ကန်

တော်ကြီး ဗိုလ်ချုပ်ပန်းခြံ၊ တိရစ္ဆာန်ရုံ ရုပ်ရှင်ရုံများအကြောင်း အာကော… ကောင်း ကျယ်လောင်လောင်နှင့် ဝိုင်… ရဲ့နေကြသည်။ အိပ်နေသူထဲမှ တ… ယောက်က နားဒုက္ခရောက်လွန်း… လှမ်းပြောတော့သည်။

"ဟေ့ကောင်တွေ၊ မင်းတို့ကဒါ… ထက် ပိုပြီး ရောက်သင့်တဲ့နေရာတေ… မသွားရသေးဘူး မဟုတ်လား"

"ဘယ်နေရာလဲကွ၊ ငါတို့လည်… အကုန်စုံပါပြီကွာ"

"အော် - မင်းတို့က နီးရက်နဲ့ဝေး… တာကိုးကွ"

"ဟာ - မင်းကလည်း ပြောမှသိ… ပေါ့၊ ဘယ်နေရာလဲ - ပြောလေ"

"ကြံတော သင်္ချိုင်းလေ"

"ဟာ - ဟင်"

"တောက် - ခွေးမသား၊ မင်းသွ… ပါလား"

လေမင်းသားတွေ ဒေါကန်သွ… ကြသည်။

"ငါက မနေ့က ရောက်သွား… မြင်ဖူးခဲ့ပီးပီ"

"ဟုတ်လား - မင်းက ဘာကိုမြ… ခဲ့တာလဲ"

"လူသေကို မီးသဂြိုဟ်တာလေ…

"ဟင်း - ဒါများကွာ၊ ငါတို့တောမှာပဲ ကောကောမြင်ဖူးနေတာများ ဘာထူးဆန်းလို့လဲ"

လေမင်းသားတစ်ယောက် မဲ့မဲ့ရွဲ့ရွဲ့နှင့် ပြောလိုက်သည်၊

"အေး - လူသေမီးရှို့တာချင်း တူပေမယ့် အခု ဒီမှာ မီးရှို့တာက တောမှာလို မဟုတ်ဘူးကွ၊ ဝေ့ုငအေရဲ့"

ပထမဆုံးရောက်ဖူးတွေ့ဖူးခဲ့သော ရဲဘော်က ထထိုင်ကာ သူသာ လူတကာထက် ကံကောင်းပြီး ကိုယ့်စောင့်နတ်သမီးကို မျက်ဝါးထင်ထင် တွေ့ခဲ့ရသူလို ဟန်မျိုးနှင့် အားရပါးရနှိပ်ကွက်လိုက်သည်။ လေမင်းသားတွေ ပြန်ပြီး မချေပနိုင်တော့ လေသံပျော့သွားကြသည်။

"ဒီမှာက - ဘယ်လိုမီးရှို့တာလဲကွ"

"အေး - သိချင်ရင် ကိုယ်တိုင်သွားကြည့်ကြ၊ အနည်းဆုံး လိမ္မော်ရေတစ်ပုလင်းတော့ သောက်ရမယ်"

"ဟော - ဟုတ်လား၊ ဝေး - ဟေး - ဟေး - သွားမယ်ဟေ့"

"အေး - ကုသိုလ်လဲရ ဝမ်းလဲဝ ဆိုတာပေါ့"

"ဘာဆိုင်သလဲကွ"

"ဟာ - မသာဆယ်ခေါက်ကျောင်း တစ်ခေါက် ဆိုကြတယ်လေ"

"မင်းဟာလေ ဆရာလည်းလုပ်ချင်တယ်၊ တ - တလင်းချိတ်မှန်း ဒရင်ကောက်မှန်း မသိတဲ့ကောင်"

ရဲဘော်မိုက်ခဲက တောသားလူလည်တွေ မဟာပညာကျော်တွေ ပြောဆိုနေကြပုံကို သဘောကျပြီး စောင့်ကြည့်နေသည်။

"အေး - မသိရင်မှတ်ထား၊ မသာတစ်ခေါက် သွားပို့တာနဲ့ ဘုန်းကြီးကျောင်းသွားတာ ဆယ်ခေါက်ကို ဆိုလိုတာကွ၊ ဘုန်းကြီးကျောင်းသွားပြီး သီလခံ၊ ဥပုသ်စောင့်ရုံ ဆယ်ခါလုပ်တာထက်၊ မသာသွားပို့ပြီး အသုဘကမ္မဋ္ဌာန်းတရားကို တွေးတောရှုမှတ်သူက ပိုပြီး အကျိုးရှိတယ်လို့ နှိုင်းယှဉ်တာ သိပြီလား"

"ဩော် - သိပြီ - သိပြီ၊ အေးလေ - မင်းက ဘုန်းကြီးကျောင်းသားကနေ တပ်ထဲ ဝင်လာတာဆိုတော့ ဒါတွေသိတာပေါ့"

တောသားလူလည်နှင့် မဟာပညာကျော်လေမင်းသားတို့က အနိုင်မခံတမ်း တွယ်နေကြလေသည်။

"ကဲ - ဟေ့ကောင်တွေ သွားမယ်ဆိုလည်း သွားကြ၊ ရန်ကုန်က မသာမှာ





www.burmeseclassic.com

www.burmeseclassic.com



လို မဟုတ်ဘူး။ မွန်းလွဲပိုင်းမှ အသုတချကြတာ။ ဒါကြောင့် လိုက်ပို့သူတွေကို လီမွှော်ရေတိုက်တော"

"ဟုတ်ကဲ့ - ဆရာတော်ဘုရား၊ အဲ - တင်ပါ့ဘုရား"

"စေတနာမှန်းမသိတဲ့ ခွေးသားဝက်မြေး ကြက်ယောက်ဖ လဒမယား ပါသားတွေ"

ရဲဘော်မိုက်ခဲမှာ ဗရုတ်သုတ်ခလေမင်းသားအုပ်စုကိုကြည့်ပြီး သူ၏သင်တန်းဆင်းဘက် သူငယ်ချင်းတွေကိုပါ သတိရလိုက်မိသည်။ ကြည့်နေစဉ်အားလုံး တရှန်းရှန်းနှင့် ဆင်းသွားကြတော့သည်၊ အင်း - ပြန်လာသောအခါတွင်လည်း ဘာတွေ တောင်ဖွာပေါင်ဖွာနှင့် ပြောကြဦးမည် မသိပါ၊ တစ်ယောက်တစ်မျိုးတော့ ကြားရဦးမည်မှာ သေချာနေသည်၊

စစ်သားဆိုသည်က သည်လိုပါပဲလေ၊ မိုက်ခဲတို့တန်းကလည်း သူတို့လိုအုပ်စုပါ၊ အုပ်စုတွေ မကွဲခင်က ဘာမဆိုအုပ်စုလိုက် လုပ်ကြသည်၊ ပြဿနာဖြစ်တော့လည်း အုပ်စုလိုက်ပါခံကြရသည်၊ ကွာတားထဲရောက်ကြရသည်ထိ ဟီးလာတိုက်အပြုံးမပျက်ပါ၊ တစ်ကိုယ်ကောင်းဆန်ဆန် ကိုယ်လွတ်ရုန်းရှောင်မထွက်ကြပါ၊ ညီအစ်ကိုရင်းချာ သွေးသားအစိုင်အခဲ သစ္စာမပျက်၊ မေတ္တာမပျက်ကြသူတွေ၊ လေသင့်ရာလွင့်ပါ၊ ကျရာနေရာအမင်ပေါက်တတ်ကြသော ရွက်ကျပင်ပေါက်တွေလိုရောက်သည့်နေရာကျရာတာဝန်ထမ်းဆောင်ရင်း ဘဝကို ရပ်တည်နေကြသူတွေ မဟုတ်လား၊

တွေးရင်း မိုက်ခဲအိပ်ပျော်သွားမိသည်၊ သူ ပြန်လည်နိုးလာတော့ နေအတော်စောင်းနေပေပြီ၊ သူနိုးလာရခြင်းမှာလည်း အောက်ဘက်မှ တဒုန်းဒုန်း ခြေနင်းတက်လာသံကြောင့် ဖြစ်သည်၊ ဗရုတ်သုတ်ခ လေမင်းသားတို့ပြန်လာကြခြင်းသာ ဖြစ်သည်၊ ခြေသံရော၊ စကားသံတွေပါ ကြားနေရသည်၊

"တောက် - တော်တော်နဲ့ပြောဖို့ကောင်းတယ်ကွာ"

"အေးကွာ - ရုပ်ရောကိုယ်လုံးကိုယ်ပေါက် ဘာမှအပြစ်ပြောစရာ မရှိဘူး"

"သူ့ကိုသာရမယ်ဆိုရင် ဘာပဲလုပ်ကျွေးရ၊ လုပ်ကျွေးရ အရိုးကျေကျေ အသက်သေသေ လုပ်ကျွေးမယ်ကွာ"

သည်ကောင်တွေ ဘယ်နေရာသွားပြီး ဘာကိုတွေ့လာရသည်မသိပါ၊ မရှိမရဲ အားမလိုအားမရဖြစ်ဟန်တွေ တစ်ယောက်တစ်မျိုး ပြောလာကြသည်၊

"ဒါဆိုရင် ငါတော့ တင့်လွင်မိန်းမယူရင် သူ့အိမ်နားက လိုက်နေမယ်"

"ဘာကြောင့်လဲကွ"

"ဒီကောင်က မိန်းမရရင် အရိုးကြေကြေ၊ အသက်သေသေ လုပ်ကျွေးမယ်လေကွာ၊ အဲဒီတော့ စဉ်းစားသာကြည့်လေကွာ၊ ဟဲ - ဟဲ"

"အမျိုးယုတ် - နာဘူး၊ ကဲကွာ - အမလေးဗျ"

တင့်လွင်က သူ့ကို ပြောနေသော သန်းဝင်းကို ပြောနေစဉ် ဆဲဆိုရင်း ပြေးကန်လိုက်၊ သန်းဝင်းက ခုန်ပြီးရှောင်ပေးလိုက်သည်၊ ထိုအခါ သန်းဝင်းကို မကန်မိတော့ဘဲ (၃၀၃) ကျည်ဆန်သေတ္တာကို အရှိန်နှင့် ကန်မိလိုက်သဖြင့် ခုန်ဆွခုန်ဆွဖြစ်ပြီး အော်နေသည်၊ သူ့အဖြစ်ကိုကြည့်ပြီး အားလုံး ဝိုင်းရယ်နေကြသည်၊ သန်းဝင်းက ထပ်ပြီး စပြန်သည်၊

"မှတ်ထား... အဖေကို စော်ကားတဲ့ကောင် မှတ်မိလား၊ အဲဒါ သဘောပေါက်ရှိသေးတယ်"

"အေးပါ မင်းတော့ ထပ်ပြီးခွေးကြုံရင်တော့ကြုံမှာပေါ့"

ခြေထောက်နာသွားပြီမို့ တင့်လွင်က ပါးစပ်မှသာ ကြိမ်းမောင်းနိုင်တော့သည်၊ တင့်လွင့်မလိုက်နိုင်တော့မှန်းသိ၍ သန်းဝင်းက ခပ်ဝေးဝေးမှာသာနေသည်၊ မျက်နှာကတော့ ပြောင်ချော်ချော် လုပ်ပြနေသည်၊ မိုက်ခဲက သူတို့ဇာတ်လမ်းကိုပြတ်စေပြီးသိချင်နေသောစိတ်နှင့် မေးလိုက်သည်၊

"မင်းတို့ ဘယ်ကို သွားခဲ့တာလဲကွ"

"ဟိုသချိုင်းထဲကို လေ့လာရေးသွားကြတာလေ"

"သွားတော့ ဘာတွေ တွေ့ခဲ့ကြတာလဲ၊ ဟိုနှစ်ကောင်က ဘယ်သူ့ကိုမြင်ခဲ့ပြီး ဟာမာန်ခုတ် မာန်ဖီနေကြတာလဲ"

တင့်လွင်နှင့် သန်းဝင်းတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လက်ညှိုးထိုးနေရင်း ...

"အဲဒီကောင် အဲဒီကောင် နာဘူးကျစော"

"အံမာ အလောင်းနားကပ်သွားပြီး ကြည့်တာ ဘယ်သူလဲ"

"ဩော် - ဒါဆို မင်းတို့သချိုင်းထဲ တကယ်သွားကြည့်ကြတာပေါ့"

မိုက်ခဲမှာ သည်တော့မှ သည်ကောင်တွေ သချိုင်းထဲသို့ တကယ်သွားခဲ့ကြကြောင်း သိသွားသည်၊

www.burmeseclassic.com



"အေးကွာ - ရောက်တုန်းရောက်ခိုက် မြင်ဖူးအောင် သွားကြည့်တာ၊ ငါတို့က မီးရှို့စက်ကိုကြည့်တာ၊ သူက သေသွားတဲ့ ကောင်မလေးကိုသွားပြီး ငမ်းကြောထတာကွ၊ အဲဒါတောင် အားမရလို့ အလောင်းကကျသွားတဲ့ပန်းတောင်ယူလာသေးတယ်၊ ဟိုမှာကြည့်"

"ဟ - ငါ့ချစ်ချစ်ကိုယ်စားလေ - ဟဲ - ဟဲ - ဟဲ"

တင့်လွင့်က သူ့အကျႌအိတ်တွင် ထည့်ထားသော သန့်စင်ပန်းကို ထုတ်ပြပြီး ပြောနေသည်။

"သောက်ရူး မသာပန်းကိုများ ယူလာသေးတယ်၊ မင်္ဂလာမရှိကျက်သရေမရှိနဲ့"

"ဟုတ်သားပဲ တင့်လွင်ရာ - သွားလွှင့်ပစ်လိုက်"

"မင်းတို့ မှားနေပီကွ၊ အသုဘပစ္စည်းက လာဘ်ကောင်းတယ်ဆိုတာ မကြားဘူးလား၊ ပြီးတော့ ကောင်မလေးက ချစ်စရာလေးကွ၊ သဘောလည်းကောင်းပုံရတယ်"

တင့်လွင့်က ပန်းခက်ကလေးကို တယုတယလုပ်ကာ နမ်းလိုက်သည်။

"ဟေ့ကောင် - ငါကြားဖူးတာက တော့ အဲဒီလို အလောင်းကပစ္စည်းကို ယူသွားရင် ညဘက်မှာ သူ့ပစ္စည်းလာတောင်းတတ်တယ်တဲ့၊ မင်းယူလာတာကို ပစ်လိုက်တာကောင်းမယ်"

"သေသွားတဲ့လူက သေလို့ ဘယ်ဘဝရောက်သွားမှန်းတောင်မသိတော့ဘူး၊ ဘယ်လိုလုပ်မလဲ အလကားပါ"

မိုက်ခဲနှင့် ရဲဘော်တွေဝိုင်းပြောကြတားကြသော်လည်း တင့်လွင်က နားမထောင်ပါ။

"အေး - အေး၊ တော်တော်ကြာမှ ငါ့ဟာပေး - ငါ့ဟာပေးနဲ့ လာပြီးတောင်းနေလို့ မအော်နဲ့နော်"

"လာရင်လည်း ခေါ်ထားလိုက်တာပေါ့၊ ညဘက် ကင်းစောင့်ရင် အဖော်တောင်ရသေးတယ်"

တင့်လွင့်က ဘယ်လိုမှ ပြောမရ၊ ဖွတ်ပေကပ်နေသည်။

"အင်း - အဖော်မရဘဲ လည်းပင်းညှစ်နေရင်တော့ မင်းကုသိုလ်ပေါ့"

"ဒီည မင်းငါတို့နဲ့အတူတူ မအိပ်နဲ့၊ မင်းတစ်ယောက်တည်းသွားအိပ်"

"သောက်ကြောက်တွေ၊ စစ်သားဆိုပြီးသရဲတောင်ကြောက်ကြတဲ့ကောင်တွေ၊ အလကား ဂန်ဒူး မိန်းမလျှာတွေ"

ရဲဘော်တွေအားလုံး ကျောင်းခန်းမကြီးထဲတွင် အိပ်ကြသည်ဖြစ်ရာ တင့်လွင်က သူ့ပစ္စည်းများကိုယူ၍ အခန်းထောင့်စွန်းတွင် ရွှေ့ထားလိုက်သည်၊ သူ့အကျႌအိတ်ထဲမှ သန့်စင်ပန်းခက်ကို ယူ၍ ခေါင်းရင်းရှိ ပြတင်းပေါက်တံခါးပေါင်ပေါ်တွင် တင်ထားလိုက်သည်ကို မြင်ရသည်၊ သူ ပြောင်းရွှေ့လိုက်သောနေရာမှာ အပေါ်ထပ်နှင့် အောက်ထပ်ဆက်အဆင်းပြုလုပ်သော လှေကားကြီး၏ အထက်တွင်ဖြစ်၍ ဟံသာဝတီလမ်းမကြီးဘက်တွင် ဖြစ်သည်။

အတော်ကြာလျှင် ရဲဘော်တွေမှာ ရေချိုးသူ၊ အဝတ်အစားလဲသူ၊ ထမင်းသွားစားကြသူများနှင့် ရှုပ်ထွေးနေကြသည်၊ မိုက်ခဲတို့အားလုံးလည်းတင့်လွင်ကိစ္စကိုမေ့သွားကြတော့သည်။ အားလုံး ထမင်းစားပြီးကြလျှင် တာဝန်မှူးကတန်းစီစစ်ဆေးပြီး ကားလှည့်ကင်းအဖွဲ့၊ ခြေလျင်လှည့်ကင်း၊ အသံလွှင့်ရုံစောင့်အဖွဲ့၊ စခန်းကင်း စသည်တို့ကို တာဝန်များ ခွဲဝေပေးသည်။

ထူးခြားမှုက စလာသည်၊ မိုက်ခဲတို့စခန်းဖြစ်သော အထက်တန်းကျောင်းရှေ့ အဝင်အထွက် တံခါးမကြီးတွင် ညဘက်တွင် ကင်းတစ်ယောက်စီ စောင့်ကြရသည်၊ ကျွန်းတောလမ်းဘက်တွင် တစ်ယောက်၊ ဟံသာဝတီအဝိုင်းဘက်တွင်တစ်ယောက်တာဝန်ချပေးရာတွင် တင့်လွင်မှာ ယနေ့ည ကျွန်းတောလမ်းဘက်တွင် တစ်ယောက် တာဝန်ချပေးရာတွင် တင့်လွင်မှာ ယနေ့ည ကျွန်းတောလမ်းဘက်တွင် တာဝန်ကျနေကြောင်းတွေ့ရသည်၊ ပြီးတော့ ပထမတင်းဖြစ်သည်။ ညနေ (၆)နာရီမှ (၈)နာရီထိတစ်ချိန်၊ ည (၁၂)နာရီမှ (၂)နာရီထိတစ်ချိန်ဖြစ်သည်၊ တခြားလူတွေက သတိမထားမိသော်လည်း မိုက်ခဲကတော့ သတိထားမိသည်၊ စိတ်ထဲကမူ ထူးဆန်းသလို ဖြစ်မိသည်၊

သူ့ဝယ်ချင်းရဲဘော်ရဲဘက်မို့ စိုးရိမ်သလို ဖြစ်သွားသည်၊ လိုသော်ရှိ မလိုသော်ရှိ တင့်လွင့်ကို သတိပေးမိသည်၊

"ဟေ့ကောင် - တင့်လွင်၊ ကင်းကို ဂရုတစိုက်စောင့်နော်၊ အိပ်လည်း ငိုက်မနေနဲ့ဦး သိလား"

"မအိပ်ပါဘူးကွာ၊ နည်းနည်းမှေးရုံကလေးပါ"

"တင့်လွင် ရှုးပေါ်ပေါ်လုပ်မနေနဲ့၊ ကိုယ်ဖြစ်ရင် ကိုယ်သာခံရမှာ မမေ့နဲ့"

"မှတ်ထားပါ့မယ် ဆရာကြီး"

"ခွေးသား သောက်ရူး"

www.burmeseclassic.com

ရဲဘော်မိုက်ခဲက ဘာမှအလေးမထား၊ တင့်လွင်ကိုပေါ့ပြက်ပြက်ဆဲပြီး ထွက်ခဲ့ရသည်၊ ကားလှည့်ကင်းနှင့် ခြေလျင်လှည့်ကင်းတို့ ပထမအကြိမ်ထွက်သွားကြသည်၊ ကျန်ခဲ့သူတွေ အားလပ်သူတွေက အိပ်သူအိပ်၊ မယ်ဒလင် တီးတတ်သူတွေထဲတွင်ပဲရှုးသားမင်းနောင်က အကျွမ်းကျင်ဆုံး။ ရဲဘော်အားလုံးက အကြိုက်ဆုံးဖြစ်၍ညဆယ်နာရီကျော်မှ ဝိုင်းသိမ်းသွားကြသည်။ ရဲဘော်တွေက အမှတ်တမဲ့ကြည့်လိုက်ရာ တင့်လွင်မှာ အိပ်ရာပေါ်တွင် မှောက်လျက်လှဲနေသည်။ သေချာကြည့်တော့မှသန့်စင်ပန်းခက်ကိုကြည့်နေမှန်းသိကြရသည်။ ပန်းခက်က ဥတွေနှင့်တွဲလျက်မို့ မညှိုးသေးပါ။ သုံးလေးဥမျှတွဲပြီး ရှိနေသဖြင့် အနံ့တသင်းသင်းရှိနေပါသည်။

"ဟိုသောက်ရှးတော့ ဝါတို့ပြန်ရင် ရန်ကုန်အရှုးထောင်မှာ ထားခဲ့ရတော့မယ်ထင်တယ်ကွ"

"သွားပြီ - မယားတရှူးခေါ်လို့လည်း မရ၊ အချစ်ရှူးလည်း ခေါ်လို့ကလည်း မရနဲ့၊ တောက် - ရောဂါက နာမည်တောင် အသစ်ရှာပေးရဦးမယ်ထင်တယ်"

"အင်း - ဒါနဲ့ပဲ လုံးပါးပါးတော့မယ်ထင်တယ်ကွ"

သန်းဝင်းနှင့်ရဲဘော်တွေကမျ
တကြားပြောနေသော်လည်း ဘာရေ
တွေ ဝင်နေသည်မသိသော တင့်လ
ကတော့ ကြားဟန်မတူပါ၊ သူ့စိတ်
နဲ့သူ ရှိနေပါသည်၊ အတန်ကြာတေ
သူ့သေနတ်ကို ကောက်လွယ်ပြ
အောက်ထပ်သို့ ဆင်းသွားပါတေ
သည်။

ရဲဘော်အားလုံး အိပ်ကောင်း
ကြစဉ် အောက်ထပ်မှ ဆူဆူညံညံအ
တွေကြောင့် အိပ်နေကြရာမှ နိုးလာ
ပါသည်၊ အားလုံး နိုးလာကြသည်န
အလေ့အကျင့်ရှိသည့်အတိုင်းသေန
ကို ဦးစွာကိုင်ပြီးမှ စူးစမ်းမှုလုပ်ကြ
သည်၊ အောက်သို့ အားလုံး ဆင်းလာ
ကြရာတာဝန်မှူး၊ တာဝန်ကြပ်တို့ပါရှိ
ကြသည်၊ အဝင်အထွက်တံခါးနားတွ
ကင်းတာဝန်ကျရဲဘော်များအားလုံး
တင့်လွင်ကို ဝန်းရံထားကြသည်။

"ဘာဖြစ်ကြတာလဲကွ - ပြောစ
တောက် - ညကြီးသန်းခေါင်ကွာ"

တာဝန်မှူးက ကင်းမှူးဒုတပ်ကြ
သာစိန်ကို မေးလိုက်သည်၊

"ကျွန်တော်လည်း ဘာမှ သေ
မသိရသေးဘူးဗိုလ်ကြီး၊ ဟိုကောင်တ
လွင်၊ လူတစ်ယောက်နဲ့ စကားများ

တယ်လို့ ကျွန်တော် လာခဲ့ပါဆိုပြီး အောင်ကျော်ခေါ်တာကြောင့် ထွက်ခဲ့တာ"

"ဘယ်က လူနဲ့စကားများနေတာလဲ၊ ဒီအချိန်ကြီးမှာကွာ"

"ကျွန်တော်လည်း မစဉ်းစားတတ်တော့ဘူး - ဗိုလ်ကြီး။ ဒါနဲ့ ကျွန်တော်တို့ လိုက်သွားကြတော့၊ တင့်လွင်က အဲဒီလူနောက်ကိုအပြေးလိုက်သွားတာနဲ့ ကျွန်တော်တို့နောက်ကပြေးလိုက်ပြီးအတင်းဆွဲခေါ်လာတာ"

"သူနဲ့ စကားများတဲ့ကောင်ကရော ဘယ်ကလဲကွ"

"အဲဒါပြောတာပေါ့ဗိုလ်ကြီးရဲ့၊ အစက နှစ်ယောက်လုံးကို သေချာမြင်နေရပြီးမှ ကျွန်တော်တို့လည်းပြေးလိုက်ရော တစ်ခါတည်းရှင်းရှင်းကြီးမြင်နေရသားနဲ့ ပျောက်သွားတာ ထူးဆန်းလွန်းလို့"

"ဘာ - ဘာပြောတယ်ဗျ၊ ရှင်းရှင်းကြီးပျောက်သွားတယ်၊ ဟုတ်လား - ဆရာသာစိန်"

"ဟုတ်တယ် - ဗိုလ်ကြီး၊ တကယ့်ကို ရှင်းရှင်းကြီးနဲ့ ပျောက်သွားတာ ဗိုလ်ကြီး"

"ကဲ - ကဲ - ဟိုကောင် တင့်လွင်ကို သေချာမေးစမ်း၊ တော်ကြာ - စစ်နယ်မြေမှူးတွေ သိသွားပြီးမဖြေနိုင်ရင်ပြဿနာတွေ ဖြစ်ကုန်မယ်"

ဒုတပ်ကြပ်သာစိန်က ကုလားထိုင်ပေါ်တွင်ငူငူငေါင်ငေါင်ကြီးထိုင်နေသော တင့်လွင်ကို ပခုံးနှစ်ဖက်မှ ကိုင်လှုပ်နေသည်။

"ဟေ့ကောင် - တင့်လွင်၊ တင့်လွင် မင်း ဘာဖြစ်တာလဲ"

"ဗျာ - ဗျာ"

"မင်း ဘာဖြစ်တာလဲဆိုတာ သိရဲ့လား"

"ဟို - ဟိုလူ - အဲ - ဟိုမိန်းမ - ဟိုမိန်းမ ရောက်လာတာ"

"ဘာ - မိန်းမ၊ ဘယ်က မိန်းမလဲ"

တင့်လွင်အဖြေကြောင့် ဒု - တပ်ကြပ်သာစိန်မှာမျက်မှောင်ကုတ်ပြီး ထပ်မေးနေသည်။ တင့်လွင် အတန်ကြာငြိမ်နေပြီးမှ ဖြေသည်၊

"မနေ့ကတွေ့ခဲ့တဲ့ ဝင်နီ ဆိုတဲ့ ကောင်မလေးပါ"

"ဟေ - ဝင်နီတဲ့ လား၊ ဘယ်က ကောင်မလေးလဲကွ၊ မင်းနဲ့ ဘယ်နေရာမှာ တွေ့ခဲ့တာလဲ"

"ဟို - သချိုင်းထဲမှာ တွေ့ခဲ့တာ ဆရာ"

"ဟာ"





www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းပြီး နားထောင်နေကြသော ရဲဘော်များဆီမှ တအံ့တသြအသံများ ထွက်လာလေသည်။ ဆရာသာစိန်တို့က မသိကြသော်လည်း မနေ့က သူတို့တစ်တွေအကြောင်း ပြန်ပြောပြ၍ရော တင့်လွင်နှင့် သန်းဝင်းတို့ အပြန်အလှန် ပြောဆိုခဲ့ကြမှုကြောင့်ပါ။ အဖြစ်မှန်ကို ဆက်စပ်မိသွားခဲ့ကြပါလေသည်။

"နေစမ်းပါဦး - မင်းက သချိုင်းထဲကို ရောက်သွားလို့လား၊ ဘာသွားလုပ်တာလဲ"

"ကျွန်တော်တို့ အလည်သွားတာ"

"ဘာကွ - သချိုင်းထဲကို များ အလည်သွားတယ် ဟုတ်လား"

တာဝန်မှူးမှာ တအံ့တသြဖြစ်သွားသလို မေးလိုက်ပါသည်။ ဇာတ်လမ်းက ကြာလေရှုပ်လေ ဖြစ်တော့မည်မို့ မနေသာတော့သဖြင့် ရဲဘော်မိုက်ခဲက သူကြားရ မြင်တွေ့ခဲ့ရသည်များကို ဝင်ရောက်ပြောဆိုခဲ့ရသည်။

အဖြစ်က ကျွန်တော်တို့ သိရမြင်ရသလောက်ဆိုရင်တော့ ဒီလိုပါဗိုလ်ကြီး"

"ဩော် - လက်စသတ်တော့ ပြသနာ - ဒီလိုကိုး"

"ဟုတ်ပါတယ် - ဗိုလ်ကြီး"

"ဟေ့ကောင် - တင့်လွင် အဲဒီကောင်မလေးကိုမင်းတကယ်မြင်လိုက်ရလို့လား"

"မြင်တယ် - ဗိုလ်ကြီး၊ သူက ကျွန်တော့်ကို ဒေါ်ကြီးမောကြီးနဲ့ လာပြောနေလို့ ကျွန်တော်က လိုက်ရိုက်တာ"

"ဟော - မိန်းမတစ်ယောက်ကို လိုက်ရိုက်တယ်၊ ဟုတ်လား"

"ဟာ - သူက လူမှမဟုတ်တာ ဗိုလ်ကြီးရဲ့ ဟော - ဟိုမှာ ပြောတုန်းရှိသေးတယ်၊ ရောက်လာပြန်ပြီ"

တင့်လွင့်စကားကြောင့် အားလုံး လှည့်ကြည့်လိုက်ကြသည်၊ ကားလမ်းမကြီးပေါ်တွင် ဘာမှ မရှိ၊ ရှင်းလင်းနေပါသည်၊ တင့်လွင်မှာ သချိုင်းဘက်သို့ စူးစိုက်ကြည့်နေသည်။ သူကတော့ တွေ့မြင်နေရသည်လား မသိရပေ။ တာဝန်မှူးမှာ စိတ်ရှုပ်အကြံရခက်နေပုံရသည်၊

"အဲမယ် - နင်က လာပြန်ပီလား"

ပြောပြောဆိုဆို တင့်လွင်က ထိုင်ရာမှ ထလိုက်သဖြင့် ရဲဘော်တွေက ဝိုင်းပြီး ချုပ်ထားကြရသည်၊

"ဟေ့ကောင် - ထိုင်နေစမ်း၊ မင်းကောင်မက ပြန်သွားပီ"

သန်းဝင်းကပြောရင်း တင့်လွင်မျက်နှာကို ဖိထားလိုက်သည်။ အားလုံးက ဝိုင်းဖိချုပ်ထားသောကြောင့် တင့်လွင်မှာ





မရုန်းနိုင်သည့်ကြားမှ ပါးစပ်က အော်နေသေးသည်။ ရဲဘော်တို့ မိုက်ခဲက ဒု-တပ်ကြပ်သာစိန်ကို လက်တို့ကာ ခပ်ဝေးဝေးသို့ ခေါ်သွားလိုက်သည်၊

"ဆရာ - ဒီအကောင်ကို ဘုရားရေတော်တိုက်ပြီး သူယူလာခဲ့တဲ့ သဇင်ပန်းကို ပြန်ပေးလိုက်ရင် ကောင်းမယ်"

"အေး - အေး"

"ဘာတွေ ပြောနေကြတာလဲ ဆရာ"

သူတို့နှစ်ယောက် စကားပြောနေစဉ် တာဝန်မှူးလိုက်ပါလာကာ မေးသဖြင့် ဆရာသာစိန်က ပြန်ပြောပြလိုက်သည်၊

"ဟာ - ဒါဆိုရင် မြန်မြန်လေးလုပ်ကြဗျာ၊ တော်ကြာ - ဗို - ဗိုဆိုးလာခဲ့ရင် ခက်မယ်ဗျ။ ဩော် - နေဦး၊ ပြီးသွားရင် သူ့ကိုအနားပေးပြီး ရဲဘော်တစ်ယောက် အစားထိုးလိုက် လိုရမည်ရ သူ့ဆီက သေနတ်နဲ့ ကျည်ဆန်တွေပါ သိမ်းထားလိုက်ဗျာ"

"ဟုတ်ကဲ့ - ဗိုလ်ကြီး"

တာဝန်မှူးအမိန့်ကြောင့် ချက်ချင်းပင် တင့်လွင်ကို ကျောင်းအပေါ်ထပ်သို့ ခေါ်လာခဲ့သည်၊ ရဲဘော်မိုက်ခဲက ကျောင်းဘုရားခန်းသို့သွားကာ ဘုရားရေတော်ကို ယူလာပေးသည်။ ဆရာသာစိန်က ဘုရားဂုဏ်တော်များ ရွတ်ဖတ်ပြီး တင့်လွင့်ခေါင်းကို နည်းနည်းတောက်သည်၊ ပြီးတော့ သောက်စေသည်။

တင့်လွင် ကြည့်ရသည်မှာ မည်သို့မျှဖြစ်ပုံမရပါ။ ပကတိလူကောင်းအတိုင်းသာရှိသည်။ တခြားပယောဂအပူးအကပ်တွေ ရှိပုံမရပါ။ တစ်ခုထူးခြားနေသည်မှာ စောစောပိုင်း သူပြေးလိုက်သွားစဉ်က မိန်းမတစ်ယောက်ဖြစ်ကြောင်း အားလုံးသေသေချာချာမြင်လိုက်၍ ပျောက်ကွယ်သွားသည်မှာလည်း ဆရာသာစိန်နှင့် ရဲဘော်များရှေ့တွင်ပင် ဖြစ်ပါသည်။ နောက်ထပ်လာသောအခါများတွင်တော့ တင့်လွင်တစ်ယောက်တည်းသာ မြင်နေရခြင်းဖြစ်ပါသည်၊ မိုက်ခဲတို့အကဲခတ်နေကြစဉ် ဆရာသာစိန်က မိုက်ခဲကို လှည့်ပြောသည်၊

"ဟေ့ကောင် - မိုက်ခဲ၊ တင့်လွင်ဆီက ပန်းကိုယူပြီး သွားပြန်ပေးလိုက်"

"ကဲ - ဟေ့ကောင်မင်းပန်းခက်ရော ဘယ်မှာလဲ - ပေး"

သည်တစ်ခါတော့ တင့်လွင်မှာ ကလန်ကဆန် မလုပ်တော့ပါ၊ သူ၏ အိပ်ရာခေါင်းရင်းဘက် ပြတင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com

တွင် တင်ထားသော သန့်စင်ပန်းခက် ယူပေးပါသည်။

ရဲဘော်မိုက်ခဲက သန့်စင်ပန်းခက်ကို ယူကာ အောက်ဘက် ဆင်းလာသည်။ ကျောင်းဝင်ပေါက်ရှေ့တွင် တင့်လွှင်အစားကင်းတာဝန်ယူနေသူရဲဘော်မောင်ဦးက လှမ်းမေးသည်။

"ဟေ့ကောင် - မိုက်ခဲ ဘာလုပ်မလို့လဲကွ"

"ဒီမှာလေ - ပြဿနာထုပ်ကိုပိုင်ရှင်ဆီ ပြန်ပေးမလို့"

"အေးကွာ၊ ဒါမှ တို့လည်း စိတ်အေးရမှာ"

မိုက်ခဲက သန့်စင်ပန်းခက်ကိုကိုင်ပြီး သချိုင်းအဝင်လမ်းထိပ်သို့ လျှောက်လာခဲ့သည်။ ဆယ်လှမ်းမျှ လျှောက်လာမိလျှင် နားထဲတွင် နောက်ဘက်မှ လူတစ်ယောက်လိုက်လာသံမျိုး ကြားရသည်။ မိုက်ခဲက ရပ်ပြီး လှည့်လိုက်တော့လည်း ဘာမှမတွေ့ရပါ။ ပြန်လှည့်ပြီး လျှောက်လာသည်။ သချိုင်းအဝင်လမ်းဝရှိ သချိုင်းဝန်ထောက်အိမ်အမည်းကြီး နားရောက်မှ ရပ်လိုက်သည်။

"ကဲ - မဝင်နီရေ၊ ခင်ဗျားပန်းကိုပြန်လာပေးလိုက်ပြီး ပြန်ယူပါ၊ ဘယ်သူ့ကိုမှလည်း အနှောင့်အယှက်မပေးပါနဲ့တော့"

မိုက်ခဲက သန့်စင်ပန်းခက်ကို အ[illegible] ရှိ အုတ်တံတိုင်းပေါ်သို့ တင်ပေးပြီး[illegible] လိုက်ရာ သွန့်ဘေးမှ လူတစ်ယော[illegible] ဖြတ်သွားသလိုလေဟပ်မှုမျိုးခံစားလိုက်[illegible] ရသည်။ အေးခနဲဖြစ်၍ ကြက်သီးများ[illegible] ထသွားမိရပါသည်။ ပြောပြီး ကျောင်း[illegible] ဆီသို့ ပြန်လှည့်လျှောက်ခဲ့ရသည်။

"ဟေ့ကောင်ကြီး - မိုက်ခဲ၊ မင်း[illegible] နောက်ကို ဟိုကောင်မလေး လိုက်လာ[illegible] တာမြင်လား"

ကျောင်းဝင်ပေါက်တွင် ရပ်စောင့်[illegible] နေကြသော ရဲဘော်မောင်ဦးနှင့် တခြား[illegible] ရဲဘော်တွေက မေးကြသည်။

"တွေ့တော့ မတွေ့ရဘူးကွ၊ လူ[illegible] တစ်ယောက် ခြေသံနဲ့ လေဟပ်ပြီး အေး[illegible] ခနဲတော့ ဖြစ်သွားတယ်"

"ဟေ - မင်းသာ မတွေ့ရတာ၊ တို့က ဒီက ကြည့်နေတော့ မိန်းမတစ်ယောက် ပုံစံနဲ့ မင်းနောက်က လိုက်သွားတာမြင်ရ[illegible] တာကြောင့် ဒီကောင်တွေကိုပါ လှမ်းခေါ်[illegible] လိုက်ရတာ"

"အေး - ဟုတ်တယ်၊ ငါတို့လည်း[illegible] အကြောင်းရှိရင် ကူလို့ရနိုင်အောင် စောင့်ကြည့်နေကြတာကွ"

ရဲဘော်မိုက်ခဲမှာ ရဲဘော်ရဲဘက်[illegible] စိတ် အပြည့်ရှိကြသော သူငယ်ချင်းများ[illegible] ကို များစွာ လေးစားချစ်ခင်သွားမိရပါသည်။

"ကဲ - ကိုယ့်လူတွေ၊ အားလုံး ငြိမ်းချမ်းသွားပါပြီကွာ၊ ဘာမှဖြစ်တော့မှာ မဟုတ်တော့ဘူး"

မိုက်ခဲက ပြောရင်း အမှတ်တမဲ့ အပေါ်သို့ မော့ကြည့်လိုက်မိသည်။ ကျောင်းအပေါ်ထပ် ဝရန်တာတွင် ဆရာသာစိန်၊ သန်းဝင်းတို့နှင့်အတူ ရပ်ကြည့်နေသော တင့်လွှင်ကို မြင်မိသည်။ တင့်လွှင် မျက်နှာမှာ ကလေးငယ်တစ်ယောက်မျက်နှာသဖွယ် ကြည်လင်နေကာ ကစားတစ်ခု ပျောက်ဆုံးသွား၍ နမြောတမ်းတနေပုံမျိုး ဖြစ်သည်ကို သတိထားမိလိုက်ပါလေသည်။

သည်ကောင်ရင်ထဲ မည်သို့သော ခံစားချက်တွေ ရှိနေသည်မသိနိုင်ပါ။ မည်သို့ရှိ ရဲဘော်မိုက်ခဲ ဘာမှမသိ။ လုံးဝမသိ။

ကောရာဓိ

## သည်နှစ် လာဘ်လား။ ဥပါဒ်လား

အသက်ကို တည်ကိန်းထား၊ (၃)နှစ်(၃)စား အကြွင်းမြင်ရာကို အောက်ပါအတိုင်း ဟော...။

၁ - ကြွင်း မင်းပူဇော်ခံရကိန်း၊

၂ - ကြွင်း အချင်းချင်း ခိုက်ရန်ဖြစ်ကိန်း။

၃ - ကြွင်း သုခံ ဒုက္ခံ နစ်တန်မျှမယ်။

၄ - ကြွင်း ခရီးသွားရမယ်။

၅ - ကြွင်း ဒုက္ခဆင်းရဲတွေ့မယ်။

၆ - ကြွင်း စည်းစိမ်ဥစ္စာ အလိုလိုတိုးသည်။

၇ - ကြွင်း ဗိုက်မှာ ဒုက္ခဖြစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com




# ခေါင်းမရှိသော ကိုယ် (သို့မဟုတ်) ဒေါ်နန်းအိုဇာနှင့် အယောင်ဆောင်ရွေးနက်ကြီး

မောင်လေးအောင်(သန်လျင်)

ဒေါ်နန်းအိုဇာဆိုလျှင် ရှမ်းရိုးမတစ်ကြောတွင် မသိသူမရှိ၊ နန်းကျစ်ပင် ရွာကြီးတွင် နေထိုင်သည်။ နန်းကျစ်ပင်ရွာ၊ ဇာတိ၊ သည်ရွာမှာ မွေးပြီး သည်ရွာတွင် ကြီးပြင်းလာသူ။

ဆိုတော့ မသိသူမရှိတာ မဆန်း။ မွေးချင်းမောင်နှမနှစ်ယောက် သာရှိသည်၊ မောင်လေးနာမည်သည် စိုင်းထီးလှိုင်ဖြစ်သည်၊ ဆယ်ကိုးနှစ်သားအရွယ်တည်းက အလုပ်ရှာမည်ဆိုပြီး အောက်ပြည်အောက်ရွာ ဆင်းသွားသည်ဟု သိလိုက်ရ၏။

ဘယ်မြို့ဘယ်ရွာမှန်း မသိရ၊ ကြာပြီ - နှစ်ကိုအတော်ကြာနေပြီ။ ထွက်ခါစကတော့ သူ့မောင်ကို ဒေါ်နန်းအိုဇာ သတိရနေသေးသည်၊ ကြာတော့လည်း မေ့ပြီပေါ့။

သည်အချိန် သည်ကာလတုန်းဆီက တစ်ရွာလျှင် တစ်ယောက် ရွာတိုင်းတွင် ရွာသူ(စုန်းမ) ရှိကြစမြဲ။ ရွာကြီးကြီးဆိုလျှင် နှစ်ယောက်တောင် ရှိနေတတ်သည်၊ အမှန်ကိုဆိုရသော် ဒေါ်နန်းအိုဇာသည် ရွာသူ(စုန်းမ)ကြီး။

ရွာသူ များသည် သူတို့ရွာသူ(စုန်းမ)ဖြစ်သည်ကို အသိမခံချင်၊ သိုသိုသိပ်သိပ် နေကြသည်က များသည်၊ "သိသာသိစေ၊ မမြင်စေနှင့်" ဆိုသော စကားပမာ ကျစ်ကျစ်လျစ်လျစ် နေထိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြပါသည်။ သို့သော် - ကြာလာတော့လည်း မည်သို့ပင် သိုသိပ်နေပါစေ၊ ဟုတ်ရင်ကျော်ပုပ်ရင်ပေါ်တာမို့တကယ်ဟုတ်နေတော့လည်း ကျော်ခဲ့ရပြီလေ၊

ရွာသူ(စုန်းမ)တို့မည်သည် မိခင်ဖြစ်သူ ရွာသူမှ (သို့မဟုတ်) အခြားတစ်ဦး၊ ရွာသူမှသင်ကြားပေး၍တတ်မြောက်လာသောစုန်း၊ မွေးစတည်းက ဝမ်းတွင်းမှ တတ်မြောက်လာသော ဝမ်းတွင်းစုန်းဟူ၍ နှစ်မျိုးနှစ်စားရှိသည်။

စုန်းချင်းတူသော်လည်း စုန်းအမျိုးအစားကွဲပြားခြားနားကြသည်၊ တိမ်ညွှန့်စားစုန်း(အသားစားစုန်း၊ စောရနကွတ်စုန်း၊ လေဟုန်စီးသောစုန်း၊ ရေစားစုန်း) ဟူ၍ စုန်းအမျိုးအစား များပြားစွာ ရှိနေကြသည်၊ ဒေါ်နန်းအိုဇာသည် ဝမ်းတွင်း



ဤအချိန်တွင် ညဘက်တွင်
မမျှော်လင့်ဘဲ မြင်ရသည်ရှိသော်
ရဲရဲနီနေသောမီးလုံးကြီးသာ
ဖြစ်လိမ့်မည်။
အမှန်ဆိုရလျှင် မီးလုံးမဟုတ်ပါ။
မီးလုံးဟု ထင်နေရခြင်းသာ ဖြစ်ပါသည်
ဒေါ်နန်းအိုဇာသည်
"လေဟုန်စီးသောစုန်း"။
တစ်နည်းအားဖြင့် အပျော်ကျူးသော
စုန်းဖြစ်သည်။
အပျော်ကျူးရန် ထွက်သည်ရှိသော်

ပါမွေးတည်းကပါလာသော ဝမ်းတွင်းပါစုန်းဖြစ်၏။ ပြီးတော့ "လေဟုန်စီးသောစုန်းဖြစ်သည်" ဒေါ်နန်းအိုဇာသည်ပင်ကိုဗီဇမှာ သဘောမနောကောင်းသူဖြစ်သည်။

သူနှင့်လိုက်လျောညီထွေဆက်ဆံကြသူများသည်ပြဿနာမရှိ၊ သူစပါးမွေးရုံးအောင်၊ အကြောမတည့်အောင် နေကြသူတွေအတွက်တော့ နာပြီသာမှတ်၊ ပညာပြရုံ၊ ပညာပေးရုံလောက်ပါပဲ။

သူမုန်းတီးသွားပြီ၊ နာကြည်းသွားပြီဆိုလျှင်သေဖို့သာပြင်ပေတော့။ မျက်နှာသစ်စရာ နေရာမရှိဖြစ်သွားမယ်။ ခေါင်းမရှိတော့ဘဲ ကိုယ်ကြီးသာ ရှိတော့မည့်သဘော၊ "ခေါင်းမရှိသောကိုယ်" ဖြစ်သွားနိုင်သည်။

ဒေါ်နန်းအိုဇာသည် ခင်ပွန်းသည်စိုင်းခမ်းထူးနောင်နှင့် သားသမီးနှစ်ယောက် ထွန်းကားသည်၊ သားတစ်ယောက်၊ သမီးတစ်ယောက် ဖြစ်သည်။ နှစ်ယောက်လုံး အိမ်ထောင်ရက်သားကျကုန်ကြပြီ။ သားသည် တစ်ရွာသူနှင့်အိမ်ထောင်ကျ၍ ထိုရွာနောက် လိုက်သွားသည်၊ သမီးသည်လည်းအခြားရွာသားနှင့်အိမ်ထောင်ကျ၍ယောင်နောက်ဆံထုံးပါဆိုသောကြောင့် ထိုရွာသားနေထိုင်သောရွာသို့ လိုက်ပါသွားတော့သည်။

သမီးသည် အမေ့အမွေကို ရရှိသည်။ မွေးထဲက ဝမ်းတွင်းပါစုန်း၊ ဝမ်းတွင်းမှာ ပါလာသော စုန်းပညာကို ရရှိခဲ့သည်၊ "လေဟုန်စီးသောစုန်းမဟုတ်" "အသားစားစုန်း"ဖြစ်သည်။

ယခုအချိန်တွင် ဒေါ်နန်းအိုဇာသည် အသက်ငါးဆယ်ရှိနေပြီ၊ သူ၏ ခင်ပွန်းသည် သူ့ထက် ငါးနှစ်ကြီးသည်၊

ဒေါ်နန်းအိုဇာနှင့် သူ၏မောင်စိုင်းထီးလှိုင်နှင့်ဆိုသော် သုံးနှစ်ကြီးသုံးနှစ်ငယ်ဖြစ်သည်။ ဒေါ်နန်းအိုဇာသည် တစ်လလျှင် နှစ်ည၊ သုံးည၊ နှစ်ကြိမ်၊ သုံးကြိမ်မျှ စုန်းမြူးသည်။ စုန်းတောက်စားသည်။

ရွာသုံးလေးရွာမှ စုန်းများ ညညဘက်တွေမှာ အတူတူပျော်ကြသည်၊ အပျော်ကြီး ပျော်ကြသည်၊

⸙

ည (၁၂)နာရီသည် အချိန်သည် တစ်ရွာလုံးအိပ်မောကျနေချိန်ဖြစ်သည်။ ဒေါ်နန်းအိုဇာ၏ခင်ပွန်း စိုင်းခမ်းထူးနောင်သည်လည်း တစ်ရွာလုံးနည်းတူ

www.burmeseclassic.com

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပြီ ဖြစ်၏။

မအိပ်နိုင်သူသည် ဒေါ်နန်းအိုဖာပင် ဖြစ်သည်။ ဒေါ်နန်းအိုဖာသည် အိပ်မောကျနေသော ခင်ပွန်းသည်ကို သည်ဘက်မှသည် ဟိုဘက်ကို၊ ဟိုဘက်မှသည် သည်ဘက်သို့ (၇)ကြိမ် ခွ၍ ကျော်သည်။

ပြီးမှ သူ၏ အိပ်ရာထက်တွင် ပက်လက်အနေအထား နေလိုက်၏။

စက္ကန့်ပိုင်းအတွင်းမှာပင် ဒေါ်နန်းအိုဖာ၏ ခေါင်းကြီးသည် တိတိရိရိပြတ်သွားပြီး ဝမ်းတွင်းကလီစာအမျှင်တန်းလန်းဖြင့် အိပ်မောကျနေသော ခင်ပွန်းသည်ကို ဒုတိယအကြိမ် (၇)ခါကျော်သည်။ ပြီးမှ နိမ့်ချီမြင့်ချီဖြင့် အိမ်အပြင်သို့ တဖြည်းဖြည်း ဝဲ၍ဝဲ၍ ထွက်ခွာသွားလေ၏။

အပြင်ကိုရောက်သောအခါ နိမ့်ချီမြင့်ချီဖြင့် အမြင့်တကာ့ အမြင့်ဆုံးတက်၍ လေဟုန်စီး၍နေလေ၏။ ဒေါ်နန်းအိုဖာကဲ့သို့ ဘဝတူရွာသူများ ပျော်ကြသည်။ ဤသို့ ပျော်ကြသည်ကို စုန်းမြူးသည်၊ စုန်းတောက်သည်ဟု ခေါ်ကြသည်။ အမြင့်ဆုံးတက်သည်ဟုဆိုရာ၌ ဝါးလေးငါးပြန် ကျော်မျှအထိ တက်နိုင်၏။ ဆင်းနိုင်၏။

ဤအချိန်တွင် ညဘက်တွင် မမျှော်လင့်ဘဲ မြင်ရသည်ရှိသော် ရဲရဲနီနေသော မီးလုံးကြီးသာ ဖြစ်လိမ့်မည်။ အမှန်ဆိုရလျှင် မီးလုံးမဟုတ်ပါ။ မီးလုံးဟု ထင်နေရခြင်းသာ ဖြစ်ပါသည်။ ဒေါ်နန်းအိုဖာသည် "လေဟုန်စီးသောစုန်း"၊ တစ်နည်းအားဖြင့် အပျော်ကျူးသော စုန်း ဖြစ်သည်။ အပျော်ကျူးရန် ထွက်သည်ရှိသော်...။

ခင်ပွန်းသည်ကို (၇)ခါကျော်ပြီးမှ ထွက်ရသည်။ တစ်ခါတည်းမဟုတ်၊ အကြိမ်ကြိမ်အခါခါ ရက်ပေါင်းများစွာ တစ်လမှာ သုံးလေးခါဆိုသော်လည်း ညပေါင်းများစွာ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာဆိုရှင်တော့ ဒေါ်နန်းအိုဖာ သိသည်၊ ကောင်းကျောင်းကြီးသိနေသည်၊ တစ်ခါတည်းတောင် အမြစ်ရှိသည်၊ အကြိမ်ကြိမ် အခါခါဆိုတော့ ပို၍ပို၍ အပြစ်ရှိနေသည်၊ အပြစ်ကြွေးတွေ တင်နေပြီ။

"သည်အချိန်ရောက်လာရင် ကျွန်တော့်စိတ်တွေ ဖောက်ဖောက်လာတယ်"ဆိုသည့် သီချင်းအတိုင်းပင်။

ဒေါ်နန်းအိုဖာသည် သူ့နေ၊ သူ့အချိန်ရောက်လာပြီဆိုမှဖြင့် သူ့စိတ်က ဖောက်ပြန်လာသည်။ စိတ်ရိုင်းတွေ ဝင်လာ၏။ အာသီစိတ်တွေ ပျောက်ကုန်၏။ မသီစိတ်တွေ ဝင်လာ၏။ ဆိုရလျှင်...

ဒေါ်နန်းအိုဖာသည် အတိတ်ဘဝမှ ဝဋ်ကြွေးကြောင့်သာ ဖြစ်ပါလိမ့်မည်။

သည်အပြစ်ကြွေးကို နောင်ဘဝဘဝတွေ မဆိုထားနှင့်။ သည်ဘဝမှာပင် သူ့အပြစ်သူ့ဒဏ်၊ သူခံရဦးတော့မည်။

ယခု ဒေါ်နန်းအိုဖာ၏ မောင်လေး မရောက်တာ နှစ်ပေါင်းများစွာ ကြာနေပြီဖြစ်သော မောင်စိုင်းထီးလှိုင်မိသားစု အစ်မအိမ် ရောက်နေကြပြီ၊ သင်္ဘောတစ်တန်၊ ကားတစ်တန်လာခဲ့ကြရသည်မို့ ခရီးကြမ်း၍ ပင်ပန်းလာကြသည်။ ရောက်လာသည့်အချိန် ညနေ (၅)နာရီ။ အိပ်ကုန်ကြပြီလေ၊ ဒေါ်နန်းအိုဖာသည် မောင်လေးမိသားစုနှီးသော်ထမင်းကျွေးရန်အတွက် ရွာထဲသို့ ဟင်းလျာအရှာထွက်ခဲ့သည်။ ဟင်းလျာရပြီး ပြန်လာတော့ လမ်းမှာပင်မှောင်ရီပျိုးနေပြီ၊ ဒေါ်နန်းအိုဖာသည် အမဲသားတွဲကြီးကို ရွာ ဦတစ်လျှောက်ဆွဲလာသည်။ တစ် သာကျော်လောက် ရှိမည်ထင်ရ၏။

"ဒေါ်နန်းအိုဖာ - ညည်းအမဲသားက ဘယ်က ဝယ်လာတာလဲဟင်"

"သည်အချိန်ကြီးကျမှအေ - အမဲသားတွဲကြီးဆွဲလို့ ဘယ်က ဝယ်လာတာလဲဟင်"

"ညည်း အမဲသားတွဲကို မြင်မှ ငါလည်း စားချင်လိုက်တာ၊ ငါ့ကို ဝါးဆယ်သားလောက် ရောင်းခဲ့ပါလား"

စသည်စသည်ဖြင့် ရွာရှိလူများသည် ဒေါ်နန်းအိုဖာကို မေးမြန်းကြသည်။

"ကျုပ် ဟိုဘက်ရွာက အမဲပေါ်လို့ အကြွေးနဲ့ဆွဲလာတာပါအေ၊ အောက်ပြည်အောက်ရွာက ရောက်နေတဲ့ ကျုပ်မောင်လေး အခု အလည်လာလို့ ချက်ကျွေးချင်လွန်းလို့ယူလာတာပါ။ မရောင်းနိုင်ပါဘူးအေ"

ဟုပြောပြီး ခြေလှမ်းကိုမြန်နိုင်သမျှမြန်အောင်လှမ်းရင်း အိမ်ဆီသို့သုတ်ခြေတင်ခဲ့လေ၏။

အိမ်ရောက်တော့ မှောင်တောင်မှောင်နေပြီပဲ။ မီးခွက်တောင် ထွန်းနေကြပြီ၊ တော်သေး၏။ မောင်လေးမိန်းမက ထမင်းအိုးတည်ထားပေလို့ပေါ့။ (၁၂)နှစ်သမီးအရွယ်ရှိသည့်မောင်လေးသမီးကလည်း အမေနဲ့အတူ နိုးနေပြီလေ။

www.burmeseclassic.com



မောင်လေးတစ်ယောက်တည်းသာ အိပ်ကောင်းတုန်း။ "ဝါ့မောင်လေး ဝါ့ယောက်မနဲ့ဝါ့တူမကိုကောင်းကောင်း ချက်ကျွေးရမယ်၊ ဟင်းကောင်းကောင်း စားရအောင် ဝါ့လမ်းစွမ်းပြရမယ်"ဟု အတွေးကြီးတွေးပြီး မပြေးရုံတစ်မည် အိမ်ထဲသို့ ဝင်လာစဉ်ကပင်...

တူမလေးဖြစ်သူကလေးက တအံ့တဩနဲ့ အိမ်ပေါက်ဝက နေထိုင်ပြီး ကြည့်နေတာကို ဒေါ်နန်းအိုဇာမြင်တွေ့နေရသည်၊

"သမီးလေးတောင် နိုးနေပြီကိုး၊ ဒေါ်ကြီးမြန်မြန်ချက်လိုက်မယ်၊ကျက်ရင် စားကြတာပေါ့ကွယ်"ဟု၊

ပြောပြီးမီးဖိုချောင်တွင်အမဲသားကို အတုံး၊အတစ်ပြုပြီး ဆား၊ နနွင်းနယ်ကာ မီးပေါ်ရောက်သည့်အထိ ချက်ပြုတ်နေသည်ကို တူမလေးဖြစ်သူမှ အစမှအဆုံး တိုင် ငေးငိုင်ပြီး ကြည့်နေမိသည်၊

ယောက်မဖြစ်သူကလည်း တစ်ဖက်တစ်လမ်းမှ လှီးသင့်တာလှီး၊ ထောင်းသင့်တာထောင်း၍မြန်မြန်ချက်၊ မြန်မြန်ကျက်နိုင်အောင် ဝိုင်းဝန်းကူညီပေးခဲ့ပါသည်၊

"ယောက်မရေ - ဟင်းအိုးတော့ ဖိုပေါ်ရောက်သွားပြီ၊ ကြည့်ထားလိုက်ဦး၊ နူးရင် ချလိုက်တော့၊ ငါ ရေချိုးလိုက်ဦးမယ်"

ဟုဆိုကာ ခြံထဲသို့ ဆင်းသွားပြီး ဒေါ်နန်းအိုဇာ ရေချိုးနေသည်၊ သည် အချိန်တွင် အမေနှင့် သမီး ခေါင်းချင်း ဆိုင်၍ တိုးတိုးတိုးတိုးဖြင့် စကားပြော နေကြသည်၊ ဒေါ်နန်းအိုဇာ၏ ခင်ပွန်း ဖြစ်သူစိုင်းခမ်းထူးနောင်သည်ယောက် ဖြစ်သူ စိုင်းထီးလှိုင်မိသားစု အိမ်ပေါ် ရောက်သည်နှင့် နှုတ်ဆက်စကားပြော သည်၊ ပြီးမှ မောင်နှမတွေ လွတ်လွတ် လပ်လပ် ပြောကြပါစေဆိုသော ဆန္ဒ သူ၏ မိတ်ဆွေရှိရာ ရွာတောင်ပိုင်းသို့ ထွက်သွားခဲ့ပြီ၊

သူ၏ မိတ်ဆွေနှင့်အတူ အရက် လေးနည်းနည်းတော့ သောက်ဖြစ်၊ ဝါးဖြ သောက်ကြဦးမည်၊ ပြီးလျှင် ထမင်းစား ကြမည်၊ အိပ်ချိန်တန်မှ ပြန်လာမည် မှာ သေချာသည်၊

ဒေါ်နန်းအိုဇာ ရေချိုးပြီးအိမ်ပေါ်ပြန် တက်လာသည်၊ သနပ်ခါးလိမ်းရန် ကျောက်ပျဉ်ကို ကြည့်လိုက်ရာ စိတ်ထဲ တွင် သံသယဖြစ်မိသည်၊ ဖဝေဖဝါ...၊

"ယောက်မရေ - အမဲသားနူးသွား ပြီလား၊ နူးရင်ချလိုက်တော့ ထမင်းစား ဖို့ပြင်၊ သမီးလေးလည်း ဆာရောပေါ့

ညည်းယောက်ျားကိုနှိုးလိုက်ဦး - စားကြ စားကြ၊ ငါ ရွာအနောက်ပိုင်း ခဏသွား လိုက်ဦးမယ်"

ဟုဆိုကာ ပြောပြောဆိုဆို သနပ်ခါးလိမ်းပြီး အပြင်သို့ ထွက်သွားပါတော့သည်၊ ထွက်ခါနီးဆဲဆဲယောက်မဖြစ်သူမှ ပြောလိုက်ခြင်းဖြစ်သည်၊

"ငါ မစားသေးပါဘူးအေ၊ ပြန်လာမှ စားတော့မယ်၊ စားကြ - စားကြ၊ ဝါ့ကို မစောင့်နဲ့"ဟု

သွားရင်း ပြောသွားသည်၊

"သမီး - ခင်ပပရေ - သမီးဖေဖေကို နှိုးလိုက်တော့ထမင်းစားရအောင်မေမေ၊ ရှုးခပ်ထားမယ်၊ ဖေဖေ ထမင်းစားရင် ဘာစကားမှ မပြောရဘူးနော် ကြား လား - သမီး"

"ကြားပါတယ် - မေမေ၊ သမီး ဘာမှ မပြောပါဘူး"

"ကဲ - နှိုးလိုက်၊ နှိုးလိုက် သမီးအဖေ ကို နှိုးလိုက်တော့"

သမီးလေးခင်ပပနှိုး၍ဖေဖေလည်း အိပ်ရာက နိုးနေပြီ၊

ထမင်းဝိုင်းလည်း ပြင်ပြီးနေပြီ၊ အမဲသားဆီပြန်ဟင်း၊ ငါးပိရည်ဖျော်၊ ပေါက်ပန်းဖြူရွက်ပြုတ်၊ တည်င်းသီးတို့စရာတို့ ဖြင့် ဖွယ်ဖွယ်ရာရာ...၊

ခင်ပွန်းဖြစ်သူ စိုင်းထီးလှိုင်သည် ခေါင်းရင်းပိုင်းတွင် နေရာယူပြီးဖြစ်သည်၊ သမီးလေး ခင်ပပသည် ခြေရင်းပိုင်းတွင် နေရာယူထားသည်၊

"သွယ်သွယ် - လာလေကွာ တစ်ခါတည်းအတူတူစားကြမယ်"ဟု ခင်ပွန်းဖြစ်သူမှ ခေါ်လိုက်သောအခါ...

"လာပြီ - အစ်ကိုရေ - လာပြီ - လာပြီ"ဟုပြောပြီးပြောပြောဆိုဆိုမီးဖိုချောင်မှ ထွက်လာသည်၊

သားအမိ၊ သားအဖသုံးယောက် ထမင်းဆာဆာနှင့် မြိန်ရေရှက်ရေစား ကြသည်၊ သမီးလေးစားနေသောပန်းကန်ကို အဖေဖြစ်သူမှ ဂရုတစိုက်ကြည့်မိသည်၊ ဟင်းမပါ၊ ငါးပိရည်၊ တို့စရာနှင့်သာ စားနေသည်ကိုမြင်လိုက်ရသည်၊

"သွယ်သွယ် - သမီးလေးကို ဟင်းတွေ မထည့်ပေးဘူးလားဟင်"

"ဝါ့မိန်းမကလည်းကလေးစားတာကို သည်အတိုင်းကြည့်နေတယ်"

ဟုပြောကာ ပြောပြောဆိုဆိုပင် အမဲသား ခပ်ကြီးကြီးအတုံးကို ဆယ်ယူကာ သမီးလေးပန်းကန်ထဲသို့ ထည့်ပေးရင်း...





www.burmeseclassic.com

www.burmeseclassic.com

"စား-စား-သမီး အမဲသားက ကောင်းတယ်၊ နူးအိနေတာပဲ" ဟု ပြောသည်၊

"မစားဘူး-ဖေဖေ၊ မစားဘူး၊ သမီး မစားချင်ဘူး၊ ဖေဖေမေမေတို့ပဲ စားကြ၊ သမီးရှုံ့တယ်" ဟု မဲ့ကာရွဲ့ကာ ပြောဆိုပြီး ပန်းကန်ကိုသူ၏ အမေပန်းကန်ထဲသို့ ပြန်ထည့်ပေးသည်၊

"ဘာလဲ-မင်းသမီး ဘယ်လိုဖြစ်တာလဲ၊ အိမ်မှာ အမဲသားစားပါတယ်၊ ခုမှ..."

"မသိပါဘူးရှင်၊ ကျွန်မလည်းမပြောတတ်တော့ပါဘူး၊ ကဲ-စားကြ၊ စားကြ၊ အစ်ကိုအစ်မနဲ့ အစ်ကိုယောက်ဖလည်း မစားရသေးဘူး၊ မိုးချုပ်မှ အပြင်ထွက်ကြတယ်၊ လာရင် စူးခပ်ကျွေးရဦးမယ်၊ မြန်မြန်စားအစ်ကို"

"ပြီးပါပြီကွ-ပြီးပါပြီ၊ သမီးလေး ဖြည်းဖြည်းစားပါစေ၊ စား-စား သမီး"

"သမီးလည်း ပြီးပြီ-ဖေဖေ"

"ဝရဲ့လား သမီး၊ သမီးစားတာ ငါးပိရည် တို့စရာ မြိန်ကောမြိန်ရဲ့လား"

"မြိန်ပါတယ် ဖေဖေ၊ ဝလည်း ဝပါတယ်"

မိသားစုထမင်းဝိုင်းလေး ပြီးသွားပြီ၊ ဒေါ်နန်းအိုဇာတို့လင်မယားလည်း အတူတူ ပြန်ရောက်လာကြပြီ၊

ဒေါ်နန်းအိုဇာသည် အဆင်သင့်ပြင်ဆင်ထားသော ထမင်းဝိုင်းမှာ ထိုင်စားနေပြီ၊ သူ၏ခင်ပွန်းသည်ထမင်းစား၍ပြီးလာသောကြောင့် အိပ်ရာပေါ်ရောက်နေပြီ၊ စိုင်းထီးလှိုင်တို့သားအဖလည်း အိပ်ရာပေါ်တွင် ကျောခင်းနေကြပြီ၊

အချိန်မနည်းတော့ ည (၉)နာရီတောင် ထိုးတော့မှာပဲ၊

⚘

ဒေါ်နန်းအိုဇာ၏ နေအိမ်သို့ သူ၏မောင်စိုင်းထီးလှိုင်မိသားစုကရောက်နေသည်မှာ ဆယ်ရက်တိတိတောင် ရှိနေပြီ၊ သည်ည ညဦးပိုင်းထဲက ဒေါ်နန်းအိုဇာ ရွာထဲ ထွက်သွားသည်၊ ပြန်မလာသေး၊ ဒေါ်နန်းအိုဇာသည် အကြောင်းကြီးငယ် တစ်ခုခုဖြင့် အပြင်ထွက်သည်ရှိသော်၊

စပ်စပ်စုစုပြုတတ်သော သမီးလေးခင်ပပသည် သူ၏ဒေါ်ကြီးသွေးထားသည့်ကျောက်ပြင်ပေါ်တွင် တင်ကျန်နေသောဆေးများကို သူ၏ ဒေါ်ကြီး လိမ်းသည့်နည်းတူ မျက်လုံးနှစ်ဖက်၏အပေါ်မျက်ခွံ၊ အောက်မျက်ခမ်းတို့ကို ဝလုံး၊ သဏ္ဌာန်ပိုင်း၍ ခပ်ပါးပါးလိမ်းလိုက်သည်၊ ဒါနှင့် မပြီးသေး၊ သူ၏ အမေဆီသွားပြီး ...

"အမေ၊ အမေ့ကို သနပ်ခါးလိမ်းပေးမယ်၊ ဆေးသနပ်ခါး ခပ်ပါးပါးလေး လိမ်းပေးမယ်နော်-နော်"

ဟုဆိုကာ ရယ်ခါမောကာဖြင့် သူလိမ်းသည့်နည်းတူ သူ၏အမေကို လိမ်းပေးလိုက်သည်၊

ဘယ်ရယ်မဟုတ်၊ သမီး စိတ်ချမ်းသာရင် ပြီးရောဆိုပြီး ငြိမ်နေလိုက်၏၊ သမီးလေးခင်ပပ သဘောကျနေ၏၊

အချိန်သည် ည (၈)နာရီ၊ ဒေါ်နန်းအိုဇာတောင် ပြန်ရောက်လာပြီး အချိန်အတော်လေးကြာအောင် မိသားစုစကား ပြောဖြစ်ကြသေးသည်၊ အခုတော့မိသားစုအားလုံးအိပ်မောကျကုန်ပြီလေ၊

ည (၁၀)နာရီတောင် ထိုးနေ့မှပဲ၊

သည်ည ခင်ပပ၏ အမေ၊ မသွယ်သွယ် အိပ်၍မပျော်၊ အိပ်လို့မရ၊ ဘယ်လိုဖြစ်မှန်းမသိ၊ သွယ်သွယ်ကိုယ်တိုင်မသိ၊ ဘယ်လှည့်ညာလှည့်နှင့်အချိန်ကုန်မှန်းမသိ ကုန်သွားသည်၊

နာရီကြည့်လိုက်တော့ သန်းခေါင်ယံ ည (၁၂)နာရီတောင် ကျော်နေမှပဲ၊ သည်အချိန်တွင် ထရံတစ်ချပ်သာခြားသော (ထရံသည် ကျိုးတိုးကျဲတဲဖြစ်နေသောထရံဟောင်းဖြစ်၏) အခန်းတွင်းမှ မြင်ကွင်းကို ထင်ထင်ရှားရှား မြင်တွေ့ရသောအခါ မသွယ်သွယ် အံ့ဩသွားသည်၊ ဒေါ်နန်းအိုဇာသည် သူ၏အိပ်မောကျနေသောခင်ပွန်းသည်ကိုသည်ဘက်မှသည်ဟိုဘက်၊ ဟိုဘက်မှသည် သည်ဘက် (၇)ခါတိတိကျော်သည်၊ ပြီးမှ သူ၏အိပ်ရာတွင် ပက်လက်အနေအထားနေလိုက်၏၊ မကြာလိုက်ပါ၊ ဒေါ်နန်းအိုဇာ၏ ခေါင်းကြီးသည် တိတိရိရိ ပြတ်သွားလေသည်၊

မသွယ်သွယ် သည် ထရံပေါက်မှ ချောင်းကြည့်စရာမလို၊ ပေါက်ပြဲနေသောထရံမှအတိုင်းသားမြင်နေရသည်၊ အကြီးအကျယ် တုန်လှုပ်သွားသည်၊ အကြောက်ကြီးကြောက်ပြီး အလန့်ကြီးလန့်သွား၏၊ စိတ်ကို ခိုင်ခိုင်ထားသည်၊ တင်းထား၏၊ တော်ပါသေး၏၊ သမီးလေး နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်မောကျနေသည်၊ သမီးလေးမြင်ရရင်ဒုက္ခ၊ ကြောက်လန့်ပြီး သေသွားနိုင်သည်၊ သမီးဖေဖေလည်း အိပ်မောကျနေဆဲပါပဲ၊ သွယ်သွယ်သည်ကြောက်စိတ်ကိုဖယ်ထားပြီး ကြည့်ကောင်းကောင်းနှင့် ဆက်၍ကြည့်နေမိသည်၊

ဒေါ်နန်းအိုဇာ၏ ခေါင်းပြတ်ကြီးမှ တွဲလောင်းဖြစ်နေသော အမျှင်တန်းကြီး





www.burmeseclassic.com

www.burmeseclassic.com



သည် အိပ်မောကျနေဆဲဖြစ်သော ခင်ပွန်းသည်ကို ဒုတိယအကြိမ် (၇)ခါ ခွကျော်ပြန်သည်။ ပြီးမှ နိမ့်ရျည်မြင့်ရျည်ဖြင့် အိမ်ထဲမှသည် အပြင်သို့ တဖြည်းဖြည်း ဝဲ၍ဝဲ၍ အပြင်ဘက်သို့ ထွက်ခွာသွားပါတော့သည်။

အိမ်ထဲတွင် ခင်ပွန်းဖြစ်သူ စိုင်းခမ်းထူးနောင် နစ်နစ်မြိုက်မြိုက် အိပ်မောကျနေ၏။ ၎င်း၏ဘေးတွင်ကား...။

ခေါင်းမရှိသောကိုယ်ကြီးသည် ဆန့်ဆန့်ကြီး။ "အင်း - ငါ့သမီးလေး ကျေးဇူးကြောင့် ငါ အမှန်ကို သိရတာ"

သမီးလေးပြောသလို ဆေးသနပ်ခါး လိမ်းထားလို့ အရှိကိုအရှိအတိုင်းမြင်နေရတာပဲ၊ မလိမ်းထားခဲ့ရင် ဘယ်လိုပုံစံမြင်ရမလဲ မသိဘူး။ အရှိအတိုင်းမြင်ရမှာမဟုတ်ဘူး။ ဪ - ခုမှသိပြီ၊ ငါတို့ စရောက်တဲ့နေ့က ချက်ကျွေးတဲ့ ဟင်းကို သမီးလေးက အမဲသားမဟုတ်ဘူးလို့ ပြောခဲ့တာ ငါမယုံခဲ့ဘူး၊ ခုတော့ ယုံပြီ၊ ငါ ယုံလိုက်ပြီ၊ မိုးလင်းထိ ငါမအိပ်တော့ဘူး။ သူ ပြန်လာမှပဲ ငါစောင့်ကြည့်ရမယ်"

ဟု အတွေးကြီးတွေးပြီး ...

"သည်အတိုင်းဆိုမဖြစ်ဘူး၊ ငါ့သမီးလေးနဲ့မဖြစ်ဘူး၊ သမီးလေးမှာအန္တရာယ်ရှိနိုင်တယ်၊ အမြန်ဆုံး ပြန်ရအောင် အစ်ကိုကို ပြောရတော့မယ်၊ အကျိုးအကြောင်းကိုတော့ နောက်မှပဲ ရှင်းပြတော့မယ်" ဟု

ဆက်၍ဆက်၍ တွေးနေမိပါတော့သည်။ အတွေးများ ပလုံစီနေရင်းမှ နာရီကို ကြည့်လိုက်မိ၏။ (၃)နာရီထိုးပြီးပြီ၊ မကြာလိုက်ပါ၊ ခေါင်းပြတ်ကြီးနှင့်အတူ တန်းလန်းကျနေသော အမျှင်တန်းကြီးသည် အိမ်ထဲသို့ပြန်၍ဝင်လာသည်။ တန်းလန်းဖြစ်နေသော အမျှင်တန်းသည် အူသိမ်၊ အူမ၊ အူအခွေများပင်ဖြစ်သည်။

ဆန့်ဆန့်ကြီးဖြစ်နေသော ခေါင်းမရှိသောကိုယ်ကြီးသည် ခေါင်းနှင့်ကိုယ် ဆက်သွားပြီဖြစ်သည်။ အူသိမ်၊ အူမ၊ အူအခွေများသည် သူ့နေရာနှင့်သူ နေသားတကျဖြစ်သွားပြီ။

လေဟုန်စီး၍ အပျော်ကြီးပျော်၊ အပျော်ကျူးပြီး စုန်းပြူးခဲ့သည်။ စုန်းတောက်ခဲ့ပြီပဲ၊

"အခုတော့ သိရပါပြီ ငါ့ယောက်မ၊ ဒေါ်နန်းအိုဇာဟာ ရွာသူစုန်းမကြီးပါလား"





ဒေါ်နန်းအိုဇာသည် ဆေးသွေးသည့်နေ့တိုင်း ကျောက်ပျဉ်ကို ကြည့်ပြီး သံသယဝင်မိသည်၊ ခြေရာလက်ရာ ပျက်နေသည်ကို၊ မရေမရာနှင့် ဖဝေဖဝါဖြစ်ခဲ့သည်မှာ နစ်ကြိမ်နစ်ခါဆိုတော့ ဒေါ်နန်းအိုဇာ သတိထားလာသည်။ စရောက်သည့်နေ့ ဟင်းလျာရှာသောနေ့က အပြန်အိမ်ပေါက်ဝမှ စောင့်ပြီး ကြည့်နေသော တူမဖြစ်သူ ကလေးမလေး၏မျက်နှာကိုပြန်မြင်ယောင်လာမိသည်။

သည်နေ့၊ သည်ညနေပိုင်းတွင် ဒေါ်နန်းအိုဇာ စိတ်ညစ်နေမိသည်၊ မောင်လေးမိသားစု အိမ်မှာရောက်နေ၍ ဘာကျွေးရမှန်းမသိ ဖြစ်နေသည်၊ အချိန်ကလည်း မရှိတော့၊ ရှိတာပဲ လုပ်ရပါတော့သည်။

မနက်ကမှ သချိုင်းမြေတွင် မြှုပ်ထားသော ပူပူနွေးနွေးကလေး အလောင်းလသားကလေးကို တူးဖော်ပြီး နီးဖြင့်တုပ်နှောင်ကာ ဒေါ်နန်း အိုဇာ ယူလာခြင်းဖြစ်သည်၊ အိမ်ကျတော့ တုံးတစ်လုံးဖြတ်နေသည်ကိုလည်း သည်ကလေးမ စူးစူးစိုက်စိုက် ကြည့်နေသည်။

"ဇကန္တတော့ - သည်ကလေးမ ငါ့သွေးထားတဲ့ ဆေးကျန်ကို ယူလိမ်းမိလို့ အရှိကိုအရှိအတိုင်း မြင်သွားတာပဲ ဖြစ်ရမယ်"

ဟု စဉ်းစားမိပြီး ဒေါ်နန်းအိုဇာတစ်ယောက် အဖြေမှန်ကို သိသွားပါတော့သည်။

"ဒါတင်ဘယ်ဟုတ်ဦးမှာလဲ၊ ဟိုနေ့ ငါစုန်းပြူးတဲ့ညက ညဦးပိုင်းမှာ သွေးထားတဲ့ဆေးလက်ကျန် ရှိနေတာပေါ့၊ ပြန်လာလို့ကြည့်လိုက်တော့ ခြေရာလက်ရာတွေ ပျက်နေတယ်၊ လုံးဝ မရှိတော့ဘူး။ ငါကိုကပေါ့တာပါ၊ မေ့တာလည်းပါတယ်၊ အင်း - သမီးတင်မဟုတ်ဘူး၊ သမီးကော အမေပါ ငါ့အကြောင်းတွေ သိကုန်ကြပြီ ဖြစ်မယ်၊ သူတို့မြို့ရောက်ရင် ငါ့အကြောင်းတွေပြောတော့မယ်၊ ငါ့သိက္ခာကို ကောင်းကောင်းကြီး ချတော့မယ်၊ မလွယ်ဘူး၊ မလွယ်ဘူး၊ ငါတော့ မလွယ်တော့ဘူး"

ဟု အတွေးဝင်ပြီး ဒေါ်သယမ်းအိုးပေါက်ကွဲကာ ဒေါ်နန်းအိုဇာတစ်ယောက် အကောက်ကြံနေမိပါတော့သည်။

ဟု အတွေးဝင်ပြီး ဒေါ်သယမ်းအိုးပေါက်ကွဲကာ ဒေါ်နန်းအိုဇာတစ်ယောက် အကောက်ကြံနေမိပါတော့သည်။

www.burmeseclassic.com



မသွယ်သွယ်သည် ခင်ပွန်းဖြစ်သူ စိုင်းထီးလှိုင်ကို နေအိမ်ပြန်ရန် အတန်တန် နားချပါသော်လည်း ...

"လာရခဲတယ်၊ နေရာကအဝေးကြီး ရောက်တဲ့ခိုက် နေပါဦးကွာ" ဟု ပြောရင်း ပြောရင်း ...

နေလာခဲ့သည်မှာ နောက်ထပ် (၇) ရက်ခန့် ကြာသွားသည်၊ သည်နေ့တော့ မနက်ဖြန်ပြန်ရန် စီစဉ်ကြရသည်၊ နှုတ်ဆက်သင့်သည်များကို လိုက်၍ နှုတ်ဆက်ကြရသည်၊

သင့်ရာသင့်ရာပစ္စည်းများကိုဟိုက ပေး၊ သည်ကပေးနှင့် အပြန်လက်ဆောင်များ ရခဲ့သည်၊

ညဘက်တွင် တော်တော်နှင့် အိပ်မရ၊ အိမ်ကိုလာပြီး နှုတ်ဆက်ကြသူ တော်တော်များသည်၊ စကားပြောကောင်းနေကြ၍ ညည့်နက်မှ အိပ်ကြရသည်၊

မနက်မိုးလင်းပြီဆိုသည်နှင့် စိုင်းခမ်းထူးနောင်နှင့် ဒေါ်နန်းအိုဖာတို့ကို နှုတ်ဆက်ပြီး အိမ်မှ ထွက်ကြရသည်၊

စိုင်းထီးလှိုင်သည် ကျောပိုးအိတ်ကြီးကို လွယ်ထား၏၊ မသွယ်သွယ်သည် ခရီးဆောင်အိတ်ကြီးကို ဆွဲလာသည်၊

မနေ့ညနေပိုင်းက ရွာဦးစေတီကို ဖူးမြော်ပြီး ရွာဦးဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဘုန်းကြီးကို ဝတ္တုငွေကပ်ပြီး ပြန်တော့မည့်အကြောင်း လျှောက်ထားခဲ့သည်ကို လမ်းသွားရင် သတိရနေသည်၊

ကွင်းတွေကိုဖြတ်ခဲ့ရသည်၊ ချောင်းကူးတံတားဖြင့် ချောင်းကို ဖြတ်ကူးရတော့မည်၊ တံတားသည် ဝါးတံတား၊

"ဖေဖေ သမီးမလျှောက်ရဲဘူး၊ သမီးကို ကျောပိုးနော်"

သမီးလေး ခင်ပပမှ ပြောလာသည်၊

"ဟုတ်တယ် - အစ်ကို၊ သမီးကို ကျောပိုးလိုက်ပါ၊ သွယ်သွယ်တောင် တံတားပေါ်လျှောက်ရမှာ ခပ်လန့်လန့်ရယ်" ဟု ဇနီးဖြစ်သူကပါ ထပ်ဆင့်ဆိုလာပြန်သည်၊

"ကဲ - ကဲ - သမီး အဖေ လည်ကုပ်ပေါ်မှာထိုင်၊ ခွစီးထားပေတော့၊ မြဲမြဲကိုင်ထားနော်" ဟု

ပြောပြီး သမီးကို ချီ၍ ကုပ်ပိုးပေါ်တင်လိုက်လေ၏၊

ကျောပေါ်တွင် ကျောပိုးအိတ်ကို ပိုးထားသည်၊ လည်ကုပ်ပေါ် သမီးကို တင်ထားသည်၊ ဘယ်လက်ဖြင့် ဇနီးသည်၏ လက်ကိုဆွဲ၍ ဝါးတံတားပေါ်တွင် ရဲရဲတင်းတင်းပင် ဖြတ်ကူးလာသည်၊

တံတား၏ ဟိုဘက်အစွန်း မြေပြင်ပေါ် ရောက်သည်တွင် တံတား၏ သည်ဘက် ခပ်လှမ်းလှမ်းတွင် လွန်စွာမှကြီးသော ကြောက်စရာကောင်းသော ခွေးနက်ကြီးသည် ရွာတစ်လစ်ဖြင့် အနောက်မှနေ၍ အပြေးအလွှား လိုက်လာသည်၊

"ဖေဖေ - ဖေဖေ - အနောက်မှာ ခေါ်ကြီးလေးဖက်ထောက်ပြီး လိုက်လာတယ်" ဟု

အလန့်တကြား အော်ပြောလိုက်သည်၊ ကြားကြားချင်း ပထမဆုံးလှည့်ကြည့်သူသည် သမီးလေးပပ၏ အမေ၊ မသွယ်သွယ်၏ မျက်စိအမြင်အာရုံတွင် ခွေးနက်ကြီး၏ မျက်နှာကို မြင်လိုက်၊ ဒေါ်နန်းအိုဖာ၏ မျက်နှာကိုမြင်လိုက်ဖြင့် အမြင်နှစ်မျိုး ဖြစ်နေ၏၊ သည်သို့ မြင်လိုက်ချိန်တွင် သွယ်သွယ်သည် သမီးလေးအတွက် လွန်စွာမှ စိုးရိမ်စိတ် ဝင်သွားသည်၊

ကြောက်လည်းကြောက်၊ လန့်လည်း လန့်သွားသည်၊ သမီးလေးပပသည် ပို၍ပို၍ပင် ကြောက်နေမိ၏၊ လန့်နေမိ၏၊

အဖြစ်က သည်လိုပါ၊

မနက်မိုးလင်းရင် မောင်လေးတို့ မိသားစုပြန်တော့မှာလေ၊ ညမှာ ဒေါ်နန်းအိုဖာ ကျောက်ပျဉ်မှာ ဆေးသွေးထားသည်၊ သည်ချုံကိုထွင်ချင်လို့ သည်ယုန်ကိုပြလိုက်သည့် သဘောပါပဲ၊ ဒါကို ယောက်မဖြစ်သူ မသွယ်သွယ် သိသည်။ နားလည်သည်၊ မြွေမြွေချင်း ခြေမြင်သည့်သဘောပါ၊ သည်တစ်ခါမှာဖြင့် ...

သမီးလေး ယူစရာမလိုတော့၊ အမေဖြစ်သူ သွယ်သွယ်ကိုယ်တိုင်၊ ကျောက်ပျဉ်မှ ဆေးများကို အကုန်အစင် ယူ၍ ပုလင်းသေးသေးလေးထည့်၍ အဖုံးဖြင့် ပိတ်ထားလိုက်၏၊

မနက်မိုးလင်းမှ သွားခါနီးတွင် သမီးကို သနပ်ခါးလိမ်းပေးရင်း ဆေးကို ထူထူလေး သုတ်ပေးထားခြင်းဖြစ်သည်၊

သွယ်သွယ်ကိုယ်တိုင်မှ ခပ်ပါးပါးလေးသုတ်လိမ်းထားသည်၊ တစ်နည်းပြောရလျှင် ဒေါ်နန်းအိုဖာမှ စိန်ခေါ်လိုက်ခြင်းဖြစ်သည်၊

သွယ်သွယ်အနေဖြင့် ပြောရလျှင် -

"ယောက်မရေ - ဒေါ်နန်းအိုဖာရေ ယောက်မ ဘာဆိုတာ သိသွားပြီ၊ သိနေပြီ၊ ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးလို့မရပါဘူး၊ စုန်းမဟာ စုန်းမပါပဲ၊

www.burmeseclassic.com



သိကြောင်း ကြေငြာလိုက်တာတစ်ခုတည်းပါ၊ ကျန်တာ ဘာမှမရှိပါဘူး”ဟု ...။

သည့်ကြောင့် သမီးလေးခင်ပပသည် “ခွေးနက်ကြီးအယောင်ထားသော ဒေါ်နန်းအိုဇာ”ကို အရှိကိုအရှိအတိုင်း မြင်ရခြင်း ဖြစ်သည်။ ဆေးမလိမ်းခဲ့သော ...

ခွေးနက်ကြီးကိုသာ မြင်နေမှာဖြစ်သည်၊ အမေဖြစ်သူ မသွယ်သွယ်သည် ဆေးကို ပါးပါးလိမ်းကျံထားသောကြောင့် အမြင်နှစ်မျိုး ဖြစ်သည်။

သမီးဖြစ်သူ အော်ပြောနေသည်ကို သူ့အဖေ ဘာတွေအတွေးဝင်နေသည် မသိ၊ လှည့်၍မကြည့်။

“အစ်ကို - နောက်မှာ ဒေါ်နန်းအိုဇာ ပြေးပြီးလိုက်လာနေတယ်၊ လုပ်ပါဦး”

ထပ်ပြီး အော်ပြောတော့မှ ပင် နောက်သို့ လှည့်ကြည့်၏။ ခွေးနက်ကြီးသည် တံတားပေါ်အလယ်သို့ပင် ရောက်နေပြီ။

“ဘယ်ကလာ - ဒေါ်နန်းအိုဇာရမှာလဲ၊ ခွေးနက်ကြီး၊ ခွေးနက်ကြီး”ဟု အော်ပြော၏။

ပြောပြောဆိုဆို လိုရာမရ အရေးပေါ်လျှင် အသုံးပြုရန် ဆောင်ထားလေ့ရှိသော ခြောက်လက်မဓားမြှောင်ကို ခါးကြားမှ ထုတ်၍ မြန်မြန်ဆန်ဆန်ပင် နောက်လှည့်ပြီး ခွေးနက်ကြီးကို ပစ်ပေါက်လိုက်လေ၏။

ဓားသည် တည့်တည့်မတ်မတ်ပင် ခွေးနက်ကြီးရှိရာသို့ တန်းသွား၏။ ခွေးနက်ကြီး၏ ရင်ဝတည့်တည့်ကို ချိန်ပြီးသား။ သို့သော် ရင်ဝကို မထိ။ ခွေးနက်ကြီးသည် တစ်ဖက်သို့လှည့်၍ ရှောင်လိုက်ခြင်းကြောင့်ပစ်မှတ်လွဲသွားသည်။ ချက်ကောင်းကို မထိတော့၊ အရှောင်ကောင်း၍ တင်ပါးဆုံကို ဓားတစ်ဝက်နည်းပါးမျှ စိုက်ဝင်သွားခဲ့သည်။

“ဒုတ်”

“အူး - ဂူး - ဂူး”

ခွေးနက်ကြီးမြေပြင်ပေါ်တွင် ဗုန်းခနဲ လဲကျသွားသည်။

သွေးများသည် ချင်းချင်းနီရဲ၍နေ၏။ မြင်မကောင်းအောင်ပင် တင်ပါးဆုံမှ သွေးများ ယိုစီးကျနေသည်။ ဓားသည် တန်းလန်းကြီး ...

“ဒေါ်ကြီးတင်ပါးဆုံကို ဓားထိသွားလို့၊ လဲကျသွားပြီ၊ သွေးတွေ သွေးတွေ”ဟု ခင်ပပ အော်လိုက်မိသည်။ စိုင်းထီးလှိုင်သည် ရှေ့သို့ခြေလှမ်းကိုဆက်လှမ်းမည်အပြု မလှမ်းနိုင်တော့ဘဲ နောက်ကို လှည့်ကြည့်မိသည်။ စိုင်းထီးလှိုင် အံ့သြသွားသည်။





အစ်မ ဒေါ်နန်းအိုဇာ၊

ဟုတ်သည်။ အစ်မ ဒေါ်နန်း အိုဇာ အစစ်ပါ။ ချက်ချင်းဆိုသလိုပင် စိုင်းထီးလှိုင်သည် အစ်မတင်ပါးတွင်စိုက်ဝင်နေသောဓားကို ဆွဲနုတ်လိုက်၏။ စီးကျနေသောသွေးသည်မရပ်သေး။ သွယ်သွယ်နှင့် ခင်ပပတို့ သားအမိနှစ်ယောက်သည် စိတ်မကောင်းခြင်းများစွာဖြင့် ဒေါ်နန်းအိုဇာကို အငေးသား ကရုဏာဖြင့် စူးစိုက်ကြည့်နေမိသည်။

ဒေါ်နန်းအိုဇာကိုယ်တိုင်ပင်နာကျင်နေသည့် ဝေဒနာကို ခံစားနေရသည့်ကြားမှ အမြဲဆောင်ထားလေ့ရှိသော ဆေးမှုန့်ဖြင့် ဓားစိုက်ဝင်သွားသော အပေါက်ဝကို သိပ်လိုက်လေ၏။ စီးကျသောသွေးများ ရပ်ဆိုင်းသွား၏။

“မိုက်လှချည်လားအစ်မမနန်းအိုဇာ - ကံကြီးပေလို့သာပေါ့၊ ရင်ဝတည့်တည့်ကိုသာ ဓားစိုက်ခဲ့ရင် မနန်းအိုဇာသေပြီ။ အစ်မကိုမောင်ကသတ်တဲ့ကိန်းဆိုက်တော့မလို့”

“ဟုတ် - ဟုတ်ပါတယ် ငါ့မောင်ရယ်၊ အမိုက်မကြီးမင်းအစ်မမိုက်လုံးကြီးပါတယ်။ မကြံစည်အပ်တာကို ကြံစည်မိလို့မင်းအစ်မ လှလှကြီးခံရတာပါ။ မင်းအစ်မ အမိုက်မကြီးကို ခွင့်လွှတ်ပါနော် ခွင့်လွှတ်ပါ”

“ခွင့် လွှတ်ပါတယ် - အစ်မ၊ ခွင့်လွှတ်ပြီးသားပါ၊ အစ်မရဲ့အကြောင်းကို အစ်မယောက်မနဲ့ အစ်မတူမလေးတို့ လုံးဝမပြောစေရပါဘူး”

ဟု ပြောရင်း သွယ်သွယ်နှင့် သမီးလေးတို့ဘက်လှည့်၍ ...

“မပြောကြဘူး မဟုတ်လား၊ သွယ်သွယ်နဲ့ သမီးတို့ရယ် ကတိပေးလိုက်ပါ”

ဟု ပြောလာသောအခါ -

“လုံးဝ - လုံးဝ မပြောပါဘူးရှင်၊ ကတိပေးပါတယ်”ဟုပြိုင်တူပြောလိုက်ကြပါသည်။

ကတိစကား ကြားလိုက်ရသော အခါ ဒေါ်နန်းအိုဇာ လွန်စွာဝမ်းသာသွားသည်။

“အစ်မ မနန်းအိုဇာ၊ ကျွန်တော် တစ်ခုတောင်းခံချင်ပါတယ်၊ အဲဒါဘာလဲဆိုတော့ အစ်မတတ်တဲ့ဝမ်းတွင်းပါ စုန်းပညာတွေကို ဘုရားမှာလှူလိုက်ပါ၊ လှူပါ့မယ်လို့ အစ်မ ကတိပေးပါ။ လှူမယ် မဟုတ်လားဟင်”

“လှူပါမယ်ငါ့မောင်ရယ်၊ လှူပါ့မယ်လို့ အစ်မောင်ကို ကတိပေးပါ၊ လှူမယ် မဟုတ်လားဟင်”



www.burmeseclassic.com

www.burmeseclassic.com



"လှူပွဲမယ်ငဲ့မောင်ရယ်လှူပွဲမယ်၊ အစ်မရဲရဲကြီး ကတိပေးပါတယ်၊ မနက်ဖြန် အစ်မမွေးနေ့လေ၊ (အခုလှမ်းမြင်နေရတဲ့ရွှာဦးစေတီနားက ရွာဦးကျောင်း၊ ကျောင်းထိုင်ဘုန်းတော်ကြီးဆီမှာအစ်မတတ်ထားတဲ့ ဝမ်းတွင်းစုန်းပညာတွေကို လှူပါတော့မယ်လို့ ရင်ထဲအသည်းထဲက လှိုက်လှိုက်လှဲလှဲကြီးကို ကတိပေးပါတယ် - ငဲ့မောင်ရယ်"

ဒေါ်နန်းအိုဇာ၏ စကားကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရ၍ မောင်လေးစိုင်းထီးလှိုင်၊ အတူ ယောက်မဖြစ်သူနှင့် တူမလေးတို့ပါ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်၊

ယောက်မဖြစ်သူ သွယ်သွယ်နှင့် တူမလေးခင်ပပတို့ စောစီးစွာ ဒေါ်နန်းအိုဇာ၏အကြောင်းကို သိထားခဲ့သော်လည်း မောင်ဖြစ်သူ စိုင်းထီးလှိုင်ကမူယခုမှပင် ရှပ်လုံးပေါ်၍ ဇာတ်ရည်လည်ခဲ့ပြီ၊ ဖြစ်ပါတော့သည်၊

အမိုက်မကြီး ဒေါ်နန်းအိုဇာ၊ ရွာသူစုန်းမကြီး အမှားကို အမှားမှန်းသိမြင်ပြီး အမှန်လမ်းကြောင်းပေါ်သို့ ရောက်ခဲ့ပြီ၊ သူများမကောင်းကြံ ကိုယ့်အကြောင်းလူသိမှာစိုး၍ လိုက်လံနှောင့်ယှက်လုပ်ကြံရာမှ ကိုယ်တွင် ဘေးဒဏ်သင့်ခံခဲ့ရတော့မှ လမ်းမှန်ကို ရောက်ရှိခဲ့ပြီလေ၊ သူ့တွင် တင်ရှိနေသော အပြစ်ကြွေးကိုသည်ဘဝမှာပင် သူ့အပြစ်၊ သူ့ဒဏ် သူခံလိုက်ရပါပြီကော၊

စိုင်းထီးလှိုင်တို့မိသားစု၏ အမြှန်ခရီးလမ်းသည်ကားဝမ်းမြောက်ဝမ်းသာသာယာရွှင်လန်းဖွယ်သော ခရီးလမ်းပင်ဖြစ်ပါတော့သည်တကား၊

သုခိအတ္တာနံ ပရိဟာရန္တု ...

မောင်လေးအောင်(သန့်လျင်)



www.burmeseclassic.com

www.burmeseclassic.com



# ညှင်သုံးယံ၌

## တက္ကသိုလ်အပန်ငယ်

ဝန်ထမ်းဆိုတာ ထားရာနေ၊ စေရာသွား၊ အမိန့်တာဝန်ကို ငြင်းပယ်၍မရ၊ သွားဆိုရင်သွား၊ လာဆိုလျှင် လာရသည်၊ ကျွန်တော်ဝန်ထမ်းဖြစ်စဉ်က အနယ်နယ် အရပ်ရပ်၊ ဒေသအရပ်ရပ်ကို ရောက်ဖူးခဲ့၏။ စုန်း၊ တစ္ဆေတွေကို မကြာခဏ ကြုံတွေ့ခဲ့ဖူးသည်။

ကြောက်စရာကောင်းသည် ဆိုသော ဝေါဟာရမှာ ကျွန်တော့်အတွက် မဆန်းတော့။ နာနာဘာဝတွေကို သတ္တိရှိရှိ ရင်ဆိုင်ခဲ့ဖူးသည်၊ ကျွန်တော်က ဘာသာရေး ကိုင်းရှိုင်းသူမို့ အားလုံးကို ဂရုမစိုက်ခြင်းပင် ဖြစ်ပါသည်၊

သို့သော်... သို့သော်...

အပြောကြီးခဲ့သော ကျွန်တော်သည် တစ္ဆေကိုမှ စွဲလမ်းမိခဲ့ဖူး၏။ သည်အဖြစ်ကို ပြန်ပြောရမှာ ရှက်လည်းရှက်မိသည်။ မပြောရင်လည်း ရင်ထဲမှာ မရှိတင်ကဲ ဖြစ်နေသဖြင့် ပြန်ပြောလိုက်ပါရစေ၊ အဖြစ်ကတော့ ဒီလိုပါ၊

နေ့ရက်တစ်ရက်၊ နှင်းပွင့်က မကျသေး။

မေမြို့(ယခု ပြင်ဦးလွင်မြို့) ပိုးချည်စက်ရုံကို စစ်ဆေးရန် မေမြို့ကို ရောက်လာကြသည်။ နေ့ရက်ဆိုပေမယ့် မေမြို့တွင် ချမ်းမြနေတုန်းပင်၊ စက်ရုံတွင် တည်းခိုစရာမရှိသဖြင့် မေမြို့သစ်တောလမ်းရှိ ကုန်သွယ်ရေးဌာနပိုင် တည်းခိုခန်းသို့ ပို့ပေး၏။ တည်းခိုသည့်နေရာမှ စက်ရုံနှင့် သုံးမိုင်မျှဝေးသည်၊

တည်းခိုအိမ်မှာ အလွန်ကျယ်ဝန်းပြီး နှစ်ထပ်ရှေးအဆောက်အအုံ ဖြစ်သည်၊ အင်္ဂလိပ်လူမျိုးများဆောက်လုပ်ခဲ့သည့် အိမ်ကြီးဖြစ်သည်၊ အုတ်ညှပ်တိုက်ဖြစ်ပြီး အုတ်များက အနီရောင်၊ အမိုးမှာက အုတ်ကြွပ်မိုးဖြစ်ပြီး ရေညှိများကြောင့် အမည်းရောင်ဖြစ်နေ၏။ ရေနံချေးကို ဝအောင်သုတ်ထားသဖြင့် ညအခါလရောင်အောက်တွင်မည်းမည်းသဏ္ဍာန်ကြီးထိုင်လျက် ရှိနေပုံ ဖြစ်၏။ အမှတ်တမဲ့ကြည့်ပါ၊ ပူကြောက်စရာ အသွင်ဆောင်နေသည်။ခြံဝင်းကလည်း တစ်ဧကပင် ကျော်ပေလိမ့်မည်၊

အိမ်အတွင်းတွင် အပေါ်ထပ်သို့ တက်ရမည့်လှေကားကို ကြောင်လိမ်လှေကားသဖွယ် တစ်ပတ်ပြုလုပ်ထား၏။ ဘယ်၊ ညာနှစ်ဖက်စလုံးမှ အပေါ်ထပ်သို့တက်၍ရသည်၊ အပေါ်ထပ်တွင် အခန်းကိုးခန်းနှင့် အောက်ထပ်တွင် အခန်းခြောက်ခန်းသာ ရှိ၏။ တစ်ခန်းက ထမင်းစားခန်း၊ တစ်ခန်းက စန္ဒယားထားသောအခန်းဖြစ်သည်၊ အလယ်တွင် ကွက်လပ်ကြီးသဖွယ် ဖြစ်နေ၏။

အထက်သို့မော့ကြည့်ပါက ခေါင်မိုးဆိုင်းများကို ချိတ်ဆွဲထားသည်၊ အင်္ဂလိပ်လက်ထက်က Ball Dance Room ဟု သိရ၏။ အရေးကြီးသောဧည့်သည်များ လာပါက အောက်ထပ်တွင် နေရာချပေးသည်၊ ကျွန်တော်တို့သုံးယောက်ကို အပေါ်ထပ် ညာအစွန်နေရာတွင်နေရာချပေး၏။ ကျွန်တော်က တစ်ယောက်ခန်း၊ ကျန်နှစ်ယောက်က နှစ်ယောက်ခန်းမှာပါ။

အိမ်နီကြီး၏ အနောက်ဘက်တွင် အိမ်ငယ်တစ်လုံး ရှိသည်၊ အိမ်နီကြီးကို စောင့်ရှောက်ရန်နှင့် ဧည့်သည်များ ကျွေးမွေးရန် အစောင့်ထား၏။ နံနက်စာကိုစက်ရုံမှာပင်စားပြီးညစာကိုအိမ်နီကြီးမှာ စားရသည်၊ အခန်းတိုင်းတွင် Internal Phone တပ်ပေးထားသည်၊ လိုချင်တာရှိရင် ဖုန်းဖြင့် မှာလို့ရသည်၊ တစ်ခန်းနှင့်တစ်ခန်း ဆက်သွယ်စကားပြော၍ရ၏။

ရောက်သောညက မောမောနှင့် စောစော အိပ်ရာဝင်ကြသည်၊ တစ်ဖက်ခန်းမှ သူငယ်ချင်းနှစ်ယောက် မောမောနှင့် အိပ်ပျော်သွားကြ၏။ ကျွန်တော်က အိပ်မပျော်နိုင်သေး၊ မေမြို့ရဲ့အလှအပ





www.burmeseclassic.com

www.burmeseclassic.com



ကို သီချင်းရေးဖွဲ့ရန် စဉ်းစားနေမိသည်၊ ထိုစဉ် အောက်ထပ်မှ စန္ဒရားတီးသံကို ကြားလိုက်ရ၏၊ ကျွန်တော်အောက်ထပ်ကို မစဉ်းစားမတွေးတောတော့ဘဲ ဆင်းလာပြီး စန္ဒရားသံလာရာအခန်းသို့ သွားကြည့်မိသည်၊

စန္ဒရားထားသော အခန်းသည် ထမင်းစားခန်းနှင့်ကပ်လျက် အခန်းဖြစ်သည်၊ အထဲသို့ ဝင်ကြည့်လိုက်သောအခါ မဟော်ဂနီရောင် ဂျာမနီလုပ် စန္ဒရားခလုတ်များကို နှိပ်ကြည့်မိသည်၊ ခလုတ်အားလုံးကောင်း၏အသံကို ညှိထားပြီးဖြစ်သည်၊

အောက်ထပ်တွင် ခဏကြာမျှ တီးခတ်သွားသူကို ရှာကြည့်မိသည်၊ မတွေ့တော့သည်နှင့် အပေါ်ထပ်သို့ ပြန်တက်လာပြီး အိပ်ရာဝင်လိုက်သည်၊ နောက်တစ်နေ့ညစာစားပြီးသောအခါ ညစောင့်အဘကို မေးကြည့်မိသည်၊

"အဘ - ဒီအိမ်ကြီးမှာ စန္ဒရားတီးတတ်သူရှိသလား"

"ဘာဖြစ်လို့လဲ"

"ဩော် - ညက စန္ဒရားတီးသံကြားမိလို့ပါ"

"ဟုတ်လား - အဘလည်း တစ်ခါတစ်ရံ စန္ဒရာတီးသံ ကြားမိသလိုပဲ၊ ဒီအိမ်ကြီးမှာတော့ စန္ဒရားတီးမယ့်သူ မရှိတာအမှန်ပါ"

ကျွန်တော် တွေဝေသွား၏၊ ညက စန္ဒရားလက်သံသည် တော်ရုံတန်ရုံ လက်သံမဟုတ်၊ ပန်းမြိုင်လယ်ယို၊ ဒယား သီချင်းကြီးကို တီးနေခြင်းဖြစ်သည်၊ ကလေးဆော့သည့် လက်သံလည်းမဖြစ်နိုင်၊ ကျွန်တော်၏အသိအာရုံထဲတွင် သီချင်းရေးချင်သောဆန္ဒပြင်းပြနေသဖြင့် သီချင်းသံကို စိတ်ထဲတွင် ကြားယောင်နေမိခြင်းသာ ဖြစ်မည်ဟု စိတ်ဆုံးဖြတ်ချက်ချလိုက်ပြီး စောစောအိပ်ရာဝင်လိုက်၏၊

"ညဥ့်သုံးယံခါ × × × လေပြေလာ × × × အေးရှေရစ်မှာ × × × လာနိုးငယ် မျှော်မိ × × × ဖြေမပြေနိုင်ဘဲ"

ညဥ့်နက်သန်းခေါင်ယံအချိန်တွင် ညဥ့်သုံးယံခါ ပတ်ပျိုးသီချင်းကြီးကို ဆိုတီးသံကြားသဖြင့် အိပ်ရာမှ လန့်နိုးလာ၏၊ အဆိုအတီးသံကြောင့် ကျွန်တော်သည် အောက်ထပ်သို့ အပြေးအလွှားပင် လှေကားမှ ဆင်းလာသည်၊ အခန်းထဲသို့ ရောက်သောအခါ အမျိုးသမီးတစ်ဦး ဂါဝန်အဖြူဝတ်ထားပြီး ကော့ပျံနေသော မျက်တောင်များကို တဖျတ်ဖျတ်လှုပ်လျက် စန္ဒရားတီးနေသည်ကို တွေ့လိုက်ရသည်၊ ကျွန်တော်က အထဲသို့ မဝင်ရဲသေးဘဲ တံခါးဝမှ အကဲခတ် ကြည့်နေလိုက်၏၊

သူမ၏ အသားအရည်မှာ ဖြူဖွေးသန့်စင်နေပြီး အသက်နှစ်ဆယ်ကျော် အရွယ်သာရှိသေးသည်၊ မျက်နှာမှာ သွယ်လျပြီး ဗိုလ်ဆန်သည့် မျက်နှာစာရင်းဝင်၏၊ ခေါင်းတွင် ပဝါအဖြူကလေးကို စည်းထားပြီး ကော့ပျံနေသော မျက်တောင်အစုံနှင့်ကြည့်ပြီး စန္ဒရား ခလုတ်ကလေးများပေါ်တွင် သွယ်ပျောင်းသောလက်တလေးများက ပြေးလွှား လှုပ်ရှားနေ၏၊

သီချင်းဆုံးသွားသော အိမ်တံခါးဝတွင်ရပ်နေသော ကျွန်တော့်အား အကဲခတ်သလို စူးစမ်းသည့်အကြည့်ဖြင့် ကြည့်ပြီး ...

"ဒီနေ့ - ရောက်လာတဲ့ဧည့်သည်နဲ့ တူတယ်"

သူမ၏ အသံမှာ ဗိုလ်သံဝဲနေ၏၊ မြန်မာအစစ်တော့ မဖြစ်နိုင်၊ ဂါဝန်ဝတ်ထားသည်မှာ နိုင်ငံခြားစတိုင် ဖြစ်နေပါသည်၊ သို့သော် - မြန်မာသီချင်းကြီးကို တီးခတ်နေသဖြင့် အံ့ဩစရာပင်၊ ကျွန်တော်က ...

"ဟုတ်ပါတယ် - တို့က ဒီသီချင်းကြားပင် မနေနိုင်ဘူးလေ၊ ဒီသီချင်းကို တို့က အသည်းစွဲပေါ့၊ မိန်းကလေးက ဒီလောက် တီးတတ်လိမ့်မယ်လို့ မထင်မိဘူး၊ လက်သံကလည်း ညက်နေတာပဲ"

မိန်းကလေးက ရှက်စနိုးဖြင့် ...

"မဟုတ်တာရှင် - ဟန်နီက ဒီလောက်အထိ အဖြစ်မရှိသေးပါဘူး၊ မြှောက်ပင့် ပြောမနေပါနဲ့"

ခဏမျှ တွေဝေသွားပြီးနောက် မျက်စိမျက်နှာ ပျက်သွားပြီး ...

"ကဲ - ကျွန်မပြန်ပါဦးမယ်၊ မိုးလည်း ချုပ်နေပြီ၊ အဘ လာခေါ်တော့မယ်"

ပြောပြောဆိုဆို အခန်းထဲမှ ပြေးထွက်သွား၏၊ ကျွန်တော် တစ်ယောက်တည်း အခန်းထဲတွင် ငိုင်၍ ကျန်ရစ်ခဲ့သည်၊ ညဥ့်နက်သန်းခေါင်းအချိန်ကျမှ စန္ဒရားလာတီးတာကိုပင် ဘဝင်မကျဖြစ်နေမိသည်၊ အခန်းမှ ထွက်လာပြီး တံခါးဝသို့ ရောက်သောအခါ တံခါးမကြီးမှာ ပိတ်လျက်၊ အောက်ထပ်တစ်ခုလုံး ရှာဖွေကြည့်ရာ ထမင်းစားခန်းရှိ ပြတင်းပေါက်တစ်ခုသာ ပွင့်လျက်တွေ့ရသည်၊ ပြတင်းတံခါးဝတွင် တပ်ဆင်ထားသည့် ပိုးလိုက်ကာအဖြူလေးမှာ လေထဲတွင် တလွင့်လွင့်၊

www.burmeseclassic.com



လပြည့်ဝန်းသည် ထိန်ထိန်သာလျက် ရှိသည်။

အိပ်မပျော်သဖြင့် စန္ဒရားထားရာအခန်းသို့ ဆင်းလာခဲ့သည်။ စန္ဒရားခလုတ်စမ်းတီးကြည့်ပြီး ကျွန်တော်ရေးမည့်သီချင်းအတွက် သံစဉ်များကိုရှာဖွေနေမိသည်။

"ပန်းမြို့တော်အဝင်၊ ချယ်ရီပင်အောက်ဝယ် × × ×ပန်းမြို့သူတွေနဲ့ × × × တွေ့ခဲ့ကြတဲ့ အဖြစ်များကို × × × ယနေ့တိုင်ပဲ × × × မမေ့နိုင်ပဲကွယ် × × × ထင်းရှူးနံ့လွှမ်း၊ မှာတမ်းစကားတွေရယ်"

ထိုအချိန်တွင် အခန်းထဲသို့ပန်းရနံ့ထင်းရှူးနံ့များ ပြေးလွှားဆော့ဝင်လာကြသည်။ ပန်းရနံ့လေးများနှင့်အတူ သူမကိုတွေ့လိုက်ရသည်။ အခန်းဝတွင် ပြုံး၍နားထောင်နေ၏။ အဝတ်အစားမှာ ဂါဝန်အဖြူလေးနှင့် ယမန်နေ့များကအတိုင်းပင် လှနေသည်။

"အစ်ကို - သီချင်းရေးနေတာလား"

မမျှော်လင့်ဘဲ သူက စကားစလာသည်။

"ဟုတ်တယ် - မေမြို့ရောက်တုန်း ပန်းအကြောင်းနဲ့ ပန်းလိုလှတဲ့ မိန်းကလေးတွေအကြောင်း ရေးမလို့"

"ဟုတ်လား - အစ်ကိုက ရုက္ခဗေဒဌာနကလား"

"မဟုတ်ပါဘူး - တို့က စာရင်းစစ်ပါ၊ တို့ရေးမှာက ပန်းလေးတွေလိုလှတဲ့ ခါ၊ ညီမနာမည်က"

"ဟန်နီပါ"

"ဟန်နီတို့လိုလှတဲ့ မိန်းကလေး အတွက်ပေါ့"

"ဟန်နီကတော့ ကာလပေါ်သီချင်းတွေကို မကြိုက်ပါဘူး၊ သီချင်းတွေကိုပဲ သဘောကျတယ်"

"တယ်ဟုတ်ပါလား၊ တို့နဲ့ အကြိုက်ချင်းတူတယ်၊ ဒါဆို ဘယ်သီချင်းတွေကိုရလဲ"

"သီချင်းကြီးဆိုရင် ပတ်ပျိုးနဲ့ သောလည်ကိုပဲကြိုက်တယ်၊ တော်တော်များများ ရထားပါတယ်၊ အတီးကတော့ နှစ်ပိုဒ်သုံးပိုဒ်လောက်ပဲ ရတော့တယ်၊ ညီမဆက်ပြီး မသင်ဖြစ်တော့ မေ့သလောက်ဖြစ်နေပြီ"

"ဒါဆို - တို့ သီချင်း တက်ပေးရမလား"

"တကယ်လား၊ အစ်ကိုက သီချင်းကြီးတွေလည်း တီးတတ်တယ်ပေါ့"

"ဒါပေါ့"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်စဉ် ...

"အစ်ကို နောက်မှပဲ တွေ့ရအောင် အဘလာခေါ်နေပြီ"



ပြောပြောဆိုဆို အခန်းထဲမှ အရေးတကြီး ထွက်သွား၏။ ကျွန်တော်က ဟန်နီ တားရန် ဟန်ပြင်နေစဉ်မှာပင် မြင်ကွင်းက ပျောက်ကွယ်သွားပြီဖြစ်၏။ သေချာစဉ်းစားမှ အဖြေတစ်ခု ရလိုက်သည်။ ကျွန်တော်တစ်ယောက်ဟန်နီကိုစွဲလမ်းမိနေပြီဖြစ်သည်။

နှစ်ရက် လွန်မြောက်ခဲ့ပြီ။

သူ့ကိုမတွေ့ရတော့ လွမ်းသလိုလို၊ ဆွေးသလိုလို ဖြစ်နေ၏။ ညည တော်တော်နှင့် အိပ်မပျော်၊ စန္ဒရားဆီသို့သာ ရောက်လာပြီး စန္ဒရားကို စိတ်မပါဘဲ တီးရင်း သူ့အလာကို စောင့်မျှော်နေမိသည်။ မလာတော့လည်း ရင်ထဲမှာ ဟာတာတာနဲ့ပါ။

⚜

သုံးရက်မြောက်ည။

အိပ်ရာဝင်ခါနီးတွင် အခန်းထဲမှ တယ်လီဖုန်းသံ မြည်လာ၏။

"ဟယ်လို - အမိန့်ရှိပါ"

"အစ်ကို သီချင်းရေးဆရာလား"

"ဟုတ်ပါတယ် - မိုးချုပ်လှပြီ ဘာကိစ္စလဲ"

"ဟန်နီပါ၊ စန္ဒရားအခန်းကို လာခဲ့ပါလား"

ဟန်နီက ပြောလာသဖြင့် ...

"အေး - ဟုတ်ပြီ၊ အခုချက်ချင်း ဆင်းလာခဲ့မယ်"

ဝမ်းသာမိတာက ကျွန်တော်၊ ညည့် (၁၁) နာရီထိုးနေပေပြီ၊ အနွေးထည်ကိုဝတ်ပြီး ထီပေါက်သူအလား လှေခါးထစ်များကို ကျော်လွှား၍ ပြေးဆင်းလာခဲ့သည်။ သူက စန္ဒရားရှေ့၌ ထိုင်ပြီးစောင့်နေ၏။ အဝတ်အစားကခါတိုင်းမြင်နေကျပုံစံအတိုင်းမပြောင်းလဲ၊ ဂါဝန်အဖြူလေးနှင့်ပင်၊ တိုးလာသည်က ဖဲပြားပေါ်တွင် နှင်းဆီပန်းကလေးတစ်ပွင့် ထိုးထား၏။ သူက ရှင်ပြသောအပြုံး၊ ရွှန်းမြသော မျက်လုံးများနှင့် ကြိုဆို၍ ...

"အစ်ကို ကျွန်မကို ပတ်ပျိုးတစ်ပိုဒ်လောက် တီးပြပါလား၊ ရတယ်မဟုတ်လား"

"ရပါတယ်ဗျာ"

ကျွန်တော်ရသော သီချင်းများကို စဉ်းစားရင်း ချစ်သမျှထိုပတ်ပျိုးကိုသတိရမိသည်။ ကျွန်တော့်အတွက် အံကိုက်ဖြစ်နေ၏။ ပြောပြချင်သောစကားလုံးများကို သီချင်းနှင့်ဖွင့်ဟမပြောပြဖို့အခွင့်အရေး ကြုံကြိုက်လာပြီဖြစ် သည်။

"အိုး - ရတာပေါ့ - ဟန်နီ၊ နားထောင်ချင်ရင် ဆို၊ တီးပြရတာပေါ့"

ကျွန်တော်သည် စန္ဒရားခလုတ်ကလေးများကို ဖိနှိပ်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သမျှကိုမြင်းမိုရ်ရွှေတောင်လုံး သာပလေး × × × လေးဆူဒီပါ၊ သီတာ ရေမြေဆုံးစေတော့လေး × × × အို - ဘယ်မမှန်းနိုင်၊ ကပ်လုံးဆုံးတိုင်တိုင်"

သီချင်းဆုံးသွားသောအခါ သူ့ကို အကဲခတ်ကြည့်မိသည်။ သူ့မျက်နှာ လေးက ညှိုးငယ်နေ၏။ ကျွန်တော်က နံဘေးတွင် ရပ်နားထောင်နေသည့် သူ့ လက်ကို ကိုင်မည်အလုပ်မှာ သူက နောက်တစ်လှမ်းဆုတ်သွားပြီး ...

"အစ်ကို - အဘလာခေါ်နေပြီ၊ ပြန် တော့မယ်နော်၊ နောက်နေ့မှ တွေ့ကြ တာပေါ့"

ပြောပြောဆိုဆိုနှင့် အခန်းထဲက လျင်မြန်စွာ ထွက်ပြေးသွား၏။ အပြင် ထွက်ကြည့်သောအခါ တံခါးအားလုံး ပိတ်ထားသည်။ ထမင်းစားခန်း ပြတင်း ပေါက်သာ ဖွင့်လျက်နေသည်။ မည်သို့ ထွက်သွားသည်ကို စဉ်းစား၍မရ။

ယနေ့ရင်ထဲမှာရှိသောစကားကို သီချင်းဖြင့် လှည့်ပတ်သီဆိုပြောပြလိုက် ရသဖြင့် ပျော်နေမိသည်။ တော်တော် နှင့် အိပ်မပျော်ပါချေ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသောအခါ အိပ်မက်မက် သည်။ အိပ်မက်ထဲတွင် သူ့အခန်းထဲသို့ ဝင်လာပြီး စန္ဒရားအခန်းသို့ ခေါ်သွား၏။ စန္ဒရားခုံတွင် နေရာယူပြီးနောက် ...

"မနေ့က အစ်ကိုတီးတဲ့ချစ်သမျှကို ပတ်ပျိုးကို ဟန်နီက အရမ်းကြိုက်တာ၊ ဟန်နီကို သင်ပေးပါလား"

ကျွန်တော်က ငိုချင်ရက် လက်တို့ ၍ -

"ဟာ - သင်ပေးရတာပေါ့"

ဟု ပြောပြီး သူ့နံဘေးတွင် ဝင်ထိုင် လိုက်သည်။ ပြီးတော့ စန္ဒရားခလုတ်များ ကို ဖိနှိပ်တီးခတ်ရင်း တစ်ပိုဒ်ချင်း သူ့ကို သင်ပြပေးသည်။ တစ်ခါတစ်ရံတွင် သူမ ၏လက်ဖြူဖြူဖွေးဖွေး သွယ်သွယ်လျလျ ကို ထိကိုင်၍ သံစဉ်များကို ရှာပြပေး သည်၊ ပျော်လိုက်သည့်ဖြစ်ခြင်းပေါ့။ သီချင်းစသင်၍ မကြာမီတွင် ...

"ဒုန်း - ဒုန်း - ဒုန်း"

အသံကို ကြားလိုက်ရပြီး အခန်း ထဲသို့ လူမည်းမည်းဝဝကြီးတစ်ယောက် ဝင်လာ၏။ ရုပ်ဆိုးဆိုးအပေါ်ပိုင်းတွင် အဝတ်မပါ၊ အနီကွက်ပုဆိုးကိုသာ ခပ် တိုတို ဝတ်ထား၏။ လူဝကြီးက ကျွန် တော့်ကို မကျေနပ်သောအမူအယာဖြင့် စားမယ့်ဝါးမယ့်ပုံ ကြည့်နေ၏။ ဘာမျှ မပြောဘဲ ဟန်နီကို ဆွဲခေါ်ပြီး အခန်းထဲ က ထွက်သွား၏။ ထိုစဉ် ကျွန်တော် အိပ် ရာမှ လန့်နိုးလာသည်။ အိပ်မက်ထဲမှ အဖြစ်အပျက်များကို ပြန်လည်စဉ်းစား မိတိုင်း ရင်တလှပ်လှပ် ခုန်နေမိသည်။





နောက်တစ်နေ့မှစ၍ ဟန်နီတစ် ယောက် ပျောက်ခြင်းမလှ ပျောက်သွား ၏။ ညစဉ်ညတိုင်း သူလာလို့ ညား၊ စန္ဒရားတီး၍စောင့်နေမိသည်။ မပေါ်လာ သောငါးရက်မျှ ရှိပြီဖြစ်၏။ သို့သော် - ညအိပ်ရာဝင်တိုင်း စန္ဒရားသံသဲ့သဲ့ကို ကြားနေရသည်။ အခန်းထဲသို့ဝင်ကြည့် သောအခါ အရိပ်အယောင်မျှ မတွေ့ရ၊ ညစဉ်ညတိုင်း စန္ဒတီးသံကိုတော့ Hall ခန်းကြီးထဲတွင် အတိုင်းသားကြားနေ ရသည်။

တစ်ညတွင်...

သူ့ကို သတိရသဖြင့် ချစ်သမျှကို ပတ်ပျိုးသီချင်းကို ဆိုတီးတီးနေ၏။ သီချင်းဆုံးခါနီးတွင်အခန်းအပြင်ဘက်မှ ခြေသံကြားသဖြင့် ဝမ်းသာအားရထွက် ကြည့်လိုက်ရာ မမျှော်လင့်ဘဲ ညစောင့် အဘကို တွေ့လိုက်ရသည်။ အဘက ...

"ညညစန္ဒရားတီးနေတာမောင်ရင် ပဲကိုး"

"ဟုတ်ပါတယ် - ဘဘ၊ ဒါပေမဲ့ - တစ်ခါတလေတော့ နှစ်ယောက် တီး တာ - အဘရဲ့"

အဘက နားမလည်သောအမူ အရာဖြင့် -

"ဘယ်လို - ဘယ်လို၊ နှစ်ယောက် တီးတယ်မဟုတ်လား"

"ဟုတ်ပ - အဘရာ၊ အဘကို ကျွန် တော် မေးချင်တာတစ်ခုရှိတယ်။ ဒီအိမ် ကြီးထဲမှာ ညည စန္ဒရားလာတီးတဲ့ မိန်း ကလေးတစ်ယောက် ရှိတယ်မဟုတ် လား"

အဘ စဉ်းစားတွေးတောပြီးမှ ...

"မရှိပါဘူးကွယ်၊ ဘာလဲ မောင်ရင် က တွေ့မိလို့လား"

"တွေ့မိတယ် - အဘ၊ ဂါဝန်အဖြူ လေးဝတ်လို့ ကျွန်တော်က သီချင်း တောင် ဆိုပြလိုက်သေးတယ်"

"ဟေ - ဟုတ်လား"

"ဟုတ်ပ - အဘယ်ရယ်၊ နာမည်က ဟန်နီတဲ့"

"ဩော် - မောင်ရင်က ဟန်နီနဲ့ တွေ့ ဆုံခဲ့ပြီးပြီကိုး"

အဘသည် အခန်းအပြင်ဘက်ရှိ နှစ်ယောက်ထိုင် ဆက်တီခုံတွင် ထိုင်ချ လိုက်ပြီး ပြောသင့် မပြောသင့် စဉ်းစား ပြီးနောက်၊

"ဟန်နီဆိုတဲ့ မိန်းကလေးရဲ့အဖြစ် က သနားစရာပါ၊ အဖေက အင်္ဂလိပ်၊ အမေက မြေမြို့သူလေး၊ သူက ဒီအိမ်ကြီး မှာ ကြီးပြင်းလာတာ၊ သူက စန္ဒရားတီး ဝါသနာပါတယ်၊ အင်္ဂလိပ်လက်ထက် က အင်္ဂလိပ်လူမျိုးတွေ ဒီအိမ်ကြီးမှာ ညတိုင်းဆုံကြပြီး Ball Dance ကတယ်၊



www.burmeseclassic.com

www.burmeseclassic.com



စန္ဒရားအတီးဆရာတစ်ယောက်လည်းရှိတယ်။ သူ့ကို အတီးသင်ပေးတယ်၊ သူက မြန်မာသီချင်းကြီးမှ ဝါသနာပါတော့မန္တလေးစန္ဒရားဆရာတစ်ယောက်ကိုခေါ်ပြီးသင်ပေးတယ်လေ။သီချင်းကြီးတော်တော်များများတီးတတ်သွားပြီဆိုပါတော့"

ကျွန်တော်က စိတ်ဝင်စားစွာ နားထောင်နေမိ၏။

"တစ်နေ့-ကံဆိုးချင်တော့ Hall ထဲမှာ Ball Dance ကနေကြတဲ့အချိန်၊ ဟန်နီလည်းဂါဝန်အဖြူလေးဝတ်ပြီးကဖို့ Hall ခန်းထဲ ဝင်အလာ၊ မမျှော်လင့်ဘဲ မြန်းစနဲသို့ဂျပန်လေယာဉ်ပျံဗုံးကြဲသွားတော့ Hall ထဲမှာကနေတဲ့ လူအားလုံးသေသွားကြတယ်။ ဟန်နီတို့ မိသားစုလည်း ပါသွားတာပေါ့။ ဟန်နီသေသွားတုန်းက ဂါဝန်အဖြူလေး ဝတ်ထားတယ်လို့ ပြောတယ်"

"ဗျာ-ဟန်နီသေသွားပြီလား"

"အေး-ဟုတ်တယ်၊ သေသွားတာတောင် နှစ်အတော်ကြာနေပြီပဲ"

စန္ဒရားတီးသံကိုတော့အခန်းထဲက မကြာမကြာ ကြားနေရတုန်းပဲ၊ စိတ်မကောင်းစရာပါ"

သေသွားပြီဆိုသဖြင့်ကြောက်စိတ်ထက် သနားစိတ်များ ပိုလာမိသည်။ ရင်ထဲတွင်လည်း ဆို့နစ်သွား၏။

"ဟုတ်တယ်-အဘ၊ တစ်နေ့မှာ စန္ဒရားတီးသံကြားလို့အခန်းထဲဝင်သွားရင်း သူ့ကို တွေ့တော့တာပဲ၊ ဂါဝန်အဖြူလေးဝတ်လို့လေ"

"ဟေ-ဟုတ်လား၊ဒီကိုညလာအိပ်တဲ့ ဧည့်သည်အချို့လည်း မကြာခဏတွေ့တယ်လို့ပြောကြတယ်၊အဘကြားဖူးသလောက်တော့ ဟန်နီသေသွားပြီးနောက် ဘုမ္မိကခေါ်သွားတယ်လို့ သူ့အဘိုး ပြောသံ ကြားဖူးတယ်။ အဘကတော့ အသံကိုသာကြားပြီး လူမတွေ့ဖူးသေးဘူး"

ဘုမ္မိ ဆက်ဆိုသည်မှာ ဖြိုထွာအဆင့်သာဖြစ်၍ ဓာစ္ဆေနှင့်မခြားဟုကြားသိရဖူးသည်။ ဟန်နီ့အတွက် များစွာ စိတ်မကောင်းဖြစ်မိရုံကလွဲ၍ ဘာမှမတတ်နိုင်။

⸻

ပိုးချည်စက်ရုံတွင် စာရင်းစစ်ဆေးနေသည်မှာ တစ်လပြည့် သွားပြီဖြစ်သည်။ နက်ဖြန်ဆိုရင် ရန်ကုန်သို့ပြန်ကြရတော့မည်၊ဟန်နီနဲ့ဘဝချင်းမတူသော်လည်း သံယောဇဉ်ကလေးက တွယ်နေပြီ။ ဟန်နီတစ်ယောက် ဘယ်ဘဝကိုပဲ ရောက်ရောက် စိတ်မပျက်မိတာ အမှန်ပါ၊ သူ့ကို ခွဲခွာရတော့မည်ဆိုတော့လည်း နောက်ဆုံးအနေနဲ့တွေ့ချင်ပါသေးသည်၊ အမှတ်တရ နှုတ်ဆက်စကားလေးတွေ ပြောချင်သေးတယ်ပေါ့။

ညဉ့်နက် နေပြီဖြစ်သော်လည်း အိပ်မပျော်ပါချေ။ သူ့ကိုသာ တမ်းတသတိရနေခြင်းကြောင့်သာ ဖြစ်၏။ ညသန်းခေါင်ယံအချိန် ရောက်သောအခါ မွှေးရနံ့များ အခန်းထဲသို့ သင်းပျံ့တိုးဝင်လာသည်၊ချယ်ရီပန်း၊ထင်းရှူးပန်းနံ့တွေပဲပေါ့၊ ပြီးတော့ ငိုရှိုက်သံသဲ့သဲ့လေးကြားနေရ၏၊ ကျွန်တော့် ရင်ထဲတွင်လည်း ဆို့နင့်နေသည်၊ ကျွန်တော်က ကြေကွဲစွာဖြင့် ...

"နှုတ်ဆက်ခဲ့ပါတယ် ဟန်နီရယ်"

ရှိုက်သံများ ပို၍ကျယ်လာသည်၊

"ဒုန်း-ဒုန်း-ဒုန်း-"

အသံကြီးနှင့်အတူ ရှိုက်သံနှင့် အမွှေးရနံ့များ ပျောက်ကွယ်သွားကြသည်၊ နံနက်စောစောတွင် တည်းခိုကြသည့်အိမ်နီကြီးမှ ရုံးကားနှင့်ထွက်ခွာခဲ့သည်၊ မြို့ဝရောက်သောအခါ သတိရလွမ်းဆွတ်စွာဖြင့် အိမ်ကြီးသို့ လှမ်းမျှော်ကြည့်မိ၏၊ မြူနှင်းတွေကလည်း မြို့ဝင်းတစ်ခုလုံးကို သိုင်းမြှုံထားသည်၊ လှုလုံးမကွဲတကွဲအချိန်တွင် ထင်းရှူးပင်အောက်၌ဖြူဖြူဖွေးဖွေး သဏ္ဌာန်တစ်ခုကို လှမ်းမြင်လိုက်ရသည်၊ မသဲမကွဲဖြစ်နေသဖြင့် သေချာစွာ လှမ်းကြည့်လိုက်သောအခါ ဂါဝန်ဝတ်ထားသော အမျိုးသမီးပုံသဏ္ဌာန် ပေါ်လာသည်၊

မကြာမီ မြူနှင်းများနှင့်အတူ ပျောက်ကွယ်သွားပါတော့သည်၊ ပန်းမြို့တော်၊ မေမြို့(ခေါ်) ပြင်ဦးလွင်မြို့သည် ကျွန်တော်၏နောက်တွင် ဝေး၍ဝေး၍ ကျန်ရစ်ခဲ့တော့သည်၊

တက္ကသိုလ်အပမိုင်ယ်

www.burmeseclassic.com



## တစ္ဆေရှာခြင်း

မိုးကြီးစုပ်စုပ် ချုပ်တော့မည်။ ခရမ်းချဉ်သီးမှည့်ကြီး တစ်လုံးလို နီနီရဲရဲ ဖျော့တော့တော့ နေဝန်းကြီးပင် ဟိုးအနောက်ဘက် သရက်တောမှောင်မှောင်ကို ကွယ်၍ တဖြည်းဖြည်း ပျောက်သွားခဲ့ပြီ။ ရေမလက်ပံပင်ကြီးတွေ၊ နဘူးချုံတွေ၊ ဘောင်မဲ့ချုံတွေဖြင့် တောထနေသော သချိုင်းကုန်းမြေသည် မှောင်ချင်လာပြီ။ တချော်တခေါ် သရက်တောအုပ်ကြီး ခြားထားလေသဖြင့် ခပ်လှမ်းလှမ်းက ရွာကလေးနှင့် ရွာဦးဘုန်းတော်ကြီးကျောင်းကိုပင် လျှင် မမြင်ရ။ လှမ်းအော်လျှင် ကြားနိုင်လောက်သည့်တိုင် ရွာကလေးကို ကွယ်ထားသည့် ဦးကျော်ဂေါင်ဘုရားနှင့် မြှောရုံကြီးက မည်းမည်းကြီး ပိတ်ကွယ်နေ၏။ သဲလမ်းကလေးလောက်သာ ခြားထားသည့် အရှေ့ဘက်မှာ ရွှေမြင်တင်တောင်ကြောကြီးသည်လည်း ဝိုးတဝါးရှိ မှောင်မှောင်၊ လူလုံးမကွဲတော့။



www.burmeseclassic.com

www.burmeseclassic.com

# ကံ ဒ ပို ရာ

ဇေယျမင်းသျှင်

ခက်ပြီ - အဖေ ဘယ်သွားနေပါလိမ့်။

"လူကလေး၊ အဖေတပိုတပါးသွားလိုက်ဦးမယ်၊ ဟောဟိုအုတ်ဂူနှစ်လုံးရဲ့ နောက်က လက်ပံပင်ကြီးအကွယ်မှာ ရှိနေမှာသိလား။ ဘာမှမကြောက်နဲ့နော်၊ အဖေရှိတယ် သိလား - လူလေး။ မင်းစိတ်ထဲမှာ ကြောက်စိတ်ဝင်လာရင် အဖေ့ကိုလှမ်းအသံပြုလိုက်၊ ဒီနေရာက ပိုးကောင်မွှားကောင် (မြွေဆိုးတွေ) ပေါလို့ ဒီကပဲစောင့်နေနော်" အဖေက သည်လိုပြောပြီး သချိုင်းမြေထဲကို မြွေတစ်ကောင်လိုလျှောခနဲ တိုးဝင်သွားခဲ့သည်၊ ကြာပြီ၊ ထမင်းတစ်အိုးတစ်ချက်မျှ မကတော့၊ အဖေ ဘာဖြစ်နေပါလိမ့်၊

အမှန်က အဖေ့အလုပ်ကိစ္စတစ်ခုကြောင့် သည်သချိုင်းမြေကို ဖြတ်သွားရသည့် ဟိုးတစ်ဖက်ရွာက ဦးကြီးတို့အိမ်ဆီ သားအဖနှစ်ယောက် လာခဲ့ကြခြင်းဖြစ်သည်၊ တစ်နေ့ခင်းလုံးအေးအေးဆောင်းဆောင်း ရှိနေခဲ့သည့် အဖေက ညနေ အတော်စောင်းခါမှ ကောက်ကာငင်ကာ "လူကလေးရေ၊ ခကာလိုက်ခဲ့ဦး" ဟု ကျွန်တော့်ကို လက်ဆွဲပြီး ထွက်လာခဲ့ကြခြင်းဖြစ်သည်၊ သုံးမိုင်ပျော့ပျော့ လောက်ခရီးမို့ တအောင့်ကလေးပဲကြာသည်၊ သို့သော် အဖေနှင့် ဦးကြီးက ရေနွေးကြမ်းတစ်အိုး အလယ်ချ၍ စကားလက်ဆုံကျနေလိုက်သည်မှာ ပြီးပဲမပြီးနိုင်၊

ကျွန်တော်က မှောင်ကြီးမည်းတောထဲမှာ သချိုင်းမြေကိုဖြတ်ပြီးသွားရမည်ကို ကြောက်နေသည်၊ နေဝင်စ နွားရိုင်းသွင်းချိန် ညနေရီဆည်းဆာမှာ ဖုတ်၊ သဘက်၊ သရဲ၊ တစ္ဆေတွေ အလွန်မတန်မြူးသည်ဟု ကြားဖူးနားဝဖြင့် စိတ်ထဲလေးလှ၏၊ သရဲတစ္ဆေခြောက် လျှင် တယ်လိုလုပ်မလဲ၊ သရဲပူး၊ တစ္ဆေပူးရင် တယ်နှယ့်လုပ်ပ၊ တွေးရင်းတွေးရင်း ရင်တဖိုဖိုဖြင့် ငိုချင်နေသည်၊

အဖေ့လည်း မပြောရဲ၊ အဖေက နတ်တို့၊ စုန်းတို့ သရဲတစ္ဆေတို့ကို ယုံကြည်သူမဟုတ်၊ "ဟေ့ - လူထက်မြတ်တာ လောကမှာ ဘာမှမရှိဘူးကွ၊ ငါးပါးသီလသာ တကယ်လုံရင် သရဲတစ္ဆေတွေရဲ့ ဘိုးအေသကြားမင်းကတောင် လူကို ရှိခိုးရသေးသတဲ့၊ သီလမလုံတဲ့ လူတွေပဲ ကြောက်ကြ၊ ငါတော့ မကြောက်ဘူး" ဟု အမြဲ အငေါ်အတူး လေ့ရှိစမြဲ၊ ထို့ကြောင့် အဖေ့ကို သရဲ၊ တစ္ဆေအကြောင်းစကားမဟာရဲ၊

ဦးကြီးတို့အိမ်က ပြန်လာတော့ မှောင်စပျိုးပြီ၊ ဝန်းကျင်မှာ အလင်းဖျော့ဖျော့ကလေးတွေပဲ ခပ်မှုန်မှုန်ရှိတော့သည်၊ တောင်ခြေမို့ မြူပါးပါးတွေက ဆိုင်းနေလိုက်သေးရာ ခပ်မြန်မြန် မှောင်လာဖို့ကဖြင့် သေချာနေ၏၊ အလင်းမပျောက်သေးခင် သချိုင်းမြေကို သွက်သွက်ဖြတ်မှ ဖြစ်မည်၊ အရေးထဲမှအရာပေါ် အဖေက တောထိုင်ဦးမည်တဲ့၊ ကဲ - ကောင်းရော၊

သချိုင်းမြေဖြစ်ပေမယ့် အဖေရှိသားပဲ စိတ်အခံလေးကြောင့် ကြောက်စိတ်မဝင်မိ၊ နည်းနည်းကလေး သရီးသရီဖြစ်ချင်ရုံ၊ အေးခနဲ၊ စိမ့်ခနဲကြက်သီးမွေးညင်းထချင်ရုံလောက်ပဲရှိသည်၊ သဘာဝပေကိုး၊ သို့သော်လည်းတစ်စစ အချိန်ကြာလာတော့ အဖေ ဘယ်မှာလဲ၊ အဖေ ဘာဖြစ်နေသလဲ တွေဖြင့် သာ ရင်ပူခေါင်းပူချင်လာ၏၊ မသူတော်တွေနှင့်တွေ့မှာမပူရ၊ အညာမှာ အလွန်မတန်ပေါသည့် အကောင်ရှည် (မြွေဆိုး) တွေ ရန်ကြောင့်များ အဖေတစ်ခုခု ဖြစ်နေလေပြီလား၊

ကျွန်တော် ဆက်မတွေးရဲ၊ ရင်ထဲအထိ တုန်သွား၏၊ "အဖေ၊ အဖေ ဘယ်မှာလဲ၊ အဖေ ဘာဖြစ်နေသလဲ" ထိုင်နေရာက ဆတ်ခနဲထ၍ အဖေရှိမည်ထင်သော လက်ပံပင်ကြီးဆီ အရှူးတစ်ပိုင်း ပြေးသွားမိသည်၊ အုတ်ဂူအဟောင်း၊







www.burmeseclassic.com

www.burmeseclassic.com



အသစ်၊ မြေပုံဟောင်းအသစ်တွေ ဝိုင်းဝိုင်းလည်နေသော လက်ပံပင်ကြီးအောက်မှာ အဖေ့ကို မတွေ့၊ ဟင် - အဖေ ဘယ်ရောက်သွားပြီလဲ၊

နီးရာ မိုးနံ့ချုံ၊ နဘူးချုံ၊ ဘောင်မဲ့ချုံတွေ၊ အုတ်ဂူတွေကြားမှာ ကမူးရှူးထိုးတိုးဝှေ့ရှာဖွေ၊ မတွေ့ မတွေ့ ဘယ်မှာမှ မတွေ့၊ အဖေ့အတွက် စိုးရိမ်မှုပန်မှုတွေ၊ သောကအဆိပ်တွေ ငယ်ထိပ်တက်ပြီ၊ ကျွန်တော် ကြောက်လှပါသည်ဆိုသော သချိုင်းမြေက ကျွန်တော့်ကို မခြောက်မလှန့်နိုင်တော့၊ သရဲတွေ၊ တစ္ဆေတွေ၊ ဖုတ်သဘက်တွေ တစ်ကောင်တစ်မြီးမှ ကျွန်တော် မတွေ့၊ အဲ့ အဖေကိုလည်း မတွေ့၊ မတွေ့ဖူးလ မဲ့ပြီးရှာလေ၊ တစ်ခါဖူးမျှ ခြေမချခဲ့ဘူးသော သချိုင်းမြေတစ်ခွင်လုံး အနှံ့အပြား ပြဲပြဲစင်၊ သို့သော်လည်း အဖေ့ကို ဘယ်မှာမှ မတွေ့၊

"အဖေရေ"

ပါးစပ်က အဆက်မပြတ်ကုန်းအော်ရင်း ရွာဆီကို ဒုန်းစိုင်း၍ပြေးသည်၊ ဘယ်သူက မေး၍မျှ ပြန်မဖြေ၊ ဘယ်သူက ဘာပြောပြော စောင်း၍ ပြန်မကြည့်၊ အိမ်မှာမှ အဖေ့ကို မတွေ့လျှင် အဖေ ဘယ်ရောက်သွားပြီလဲ၊ အိမ်မှာရော အဖေရှိမှာလား၊ အဖေ ဘယ်လိုပျောက်သွားသလဲ၊ ပြေးရင်းပြေးရင်း အတွေးတွေဖြင့် မူးနေသည်၊ အတွေးမူးတွေဖြင့် ပတ်ချာယမ်း၍ ပြေးနေသည်၊

"ဟင် - အဖေ"

ဟုတ်ပ၊ ကျွန်တော်တို့ အိမ်ဝိုင်းကွက်ထဲ အမောတကော ဝင်လိုက်မိသည်နှင့် အဖေ့ကို အတိုင်းသား ထင်းခဲ့မြင်လိုက်ရ၏၊ ဘသားချောက ကွပ်ပျစ်ပေါ်မှာ အမြိုင့်သားကြီးထိုင်လို့ ရေနွေးကြမ်းတောင် သောက်နေပါသည်ကော၊

"အဖေ အဖေ၊ ဘယ်လို အိမ်ပြန်ရောက်နေတာလဲ"

"သရက်တောထဲက လှည့်ပြန်လာတာပေါ့ကွ"

"ဟင် - ဒါဆို အဖေက ကျွန်တော့်ကို သချိုင်းထဲမှာ တစ်ယောက်တည်း ဘာလို့ ထားပစ်ခဲ့ရတာလဲ"

"မင်းကြောက်တယ်ဆိုတဲ့ သရဲတွေ၊ တစ္ဆေတွေကို ရှာရအောင်လို့လေကွာ"

ဟောဗျာ - အဖေ၊ အဖေရယ်၊ ရက်စက်လှချည့်၊ ညကြီးမိုးချုပ် သချိုင်းမြေထဲမှာ အသက် (၁၀) နှစ်အရွယ်ကောင်လေး ကျွန်တော့်ကို တစ္ဆေသရဲ ဖုတ်သဘက်တွေရှာဖို့ တစ်ယောက်တည်း ထားပစ်ခဲ့သတဲ့လား၊ ကျွန်တော်ကဖြင့် တစ္ဆေသရဲတွေကို အာရုံမဝင်၊ အဖေ့ကိုပဲ တစ်ချိန်လုံး ပူပန်သောကတွေကြီးလို့၊

"လာကွ… ထိုင်ဦး၊ ရေအေးအေးလေးသောက်လိုက်၊ အမောပြေသွားအောင်၊ နေပါဦး၊ အဖေ လူကလေးကို မေးစမ်းပါရစေဦး၊ မင်းကြောက်တယ်ဆိုတဲ့ သရဲတစ္ဆေ ဘယ်နှကောင်လောက်များ မင်းတွေ့ခဲ့သလဲ၊ ပြောပါဦး"

မျက်ရည်တွေ စို စို ရွှဲ နေသည့် ကောင်ကလေး ကျွန်တော်ကဖြင့် ဘာစကားတစ်ခွန်းမျှ ပြန်မပြောနိုင်၊ မောနေသည်၊ ပြီးတော့ ငိုချင်နေသည်၊

ဘာပဲဖြစ်ဖြစ်၊ အဲသည့်နေ့က သချိုင်းမြေထဲမှာ ဘယ်လို သရဲတစ္ဆေ ဖုတ်သဘက်ကိုမျှ မတွေ့ခဲ့ရ၊

အဲ့သည့်နောက်ပိုင်း သချိုင်းကိုလည်း ကျွန်တော် မကြောက်တော့၊ တစ္ဆေ၊ သရဲလည်း မကြောက်တတ်တော့၊ အဖေ့စကားတစ်ခွန်းကို သည်ကနေ့ထိတိုင် စွဲစွဲမြဲမြဲ မှတ်မိနေပါသေးသည်၊

"လူသေကောင်တွေမြှုပ်တဲ့သချိုင်းကုန်းမှာမှ တစ္ဆေရှာမတွေ့ရင် လူရှင်တွေနေတဲ့ မြို့ထဲ၊ ရွာထဲ၊ ကျောင်းထဲ၊ အိမ်တွေထဲမှာ သရဲရှိမလားကွ၊ မင်းနယ်"

## ပရလောကကို စေစားနိုင်သူ

အင်း…ယခုတော့ဖြင့် မိတ်ဆွေတစ်ဦး၏ ကျေးဇူးပြုမှုကြောင့် သရဲတစ္ဆေ၊ ဘီလူးသဘက် စသည့် နာနာဘာဝ၊ ဝိနာဘာဝ၊ ပရလောကကို စေလိုရာ စေနိုင်စွမ်းသည့် ပုဂ္ဂိုလ်တစ်ဦးအား ဖူးတွေ့ဖို့ အကြောင်းဖန်လာသည်၊ ဖူးတွေ့ဖို့ဟု သုံးနှုန်းလိုက်ရသည်မှာ ရဟန်းတော်တစ်ပါး ဖြစ်နေ၍ပင်၊

ထိုနေ့က သိမ်တော်ကြီးနံဘေးရှိ ပင်ရိပ်ဝန်းဝန်း သရက်ပင်ပျိုအုပ်အုပ်အောက်တွင် ဆရာတော်ကို ဖူးတွေ့ရပါသည်၊

"လာကြ - ဒကာကြီးတို့ လာကြ၊ ဒကာကြီးတို့ ကျောင်းဝင်းထဲ ဝင်လာကြကတည်းက ဒကာကြီးတို့နောက်မှာ ပုဂ္ဂိုလ်အပိုပါလာသေးသလားလို့ ဘုန်းကြီးက လှမ်းကြည့်နေတာ၊ ဒကာကြီးတို့က နောက်ကြောင်းရှင်းသားပဲ၊ ဘာမှ အစွယ်အပွား ကပ်ပါလာတာကို မတွေ့ရဘူးလေ၊ ကဲ - ကဲ - သိမ်ထဲလာကြ၊ စကားပြောကြတာပေါ့"

အလို - ဘယ့်နှယ့်ဗျာ၊ ကျွန်တော်တို့ကို ပူးကပ်ပြီး ပရလောကသား တစ်ဦးဦး ပါလာနိုင်သတဲ့လား၊ ဒါဆို သရဲပူးတာ၊ တစ္ဆေပူးတာ၊ ဘီလူးပူးတာ

www.burmeseclassic.com



ကို ပြောလိုက်သည်ပဲ မဟုတ်ပါလား၊ ကဲ-ရှိကတည်းက ယဉ်သလိုဆိုသလို ဖာတ်လမ်းကဖြင့် စလာလေပြီ။

"ဘုန်းဘုန်း ဘုရား၊ ဘာကိုဆိုလို ချင်တာလဲဘုရား"

"ဩော် - တချို့ပုဂ္ဂိုလ်တွေကျတော့ ဒကာကြီးတို့လို နောက်ကြောင်းရှင်းရှင်း တစ်ယောက်တည်းလာကြတာ မဟုတ်ဘူးဗျ။ သူတို့ကို ပူးကပ်ပြီး သူတို့ရဲ့ အကြောင်းခံ သတ္တဝါတွေ၊ ပုဂ္ဂိုလ်တွေ ပါ၊ တစ်လေ့ကြီးတစ်ပါတည်း ပါလာ တတ်ကြတာ။ မနေ့ညကပဲ တရားပတ် လာဝင်၊ တရားလာထိုင်တဲ့ ဒကာမကြီး တစ်ယောက်ကိုပူးပြီး ပရပုဂ္ဂိုလ်က ပါ လာတာ။ သောင်းကျန်းလိုက်တာများ ဝုန်းဒိုင်းကြဲပဲ၊ ဘုန်းကြီး ဒီသိမ်ထဲကနေ အဲဒီပုဂ္ဂိုလ်ကို ခွာပေးပြီး လိုအပ်သလို လုပ်ပေးလိုက်တော့မှ တရားကို ဖြောင့် ဖြောင့် ထိုင်နိုင်တော့တယ်။ အဲဒီလို လည်း ရှိသေးတာကိုး ဒကာကြီးရဲ့၊ ဘုန်းကြီးဆီ ရောက်လာကြတာမှာ ရိုး ရိုးရှင်းရှင်း လာကြတာက ရှားသား ကလား၊ ရှုပ်ရှုပ်ထွေးထွေး ဆန်းဆန်း ကြယ်ကြယ်တွေချည်းကိုး၊ တရားပျက် လွန်းလို့ တဖြည်းဖြည်း အဲဒါတွေကို လျှော့ပစ်နေရတယ်"

ဆရာတော်က မိန့်၏။

ဘုရားသားတော် ရဟန်းတစ်ပါး ပီပီ သာမဏေဘာရုပ္ပဖြစ်လှသည့် ဥပမိ နှင့် ကြည်လင်ရှင်းပြတ်သော မျက်နှာ တော်၊ အသားအရေ ဖြူဖြူဝင်းဝင်း၊ ခန္ဓာကိုယ်ခပ်ဖိုင့်ဖိုင့်၊ မြင်မြင်ချင်း ချစ်ခင် နှစ်လိုစိတ် ဖြစ်လိုက်မိအောင် အဆွဲ ဓာတ်ရှိသည်၊ အသံတော်က တိုးညင်၊ သော်ဖြား ရင်းရင်းနှီးနှီး နွေးနွေးထွေး ထွေး ရှိလှ၏။ စေးစေးပိုင်ပိုင် ညှို့ညှို့ ငင်ငင်လည်းရှိသည်၊ သက်ရွယ်တော် မငယ်လှတော့သည့်တိုင် အရွယ်ထက် ပို၍ နုပျိုဟန်က ထင်းခနဲရှိလှ၏။

ကျွန်တော့်မိတ်ဆွေက လာရင်း ကိစ္စကို လိုတိုရှင်း လျှောက်ထားသည်၊ ဆရာတော်၏တစ်ဘဝတစ်သံသရာနှင့် လက်ရှိဆောင်ရွက်တော်မူနေသည် ခုနစ်ရက်သားသမီးဗေဒနေယျတို့အား သရဲပူး၊ တစ္ဆေပူး၊ စုန်းပူး၊ နတ်ပူး၊ ဘီလူး စီး စသည့် ပရဘုံသားတို့၏ အနှောင့် အယှက်၊ အတိုက်အခိုက်တို့မှ ကုစား ကယ်တင်ဖြစ်နေပုံ ဖြစ်ရပ်မှန်များ၊ အကြောင်း၊ ဆရာတော်က ချက်ချင်း ဖြေတော်မမူ၊ မျက်လွှာကိုချလျက် ငြိမ် သက်သော ဣန္ဒြေဖြင့် ခဏကလေးမျှ နှုတ်ဆိတ်နေသည်၊ ပြီးမှ ဖြည်းဖြည်း ညင်းညင်း မိန့်၏။

"ဒီအကြောင်းအရာတွေနဲ့ ပတ်သက်ပြီးပြောဖို့ဆိုတာက နည်းနည်း တော့ ဝန်လေးချင်စရာပဲ၊ ဘုန်းကြီးတို့ က ဘုရားသားတော် ရဟန်းသံဃာတွေ လေ။ ဝိနည်းတော်ကြီးက ရှိနေတယ်၊ မုသားစကားလည်း ပြောလို့မဖြစ်ဘူး။ အရှိအတိုင်း အမှန်အတိုင်းပြောကြ စတမ်း ဆိုပြန်တော့လည်း နလုံးသွင်း မတတ်တဲ့ လူများအဖို့ အပြစ်ဖြစ်စရာ ဖြစ်ကောင်းလည်းဖြစ်နေဦးမယ်၊ တချို့ တရားအလုပ်နဲ့ ပတ်သက်တာတွေမှာ လည်း ဝိနည်းဥပဒေတော်ကြီးအရ

# ၆

ထင့်ခနဲ အာရုံဘောကိုလည်း
စဉ်သွားလိုက်ရော
ဟာ ဘာပြောကောင်းလိမ့်မတုံး၊
နည်းတဲ့အကောင်ကြီး မဟုတ်ဘူး၊
ပြတင်းသေးသေးကလေးကို
ဖြတ်ပြီးဝင်ချလာတော့တာ။
တင်းပုတ်ကြီး ထမ်းလို့ဗျာ။
ဘီလူးခေါ်မလား၊ သရဲခေါ် မလား၊
သဘက်ခေါ်မလား
မပြောတတ် တော့ပါဘူး။
နာနာဘာဝ ကောင်ကြီးပဲ ...



www.burmeseclassic.com



အတန်အသင့်ပဲ ပြောလို့ရတာတွေရှိတယ်။

ဆိုတော့ရင် ဘုန်းကြီး မပြောချင်ဘူး။ ဒါပေမဲ့လည်း ဒီအလုပ်က လုပ်မိပြီးသား ဖြစ်နေပြီ။ အတန်အသင့်လည်း ခရီးပေါက်ခဲ့ပြီ။ အဲ့ဒီအပြင် အဲဒီအလုပ်ကို ဒီလောက်ရောက်အောင် အလုပ်တွင်ခဲ့တာရဲ့ပဓာနအကြောင်းက ဘုန်းကြီးပါရာဇိကကျက်စာလိုက်ချိန်က ဆရာတော်ဦးကောဝိဒ(မန်းမစိုးရိမ်ဦးကော)က စာချင်ရင်းမိန့်တာရှိတယ်၊ ဒီဆရာတော်ဟာစာသင်သားလောကမှာတော့ မသိသူရှားပါတယ်။ ဘယ်အပိုင်းတော့ မမှတ်မိဘူး။ စာချရင်းနဲ့ ကိုယ့်ဆရာတို့ (တပည့်တွေခေါ်ရင် ကိုယ့်ဆရာတို့လို့ ခေါ်တာ) စာချတန်းပြီးရင် ယတ်မနေကြနဲ့၊ ပတ်ကြဦးတဲ့။ ဓမ္မာစရိယပြီးရပ်နေကြတာ၊ ငါဓမ္မာစရိယဆိုပြီး လက်မလေး ထောင်ထောင်ထောင်ထောင်နဲ့ ထောင်ထားတဲ့လက်ကလေး အောက်စိုက်ပြတယ်။ ကျုပ်တို့တော့ အခုချိန်ထိ စာအုပ်ပုံထဲ ဝပ်နေရတုန်းလို့ ဒီလိုပြောတော့ သံဝေဂဉာဏ် သတိကြီးကြီး ရလိုက်တယ်။

နောက်တစ်ခါ သာမညကအပြန် ဖားအံမဲဘောင်ဆရာတော်ကြီးထံ ဝင်ပြီး ဂါရဝပြုတော့ အဲဒီအချိန် ရဟန်းပျိုတစ်ပါး ပရိက္ခရာ (၈)ပါးနဲ့ ဝင်လာပြီး ဆရာတော်ကြီးကို ဂါရဝပြုတယ်။ "ဘာလဲ မောင်ပဉ္စင်းတဲ့"၊ "တပည့်တော် တောရဆောက်တည်လာတာပါဘုရား" တဲ့။ "အေးကွဲ့ လျှောက်စမ်းပါဦး"တဲ့။ "တပည့်တော် ပရိတ်ရွတ်တယ် ဘုရား၊ ဓမ္မစကြာရွတ်တယ်ဘုရား၊ ပဌာန်းရွတ်တယ်ဘုရား၊ မဟာသာမယ သုတ်ရွတ်တယ်ဘုရား၊ အနတ္တလက္ခဏသုတ်ရွတ်တယ်ဘုရား"တဲ့။ ဒီလိုလျှောက်တော့ ဆရာတော်ကြီးက "မောင်ပဉ္စင်းဟာ အရွတ်ပဲရှိတယ်၊ အသားမှ မရှိဘဲတဲ့"။ ဒီလိုမိန့်တော့ အနစ်ပါလိုက်တဲ့စကား ဆိုပြီး နှလုံးသားမှာမှတ်ခဲ့တယ်။

နောက် မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိ တစ်နေရာမှာ တွေ့လိုက်တယ်။ ရဟန်းတစ်ပါး ဘုရားဝတ်ပြုနေတဲ့ အသံကြားတော့ "ဘုရားခိုင်းတာတော့ မလုပ်ဘူး၊ သူရတာတွေ ဘုရားသွားဆိုပြနေတယ်"လို့ပြောတယ်၊ ဒီတစ်ခါလည်း တန်ဖိုးရှိတဲ့စကားပဲဆိုပြီး နှလုံးသားမှာ မှတ်ခဲ့တယ်။ အဲဒါနဲ့ လုပ်လက်စ ဆက်လုပ်တော့မယ်ဆိုပြီး ဆက်လုပ်တာ၊ ဒီတော့ ဒီအကြောင်းတွေကို ပြောရင် ဓမ္မပူဇာဖြစ်တယ်၊ ကုသိုလ်ရတယ်။ ဒါကြောင့် ဘုန်းကြီးပြောသင့်သလောက်တော့ ပြောပြမယ်"

မျက်လွှာကို မသိမ်းသေးဘဲ မိန့်နေခြင်းဖြစ်၏။ ချစ်ခင်နှစ်လိုဖွယ်ဖြစ်ရုံမျှမက၊ ကြည်ညိုစရာအသွင်ကိုလည်း ဆောင်နေပါသည်။

⸻

သရဲနှင့် ထိပ်တိုက်ဆုံကြုံခြင်း

"အင်း - အဲဒီကိစ္စမျိုးတွေနဲ့ ပထမဆုံး စကြုံရတာက မြန်မာသက္ကရာဇ် ၁၃၄၂ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ပဲ၊ အဲဒီတုန်းက ဘုန်းကြီးအသက်က (၂၇) နှစ် ရှိသေး၊ အခု ဆရာတော်နဲ့ အရင်ပထမ ဆရာတော်လက်ထပ်ပေါ့၊ တစ်ရက်မှာ ဆရာတော်ကြီးက မောင်ပဉ္စင်းလိုက်ခဲ့ဆိုပြီး အရပ်ထဲကိုခေါ်သွားတော့တာ၊ အဲ - ငါ့ကို တရားတွေ ဘာတွေများ ဟောခိုင်းမလို့လား၊ ဒီလိုထင်တာ၊ တကယ်က မဟုတ်ဘူး၊ အာနာပါန ကမ္မဋ္ဌာန်း အလုပ်ခွင်ဝင်နေတဲ့ ယောဂီတွေရဲ့တရားဝိုင်းကိုခေါ်သွားတာ၊ ရှိသမျှယောဂီအားလုံး ကမ္မဋ္ဌာန်းလုပ်နေကြတာ၊ ဟိုနားက ရှူးရှဲ၊ ရှူးရှဲ၊ ဒီနားက ရှူးရှဲ ရှူးရှဲ၊ ဆရာတော်ကြီးက ကျုပ်ကို ဘာမှမပြောဘူး၊ ရောက်တာနဲ့ တင်ပျဉ်ခွေပြီး ကမ္မဋ္ဌာန်းတန်းထိုင်တော့တာ၊ ကိုင်းကွယ် - သူတို့ကမ္မဋ္ဌာန်းထိုင်မှဖြင့် ကိုယ်လည်း ကမ္မဋ္ဌာန်းပေါ့ဆိုပြီး ဘုန်းကြီးပါ ကမ္မဋ္ဌာန်း ဝင်ထိုင်ဖြစ်ရော။

လုပ်ရင်းကိုင်ရင်းနဲ့ စိတ်စိုက်သွားလိုက်တော့ ကိုယ်က ဖောက်ပြန်တော့တာ၊ ခန္ဓာရဲ့သဘောပေါ့၊ ခန္ဓာက သူ့အလုပ်သူ လုပ်နေတာလေ၊ တရားရှာကိုယ်မှာတွေ့တာ ဒါကြောင့်ကိုး၊ ခန္ဓာရဲ့ ဖောက်ပြန်မှုသဘောကြောင့် ခြေတွေ လက်တွေ ကွေးလာလိမ့်လာတယ်၊ အမြင်မတင့်တယ်တဲ့ ပုံသဏ္ဌာန်တွေ ဖြစ်လာတယ်၊ ဘုန်းကြီးကလည်း အမှတ်သတိကို မလွှတ်အောင်ရှုထား၊ တအားရှုထားတာ၊ ရုပ်တွေဖောက်ပြန်နေတဲ့ ဆီ စိတ်ကရောက်၊ အဲဒီလည်ထွက်သွားတဲ့စိတ်ကို မိအောင်ပြန်ချုပ်၊ အာနာပါန သတိအလုပ်ခွင်ပေါ် ပြန်တက်၊ "ဟယ် - ကျိုးတော့ မထွက်ပါဘူးဟ" ဆိုပြီး ဘာကိုမှ ထည့်မတွေးတော့ဘဲ တအားဖိရှုထား၊ အဲဒီမှာ ဘုန်းကြီးရဲ့ စိတ်ထဲမှာ ကွေးနေတဲ့ လက်တွေက ယောင်၊ ယောင်ပြီး တအားဖောလာ၊ နောက်တော့ အသားအရည်တွေက ဝါ၊ ဝါရာကနေ နီ၊ နီရာကနေ ညိုလာပြီး ပါးစပ်၊ နှာခေါင်း၊ မျက်စိ၊ လက်တွေ

www.burmeseclassic.com



››› အမှတ်-၁၁၁၊ ဩဂုတ်၊ ၂၀၁၆ ‹‹‹

တက်လာလိုက်တာ တလွန်လွန်နဲ့။ ကမ္ဘာ့ဌာန်းစဉ်ပေါ့ဗျာ။

ဆက်ရှု၊ ဆက်ရှု၊ ဆက်ရှုနေရင်းနဲ့ အသားတွေက ကွာကျလာတာ။ ကွာကျလာရင်းကနေ ကျုပ်ရဲ့အရိုးစု ကမ္ဘာ့ဌာန်းကောင်းကြီးက "ဗုန်း" ဆို ပြုတ်ကျလာရော။ ဩော် - ဗုဒ္ဓဘုရားရှင်က ခေမာမိဖုရားကိုပြခဲ့တဲ့အရိုးစုကမ္ဘာ့ဌာန်းရောက်နေတာပါလား။ ဒီလို အသိဝင်လာတာ။ ဆက်ရှုတာပဲ။ စိတ်က အထိုင်ကျပြီး ရှုလို့က ပိုကောင်းလာတာကိုး။ အရိုးစုကြီးကို မီးလောင်၊ မီးမှာ ကားဝရိန်ဆော်တဲ့အခါ ထွက်လာတဲ့အရောင်လိုမျိုး စိမ်းလဲ့လဲ့ ကြည်ပြာပြာကလေး။ ပြာထဲက လက်ပိုက်လျက်ကလေး ပေါ်လာတာ။ ဟိုမှာလည်း ငါ၊ ဒီမှာလည်း ငါ၊ ငါဘာဖြစ်နေတာလဲ ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်နေတော့ ဟိုဟာက နာမ်၊ ဒီဟာက ရုပ်၊ ဒါရုပ်နာမ်ကွဲတဲ့ နာမရူပပရိစ္ဆေဒဉာဏ် ဆိုတာ ဒီဉာဏ်ဖြစ်ရမယ်ဆိုပြီး တအားရှုတော့တာ။ အဲဒီမှာပဲ ဗုဒ္ဓကနေရောင်ခြည်နဲ့ ထိုးတော့တာ တစ်ကိုယ်လုံးအေးစိမ့်ပြီး ထုံတာ ကျင်တာ ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ လောကမှာ ဘုရားမသေဘူးကွရှိတယ် ဆိုပြီး ဒီအကျင့် လိုင်းထဲ ရောက်လာတော့တာပဲ။

အဲဒီမှာ ခင်ဗျားတို့ပြောတဲ့ သရဲတစ္ဆေ၊ နာနာဘာဝကောင်နဲ့ တန်းတွေ့တာပဲ။ အမှန်တော့ တရားအလုပ်ကို ဖျက်ဆီးမယ့် အဖျက်တရား နိဝရဏတွေပါပဲ။

အရင်တုန်းက ဒီသိမ်ကြီးမရှိသေးဘူး။ အုတ် တိုက် သိမ်ကလေးရှိတာ။ ဟောဒီစေတီတော့ရှိတယ်။ ဟိုဘက်က ငုက်ပျောတော၊ ဟိုးဘက်မှာ ပါးရုံ၊ ဟိုဘက်က အုန်းပင်တန်း။ ကျောင်းကလည်း ခနိမ့်ခနဲ့ကာလေး။ သံဃာလည်း မများသေးဘူး။ ရှိလှမှ (၁၀) ပါး။ ဒီဓမ္မာရုံကြီး မရှိသေးဘူး။ အဲဒီနေရာမှာ ကန်စွန်းခင်းကြီး ရှိတယ်။ အဲဒီတုန်းက ဘုန်းကြီး အသက် ၂၄ နှစ်၊ အဲဒါကို ပြောခဲ့ပြီနော်။

တစ်နေ့ စေတီရင်ပြင်မှာ တရားထိုင်နေတုန်း ၁၈ လက်မလောက်၊ ဆန်ကောပိုင်းကြီးလောက် ရှိမယ်ဗျာ။ မျက်နှာရဲရဲကြီး။ ကိုယ်လုံးလည်းမပါဘူး။ ကျုပ်တရားထိုင်တဲ့အနားမှာ ရစ်ဝဲရစ်ဝဲနဲ့ လာပေါ်နေတယ်၊ အဲဒီလိုနဲ့ အဲဒီမျက်နှာနီနီကြီး ကိုယ့်နားမှန်းရှိနေမှန်း သိသိကြီးနဲ့ ဆက်ရှုတာပဲ၊ တရားအလုပ်ကို အာနာပါနရှုခင်ကို မဖျက်ဘူး၊ အဲဒါကြီးကလည်း ပျောက်မသွားဘူး။ အဲဒါကြီး ရှိနေတုန်းပဲဆိုတာ စိတ်ထဲကသိနေတယ်။ လက်ထဲက ပုတီးနဲ့ ထရိုက်ပစ်လိုက်ရရင်ကောင်းမလားစိတ်ကူးလိုက်သေးတယ်။

"ဟယ် - ငါတရားအလုပ်လုပ်နေရင်းနဲ့ ဒေါသဖြစ်နေတာ မဟုတ်သေးပါဘူး။ ငါလည်းငါ့အလုပ်ငါလုပ်သူလည်းသူ့အလုပ်သူလုပ်ပေါ့။ ဘာဖြစ်ရဦးမှာတုံး" ကိုယ့်ကိုယ်ကိုယ် ဆုံးမပြီး ဆက်ရှုနေတာပဲ။ တော်နေကြာ ကြောက်စိတ်ကပေါ်လာပြန်ရော။ တရားထိုင်နေတုန်း ဒါကြီးက နောက်ကနေ ဖျက်ရိုက်လိုက်ရင် ဘယ့်နယ်လုပ်ရပ်။ ရိုက်ရင်တော့ လဲမှာ၊ လဲရင်ရှုးမှာ၊ တရား ထိုင်ရင်းနဲ့ ရှုးတယ် ဆိုရင်လည်း လူကြားလို့ မကောင်းဘူး။ ခက်တော့တာပဲလို့ စိတ်ထဲတွေးတယ်၊ ကြောက်ကြောက်နဲ့ ပေထိုင်နေရင်း တွေးမိနေတာ၊ အာရုံထဲက ထင်နေတာမျိုး မဟုတ်ဘူးနော်၊ မျက်စိဖွင့်ကြည့်လိုက်တိုင်း ဒါကြီးကို ထင်ထင်ရှားရှားကြီး မြင်နေရတာ။ အဲဗျ - ဘာမှတော့လည်း လုပ်တာ မဟုတ်ဘူး။ တရားထိုင်တဲ့အချိန်လည်း စေ့ရော မေတ္တာပို့လိုက်တော့ အဲဒါကြီးလည်း ပျောက်သွားရော၊ ကဲဗျာ - အဲဒါက ပရလောကနဲ့ ပတ်သက်ခဲ့ရတဲ့ ဖွဲဆော်ဦးမိတ်ဆက်ပဲဗျာ"

ဆရာတော်က သူ့ဘာသာ ဘာကိုသဘောကျလေသည်မသိ။ တိုးတိုးလွင်လွင်ကလေး ရယ်နေတော်မူသည်၊ တကယ့်အတွေ့အကြုံကြီးကို ဘာမှမဟုတ်သလို၊ ဘာမှ မဖြစ်သလို၊ ကျွန်တော့်မှာဖြင့် ကျောချမ်းလှပြီ။ ကြက်သီးမွေးညင်းတွေ ထလှပြီ။ ကျွန်တော်တို့မြန်မာတွေက ဘယ်အရွယ်ရောက်ရောက်သရဲတစ္ဆေသံကြားလျှင်ကြောက်လိုက်ရမှ နေပျော်တတ်သည်။ မဟုတ်လို့လား။

"ရပ်ကွက်ထဲမှာ ရှိတယ်ဗျ။ ဒေါ်စောကျင်တဲ့။ အဲဒီဒကာမကြီးလှူထားတဲ့ နတ်စင်ထဲကို အဲဒီ့မျက်နှာနီကြီး ဝင်သွားတာဗျ။ ဒီအတိုင်းတိုင်း မြင်နေရတာပဲ"

⸻

## အစရှိအနောင်နောင်

"တော်ပြီကွယ်၊ စေတီပေါ်တော့ မသွားတော့ဘူးလို့ဆုံးဖြတ်လိုက်တယ်။ ကြောက်လို့၊ အဲဒါနဲ့ ကျောင်းပေါ်မှာပဲ အာနာပါန ဆက်လုပ်ဖြစ်တယ်။ တစ်ခုတော့ရှိတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတောင် တရားကျင့်တာ ပုတီးမဘိုင်ခဲ့ပါဘူး။ ဒီပုတီးက ဘုရားရှင်အလိုတော်

www.burmeseclassic.com



ကျ ဖြစ်ရဲ့လားလို့ သံသယဝင်လာလို့ ပုတီးကို စွန့်လိုက်တယ်။ ပုတီးမကိုင်တော့ဘူး။ တရားရှာ ကိုယ်မှာတွေ့မဟုတ်လား၊ ဒီကိုယ်ကာယ တစ်လံမျှလောက်ကလေးမှာခဏဖြစ်လိုက်၊ ခဏချုပ်လိုက်ဖြစ်ပျက်တွေကတရားမဟုတ်လား။

တစ်နေ့ စေတီထဲလုပ်ရတာကြောက်တာနဲ့ ကျောင်းပေါ် ဘုရားကျောင်းဆောင်ရှေ့လုပ်ခါမှ ခွေးကမေးစေ့ကိုလျှာနဲ့လာလျက်တယ်၊ အဲလိုထင်တာလေ။ ကျောင်းမှာက ကျောင်းသား၊ကိုရင်တွေရဲ့မျက်နှာကိုလိုက်လိုက်လျက်တတ်တဲ့ ခွေးတစ်ကောင်ရှိတယ်၊ အဲဒီခွေးပဲလို့ထင်တာ။ "ဒီခွေးနယ်လေ-ကြဲကြဲဖန်ဖန်၊ ဆော့စရာရှားလို့ကျောင်းအောက်ဆင်းမဆော့ဘဲ ကျောင်းပေါ်တက်လာရတယ်လို့ပဲ"။ ဘုန်းကြီးစိတ်ထဲက၊ အဲဒီမှာ ကျောင်းခွေးမဟုတ်ဘူးဟောလို့အသိပေးချင်သလားမသိပါဘူး၊ သူ့ခန္ဓာကိုယ်ကြီးနဲ့ ပွတ်လိုက်တာဟာ အိုအမွေးအမျှင်တွေက ကြမ်းကြမ်းရှည်ရှည်ကြီးတွေ့၊ "ဟယ် - ကျောင်းခွေးမဟုတ်ဘူးကွ" ဖျင်းခနဲကြောက်စိတ်ဝင်လာတယ်ဗျ။ ပိုကြောက်အောင် လုပ်တယ်ထင်တာပဲ။ သူ့နှုတ်သီးစိုစွတ်စွတ်ကျိုချွဲချွဲကြီးတွေနဲ့ နံဘေးတွေ လျှောက်ထိုး၊ ဟိုထိုး ဒီထိုး။ ရှူးရှူးရှားရှားနဲ့ လျှောက်လုပ်။ အမိဋ္ဌာန်က တစ်နာရီထိုင်ရမှာလေ။

ဘာပဲဖြစ်ဖြစ်တစ်နာရီပြည့်အောင်တော့ ထိုင်မယ်ပေါ့။ ဆက်ထိုင်တာပဲ၊ စိတ်ထဲကလည်း ဘုန်းကြီးဦးသီလကို ဒေါသထွက်၊ ဒီကောင်တွေ ဘာလုပ်ကြတာလဲမသိဘူးလို့ကျောင်းသားတွေကိုလည်းဒေါသထွက်။ ခွေးကိုလာမခြောက်ကြပဲနဲ့ ဘယ်ရောက်နေကြပါလိမ့်မလဲပေါ့။ တစ်ခါခွေးကို ဒေါသဖြစ်လိုက်၊ ခွေးလို့သာ ပြောတာ၊ ခွေးမဟုတ်မှန်းတော့ စိတ်ထဲက သိနေတယ်၊ ဘာကြီးလည်းသာမသိတာ၊ ကြည့်လည်းမကြည့်ရဲဘူး။ ညနေ (၄)နာရီထိုးတော့ သခေါင်ကျင်းက ဥသြမှုတ်တယ်လေ၊ အဲဒီမှာ တရားဖြုတ်လိုက်တာပဲ။ မျက်စိဖွင့်ကြည့်လိုက်တော့ ဘာမှကို မတွေ့ဘူး။ အိုး-ကြောက်လိုက်တာများ ရင်ထဲကို စိမ့်ကရော၊ အင်း ဘုန်းကြီးဝတ်ဖြစ်ပေမယ့်လည်း ပုထုဇဉ်ပဲကိုးဗျ။ ကြောက်စရာတွေ့ရင် ကြောက်တတ်သေးတာပဲ၊ ဒီတစ်ခါ နောင်ယုက်တာကျတော့ အဆင်းသဏ္ဌာန် ခန္ဓာကိုယ်ကောင်ကြီးကို မတွေ့လိုက်ရဘူး"

စိတ်ဝင်စားစရာ၊ ကျောချမ်းစရာပင်၊ ကျွန်တော်တို့ နီးနားဝန်းကျင်တွင် ကျွန်တော်တို့ ဘုံ၊ ကျွန်တော်တို့ဘဝနှင့် ဘာမျှမဆိုင်သော အခြားပရလောကတစ်ခု နီးနီးကပ်ကပ်ရှိနေကြောင်း၊ အချိန်မရွေး အခါကာလမရွေး သူတို့ထိပါးနှောင့်ယှက်လိုလျှင် ထိပါးနှောင့်ယှက်၍ ရနိုင်ကြောင်း သိလိုက်ရခြင်းကြောင့်ဖြစ်လာလိုက်သည့် စိတ်ခံစားမှုမှာ သရိုးသရီ မသိုးမသန့် တစ်မျိုးကြီး၊ အဲဗျို့ကျွန်တော်တို့နံဘေးမှာ သရဲတစ္ဆေတွေ တကယ်ရှိနေသလား။

## သရဲသရဲ

"နောက်နေ့ကျတော့ ကျောင်းပေါ်မတက်တော့ဘူး။ စိတ်ကကို မတက်ရဲတော့တာ၊ အဲဒီမှာ အခု ဒီသိမ်ပေါ့၊ ဒီသိမ်က အုတ်တိုက်သေးသေးလေးပဲ ရှိသေး၊ သိမ်ထဲဝင်၊ တံခါးတွေ ပြူတင်းပေါက်တွေအကုန်ပိတ်၊ အတွင်းက ချက်တွေချ၊ လေဝင်အောင် ဒီပြူတင်းတစ်ပေါက်ပဲ လုပ်ထားတာ၊ ဘုရားဝတ်ပြုပြီး တရားအလုပ်နဲ့ဆိုင်တဲ့ ပရိုက်တွေလုပ်၊ အာနပါနကိုပဲ စိတ်စိုက်ပြီး ရှုတာပဲ၊ တရားမှတ်လို့ကလည်း ကောင်းလိုက်တာ၊ ဘယ်အချိန်ရှိပြီလည်း မသိဘူး။ ထင့်ခနဲ အာရုံဘေးကိုလည်း စဉ်သွားလိုက်ရော ဟာ ဘာပြောကောင်းလိမ့်မတုန်း၊ နည်းတဲ့အကောင်ကြီး မဟုတ်ဘူး။ ပြူတင်းသေးသေးကလေးကို ဖြတ်ပြီး ဝင်ချလာတော့တာ၊ တင်းပုတ်ကြီးထမ်းလို့ဗျာ၊ ဘီလူးခေါ်မလား၊ သရဲခေါ်မလား၊ သဘက်ခေါ်မလား မပြောတတ်တော့ပါဘူး။ နာနာဘာဝ ကောင်ကြီးပဲ။

အဲဒီတော့ တင်းမခံနိုင်တော့ဘူး။ သိပ်ကြောက်သွားပြီ။ ဒီအကောင်ကြီးနဲ့ ကိုယ်နဲ့ သိမ်ထဲမှာ နှစ်ယောက်တည်းရယ်၊ ပြေးဟော့ ဆိုရင်လည်း သူက အပေါက်ကိုပိတ်ပြီး ရပ်ထားတာ။ ဘုရားတပည့်တော် ဒါကြီးကိုတော့ ကြောက်ပါတယ် ဘုရား၊ ခွင့်လွှတ်တော်မူပါလို့ ဘုရားရှင်ကို ရည်မှန်းကန်တော့ပြီး တရားခွင်ကိုနားလိုက်ရတယ်၊ ဆက်ကိုလုပ်လို့မရတော့တာ၊ တစ်ကိုယ်လုံး နတ်ပူးသလို တုန်နေရော၊ အဲဒါ ဘုန်းကြီးအသက် (၂၇) နှစ်၊ ပဉ္စင်းပျို ဘဝက တကယ့်ကိုယ်တွေ့ အဖြစ်အပျက်ပဲ ဒကာကြီး"

ဆရာတော်က စကားစကို ခဏသိမ်းလျက် ကျွန်တော်တို့ကို ပြုံးကြည့်နေသည်၊ သရဲတစ္ဆေ၊ မြေဘုတ်ဘီလူး၊





www.burmeseclassic.com

www.burmeseclassic.com



ဖုတ်၊ သဘက်၊ မှင်စာ၊ ကျတ် စသည့် နာနာဘာဝ၊ ဝိနာဘာဝ ပရလောကဘုံကို ကျွန်တော်တို့ ယုံသလား။ စူးစမ်းစေ့ငုနေဟန် ဆရာတော်၏ မျက်ဝန်းများက ထွင်းထွင်းဖောက်ဖောက်ရှိလှ၏။ ကျွန်တော်ကဖြင့် ကျွန်တော့်ဘာသာပင် မသေချာ၊ ယုံသလား၊ မယုံဘူးလား၊ ဘာမှန်းမသိ။ ဆရာတော်၏ အတွေ့အကြုံများကိုမူ စိတ်ဝင်စားနေမိသည်။ အသည်းတယားယား၊ ရင်တဖိုဖို။

⚘

သရဲတစ္ဆေ တကယ်နိုင်တဲ့ဆေး

"အဲလိုနဲ့ တော်ပြီး တရားအလုပ်ဆက်မလုပ်တော့ဘူးလို့ တွေးလိုက်တယ်။ တော်တော်လည်းကြောက်သွားပြီကိုး။ ဒါပေမဲ့ - ဘုန်းကြီးတို့ဘုရားရှင်ရဲ့ တရားတော်မှာ မမွှော-ဟဝေ ရတ္တတိ၊ မမွှာစရိတဲ့ဗျ။ တရားစောင့်သူကိုတရားက ပြန်စောင့်တတ်သည်တဲ့၊ ရှိတယ်ရှိတယ်၊ အဲဒီလို ဘယ်သူကပြောမှန်းမသိဘဲ ကျုပ်နားထဲမှာ အသံတွေကြားလာရတယ်။ စေတီထဲ ပြန်သွား၊ စေတီကို ပြန်သွား။ အဲဒီမှာအလုပ်လုပ်တဲ့ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေ ကနိုးဆော်တာပဲရှိမှာပေါ့။ အဲလိုမျိုးဖြစ်တတ်၊ ကြုံရတတ်တယ်။ အဲတော့ စေတီဆီ ပြန်သွား။ တရားထိုင်၊ လာပြန်တယ် မျက်နှာနီရဲရဲ ဆန်ကောလောက်ရှိတဲ့ ခေါင်းချည်းပဲပါတဲ့ကောင်လေး။ ဒီတစ်ခါ မြင်ရတယ်ဆိုရုံ လာတာမဟုတ်ဘူး။ မျက်နှာရှေ့အထိ ရစ်ပြီး ကလေးဘဝက သရဲခြောက်သလို ဟီးလားလာလုပ်တာ။ ဘုန်းကြီးကလည်းသတ္တိရှိလို့တော့ မဟုတ်ဘူး၊ ကြောက်ကြောက်နဲ့ ပြန်ပြီး ဟီးလို့ ပြန်လုပ်တာ။ အဲဒီအချိန်ကစပြီး မလာတော့ဘူး။ အောက်မေ့လိုက်တယ် ခြောဲ - ငါ့ကို မကြောက်တော့ဘူးလို့ ထင်ပြီး ထွက်သွားတာပဲ"

ဆရာတော်က ပြုံးပြုံးကြီး မိန့်နေသည်။ ကျွန်တော့်ရင်ထဲမှာလည်း မိန့်မိန့်ကြီး ပြုံးနေမိပါသည်။

"တရားအလုပ်ကိုလုပ်ရတာ ပိုပြီး ခရီးတွင်လာသဗျာ။ ဓမ္မရဲ့အာနိသင်၊ ဓမ္မရဲ့ရသကိုကိုယ်တွေ့အဟုတ်တကယ် သိလာ ခံစားလာရတာကိုး။ အဲဒါနဲ့ တစ်ပတ် နှစ်ပတ် တရားထိုင်ရတာ ပီတိ ဖြစ်လိုက်တာဗျာ။ တကယ်။ တဖြည်းဖြည်း အသားကျလာတယ် ပြောပါတော့ ၁၃၄၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ကဘုန်းကြီးကြုံခဲ့ရတဲ့အဖြစ်အပျက်ကို ပြောခဲ့ပြီနော်။ ဘုန်းကြီးတို့ ပရိယတ္တိ ဝါဟာရအရ ဂဏာကျော့တယ်။ ဂဏာကျော့တယ် (အစိုင်အခဲကျော့၊ ပညတ်ကျော့) ဆိုတာရှိတယ်။ အစိုင်အခဲရုပ်အစုအဝေးကြီးရဲ့ဖြစ်ပျက်မှုကို ကျကျနန ကျော့ကျော့လည်လည် ရှုမှတ်ပြီး နားလည်သဘောအမြင်ပေါက်သွားတဲ့ တရားအသိမျိုးကို ပြောကြတာပေါ့။

ကမ္မဋ္ဌာန်းရှုမှတ်နေရင်း အာနာပါနသတိ ကပ်နေရင်း ခန္ဓာရဲ့ ဖြစ်ပျက်သဘောကိုပညာနဲ့ ဆင်ခြင်နေရင်း ရုပ်သဘာဝ၊ နာမ်သဘာဝ ကွဲပုံတွဲပုံတွေကို ထင်ထင်လင်းလင်း သိလိုက်တာ။ အဲဒါကို ဂဏာကျော့တယ်ပြောတာ။ ဗုဒ္ဓဘုရားရှင် ညွှန်ပြတဲ့ ကမ္မဋ္ဌာန်းနည်း (၄၀) မှာ အဲဒါပါတယ်။ ပညတ်နဲ့ ပရမတ် ကွဲတာပါပဲ၊ အဲဒီအဆင့်ကို ထိထိမိမိ ကြုံတွေ့သဘောအမြင် ကြည်လင်စွဲမြဲနေပြီဆိုရင် ဘုရားရယ်၊ တရားရယ်မှာ တုန်လှုပ်မှုမရှိတော့ဘဲ ဆည်းကပ်ပူဇော်နိုင်သူဖြစ်ကရော။ ဘုန်းကြီးတော့ အဲဒီမှာတင် တရားအလုပ်လုပ်ရတာကို သိပ်ပျော်သွားလိုက်တော့တာ။ တရားထိုင် ရှုမှတ်နေတာကို သိပ်ပီတိဖြစ်ပြီး ချမ်းသာနေတော့တာ။

ဟောဒီ သိမ်ကြီးထဲမှာ တစ်နေ့ယုံကြိမ်၊ သုံးကြိမ်နဲ့ ငါးနှစ်ကျော် ခြောက်နှစ်နီးပါး တရားခွင် ဝင်ခဲ့တယ်၊ အပျက်အတွက် အကျိုးအပေါက် မရှိခဲ့ဘူး။ ဘယ်သူမှလည်းမသိဘူး၊ သိဖို့ကလည်း မလိုဘူးလေ။ အဲဒီမှာပဲ (ကဲ ပြောလိုက်တော့မယ်) ကိုယ့်ရှေ့ရေး ဘဝတွေမှာ ဘာဖြစ်ခဲ့တယ်၊ ဘယ်ဘဝ ဘာတွေကြုံခဲ့တယ်၊ အားလုံး မြင်နိုင်သိနိုင်တဲ့ အခြေအနေမျိုး ရှိလာခဲ့တယ်၊ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတွေရဲ့ရှေ့ရှေ့နောက်နောက် ဘဝအခြေအနေတွေကိုလည်း ဆင်ခြင်လိုက်ရင် မြင်ကြည့်လို့ရလာတယ်၊ ဇာဒင်မဟုတ်ဘူးနော်။ ဗုဒ္ဓဘုရားရှင်ရဲ့ဓမ္မအာနိသင်ကြောင့် ရအပ်တဲ့ အကျိုးဖလတွေဗျ။ အဲဒါ ကွဲပြားအောင် သေချာသိထားဦး၊ ဟုတ်ပလား။

အဲဒါပေတဲ့ ဝိပဿနာ ညစ်ညူးကြောင်း ဆယ်ပါးထဲက ဩကာသ အလင်းရောင်မြင်ခြင်း အဆင့်မှာတင် အဲဒါကိုနှစ်သက်သာယာပြီးရှေ့ဆက်တိုးလို့ မရတော့ဘူး။ ဒီတော့မှ ဝိပဿနာ ညစ်ညူးကြောင်းဖြစ်တဲ့ ဩကာသ အလင်းရောင် ဖြစ်ပုံကလေးက တစ်နေ့ သိမ်ထဲမှာလုပ်တော့ ရှုရတာ ကောင်းနေတုန်း ဗြုန်းဆို သိမ်ကြီးက လင်းလာရော။ ဖယောင်းတိုင်က တစ်ထိုင်ပဲလှု

www.burmeseclassic.com



နိုင်တာ သိပ်လင်းနေပေမယ့် မျက်စိတော့ မဖွင့်ဘူး။ ရှကွက်က ရပ်ထားတယ်၊ ဖယောင်းတိုင်လဲပြီး ဘုရားကျောင်းဆောင် မီးများ လောင်သလား၊ လောင်ရင်ငါ့ကို အပူရှိန်ဟပ်ရမယ်။ အခုတော့ မပူဘူးလို့ဆိုပြီးနောက် ဒုတိယအကြိမ် ထပ်ရှု၊ ပိုလင်းလာတယ်၊ မီးလောင်ရင် အပူရှိန်ဟပ်ရမယ်။ ဒီလိုလည်း မဟုတ်ဘူး။ ညှော်နံ့လည်း မနံဘူး။

ဒီလိုစဉ်းစားပြီး တတိယအကြိမ် ထပ်ရှုတော့ မတရားလင်းလာပြီး သိမ်ခေါင်မိုးကပ်နေတဲ့ ပင့်ကူအိမ်တွေ မြင်တယ်။ ပင့်ကူကောင်လည်း မြင်တယ်။ ကင်းအိမ်ကြိုးတန်းတွေလည်း မြင်တယ်၊ ဒီတော့ လောင်ပြီကွာဆိုပြီး ဖွင့်ကြည့်တော့ ဖယောင်းတိုင်ကလည်း ထောင်လျက် ဒီအတိုင်းပဲ၊ ဒီတော့မှ ဝိပဿနာညစ်ညူးကြောင်း (၁၀) ပါးထဲက ဩဘာသဆိုတာ ဒါပဲဆိုပြီး သဘောပေါက်တာ။ နောက်တစ်ခါ ရလေဦးမလားဆိုပြီး ရှုတာ၊ ဒီနေ့ထိ မရတော့ဘူး။ ဒီတော့မှ မော်လမြိုင်ဦးဒွေးလိှုင်ရေးတဲ့ ရဟန္တာနဲ့ ပုဂ္ဂိုလ်ထူးထဲက လယ်တီဆရာတော်ကြီးက သူ့တပည့်ဦးသက်ကို ပြောတာသတိရတာ။ "မောင်သက်ရေ-

တို့ခန္ဓာကထွက်သွားတဲ့သမာဓိအရောင်တွေက နတ်ပြည်ခြောက်ထပ်က ဖြဟ္မာပြည်ရောက်သွားတယ်၊ ဒါပေမဲ့ - မြို့သိမ်းတော့ တစ်စုတစ်ပေါင်းတည်း မဖြစ်ဘူး။ ပျံ့နေတယ်ကွာ" ဒါသွားသတိရတာ၊ ငါလည်း ဒါဖြစ်တာနဲ့ တူတယ်။ ဒါပေမဲ့ အခုထိမရတော့ဘူး။ အစုနက ပြောခဲ့တဲ့ ရှေ့ဘဝနောက်ဘဝ မြင်နိုင် သိနိုင်တဲ့ အခြေအနေကတော့ ပျောက်မသွားဘူး ဘုန်းကြီးရဲ့ရှေးရှေးဘဝ (၁၄) ဘဝအထိ မြင်ကြည့်လို့ရတယ်၊

ဘုန်းကြီးကိုယ်တိုင် မရှင်းလင်း ကိစ္စ ရှိခဲ့ရင် သက်တော်ထင်ရှား ဘုရားရှင်ကို ရည်မှန်းပြီး ပင့်ဆောင်မှု လျှောက်ထားကြည့်၊ ဘုရားရှင်ကိုယ်တော်တိုင် ကြွလာ၊ ဟောကြားတာ တော့ကြုံရတယ် - ဒကာကြီးရေ"

မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ဦး မျှသာဖြစ်ပြီး တရားအလုပ်ကို နှစ်နှစ် ကာကာ အာရုံမပြုမိသေးသည့် ကျွန် တော့်အဖို့တွင်မူ ဆရာတော်၏ စကား များက ဆန်းသည်။ အတွေ့အကြုံ ကလည်း ဆန်းသည်၊ ကြည်ညိုဖွယ် လည်းဖြစ်သည်၊ အံ့ဩဖွယ်လည်း ဖြစ် သည်၊ သက်ရှိထင်ရှား လူသားစစ်စစ် ဘဝဖြင့် ပရိနိဗ္ဗာန်ပြုတော်မူပြီး

ဘုရားရှင်၏ အဆုံးအမကို ကိုယ်တိုင် ခံယူရရှိနေပါသည်ဟူသောစကားသည် အံ့ဖွယ်သရဲရှိလှ၏။

"တရားကပေးတဲ့ ပညာသိကြီးကို ဆုပ်ဆုပ်ပိုင်ပိုင် ကျင့်နိုင်ပြီဆိုတဲ့အခါ ကျတော့ ဘုန်းကြီးအလုပ် လုပ်ပြီ၊ ပယောဂမှန်ရင် လာခဲ့၊ ဗုဒ္ဓနဲ့ ရဟန္တာက လွှဲရင် လာခဲ့၊ ဘုန်းကြီးမှာ ဆေးမရှိဘူး၊ အင်းမရှိဘူး၊ ခါတ်လုံးမရှိဘူး၊ စွမ်းလှ ပါတယ်ဆိုတဲ့ အင်း၊ ခါတ်လုံး၊ လက်ဖွဲ့ ယူလာခဲ့၊ ဒီရောက်ရင် ဆိုင်ရာအာနိသင် တွေပြယ်ပြီး သုံးမရဖြစ်ကုန်ရမယ်၊ ဘာ

# ၆

လာကြဟေ့–
အကုန်လုံးဆိုတော့၊
ဟာ–ဘာပြောကောင်းမတုန်း
တစ္ဆေသရဲတွေ လာလိုက်ကြတာမှ
အောတိုက်လို့၊
ဘုန်းကြီးတို့ကျတော့
အခု–ဒကာကြီးတို့ကို မြင်နေရသလိုမျိုး
အကောင်အထည်လိုက်ကြီးတွေ
မြင်နေရတာကိုး၊၊
ပုပုရွရွ ကြီးကြီးငယ်ငယ်
တစ်ထွေးကြီးပဲ ...



www.burmeseclassic.com


ဆေးမှ မဖော်ဘူး။ ဘာဆေးမှ မဆောင်ဘူး။ ဘုရားဆေးပဲ။ ဗုဒ္ဓရဲ့အဆုံးအမနဲ့ ဗုဒ္ဓဘုရားပေးတဲ့ကမ္မဋ္ဌာန်းပဲ။ ဒါဘုန်းကြီးရဲ့အားကိုးအားထားပဲ။ ဘုန်းကြီးရဲ့ဆေးပဲ။ ဘယ့်နယ်ဗျာ၊ ဘုရားရှင်ရဲ့တရားတော်ကြီးတွေ အရှိသားနဲ့ဟာ ဒီသရဲတစ္ဆေ၊ဗုတ်၊ပြိတ္တာ၊မှင်စာ၊ဘီလူးလောက်တွေကို စာဖွဲ့ပြီး တုန်လှုပ်နေစရာအကြောင်းမှ မရှိတာ။ အားကိုးမရှိတုန်းက ကြောက်ခဲ့ပြီးပြီ၊ အခု အားကိုးရာရှိတော့လာခဲ့၊ တစ္ဆေပူး၊ သရဲပူး၊ ပယောဂ၊ ဘီလူးစီး အနှောင့်အယှက်မျိုးစုံ ဖိစီးခံနေရတဲ့ ဝေနေယျတွေကို ဒုက္ခတွေက လွတ်အောင်ဘုန်းကြီးကူညီတယ်၊ ဘာဆေးမှ မသုံးဘူး။ မေတ္တာပဲ၊ မေတ္တာပို့တယ်၊ မေတ္တာဝေတယ်၊ မေတ္တာနဲ့ ညွှန်တယ်၊ မေတ္တာနဲ့ စေတယ်၊ ဒါပဲ၊ ဘာပဲပူးပူး ဘယ်လိုပရပုဂ္ဂိုလ်မျိုးက နှောင့်ယှက်နှောင့်ယှက် ဘေးအန္တရာယ်ကင်းစေရမယ်၊ ကိုးပါးသောဂုဏ်တော်အစုံနဲ့ပြည့်စုံတော်မူတော် တရားတော်မြတ်ရဲ့အာဏာတန်ခိုးဟာ စေတ်အမျိုးမျိုးမှာ လွှမ်းမိုးနိုင်စွမ်း ရှိနေတုန်းပဲ၊ အဲဒါလေး သိထား"

လက်ညှိုးကလေးတစ်ချက်ထောင်ရင်ယုံယုံရဲရဲအားရှိပါးရှိပြောပြနေသောဆရာတော်ကား ပြတ်ပြတ်သားသား၊ တောက်တောက်ခါးခါး ရှိလှဘိ၊ ကျွန်တော်ကား ပီတိဖြင့် ကြက်သီးတွေထလျက်၊

"တစ္ဆေသရဲပယောဂနိုင်ဖို့ဆိုတာ ဘုန်းကြီးတို့ဘုရားနည်းက လွယ်လွယ်ကလေးပါ။ တကယ် နစ်နစ်ကာကာ ထိထိရောက်ရောက်လုပ်ဖြစ်ဖို့ပဲလိုတာ၊ ဘုန်းကြီးရဲ့နည်းကိုလက်ဆင့်ကမ်းလိုက်ဦးမယ်ဗျာ၊ ဒီလို၊ သက်တော်ထင်ရှားဗုဒ္ဓဘုရားရှင်တို့ ရည်မှန်းပြီး "အရှင်ဘုရား၊ အရှင်ဘုရားသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလကြာအောင် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ်ဖြင့်သာ ပါရမီတော်ကြီးတွေ့ ဖြည့်တော်မူခဲ့ပြီး သမ္မာသမ္ဗောဓိ ဉာဏ်ရွှတော်ကြီးကို ရခဲ့ပါတယ် ဘုရား။ အင်း၊ အိုင်း၊ ခါးလှည့်၊ လက်ဖွဲ့၊ ပုတီး၊ မန္တန်ဆောင်တော်မူခဲ့ပါ ဘုရား၊ ဘုရားတပည့်တော် ၏ ခန္ဓာကိုယ်အားနိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်းပါ၏၊ ရုပ်တရား၊ နာမ်တရား၊ ပရမတ်တရားတို့အား ရည်မှန်း၍ လှူဒါန်းပါ၏၊ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ ပုတီး၊ မန္တန်မဆောင်ဘဲ သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးရပ်ကိုအခြေခံ၍သတ္တဝါ ဝေနေယျတို့အား ကယ်တင်ကုစားပေးရန်သာ အလိုရှိပါ၏အရှင်ဘုရား၊ ဘုရားတပည့်တော်အား အခွင့်ပြုတော်မူပါဘုရား" ၊ ဒါပဲ - အဲဒီလိုဘုရားရှင်ကိုရည်မှန်းပြီး လျှောက်ထား၊ အာနာပါနကမ္မဋ္ဌာန်းကို ထိထိရောက်ရောက် စူးစူးစိုက်စိုက် အဟုတ်တကယ်လုပ်၊ ပြီးပြီ၊ အဲဒါ သရဲနိုင်ဆေး၊ တစ္ဆေနိုင်ဆေး၊ ဘီလူးနိုင်ဆေးပဲ၊ ဘယ်လိုနိုင်သလဲ၊ ဘယ်လိုလုပ်ရမှာလဲ မမေးနဲ့၊ ကိုယ်လုပ်စရာရှိတဲ့ သီလ၊ သမာဓိ၊ ပညာ တည်အောင် ကိန်းအောင်သာအရင်လုပ်ကြည့်၊ တကယ်လုပ်ရင်တကယ်သိလာလိမ့်မယ်၊ ဟုတ်တယ်၊ သူ့အလိုလိုသိလာမှာ၊

ဘယ်ဗျာ၊ ရှင်မဟာမောဂ္ဂလန်ကိုယ်တော်မြတ်ကြီးတောင် အလွန်မတန် အမျက်စောင်မာန်ကြီးပြီး သူ့မျက်စောင်း အထိုးခံရတာနဲ့တင် ပြာကျသွားနိုင်တဲ့ နန္ဒောပနန္ဒနဂါးကြီးကို ဒီ သီလ၊ သမာဓိ၊ ပညာနဲ့ပဲ အောင်ခဲ့တာမဟုတ်လား၊ သရဲတစ္ဆေလောက်က ပါမွှားပေါ့၊ ဘုန်းကြီးမှမဟုတ်ဘူး၊ သီလ၊ သမာဓိ၊ပညာသိက္ခာသုံးပါးတည်အောင်လုပ်နိုင်သူတိုင်း လုပ်နိုင်တဲ့အလုပ်၊ ဗုဒ္ဓနည်း၊ ဘုရားနည်း၊ ဘာမှမှားစရာလွဲစရာမရှိဘူး"

ကိုင်း - သရဲတစ္ဆေနိုင်ချင်သူများ၊ "စေ" ဆရာဖြစ်ချင်သူများ ဘယ်လိုလဲ၊ တကယ်လုပ် အဟုတ်ဖြစ်ရမည့်တဲ့ ခင်ဗျား။

ပြောမယုံ ကြုံဖူးမှ ယုံစဖွယ်

"ဘုန်းကြီးတို့ဒီအလုပ်ကိုဆေးမပါ ဝါးမပါအဆောင်လက်ဖွဲ့ခုတ်လုံးမကိုင်ဘဲ ဝေနေယျတွေကို ကယ်တဲ့အလုပ်တစ်ခုအနေနဲ့ လုပ်နေတော့ အောင်မယ်တယ်မယုံ ချင်ကြတဲ့ သူတွေက များသကိုးဗျ၊ ရိုးနေရှင်းနေ၊ လွယ်နေတော့ ပေါ့ပေါ့ဆဆပဲ သဘောထားကြတာ၊ အထူးသဖြင့် အထက်ဂိုဏ်း၊ ဒီဂိုဏ်းဆိုတဲ့ လောကီဂိုဏ်းဆရာကြီးတွေက အကဲဆုံးပေါ့၊

ပြောလိုက်ရဦးမယ်၊ လောကီဂိုဏ်းတစ်ခုက ဆရာအဆင့်ပုဂ္ဂိုလ်ဦးချစ်ဆွေ တဲ့ ၊ သူက ဒီအလုပ်တွေကို သူတို့လောကီဂိုဏ်းတွေကပဲ လုပ်နိုင်တာ၊ စွမ်းနိုင်တာလို့ စွဲစွဲမြဲမြဲ ထင်နေပုံရတယ်၊ ဘုန်းကြီးတို့ လောကုတ္တရာနယ်က သံဃာများရဲ့အရာမဟုတ်ဘူးလို့ ယုံကြည်နေပုံပါပဲ၊ ဘုန်းကြီးတို့ကျောင်းမှာ ဒုလ္လဘ လာဝတ်ရင်းနဲ့ ဘုန်းကြီးနဲ့

www.burmeseclassic.com

နီးနီးကပ်ကပ် နေခဲ့ရဖူးတယ်၊ ဆိုတော့ သူကနှုတ်ကသာဖွင့်ပြီးမလျှောက်တာ၊ သူ့စကား သူ့အသွားအလာလေသံက ဒီပရလောကနယ်နဲ့ ပတ်သက်ရင် ဘုန်းကြီးတို့ရဲ့အစွမ်း၊ သတ္တိ၊ အာနိသင်ကို တယ် အထင်ရှိပုံ မရဘူး။ ဦးချစ်ဆွေ ဒုလ္လဘဝတ်တော့ သိမ်ထဲ အတူနေကြပြီး သူလည်း သူ့အလုပ်သူလုပ်၊ ကိုယ်လည်း ကိုယ့်အလုပ် ကိုယ်လုပ်နေကြတာ။

တစ်နေ့ တရားဖြုတ်ပြီး ပူတာနဲ့ သင်္ကန်းဟထားတာ ကိုရင်ကလေးက (မောင်ပယ်တဲ့၊ ပအိုဝ်းတိုင်ရင်းသားလေး) ကြောတိုလာကြည့်ပြီး ဆေးထိုးထားတာလားတဲ့၊ မှဲ့လေးတွေ ကိုးပြောက်၊ အနီရောင် တြိဂံအလယ်မှာ။ ရှေ့မှန် နောက်မှန်နဲ့ ကြည့်တော့ ဟုတ်သား။ ဒါနဲ့ ဦးချစ်ဆွေ(ဒုလ္လဘ)ကပြစမ်းပြစမ်းဆို လာကြည့်တာ၊ ဆေးထိုးသလားတဲ့၊ မထိုးဘူးလို့ ပြောတော့ ဒါ အရှင်ဘုရားကို အထက်ဆရာကြီးတွေ လာထိုးပေးသွားတာဖြစ်မယ်၊ တပည့်တော်တို့ ဂိုဏ်းထဲဝင် အေးအေးဆေးဆေး နေပါရစေလို့ ပြောလိုက်ရတယ်၊ ကြည့်နေ၊ ဒါတွေ ပျောက်အောင် လုပ်ပြမယ်ဆိုပြီး ဘုရားလျှောက်တယ်၊ အရှင်ဘုရား သဗ္ဗညုတဉာဏ် ရခဲ့တာ ဆေးမပါ၊ အင်းမပါ၊ ဓာတ်လုံးမပါဘဲ သီလ၊ သမာဓိ၊ ပညာနဲ့ ရခဲ့တာပါဘုရား၊ ဘုရားတပည့်တော်လည်း အရှင်ဘုရား ချီးမြှောက်တဲ့ သီလ၊ သမာဓိ၊ ပညာနဲ့ ရခဲ့တာပါဘုရား။ ဘုရားတပည့်တော်လည်း အရှင်ဘုရား ချီးမြှောက်တဲ့ သီလ၊ သမာဓိ၊ ပညာပွားများနေတဲ့အတွက် ဒီမှဲ့ကို မလိုလားပါ ဘုရား၊ ပယ်သတ်ပေးပါဘုရားဆိုပြီး နာသီးဖျားထိထိမိမိရှုတယ်၊ သုံးလေးရက်တော့ ရှုရမယ်ထင်တယ် မရှိတော့ဘူး။ ပျောက်သွားတယ်။ ဦးဇင်းကြီး ကြည့်စမ်း ရှိသေးလားလို့ ခေါ်ပြတော့ မရှိတော့ဘူး။ သီလ၊ သမာဓိပညာနဲ့ပယ်တာ ဒီဆေး ဘာထွက်နိုင်သေးလဲ ပြောတော့ သူ ငေးကြည့်နေတယ်၊

အဲ - သူ - ဒုလ္လဘက ထွက်တဲ့နေ့ကျတော့ သူ့နှုတ်တကို ထုတ်ဖော်ပြီး လျှောက်တယ်၊ အင်းချပ်ကလေးတစ်ချပ်ကိုင်လို့၊ အင်းကွက်၊ အင်းဆံလည်း အပြည့်ဗျ။ သူ့အင်းရဲ့အစွမ်းပြခဲ့ပုံ၊ သူ့အတွေ့အကြုံတွေကိုလည်း လျှောက်ပေါ့လေ၊ ဒါနဲ့ ဘုန်းကြီးက သူ့အင်းကိုယူကြည့်လိုက်တယ်။ တွေ့ပြီသူ့အင်းစောင့်ကို၊ သူပြောသလောက် အသင့်အတင့်အစွမ်းရှိဟန် တူပါရဲ့၊ အဲဒီအင်းစောင့်ကို မေတ္တာပို့ အမျှဝေပြီး အင်းပေါ်က ခဏ ခွာနိုင်းထားလိုက်တယ်၊ "ရော့ - ဒကာကြီး၊ ခင်ဗျား - အင်း" လို့ သူ့ကို ပြန်ပေးလိုက်တော့ သူ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်၊ ဘာဖြစ်လို့လဲ ဆရာချစ်ဆိုတော့ တပည့်တော်အင်းမှာ အင်းစောင့်မရှိတော့ဘူးတဲ့။ ဟင် - ဘာမှ မလုပ်ဘူးလေ၊ ဒီအတိုင်းကိုင်ကြည့်ပြီး ပြန်ပေးလိုက်တာ၊ ဒကာကြီး အမြင်ပဲဆိုတော့ ဘုန်းကြီးကိုတော့ ဘာမှမပြောရှာဘူး၊ သူ့အင်းကိုပဲ ဖင်ပြန်ခေါင်းပြန်ကြည့်ပြီး မျက်နှာငယ်လေးနဲ့၊ ပေးပေးကျုပ်ကြည့်ဦးမယ်ဆိုပြီး အင်းကို ပြန်တောင်း၊ သူ့အင်းစောင့်ကို မေတ္တာညွှတ်ပြီး ပြန်ဝင်နိုင်းလိုက်တယ်၊ ဟော - ဟောဗျာ၊ ပြန်ရောက်လာပြီအရှင်ဘုရားတဲ့၊ ဝမ်းသာရှာလွန်းလို့ ဆွေ့ဆွေ့ခုန်နေတော့တာပဲ၊ ဒီမယ် ဒကာချစ်၊ ခင်ဗျားရဲ့အင်းက စွမ်းတာလား၊ အစောင့်က စွမ်းတာလား မေးလိုက်တယ်၊ ဘာမှမပြောဘူး၊ "ဒကာကြီးရေ - သစ်သားနဲ့ လုပ်ထားတဲ့ ခွေးရုပ်ကလေး၊ ကြောင်ရုပ်ကလေးများရှိတယ်၊ သစ်သားခွေးရုပ်က ဟောင်သလား၊ ကြောင်ရုပ်က ကြွက်ဖမ်းသလား၊ ဘယ်လုပ်နိုင်မှာတုံး၊ အေး - အဲလိုပဲ အင်းက မစွမ်းဘူး၊ အင်းစောင့်ကပဲ စွမ်းတာဆိုရင် ခင်ဗျားအင်းက ဘာအာနိသင် ရှိသလဲ၊ ဘယ်လိုအလုပ် လုပ်မှာလဲ" အဲဒီလို မေးလိုက်တယ်၊

သူကလည်း ဉာဏ်ဝေးတဲ့ သူမှ မဟုတ်ဘဲ အရှင်ဘုရားက ဘယ်ဂိုဏ်းကတုံးဘုရားတဲ့၊ မေးပုံ မေးပုံ၊ ဟာ - ဒကာကြီး ကျုပ်တို့က ဂိုဏ်းမဟုတ်ဘူး၊ ပင်စည်ဗျ - ပင်စည်လို့ ပြောပစ်လိုက်တယ်၊ ဗုဒ္ဓဘုရားရှင်ရဲ့ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်ဟာ ဂိုဏ်း မဟုတ်ပါဘူးဗျာ၊ လောကီလောကုတ္တရာ အရာရာ အလုံးစုံတို့ရဲ့အခြေအမြစ် ပင်စည်ပင်မကြီးပါ၊ တရားတော်ထဲမှာ အဖြေအားလုံး ရှိပြီးသား၊ ပါပြီးသား၊ သရဲတစ္ဆေ၊ ပယောဂ အသေးအဖွဲလေးတွေဟာ ဗုဒ္ဓပိဋကတ်တော်ရဲ့ အရေးအရာတောင် မဟုတ်ဘူး၊ ပါချိပါချဲ့သာမင်ညောင်ညကိစ္စလေးတွေလို့ ရှင်းပြလိုက်ရတယ်၊ တကယ့်မှော်ဂုဏ်တော်ကြီးက အဲဒီထက် နက်နဲ အဲဒီထက် အရာကျယ်ပါသဗျာ"

သိမ်တော်ကြီးအတွင်းရှိ မြတ်ဗုဒ္ဓဆင်းတုတော်မြတ်ဆီလက်အုပ်ချီလျက် ငြိမ်သက်စွာ မိန့်ကြားနေတော်မူသော ဆရာတော် ၏ အဆင်းသဏ္ဍာန် မှာ ကြည်ညိုညွှတ်နူးဖွယ်အတိ၊ ကျွန်တော်နှင့် ကျွန်တော့် မိတ်ဆွေမှာလည်း လတ်





www.burmeseclassic.com

www.burmeseclassic.com



အုပ်တရှိရှိ။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၊ ရတနာမြတ်သုံးဖြာစလုံးကို ပူဇော်ခွင့်ရနေကြသည်ပဲလေ။

"တချို့က မေးတတ်ကြတယ်၊ လူနာတစ်ယောက်ရောက်လာရင် စက်ဘာနဲ့ဖြတ်မှာလဲတဲ့၊ ရတယ်လွယ်တယ်လို့၊ ရေတစ်ခွက် ရှိရတာပေါ့၊ ဗုဒ္ဓပရိတ်တော်တွေဗျာ စက်ဖြတ်တဲ့ ယန္တရားတွေပေါ့ဗျာ၊ လက်သုံး စက်ဖြတ်ပရိတ်ကတော့ ခန္ဓသုတ်နောက်ဆုံးအပိုဒ်ပဲ၊ ကတော မေရက္ခာ ကတံမေ ပရိတ္တံ ပဋိက္ကမန္တု ဘူတာနိ သောဟံ နမော ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ ရွတ်ပြီး ရေတိုက်တာပဲ၊ ပျောက်ရော၊ ကိုင်း - ဘဝင်ကျရဲ့လား၊ ဗုဒ္ဓဘုရားရှင်ရဲ့မုက္ခပါဠိတော်တွေဗျ၊ အာဂါတော်တွေဗျ၊ သုံးတတ်ဖို့ပဲ လိုတာ၊ ရေတစ်ခွက်မှာ ဗုဒ္ဓရဲ့ပရိတ်တော်တွေကို ရွတ်ဖတ်သရဇ္ဈာယ်၊ ပူဇော်ပြီးရင်ရပြီဗျာ၊ လိမ္မာသလိုသာ သုံးပေရော့၊ အဲဒါ တရွှေသရဲနိုင်တဲ့ဆေးဗျ၊ တရွှေသရဲပြေးတဲ့ဆေးဗျ"

⚘

အတွေ့အကြုံရယ်တဲ့မှ အိုအတြ

"ဒကာမကြီးတစ်ယောက် ပိန်ချုံးလို့ ဝေဒနာခံစားပြီး ရောက်လာတယ်၊ သေချာကြည့်တော့မြင်ပြီ၊ သူ့ကိုပူးကပ်ပြီး ဒုက္ခပေးနေတဲ့ အကောင်၊ အဲဒီအကောင် ဒုက္ခပေးထားတဲ့ ဝေဒနာ၊ ကိုင်း - ဒကာမကြီး - ဘုန်းကြီးကို မရှက်နဲ့၊ ခင်ဗျား ဆီးသွားရတာ ခက်ခဲနေတယ် မဟုတ်လား မေးလိုက်တယ်၊ တအံ့တဩနဲ့ မော့ကြည့်ပြီး တင်ပါ့ဘုရားတဲ့၊ ကိုင်း - ခင်ဗျား ဝေဒနာဖြစ်နေတဲ့နေရာမှာ လက်နဲ့ထိထား၊ ဘုလုံးကြီး တွေ့လိမ့်မယ်၊ အဲဒီကို အာရုံစိုက်နေဆိုပြီး ဘုန်းကြီးက အာနာပါနကမ္မဋ္ဌာန်းဝင်၊ ဒကာမကြီးကို ပူးကပ်ပြီး နှောင့်ယှက်နေတဲ့ ပုဂ္ဂိုလ်ကို မေတ္တာညွှတ်ပြီး ဖယ်ရှားနိုင်းရတာပေါ့၊ မေတ္တာနည်းလေ၊ အဲဒါမှ မရရင်အာဏာဒေသနာသုံးမှာပေါ့၊ ဟော - ဟုတ်နေတာပဲဗျာ၊ အရှင်ဘုရား ဘုကြီး မရှိတော့ဘူး ဘုရားတဲ့၊ ကိုင်း - ခင်ဗျား လာတာ ဒီကိစ္စအတွက်လာတာမဟုတ်လား၊ ပျောက်ပြီ ပြန်တော့၊ ဒီပုဂ္ဂိုလ် ဒီပုဂ္ဂိုလ်ကို ရည်စူးပြီးတော့ရင် အလှူ၊ အတန်းလုပ် အမျှဝေလိုက်လို့၊ အဲလိုနဲ့ ပြီးတာမျိုးလည်း အများကြီး၊

မနေ့ညဂ နာရီလောက်က ဟောဟိုမွှာရုံကြီးထဲမှာ တရားပတ်ဝင်နေတဲ့ ယောဂီတွေထဲမှာ ဒကာမကြီးတစ်ယောက်၊ ရွှေပြည်သာကတဲ့၊ ဘယ်လိုဖြစ်တယ်ရယ်လို့မသိဘူး၊ သရဲဝင်ပူးပြီး ကြည့်မကောင်း ရှုမကောင်း ဝုန်းဒိုင်းကြဲတွေ ဖြစ်ကရော၊ ဘုန်းကြီးကို လာလျှောက်ကြတယ်၊ အတော်ကလေး ကြမ်းသတဲ့၊ ဘုန်းကြီး ဒီသိမ်ထဲကနေပဲ တရားရှုမှတ်ပြီး အဲဒီပုဂ္ဂိုလ်ကိုစိတ်ညွှတ်လိုက်တယ်၊ ဒကာမကြီးကို စီးနေရာကနေ ဟောဒီသိမ်ထဲကို ခေါ်ယူလိုက်တယ်၊ အကြောင်းစုံသိရအောင်မေးမြန်းပြီး မေတ္တာပို့၊ မေတ္တာဝေ သူ့နေရာသူ ပြန်နိုင်းလိုက်ရတယ်၊ ကောင်းသွားပြီ ဘုရားတဲ့၊ မွှာရုံကြီးထဲက ဝမ်းသာအားရ အော်သံ ကြားရတယ်၊ အဲဒီလိုမျိုးလည်း ကြုံရရဲ့၊ ဘုန်းကြီးတို့ဘုရားရှင်ရဲ့နည်းကတော့ မေတ္တာနည်း၊ ဓမ္မနည်းပဲလေ၊ ဘယ်သူ့ဘယ်သူမှ ဥပဒ်ရောက်စရာအကြောင်း မရှိပါဘူး၊ ဝေဒနာရှင်လည်း အမြန်ဆုံး ချမ်းသာရာရတာပေါ့၊

အဲဒါကြောင့် ဒကာကြီးတို့ဝင်လာတုန်းက ဒကာကြီးတို့နဲ့အတူ ဘယ်လိုပရပုဂ္ဂိုလ် ပါလာသေးသလဲလို့ လှမ်းကြည့်လိုက်ရတာဗျာ၊ တစ်ခါတစ်ခါ မထင်မှတ်ဘဲ ပွဲကြီးပွဲကောင်းတွေကြုံရတတ်လွန်းလို့"

ရယ်သံညင်းညင်းဖြင့် ရယ်တော်မူနေလိုက်သေးသည်၊ ကျွန်တော်တို့ သာမန်လူတွေက အသည်းတုန်အူတုန်ကြောက်လှပါချေရဲ့ဟုဆိုသော သရဲ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာများကို ဆရာတော်က ထမင်းစားရေသောက်ကိစ္စပမာသဘောထားနေနိုင်ပုံကိုလည်း အံ့ဩမိရသေး၊

"ခက်သားကလား ဒကာကြီးရဲ့၊ ဒီအလုပ်မျိုးဆိုတာ အဟုတ်တကယ် စွမ်းသတဲ့ဆိုရင် ဝိုင်းအုံရောက်လာကြတာကလား၊ ကျုပ်တို့ကသာ ကျုပ်တို့ပကတိမျက်စိနဲ့ မြင်ခွင့်မရကြလို့ ကျုပ်တို့ ဘေးဘီဝန်းကျင်မှာ ကျုပ်တို့နဲ့ ခွေးရောယှက်တင် နေနေကြတဲ့ သရဲတစ္ဆေဝေမာနိက အပယ်ဘုံသားတွေကို မမြင်ကြရတာ၊ တကယ်တမ်းက ရှိနေတာ၊ ပြည့်နက်လို့ပဲ၊ သူ့ဘုံငါ့ဘုံ သီးခြားစီ မဟုတ်ဘူး၊ ရောပြွမ်းနေနေကြရတာ၊ အကြောင်းအခန့်မသင့်ရင် သရဲ၊ တစ္ဆေ၊ ဘီလူး၊ သဘက်၊ ဖုတ်၊ ပြိတ္တာ စတဲ့ ပရဘုံသားတစ်ဦးဦးရဲ့အနှောင့်အယှက်ဆိုတာ ခံကြရမှာပဲ၊ ခံလည်း ခံနေကြရတာပဲ၊ အသက်အန္တရာယ်အထိ ကြုံကြရတာတွေရှိတယ်၊ အဲဒါကြောင့် အဲဒီလို ဝေနေယျတွေကို သနားသဖြင့် ဒီအလုပ်ကို လုပ်နေရတာပဲ"

မှန်ပါသည်၊ စွမ်းနိုင်သူတို့သာ ဆောင်နိုင်ပေ၏၊ ◎

⚘





www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကြီးပတ်ပတ် ဒုဝေဝေ

"ဒကာကြီးရေ-ဒီအလုပ်မှာအတန်အသင့် အတွေ့အကြုံရလာတော့ တဖြည်းဖြည်းနဲ့ လုပ်တတ်ကိုင်တတ်လည်း ရှိလာပုံရသဗျ။ အကျိုးထိရောက်မှုက သိသိသာသာလာတယ်။

ကျုပ် ကြုံခဲ့ရပုံကို ပြောလိုက်ရဦးမယ်၊ ဟိုတုန်းက ဘုန်းကြီးတို့ ကျောင်းဝန်းကျင်ရပ်ကွက် အနီးအနားမှာက သချိုင်းက (၄) ခုတောင်ရှိတာ၊ သဘောတောသချိုင်း၊ ခရစ်ယာန်သချိုင်း၊ မွတ်စလင်သချိုင်း၊ ဟိန္ဒူသချိုင်း လေးခုတောင်၊ အဲဒါ ဘုန်းကြီးက တစ်ရက်မှာ ပါးစပ်ဆော့လိုက်မိတာ၊ အဲဒီတုန်းက အသက် (၂၇) နှစ်၊ ငယ်လည်းငယ်သေးတဲ့အရွယ်လေ၊ လာကြပေါ့ အကုန်လုံးဆိုတော့၊ ဟာ-ဘာပြောကောင်းမတုံး၊ တစ္ဆေသရဲတွေ လာလိုက်ကြတာမှ အောတိုက်လို့၊ ဘုန်းကြီးတို့ကျတော့ အခု-ဒကာကြီးတို့ကိုမြင်နေရသလိုမျိုး အကောင်အထည်လိုက်ကြီးတွေမြင်နေရတာကိုး။ ပုပုရွရွကြီးကြီးငယ်ငယ်တစ်ထွေးကြီးပဲ။

ကိုယ့်ဘာသာကိုယ်ခေါ်ပြီး ကိုယ့်ဘာသာတောင် ကြောက်သွားမိတယ်၊ အဲဒီတုန်းကတော့ အတွေ့အကြုံကလည်း နုသေးတော့ မရဲတရဲကိုးဗျ၊ ခေါ်လို့တော့ လာကြပြီပေါ့၊ ငါ ဘာလုပ်ရပါ့မလဲ၊ ခေါင်းတွေကိုကြီးရော၊ ကဲ-ဖြစ်ချင်ရာဖြစ်ကွာဆိုပြီး ကမ္မဋ္ဌာန်းခွင်ဝင်လိုက်တယ်၊ အတန်အသင့် သမာဓိတည်ပြီဆိုတော့မှ ကိုင်း-မင်းတို့ လာတာတော့ဟုတ်ပြီ၊ ဘာဖြစ်ချင်ကြသလဲလို့ စိတ်ထဲက မေးလိုက်တယ်၊ သူတို့လည်း တရားမှတ်ချင်ကြသတဲ့ဗျ၊ တချို့က ပြောနေကြတာလေ၊ ကိုင်း-လက်အုပ်ချီကွာဆိုပြီး တရားပြ၊ နောက်တရားထိုင် နိုင်းလိုက်တာပဲ၊

တရားမထိုင်ချင်တဲ့ ပုဂ္ဂိုလ်တွေက သူ့ဘာသူ ပြန်သွားကြရော၊ ဩော်-တစ္ဆေသရဲဆိုတာ လူတွေထက်တောင် များသေးပါလားလို့ အဲဒီတုန်းက သိခဲ့ရတာ၊ ကျုပ်တို့ လူသားတွေအဖြစ်က ဝေမာနိက အပါယ်ဘုံသားတွေ ပတ်ချာလည်ဝန်းရံပြီး ဝိုင်းကြီးပတ်ပတ် ဒုဝေဝေ လုပ်နေကြရတာလေ၊ သီလ၊ သမာဓိ၊ ပညာနဲ့ နေချင်နေ မနေချင်ရတော့ ဘေးအန္တရာယ်တွေရှုပ်ပဲဗျာ"

ကျွန်တော်တို့ခေတ်သည် သီလခေတ် ဖြစ်ပါသည်၊

သမာဓိခေတ် ဖြစ်ပါသည်၊

ပညာခေတ် ဖြစ်ပါသည်၊

သို့မဟုတ်လျှင် ...





အတိုက်အခိုက် ပယောဂ

"တစ်ခါတလေကျပြန်တော့ တစ္ဆေသရဲ အပါယ်သားတွေက ဒုက္ခပေးတာ မဟုတ်ပြန်ဘူး။ စုန်းတိုက်၊ နတ်တိုက်၊ အာဋ္ဌာနကစတဲ့ တစ်ယောက်ယောက်က အစီအရင်နဲ့ အတိုက်ခံထားရတဲ့ ပယောဂလူနာမျိုးလည်း ဘုန်းကြီးဆီ ရောက်လာတတ်သေးတယ်၊

အဲဒီလူနာမျိုးကျတော့ တရားရှုမှတ်သတိကပ်ပြီး ဆိုင်ရာပုဂ္ဂိုလ်ကို ရှာရတယ်၊ တွေ့ပလား၊ တွေ့ပြီပေါ့ဆိုတာနဲ့ အာရုံညွှတ်ပြီး ဟောဒီသိမ်ထဲရောက်တဲ့အထိ ခေါ်လိုက်ရတယ်၊ ရောက်ပြီဆိုမှ "မင်းရောဂါတိုယူသွားမှာလား၊ ထားခဲ့မှာလား ဒါပဲ မေးလိုက်တယ်၊ အေး-ထားခဲ့မှာဆို ထားခဲ့" ဘယ်လိုထားရမလဲ၊ "ထား ခဲ့ပါပြီ-ထားခဲ့ပါပြီ-ထားခဲ့ပါပြီ" သုံးကြိမ်ဆိုး သွားတော့၊ အဲဒါပဲ၊ "ကုန်ပြီလားပေါ့"၊ "ကုန်ပြီ" ဆိုရင် ပျောက်ပြီးပြန်တော့ အဲဒီလိုမျိုး ကယ်ပေးရတတ်တယ်၊

ဒါက အပရိက သေးသေးဖွဲဖွဲ ပယောဂမျိုး။ အကြီးစားအရင့်အမာစားကြီးတွေနဲ့လည်း ကြုံရတတ်သေးတယ် ဒကာကြီးရေ၊ ပယောဂဖမ်းစားတာကို ဆရာ (၂၅) ဆက် ပြောင်းကုပြီးတဲ့အထိ မပျောက်တဲ့ လူနာမျိုးလည်း ကြုံခဲ့ဖူးသေးတယ်၊ ပြောပြမယ်၊ ဖြစ်ပုံက ဟိုးအရင် မြေနီကုန်းဈေး မဖျက်ခင်က ဖြစ်ခဲ့တာ၊ လူနာက မင်္ဂလာဒုံဘက်ကတဲ့၊ ဒကာမကြီးတစ်ဦးပါ၊ သူ့အိမ်နားက ကောင်ကလေးတစ်ယောက်က စားဝတ်နေရေးအခက်အခဲဖြစ်တယ်တဲ့၊ နေဦး-လူနာက မြေနီကုန်းဈေးမှာ ပန်းကလေးတွေကို လှအောင်ပြင်ပြီး ရောင်းချ အသက်မွေးတာ၊ ပန်းသည်ပေါ့၊ အဲတော့-ခုန အခက်အခဲဖြစ်နေတဲ့ကောင်ကလေးကို သူတတ်တဲ့ ပန်းအလှပြင်ပညာပေါ့လေ၊ အဲဒါကို သင်ပေးလိုက်ရော၊ အသင့်အတင့်လည်း တတ်ရော ဒီမြေနီကုန်းဈေးမှာပဲ မလှမ်းမကမ်းမှာ ပန်းဆိုင်ဖွင့်တယ်၊ အတန်အသင့်အဆင်ပြေလာတော့ လူ့လောဘအလျောက် ပညာသင်ပေးလိုက်တဲ့ပန်းသည်ဒကာမကြီးမရှိရင် သူ့ပန်းတွေ ပိုရောင်းရလိမ့်မယ်လို့ တွက်တာကိုး။

အဲဒါနဲ့-စမ်းချောင်းထဲက ရှမ်းဘုန်းကြီးတစ်ပါးဆီ သွားပြီး သူ့ဆရာပန်းသည်မကိုပန်းမရောင်းရအောင်လုပ်ပေးပါပေါ့လေ၊ အစီအရင်တွေ ဘာတွေနဲ့ စီရင်ရော၊ ဆရာလုပ်တဲ့ပန်းသည်မှာ ပန်းမရောင်းရတော့ဘူး။ စားဝတ်နေရေး



www.burmeseclassic.com

www.burmeseclassic.com



အရမ်းအခက်အခဲ ဖြစ်တော့တာပေါ့၊ စိတ်သိပ်ညစ်တာပေါ့။

ဘုန်းကြီးမိတ်ဆွေ ပေါက်ပေါက်ဆိုတဲ့ ဒကာကြီးရှိတယ်၊ အဲဒီအချိန်က ရွှေတိဂုံမှာ သူ့ကို မသိတဲ့လူရယ်လို့ မရှိဘူး၊ ပေါက်ပေါက်က ခုနပန်းသည်ဒကာမကို ဘုန်းကြီးဆီခေါ်လာတာ၊ ဘုန်းကြီးဆီကိုမရောက်ခင် ဆရာပေါင်းလည်း အတော်စုံပြီတဲ့၊ စီးပွားကပျက်၊ စိတ်က ကယောင်ချောက်ချား၊ လူက အရိုးပေါ် အရေတင်၊ သေဖို့လမ်းပဲ ရှိတော့တာ၊ လောကီအစီအရင်ဆိုပေမယ့် လို့သွားပြီးအထင်မသေးလိုက်နဲ့၊ သူတို့နည်းနဲ့သူတို့တော့ဖြင့် အစွမ်းအာနိသင်ရှိတတ်ကြတာချည်းပဲ၊ အဲဒီလိုသိ၊ ကိုင်းတိုတိုပြောကြပါစို့ရဲ့၊ အဲဒီလူနာကိုက တော့အစီအရင်လုပ်ထားတဲ့လက်သည်တရားခံကိုခေါ်တာ တော်တော်နဲ့ မလာဘူးဗျ၊ တပည့်အသေးအမွှားတွေချည်း လူနာကို ပူးကပ်ပြီး ရောက်ရောက်လာကြတာ၊ "ကိုင်း - ကိုယ်တော်ကြီးရေ၊ တပည့်တွေကိုချည်းလွှတ်မနေနဲ့၊ လူနာလည်း ပင်ပန်းလှပြီ၊ ကိုယ်တိုင်ကြွခဲ့ပေတော့၊ ဖျက်ကွက်ခဲ့ရင်ဖြင့် တပည့်တော်ကို အဆိုးမဆိုနဲ့ဘုရား" လို့ လျှောက်ရတယ်၊ ကိုယ်ကအဓိကလက်သည်ကို မြင်နေ သိနေပြီကိုး၊ ခုနပြောပကော၊ စမ်းချောင်းရပ်ထဲက ရှမ်းဘုန်းကြီးဆိုတာလေ၊

ဖြန်းခနဲဆို လူနာနဲ့ပါလာတဲ့ ဒကာမကြီးတစ်ယောက်ကိုဝင်ပူးရောဗျို့၊ ရှမ်းဘုန်းကြီးဆေးအစီအရင်ကိုယ်တော်ကတယ်စွမ်းပါလားတဲ့၊ ဒီလူနာ ဆရာစဉ်ဆက် လက်ပြောင်းပြီး ကုခဲ့တာများလှပြီတဲ့၊ ဘယ်ဆရာမှ ကျုပ်အဆင့်ထိရောက်အောင် လိုက်မလာနိုင်ဘူး၊ ဘုန်းကြီးက စွမ်းသားပဲတဲ့ဗျ၊ ပူးပြီးပြောတာ၊ ကိုယ်တော်ကြီး၊ ရဟန်းသာမဏေဘဝနဲ့ ဒကာ၊ ဒကာမတွေ လှူဒါန်းတဲ့ စားဦးစားဖျား မွန်မွန်မြတ်မြတ်တွေကို သုံးဆောင်နေပြီးမှ ဘာကြောင့် သူတစ်ပါးရဲ့ ပျက်စီးရာပျက်စီးကြောင်းကို လုပ်ရတာလဲ၊ ကိုယ်တော့်အလုပ်က မြတ်စွာဘုရားအလိုတော်ကျ မဟုတ်ဘူးနော် လို့ လျှောက်ရတယ်၊ ဒါကတော့ ဘုန်းကြီး၊ ကိုယ့်လမ်းနဲ့ကိုယ်ပဲတဲ့၊ ကိုင်း - ကြည့်စမ်း၊ သာသနာ့ဖေသက်န်းကို ဆင်မြန်းထားတဲ့ ရဟန်းတစ်ပါးရဲ့စကားတဲ့၊ လွှဲချက်က အကြီးကြီး၊ ဒီအကုသိုလ်ရဲ့ အကျိုးပေးကိုနောင်သံသရာမှာ ခံရဖို့က မလွဲဘူးနော် လို့ သတိပေးပြန်တော့ နောင်ဘဝ နောင်ခန္ဓာက ခံလိမ့်မပေါ့ ဘုန်းကြီးတဲ့၊ ခေါင်းမာလိုက်ပုံကတော့ ပထမတန်းပဲ၊ ဒါနဲ့ ကိုယ်တော်၊ နောင်ဘဝတွေမှာ ကိုယ်တော်ဖြစ်ရမယ့် ဘဝဇာတိ၊ လျှောက်ရမယ့်လမ်း၊ ခံစားရမယ့် ဝဋ်ဒုက္ခတွေကိုမသိချင်ဘူးလား၊ ကိုင်း - အာရုံကပ်ပြီးကြည့် လို့ ပြပေးလိုက်တယ်၊ အဲဒီတော့မှ တပည့်တော်မှားပါပြီ ဘုရားတဲ့၊ ဘုရားရှင် အလိုတော်ကျ မဟုတ်တဲ့ ဒီပညာတွေကို စွန့်ပါတော့မယ်၊ လူနာအပေါ် စီရင်ထားတဲ့ အစီအရင်တွေကိုလည်းဖျက်ပစ်ပါတော့မယ် ဝန်ခံတော့တာ၊ လူနာလည်း ကောင်းကောင်းမွန်မွန်နဲ့ မူလအခြေအနေပြန်ရ၊ ဟိုကျေးဇူးမသိတဲ့ ပန်းသည်လည်း ဘယ်ပြေးတယ်မသိ၊ ရှမ်းဘုန်းကြီးကတော့ တစ်သက်လုံး သူလက်ကိုင်ပြုခဲ့တဲ့ ဒီလောကီပညာတွေကို စွန့်ပစ်လိုက်သဗျ၊ အဲဒီလူနာက ဘုန်းကြီးဆီမရောက်ခင် ဒီပယောဂဝေဒနာကို ဆရာ (၂၅) ဦးအထိ အကုသခံခဲ့ဖူးသတဲ့ဗျာ၊ အခုမှပဲ ကျွတ်ကျွတ်လွတ်လွတ်ပျောက်ရရှာတော့တာ၊ ဘုန်းကြီးတို့မှာ အဲဒါမျိုးတွေလည်း ခဏခဏ ကြုံရတတ်တယ်"

သက်ပြင်းကို မနည်းကြီး ချလိုက်ရ၏၊ ဟူး - မလွယ်ပါလား၊ ကျွန်တော့်မိတ်ဆွေထံမှလည်း သက်ပြင်းသံ ကြားရ၏၊ လှုပ်လှုပ်လှုပ်လှုပ် လူးလူးလွန့်လွန့် ပြုသည်၊

"တပည့်တော်မသိလို့မေးလျှောက်ပါရစေဦး ဘုရား၊ ဘုန်းဘုန်းက အဲဒီဝင်ပူးတဲ့၊ ဝင်စီးတဲ့ ပုဂ္ဂိုလ်တွေကို အခု တပည့်တော်တို့ကို မြင်နေရသလိုမျိုး အကောင်လိုက်၊ အလုံးအထည်လိုက် ကြီး မြင်ရပါလား - ဘုရား"

အလှဲကွယ် - မေးလိုက်ပုံဖြင့်အချက်ပိုင်လိုက်လေ၊ ကျွန်တော်က မိတ်ဆွေကို လွှတ်ကျေးဇူးတင်လိုက်မိ၏၊ ကျွန်တော်ကိုယ်တိုင်လည်း သည်အချက်ကို ရှင်းရှင်းလင်းလင်း သိချင်နေသည်၊

"ဒါပေါ့၊ မြင်ရတာပေါ့ဒကာကြီး၊ ဒကာကြီးတို့ လူသာမန်မျက်စိနဲ့ မမြင်နိုင်၊ မမြင်ရတဲ့ အဲဒီပုဂ္ဂိုလ်တွေကိုမြင်နိုင် မြင်ခွင့်ရအောင် အလေ့အကျင့် အလေ့အထုံလုပ်ထားတဲ့ ဘုန်းကြီးတို့ကဖြင့် ရှင်းရှင်းလင်းလင်းမြင်နေရတာပေါ့"

"သရဲ၊ သဘက်၊ ဘီလူး၊ ဖြိတ္တာ စသဖြင့် အခေါ်အဝေါ်တွေ ကွဲနေသလို ပုံပန်းသဏ္ဌာန်တွေရော ကွဲပြားခြားနား ကြသလား ဘုရား"

ဟော - လုပ်ရလိုက်ပြန်ပြီ၊ ကျောက်ခဲ လက်တစ်ဆုပ်ဖြင့် ကျောက်တံတိုင်း ကျောက်နံရံကို အနီးကပ် ပစ်ပေါက်

www.burmeseclassic.com



လိုက်သလို ချက်တိုင်းမှန်၊ ချက်တိုင်း ထိတွေချည်းပါကလား။ ကြိတ်လိုက်ဟ ဒါမှ-ငါ့လူ။

"ဟုတ်တယ် ကွဲပြားကြတယ်။ အရွယ်အစား၊ ပုံပန်းသဏ္ဍာန်၊ အမူအကျင့်၊ အရောင်အဝါ၊ ကမ္ဘာ့ဖိဒ္ဓိတန်ခိုး အာနိသင်ချင်း မတူကြဘူး။ တူတာကတော့ အားလုံးက အမြင်မတင့်တယ် လောက်အောင် အသွင်ဆိုးတာနဲ့ ကြမ်းတမ်းတဲ့ ခက်ထန်ကြတဲ့နေရာမှာ တူကြတယ်"

"ဒါဆို တပည့်တော်တို့ ပကတိမျက်စိနဲ့မြင်အောင် ပြပေးနိုင်ပါသလား ဘုရား"

သည်တစ်ခါ ကျွန်တော်က အရဲစွန့်၍ မေးလိုက်ခြင်းဖြစ်သည်။ အသက်အရွယ်လည်းအတန်အသင့်ရခဲ့ပြီ၊ သရဲတစ္ဆေ ကြောက်သည့် စိတ်လည်း အတော်ပါးလျခဲ့ပြီ (ကိုယ့်ကိုယ်ကိုယ်ထင်တာပြောခြင်း ဖြစ်၏။) မည်မျှပင် ရုပ်သွင်သဏ္ဍာန်ဆိုးဝါး ကြမ်းတမ်းပါစေဦး၊ တစ်သက်မှာ တစ်ခါတော့ဖြင့် သည်သရဲကောင် တစ္ဆေကောင်တွေကို မျက်ဝါးထင်ထင် မြင်စမ်းတွေ့စမ်းချင်လှသည်။

"ဒါက လွယ်ပါတယ်ဗျာ၊ ဘုန်းကြီးကပြပေးလို့ ရပါတယ်။ ဒါပေမဲ့ - အဲဒါက ကိုယ့်လမ်းမှ မဟုတ်ဘဲ မလျှောက်ကြပါနဲ့"

ခေတ်က သီလ၊ သမာဓိ၊ ပညာခေတ်ဖြစ်သည်။

သရဲ၊ တစ္ဆေ၊ ဘီလူး၊ သဘက်ကို မျက်မြင်တွေ့ဖို့ထက် ကိုယ့်မှ သီလ၊ သမာဓိ၊ ပညာအတန်အသင့်ကိန်းတည်ပြီး ဝေမာနိကဘုံထက် ကိုယ်က အဆင့်မြင့် နေဖို့ပဲ အဓိက။ လူက လူဖြစ်နေဖို့သာ ပဓာန။ မလျှောက်တတ်လျှင် လမ်းပျောက်ပေလိမ့်။ ကျွန်တော် အသာကလေး ငြိမ်၍ နေလိုက်မိပါသည်။

⸻

## ကမ္ဘာကုန်ကျယ်သရွေ့

"ဒီအလုပ်ကို လုပ်လာရင်းနဲ့ လူနာရှိတဲ့အရပ်အထိ မသွားဘဲ ဒီသိမ်ထဲကနေပဲ လူနာကိုအနှောင့်အယှက်ပြုနေတဲ့ ပုဂ္ဂိုလ်တွေကို စိတ်ညွှတ်ပြီး ခေါ်ယူတာကို ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်လာတယ်။ တရားအလုပ် ရှုမှတ်မှု ရင့်သန်လေ လွယ်ကူအဆင်ပြေလေပဲ။

ကိုင်း - ဟိုနား ဒီနား မြန်မာပြည်တွင်ရတာလားတဲ့၊ တိုးတိုးပြီး စမ်းကြည့်ခဲ့တယ်။ စင်္ကာပူက ဒကာမတစ်ယောက် ဖုန်းနဲ့ လှမ်းလျှောက်တယ်။ ဒီလို ဒီအကြောင်း ဝေဒနာခံစားနေရတယ်ဘုရားတဲ့။ နာမည်ရယ်၊ နေရပ်လိပ်စာရယ်၊ ဖြစ်နိုင်ရင် ဓာတ်ပုံရယ်ပေးလို့။ ဓာတ်ပုံကို Fax နဲ့ ပို့ပေးတယ်။ လိပ်စာအတိုင်း အာရုံက လိုက်ကြည့်ရတယ်။ ကောင်းပြီ တွေ့ပြီ၊ လူနာကိုလည်း တွေ့တယ်။ လူနာကို အနှောင့်အယှက်ပေးနေတဲ့ ပုဂ္ဂိုလ်ကိုလည်း တွေ့တယ်။ အဲဒီပုဂ္ဂိုလ်ကို ဒီသိမ်ထဲအထိ ခေါ်ပြီး ဖယ်ပေး၊ ခွာပေးလိုက်တယ်။ ရတယ်။ အခုတော့ ပါကစ္စတန်က၊ ယိုးဒယားက၊ အမေရိကန်က၊ မလေးရှားက စသဖြင့်ပေါ့လေ။ နယ်ဝေးမြေခြားတိုင်းခြားပြည်ခြားကပေမယ့်လည်းကိုယ်နဲ့အကြောင်းဆက်လို့ ရောက်လာတဲ့ ဝေနေယျတွေကို ကယ်ကူပေးနေရတာပါပဲ"

စိတ်သည် နယ်နိမိတ် အကန့်အသတ်မရှိ လွှမ်းမိုးစိုးပိုင်နိုင်၏။ ဆရာတော်၏ ဝေနေယျများ ကယ်တင်ရေး အလုပ်သည်လည်း နယ်စည်းမခြားကျယ်ပြန့်နေပြီဟု ဆိုပါသည်။

ကျွန်တော်တော့ဖြင့် (၃၁) ဘုံသားဝေနေယျအများကိုကယ်တင်ရန်ဘုရားဆုပန်တော်မူခဲ့သောမြတ်ဗုဒ္ဓဘုရားရှင်၏တပည့်သာဝကတစ်ပါးကအကြောင်းဆက်ရာ ခုနစ်ရက်သားသမီးများအား ကယ်မစောင့်ရှောက်နေတော်မူခြင်းမှာ ဘုရားလမ်းစဉ်အတိုင်း လိုက်ခြင်းပေပဲဟု ဘဝကျကျညွှတ်နူးနေမိပါသည်။

သာဓု - သာဓု - သာဓုပါ အရှင်ဘုရား။

"ပုတီးရဲ့သဘောကအမြင်နိမိတ်ကို အာရုံယူပြီး ပွားတာ။ အဲဒါက သမထ။ အတွင်းနိမိတ်ကို အာရုံယူပြီး ပွားတာကျတော့ဝိပဿနာ။ အဲဒါကွဲသွားတယ်။ အဖျတ္တသန္တာထဲမှာ ညက်စိုက်ပြီး ထိထိမိမိ ပွားတာကမှ ဝိပဿနာ၊ ဝိပဿနာအထိ မရောက်ဘဲ ဝိပဿနာကို ပိုင်ပိုင်နိုင်နိုင် မရှုမှတ်ဘဲနဲ့ ဗုဒ္ဓအလိုတော်ကျ လိုရင်းကို ရောက်မှာ မဟုတ်ဘူး"

⸻

## လာရာနှင့် လားရာ

ပူဇော်ရမယ့် ဗုဒ္ဓနဲ့ ဆည်းကပ်ကိုးကွယ်ရမယ့်ဗုဒ္ဓကို ကွဲကွဲပြားပြား သိပစေဗျာ။ ရုပ်တု၊ ရုပ်ပွား၊ ဘုရားစေတီဆိုတာတွေက ရှိခိုးရမယ့် ဗုဒ္ဓကိုယ်ပွားတော်တွေ။ အဲဒီမှာတင် လမ်းဆုံးနေရင် ဘုရားရှင် အလိုတော်ကျ မဖြစ်နိုင်ဘူး။ အမြဲတစေ ဆည်းကပ်ကိုးကွယ်ရမယ့် ဗုဒ္ဓဆိုတာက ဗုဒ္ဓဘုရားရဲ့ ဓမ္မဒေ





www.burmeseclassic.com

www.burmeseclassic.com

သနာတွေ၊ ပိဋကတ်တွေ၊ ကိုယ့်ခန္ဓာကို ကိုယ်ရှုမှတ်ပွားများပြီး သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးတည်အောင် ကိန်းအောင် ကျင့်ရမယ့်ပဋိပတ္တိကျင့်စဉ်တွေ၊ ဘုရားရှင်ကို ဖူးတွေ့ချင်ရင် အဲဒီလမ်း အဆုံးအထိ လျှောက်ရမှာ၊ လမ်းအစက ရုပ်တုရုပ်ပွားတွေကို ရှိသေပူဇော်နေတာလောက်နဲ့တင် အချိန်ကုန်မခံကြနဲ့ဗျ။ တရားကိုကျင့်၊ တရားကို ရှုမှတ်၊ တရားကိုပွားများ။ အဲဒါမှ ပဓာနအလုပ်၊ လုပ်ကြည့်စမ်းပါဗျာ၊ အဟုတ်တကယ် လုပ်ရင် ဘုန်းကြီးပြောပြတာထက် ထူးတဲ့ဆန်းတဲ့ လောကုတ္တရာအတွေ့အကြုံတွေကို ရနိုင်ပါတယ်”

ဆရာတော်၏ အသံတော်တွင် မေတ္တာအငွေ့အသက်တွေဝေနေသည်။ မေတ္တာရနံ့တွေ သင်းပျံ့နေသည်။ မေတ္တာဖြင့်သာ အရာရာကို အောင်နိုင်ကြောင်း ဘုရားရှင်၏ အဆုံးအမကို လက်တွေ့ မျက်မြင် ပြနေဘိသကဲ့သို့။

“သရဲလည်း အရေးမကြီးဘူး။ တစ္ဆေလည်း အရေးမကြီးဘူး၊ ဘီလူး ပြိတ္တာလည်း အရေးမကြီးဘူးဗျာ။ ခင်ဗျားရဲ့ ခန္ဓာမှာ သီလ၊ သမာဓိ၊ ပညာ တည်ဖို့ကပဲအဟုတ်တကယ်အရေးကြီး နေတာဗျ။ အဲဒါကို အမြဲသတိကပ်ထား။

သရဲရှာသည်။ သရဲကိုမတွေ့။ သီလကိုပဲ ဒိဋ္ဌတွေ့ခဲ့၏။

တစ္ဆေကိုရှာသည်၊ တစ္ဆေကိုမတွေ့၊ သမာဓိကပဲ မျက်မြင်တွေ့ခဲ့၏။

ဘီလူးကို ရှာသည်၊ ဘီလူးကို မတွေ့၊ ပညာကိုပဲ တပ်အပ်တွေ့ခဲ့၏။

ဆရာတော်နှင့် တွေ့ဆုံခွင့်ရသော ထိုတဒင်္ဂသည် အရာတော်လေစွ။ “ကျွန်တော် သရဲတစ္ဆေ မကြောက်တော့ဘူး အဖေ” တမလွန်က အဖေ့ကို ရဲဝံ့စွာ ကျွန်တော်ပြောနိုင်ပါပြီ။

⚘

ကံစေရာ

ကျွန်တော်တို့၏ခေတ်သည် သီလခေတ်ဖြစ်သည်။

သမာဓိခေတ် ဖြစ်သည်၊

ပညာခေတ် ဖြစ်သည်။

ကံစေရာဘဝများစွာကို လွန်၍ အမိပွာယ်ရှိရှိ ရှင်သန်လိုလျှင် “သီလ၊ သမာဓိ၊ ပညာ” သိက္ခာသုံးပါးနှင့်အတူတူ နိစ္စဓူဝ နေထိုင်ဖြစ်ကြဖို့ပဲ အရေးပါသည်။

ရေယျမင်းသျှင်




www.burmeseclassic.com

www.burmeseclassic.com



# ဆေးရုံပျက်ကြီးမှ ဂေါ်ရာသရဲ

တင်အေးကျော် (အောင်လံ)

ယခုနှစ်ရန်ကုန်မိုးသည်မိုးဦးကျစမှ စ၍ နေ့စဉ်မပြတ် ဆက်တိုက်ရွာသွန်းလျက် ရှိပါသည်။ နွေရာသီတစ်ခုလုံး မိုးရိပ်မိုးယောင်ပင် မမြင်ခဲ့ရလောက်အောင် အပူရှိန်ပြင်းထန်စွာ ခံစားခဲ့ရသောကြောင့် ယခုလို မိုးဆက်တိုက်ရွာလိုက်မှ ကျွန်တော်တို့အားလုံး နေသာထိုင်သာ ရှိသွားတော့သည်။

ယနေ့မနက်တွင်လည်း မိုးဖွဲလေးများဆက်တိုက်ရွာနေသဖြင့် ကျွန်တော် အပြင်မထွက်ဖြစ်ဘဲ စာဖတ်နေစဉ် အပြင်မှပြန်လာသော သမီးကြီးမှ နာရေးသတင်းတစ်ခု ပြောလာပါသည်။

"အဖေရေ - အဖေ့ မိတ်ဆွေကြီး ဦးလှမောင်မနေ့ကဆုံးလို့တဲ့။ အဲဒါဒီနေ့ ညနေ အသုဘချမယ်လို့ တိုက်ခန်းရှေ့မှာ စာရေးထားတယ်"

"ဩော် - အေး - အေး - ဘယ် အချိန်တဲ့လဲ - သမီး"

"နေ့လယ် နှစ်နာရီ ကားတွေထွက်ပြီး သုံးနာရီမှာ သင်္ဂြိုဟ်မှာတဲ့ အဖေ"

"ဒါဆိုလည်း အဖေပဲ လိုက်ပို့လိုက်မယ်လေ"

နေ့လယ်ဘက်တွင် ကျွန်တော် ရေဝေးသုသာန်သို့ အသုဘလိုက်ပို့ဖြစ်သည်။ သုသာန်ရှိဆိုင်းဘုတ်တွင်လည်း ယနေ့ သင်္ဂြိုဟ်မည့် ယောကျ်ား၊ မိန်းမ အသက်အရွယ်မျိုးစုံကိုအမည်နှင့်တကွ ရေးသားထားသည်ကို တွေ့ရသည်၊

လိုက်ပို့ကြသည့် သူတွေကလည်း လူမျိုးစုံ ဖြစ်သည်၊ အော်ဟစ်ငိုနေကြသူတွေလည်း ရှိသည်၊ သတ်မှတ်ထားချိန် ရောက်သောအခါ သေဆုံးသူအား မီးသင်္ဂြိုဟ်သည့် စက်ကြီးထဲသို့ ထည့်လိုက်သည်။

ခဏအကြာမှာတော့ မီးခိုးခေါင်းတိုင်မှ အမည်းရောင်မီးခိုးများထွက်လာပြီး လူသားတစ်ဦး၏ ဘဝနိဂုံး ချုပ်ငြိမ်းသွားတော့သည်။

သံသရာစရီးသည်များမို့ ဆရာကြီးဦးသုခ၏ ဘဝသံသရာသီချင်းထဲကလိုပင် ခရီးပန်းတိုင် မရောက်မချင်း တစ်ယောက်ဆင်းတစ်ယောက်တက် ဆက်လက်ထွက်ခွာရပေဦးမည်ကို တွေးမိပြီး သတိသံဝေဂ ရမိသည်။

ဘဝဆိုတာကလည်း မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုသည့် မှတ်တိုင်နှစ်ခုကြားက တိုတောင်းလှသည့် ကာလအပိုင်းအခြားကလေးတစ်ခုဖြစ်ပြီး တစ်နေ့ကိုယ်လည်းအိုရ၊ နာရ၊ သေရဦးမည် မဟုတ်ပါလား။

"ကဲ - သူငယ်ချင်း၊ ကားပေါ်တက်တော့လေ။ ဘာတွေ စဉ်းစားနေတာလဲ"

"အေး - အေး - တက်ကြတာပေါ့ကွာ"

အတူလိုက်ပို့သည့် သူငယ်ချင်းက သတိပေးလိုက်မှ သတိရပြီး ကားပေါ်တက်ခဲ့သည်။ အပြန်ကျမှ နောက်ဘီးပေါက်နေသဖြင့် ကားအောက်ဆင်းပြီး နာရီဝက်ခန့် စောင့်ရသေးသည်၊

တစ်ခါမှ အသုဘလိုက်ပို့ရင်း ကားမပျက်ဘူးသဖြင့် စိတ်ထဲတွင် နည်းနည်းတော့ ထင့်သွားမိသည်၊ အိမ်ပြန်ရောက်၍ ခဏနားပြီးမှ ရေချိုးသည်။

ညစာစားပြီးတီဗွီထိုင်ကြည့်နေစဉ် တယ်လီဖုန်းသံ မြည်လာသည်၊

"ဟယ်လို - ပြောပါရှင်၊ ဟုတ်ပါတယ် - ဦးတင်ကျော် အိမ်ကပါ။ ဟုတ်ကဲ့ - အဖေ ရှိပါတယ် - ခေါ်ပေးပါမယ်။ အဖေရေ - ဖုန်းလာနေတယ်၊ အဖေနဲ့ ပြောချင်လို့တဲ့"

သမီးကြီးခေါ်သံကြောင့် ကျွန်တော် ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို - မောင်တင်ကျော်လား အစ်မပါ၊ အောင်လံက ဆက်နေတာ"





www.burmeseclassic.com

www.burmeseclassic.com



အောင်လံမှာနေသော အစ်ကိုကြီး၏ ဇနီးဖြစ်သူ ဒေါ်သန်းဝင်း၏ အသံကို ကြားလိုက်ရသည်။

"ဒီနေ့ညနေ သုံးနာရီခွဲလောက်က အငယ်ကောင် ဆုံးသွားလို့ ဖုန်းဆက်လိုက်တာ၊ မနက်ဖြန်ညနေ သုံးနာရီမှာ သင်္ဂြိုဟ်မယ်၊ လာနိုင်ရင် လာခဲ့ပါလား"

လက်မှ နာရီကိုကြည့်လိုက်တော့ ညခုနစ်နာရီထိုးခါနီးပြီ ဖြစ်သည်။ အိမ်မှ ကားဂိတ်ကို ရောက်ရန် တစ်နာရီခန့် ကြာမည်ဆိုတော့ ညရှစ်နာရီထွက်မည့် ကားကို ဘယ်လိုမှ မမီနိုင်တော့ပါ။

"အစ်မရေ - ခုထွက်လာရင် ကားမမီတော့ဘူး။ မနက်အစောကြီး ကားနဲ့ လာရင်လည်း ညနေလေးနာရီလောက်မှ အောင်လံဝင်တာဆိုတော့ အသုဘချတာ မမီလောက်ဘူး"

"ဒါဆိုရင်လည်း မနက်ဖြန်ညတော့ ထွက်လာခဲ့လေ၊ ဆွမ်းသွတ်ကိုတော့ လာမှပေါ့"

"ဟုတ်ကဲ့ - ဒါဆို ကျွန်တော် ဒီက အလုပ်ကလေးတွေဖြတ်ပြီးမနက်ဖြန်ည လာခဲ့ပါ့မယ်"

မွေးချင်းမောင်နှမခြောက်ယောက် အနက် အငယ်ဆုံးညီလေးကတော့ ငယ်ငယ်ရွယ်ရွယ်နှင့် ကြွေလွင့်သွားခဲ့ရပြီ။

နောက်တစ်နေ့ ညနေမှာတော့ အဝတ်အစား လေးငါးစုံထည့်ပြီး ကျွန်တော် ထွက်လာခဲ့သည်။ ရန်ကုန်မှ အောင်လံထွက်သည့် အောင်လံ - ဒဂုန် အမြန်ကားက ညရှစ်နာရီမှာ အောင်မင်္ဂလာ အဝေးပြေးကွင်းမှ စထွက်သည်။

သုံးနာရီခန့်မောင်းပြီး မင်းလှတာဆုံ တွင် ကားခဏနားသည်။ ညစာ ထမင်းစားသူစားကြ၊ အပေါ့အပါး သွားသူသွားနှင့် နာရီဝက်ခန့်နားပြီး ဆက်ထွက်ခဲ့သည်။

ကားထွက်လာသောအခါမှ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေ ငယ်ငယ်က အကြောင်းတွေကို စဉ်းစားမိသည်။ မောင်နှမခြောက်ယောက်ရှိပြီး ကျွန်တော်က စတုတ္ထမြောက်ဖြစ်သည်။ ငယ်ငယ်က အကြောင်းတွေက မျက်စိထဲတွင် ရုပ်ရှင်ပြသလို တဖြည်းဖြည်း ပေါ်လာသည်။

ထမင်းစားပြီးစဖြစ်၍ မိုက်တင်းပြီး ရုတ်တရက် မှေးခနဲ အိပ်ပျော်သွားခဲ့သည်။

ငယ်စဉ်က ခေတ္တနေထိုင်ခဲ့ရသော သရက်မြို့ဆေးရုံပျက်ကြီးထဲသို့ ကျွန်တော် ရောက်သွားသည်။ ဆေးရုံပျက်ကြီးထဲတွင် လူတွေက အပြည့်၊ ဆေးရုံ





အပြင်ဘက် သစ်ပင်ကြီးယံပေါ်တွင်လည်း လူတွေရှိသည်။

လူမျိုးစုံတွေ့ရပြီး အောက်ပိုင်းတွင် ပိတ်ဖြူပိုင်းလေးသာ ခါးတောင်းကျိုက်ထားသော ကုလားအဘိုးကြီးများလည်း တွေ့ရသည်။ လူတွေကလည်းမျက်တွင်းဟောက်ပက်နှင့် နံရိုးအပြိုင်းပြိုင်းပိန်လှီခြောက်ကပ်နေပြီး အသားအရေတွေကလည်းဖြူဖပ်ဖြူရော်တွေနှင့်အသက်ကင်းမဲ့နေပုံမျိုးတွေ။

ကျွန်တော်လည်း တစ်ယောက်တည်း စိတ်ချောက်ချားလာပြီးနောက်ပြန်လှည့်မည်အပြု ရုတ်တရက် အဘိုးကြီးတစ်ယောက်က တွေ့သွားပြီး လက်ညှိုးထိုးပြလိုက်တာကြောင့် အားလုံး ဝိုင်းလာကြတော့သည်။

ကျွန်တော်လည်း ရုတ်တရက် ဘာမှမစဉ်းစားနိုင်တော့ဘဲ ထွက်ပြေးရတော့သည်။

နောက်မှ အုပ်လိုက်ကြီး လိုက်လာတာကြောင့် အသက်လုပြေးရင်း စိတ်ထဲကရုတ်တရက် ဘုရားစာတစ်ပိုဒ်အား ရွတ်ဆိုမိသွားသည်။

မကြာမီ နှုတ်ကပါ အသံထွက်လာပြီး ဆက်တိုက်ရွတ်ဆိုမိရက်သား ဖြစ်သွားသည်။

"ဟေတုပစ္စယော - အာရမ္မဏပစ္စယော - အဓိပတိပစ္စယော - အနန္တရပစ္စယော"

"အောင်လံ - ဒဂုန်အမြန်ယာဉ်ဖြင့် စီးနင်းလိုက်ပါလာသော ခရီးသည်အပေါင်းတို့ ခင်ဗျား၊ အခုဆိုရင် ကျွန်တော်တို့ရဲ့မော်တော်ယာဉ်ဟာ အောင်လံမြို့ကို စတင်ဝင်ရောက်နေပြီ ဖြစ်ပါတယ်၊ ခရီးသည်များအားလုံး မိမိနှင့်အတူပါလာသောပစ္စည်းများကိုစစ်ဆေးပြီး မိမိဆင်းရမယ့် မှတ်တိုင်ကို ကြိုတင်ပြောကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါသည်၊ ကျေးဇူးတင်ပါတယ် ခင်ဗျား"

ကားစပယ်ယာလေး၏အသံချဲ့စက်ဖြင့် သတိပေးလိုက်သော အသံကြောင့် ငိုက်နေရာမှ ကျွန်တော် ရုတ်တရက် လန့်နိုးလာပြီး ကားဘေးဝဲယာ ပတ်ဝန်းကျင်ကို ကြည့်လိုက်မိသည်။

ကားက တန်ဘိုးရွာကို ကျော်လွန်လာပြီး မြို့ဝင်ကြေး ပေးဆောင်ရသော ဂိတ်သို့ရောက်ရှိနေပြီဖြစ်သည်။ မကြာမီ မြို့တွင်းသို့ရောက်ရှိတော့မည်ဖြစ်သဖြင့် ကျွန်တော်ဆက်မငိုက်တော့ဘဲပတ်ဝန်းကျင်ကိုသာ ဂရုစိုက်ကြည့်နေမိသည်။

www.burmeseclassic.com



ခဏအကြာတွင် ရွာထောင်ရွာသို့ ကား ဖြတ်သန်းခဲ့ပါသည်။

ကျွန်တော် မွေးဖွားရာဇာတိချက်ကြွေ မွေးရပ်မြေ မဟုတ်သော်လည်း ကျွန်တော် ငယ်စဉ် အသက်လေးနှစ်သားအရွယ်မှစ၍ နေထိုင်ကြီးပြင်းခဲ့ရသော မြေလတ်မြို့တော် အောင်လံမြို့လေးမှ ခွဲခွာ၍ကံဇာတ်ဆရာ၏စေခိုင်းမှုအရ ရေကြည်ရာ မြက်နုရာဆိုသလို ရန်ကုန်မြို့ကြီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်မှာ နှစ်ကာလ အတန်ကြာခဲ့ပြီဖြစ်ပါသည်။



...ည့်ရှုသော်လည်း
ကလေးပီပီ အိပ်ရလိုသောဝါသနာကြောင့်
သေချာပြန်ကြည့်လိုက်သောအခါ
ဖြာကျနေသော လရောင်နောက်ခံဖြင့်
တစ်ကိုယ် လုံး ပိန်လှီနေသော
ကုလားအဘိုးကြီးတစ်ယောက်ကို
မတ်တတ်ရပ်လျက် တွေ့ လိုက်ရသည်။
မျက်လုံးဟောက်ပက်
နှိုးအပြူးပြူးနှင့်
အပေါ်အင်္ကျီ ဝတ်မထားပါ။





အကြောင်းကြောင်းကြောင့် ငယ်စဉ်ကတည်းက နေထိုင်လာခဲ့သောမြေလတ်မြို့လေးသို့ပြန်မရောက်ခဲ့သည်မှာလည်း နှစ်အနည်းငယ် ကြာခဲ့ပြီ ဖြစ်ပါသည်။

အမှန်တကယ် ကျွန်တော် မွေးဖွားရာဇာတိမှာ ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးမြို့ဖြစ်ပါသည်။ ဖခင်ဖြစ်သူက စစ်မှုထမ်းတစ်ဦး ဖြစ်သောကြောင့် အဖေပြောင်းရွှေ့ရာ လိုက်ပါရင်း ကျွန်တော့်ကို မွေးဖွားခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော် သုံးနှစ်သားအရွယ်တွင် ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့မှ မြန်မာပြည်အလယ်ပိုင်းဒေသတောင်တွင်းကြီးရထားလမ်းပေါ်ရှိကုက္ကိုကုန်းရွာလေးသို့ စခန်းထိန်းတာဝန်ဖြင့် အဖေပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။

ထိုရွာလေးတွင် ကျွန်တော်တို့ သုံးလခန့်သာနေရပြီး တောင်တွင်းကြီးမြို့ပေါ်သို့ ခေတ္တပြောင်းရွှေ့ရပြန်သည်။ ကျွန်တော်တို့နေရသော အိမ်လေးသည် လုံးချင်းအိမ်မဟုတ်ဘဲမိသားစုခြောက်စုနေရသော ပျဉ်ထောင်အိမ်တန်းလျားတစ်ခု ဖြစ်သည်။

ညအချိန်တွင် အိမ်ပတ်ဝန်းကျင်တစ်ခုလုံးပိုးစုန်းကြူးလေးများဖြင့်ရောင်စုံ မီးလုံးလေးများ ထွန်းထားသလို အလွန်ကြည့်ကောင်းပါသည်။ အိမ်အရှေ့ဘက်တွင် ချဉ်ပေါင်ပင်ကြီးများတောအုပ်လေးသဖွယ်ဖြစ်နေပြီး အပွင့်လေးများ အမြဲပွင့်နေတတ်သည်။

အိမ်၏အနောက်ဘက်တွင်တရုတ်နှင်းဆီပန်းခင်းလေးရှိပြီးအပွင့်လေးများကကတ္တီပါကော်ဇောကြီးခင်းထားသလို ဖူးပွင့်လျက်ရှိသည်။

အဆိပ်ရှိသော အပင်မျိုးဖြစ်ကြောင်း အမေက အမြဲပြောလေ့ရှိပြီး မောင်နှမအားလုံးခူးပြီးမကစားရန် ဆုံးမထားသည်။ ကျွန်တော်တို့မောင်နှမများမှာ ကလေးပီပီအပူအပင်မရှိဘဲ ပျော်ရွှင်ခဲ့ကြသည်။

သို့သော်လည်း ထိုတောင်တွင်းအိမ်လေးတွင် ကြာရှည်စွာမနေခဲ့ရပါ။ ကျွန်တော် မှတ်မိသရွေ့လေးလခန့်သာနေခဲ့ရပါသည်။ အဖေ့အား အောင်လံမြို့ရှိ ခြေလျင်တပ်ရင်းတစ်ခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ထွက်လာပါသည်။

တောင်တွင်းကြီးမှ မော်တော်ကားတန်းကြီးဖြင့် ကျွန်တော်တို့ မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းရွှေ့ခဲ့ပါသည်။ လမ်းတစ်လျှောက်တွင် သစ်ပင်အုပ်အုပ်ကြီးတွေက နေရာအနှံ့ ပေါက်လျက်ရှိသည်။

ညနေစောင်းလောက်တွင် အောင်လံမြို့သို့ ရောက်ရှိပြီး ကျွန်တော်တို့ နေထိုင်ရမည့် တပ်ရှိရာသို့ မသွားဘဲ ကားတန်းကြီးက သရက်မော်တော်ဆိပ် ရှိရာသို့ မောင်းသွားကြသည်။ ဘာကြောင့်မှန်း ကျွန်တော်တို့ မသိကြပါ။

နောက်မှ လူကြီးတွေ ပြောသံကြားရသည်။ ကျွန်တော်တို့ နေရမည့်တပ်ထဲတွင် ယခင်နေထိုင်ခဲ့သော တပ်ရင်းက ပြောင်းရွှေ့ခြင်း မပြီးသေး၍ အိမ်နေရာလွတ်များ မရှိသေးသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့အား လောလောဆယ် သရက်သို့ မော်တော်ဖြင့် ကူးပြီး ခေတ္တစောင့်ဆိုင်းနေထိုင်ရန်အတွက် မော်တော်ဆိပ်သို့ ခေါ်လာခြင်းဖြစ်ကြောင်း သိရပါသည်။

သရက်သို့ မော်တော်ဖြင့် မကူးမီလာကြမည့် မော်တော်ကိုစောင့်ရင်း မြစ်ကမ်းဘေးမှာပင် မနက်စောစောကတည်းက တောင်တွင်းမှ ချက်ပြုတ်ယူလာသည့်ထမင်းကို ရှိသည့်ဟင်းဖြင့် အမေက မောင်နှမအားလုံးကို ကျွေးပါသည်။

ဟင်းမကောင်းသော်လည်း ကလေးပီပီ စားကောင်းကြပါသည်။ အခြားမိသားစုများလည်း ကျွန်တော်တို့ကဲ့သို့ ထမင်းစားကြရပါသည်။

စားသောက်ပြီး၍ အတော်ကြာသောအခါမှ လာကြသည့်မော်တော်များ ရောက်လာ၍ သရက်သို့ ကူးခဲ့ကြပါသည်။

တစ်နာရီခန့် ကြာသောအခါမှ သရက်မြို့သို့ရောက်ရှိပြီး မော်တော်ကမ်းသို့ကပ်ပြီးသောအခါ ညဘက်သို့ရောက်နေပြီဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်လျက် ရှိပါသည်။

မော်တော်ဆိပ်သို့ လာကြိုသောကားများဖြင့် ပစ္စည်းများတင်ပြီး မိသားစုအားလုံး လိုက်ခဲ့ကြသည်။ မှောင်မည်းနေသည့်အပြင် တစ်ခါမှ မရောက်ဘူးသည့်ဒေသဖြစ်သောကြောင့် မည်သည့်နေရာသို့ ရောက်နေမှန်း မည်သူမှ မသိကြပါ။

ဆယ်မိနစ်ခန့်သာ မောင်းလိုက်ရပြီး ကားရပ်လိုက်သောအခါမှ နေရမည့်နေရာတွင် ပစ္စည်းများချပြီး အိပ်ရာကို ဖြစ်သလိုခင်းကာ မောမောနှင့် အိပ်ပျော်သွားကြသည်။

အဖေက ရှေ့တန်းတွင်တာဝန်ထမ်းဆောင်နေရ၍ ကျွန်တော်တို့နှင့် အတူလိုက်ပါနိုင်ခြင်း မရှိပါ။ အမေ့ထိန်းကျောင်းမှုအောက်တွင်သာ ကျွန်တော်တို့ ကြီးပြင်းခဲ့ခြင်း ဖြစ်ပါသည်။

တစ်နေကုန်ခရီးပင်ပန်း၍အိပ်ပျော်သွားသည်မှာ မနက်မိုးလင်းသည်အထိ တစ်ရေးမှ မနိုးပါ။

"ဟဲ့ - ဟဲ့ - ကလေးတွေ - ထကြတော့ - နေတောင် မြင့်နေပြီ။ မျက်နှာသစ်ကြ။ ပြီးရင် - သမီးကြီးက မနက်စာစားဖို့ ထမင်းချက်ထား။ ဈေး ဘယ်မှာရှိသလဲ အမေ ထွက်စုံစမ်းကြည့်လိုက်ဦးမယ်"

အမေက ပြောပြောဆိုဆိုနှင့်မောင်နှမအားလုံးကိုနှိုးပြီး အခန်းတွင်းမှ ထွက်သွားသည်။ ထိုအခါကျမှ ကျွန်တော်တို့ မောင်နှမတွေလည်း မျက်နှာသစ်ကာ လက်ရှိနေထိုင်ရာအခန်းကို ဂရုစိုက်ကြည့်ဖြစ်တော့သည်။

အိမ်တစ်လုံးမဟုတ်ဘဲ အုတ်ဖြင့် ဆောက်ထားသောအဆောက်အအုံကြီးတစ်ခု ဖြစ်သည်။ တချို့နေရာများတွင် အင်္ဂတေများ ကွာကျနေပြီး ခေါင်မိုးမျက်နှာကြက်လည်း မရှိတော့ မည်သည့်အဆောက်အအုံမှန်းမသိသဖြင့် တစ်ခန်းထဲ အတူနေရမည့် ဘေးဘက်ရှိ မိသားစုမှအသက်ရွယ်တူရှိကောင်လေးအား အစ်ကိုကြီးဖြစ်သူက မေးကြည့်လိုက်သည်။

"ဟေ့ - သူငယ်ချင်း၊ ဒါ ဘာအဆောက်အအုံလဲကွ။ အနံ့အသက်ကလည်း မကောင်း၊ အခန်းကလည်း အဟောင်းအပျက်ကြီး၊ မင်း သိလား"

"ငါလည်း ခုမှ အိပ်ရာက နိုးလာတာကွ။ အမေတို့ကို မေးကြည့်မလို့ပဲ။ အမေက ဈေးဝယ်ရအောင်၊ ဈေးထွက်ရှာနေလို့ မမေးရသေးဘူး။ မင်းနဲ့ငါ အပြင်ထွက်ကြည့်ကြမလား"

"အေး - ကောင်းသားပဲ၊ ငါတို့ အပြင်ထွက်ကြည့်ရအောင်"

အစ်ကိုကြီးတို့နှစ်ယောက် အပြင်ထွက်ကြည့်ကြရန် အခန်းတွင်းမှ ထွက်သွားကြသည်။ အစ်ကိုကြီးတို့ထွက်သွားပြီး ခဏအကြာတွင် အမေ အပြင်သွားရာမှ မောကြီးပန်းကြီး ပြန်ရောက်လာသည်။

အခန်းထဲ ရောက်ရောက်ချင်း အစ်ကိုကြီးကို မတွေ့၍ အစ်မကြီးအား ...

www.burmeseclassic.com

>>> အမှတ် - ၁၁၁ ၊ ဩဂုတ် ၊ ၂၀၁၆ <<<

"ဟဲ့ - သမီးကြီး၊ နှင့်မောင် အကြီးကောင်ရော မတွေ့ပါလား။ စောစောစီးစီး ဘယ်ကိုသွားလဲ"

"သူ့သူငယ်ချင်းနဲ့ အပြင်ကို ကြည့်ရအောင် ခဏလိုက်သွားတယ် အမေ"

"ဘာဖြစ်လို့ အပြင်ကို ထွက်သွားတာလဲ၊ ကိုယ်ရောက်ဖူးတဲ့အရပ်ဒေသလည်း မဟုတ်ဘဲနဲ့၊ ပြီးတော့ ငါ အပြင်ဘက်ကို ထွက်လေ့လာကြည့်တော့ ဒီအဆောက်အအုံကြီးက ဆေးရုံအဟောင်းကြီးလို့ ပြောတယ်၊ ဝတ်ဝန်းကျင်မှာ ဘာရှိမှန်းလဲ သိတာမဟုတ်ဘူး၊ ညည်းက အကြီးကောင်ကို မတားဘူးလား"

"သမီးလည်း သူတို့က ရုတ်တရက်ထွက်သွားကြတော့ တားချိန်တောင် မရလိုက်ဘူး - အမေ"

"ဒီကလေးတွေနဲ့လည်း ခက်တာပဲအေ၊ ငါတော့ ဈေးဝယ်ရမှာနဲ့ ချက်ဖို့ပြုတ်ဖို့ လုပ်ရမှာနဲ့ ပြီးတော့ ကိုယ် ကျွမ်းကျင်တဲ့အရပ်လည်း မဟုတ်ဘူး၊ ငါက ဘယ်လိုက်ရှာရမှာလဲ - စိတ်ညစ်လိုက်တာ"

အမေ့အပြစ်တင်စကား မဆုံးမီ အစ်ကိုကြီးတို့နှစ်ယောက် အပြင်ဘက်မှ အခန်းထဲပြန်ဝင်လာကြသည်၊ အခန်းထဲရောက်ရောက်ချင်း အမေက တန်းဆူတော့သည်၊

"အကြီးကောင် - နင် ဘယ်တွေလျှောက်သွားနေတာလဲ၊ ကိုယ် ရောက်ဖူးတဲ့ဒေသလည်းမဟုတ်ဘူး၊ လမ်းမှားပြီး ပျောက်သွားရင် ဘယ်လိုလုပ်မလဲ"

"အမေကလည်း ကျွန်တော် အဝေးကြီး မသွားပါဘူး၊ ဒီနားပတ်ဝန်းကျင်လေးပဲ ခဏလျှောက်ကြည့်တာပါ၊ အပြင်ဘက်က ဦးလေးကြီးတစ်ယောက်ကို ကျွန်တော် မေးကြည့်တော့ ဒီအဆောက်အအုံကြီးက ဆေးရုံပျက်ကြီးတဲ့ - အမေရ၊ ကြောက်စရာကြီးပါဗျာ၊ ကျွန်တော်တို့ ဒီမှာ အကြာကြီးများ နေရဦးမလား မသိဘူး"

အစ်ကိုကြီး စကားဆုံးတော့ ကျွန်တော်တို့ မောင်နှမအားလုံး ရုတ်တရက် အလိုလို ပူးကပ်ပြီးသား ဖြစ်သွားကြသည်၊ အားလုံး မျက်နှာလေးတွေကလည်း ငယ်လို့ပေါ့၊ ဒီတော့မှ အမေက...

"သိပ်ကြာမယ် မထင်ပါဘူး - သားရယ်၊ ပြီးတော့ ဒီမှာကလည်း ကိုယ် တစ်ယောက်တည်း နေတာမှမဟုတ်တာ၊ အခန်းတိုင်း လူတွေအပြည့်ပါ၊ ကြောက်စရာ မလိုပါဘူး၊ အနေအထိုင် အသွားအလာ ဆင်ခြင်နေရင် ဘာမှ မဖြစ်ပါဘူး"

အမေက ရဲဆေးတင်ပေးလိုက်မှ မောင်နှမတစ်တွေ နေသာထိုင်သာ ရှိတော့သည်၊

အမှန်လည်း တပ်တစ်ခုလုံး ပြောင်းလာတာဆိုတော့ ဆေးရုံပျက်ကြီး တစ်ခုလုံး လူတွေက အပြည့်ပါ၊ ကျွန်တော်တို့နေသည့် အခန်းထဲမှာပင် မိသားစုသုံးစု ဖြစ်သလိုနေကြရသည်၊ ယာယီဆိုတော့လည်း ဖြစ်သလို ပေါ့၊ ညဘက်တွင်တော့ လျှပ်စစ်မီးသီးများ တပ်ပေးထားသည်၊

သုံးရေအတွက်ကတော့ ရှိသည့် အုတ်ရေကန်ကြီးထဲ ရေသယ်ကားများဖြင့် မပြတ်ထည့်ပေးထားသည်၊

လူတွေ ရေချိုးအဝတ်လျှော်ဖို့ကတော့ ပူစရာမလို၊ ခဏလမ်းလျှောက်ရုံဖြင့် မြစ်ကမ်းသို့ ရောက်သည်၊

ဆေးရုံဟောင်းကြီးတွင် တစ်လခန့် နေထိုင်ပြီးမှ အောင်လံဘက်သို့ ပြောင်းရွှေ့ရန် အမိန့်ထွက်လာပါသည်၊ မိသားစုတွေ အားလုံးပျော်လိုက်ကြသည်မှာ ပျော်စရာပင် မရှိတော့ပါ၊

အထူးသဖြင့် ကျွန်တော်တို့အရွယ် ကလေးများက ပိုပြီးပျော်ကြပါသည်၊ အောင်လံရောက်ပြီး အထိုင်ကျသည်နှင့် ကျောင်းတက်ရတော့မည် မဟုတ်လား၊

အမိန့်ထွက်လာသည်နှင့် မိသားစုတွေ ပစ္စည်းတွေ သိမ်းကြ၊ တစ်ဦးနှင့်တစ်ဦး နှောက်ကြ ပြောင်ကြနှင့် အားလုံးတက်ကြွနေကြသည်၊

ဒီလိုနှင့် မနက်ဖြန်မနက်စောစော ပြောင်းကြရန် တစ်နေ့လုံး အမေကော အစ်မကြီးပါ ပစ္စည်းများ သိမ်းနေရသဖြင့် တစ်နေ့လုံး မအားကြပါ၊

ယာယီပူဇော်ထားသော ဘုရားကျောင်းဆောင်လေးကိုလည်း ခေါက်သိမ်းပြီး သိမ်းဆည်းလိုက်ပါသည်၊ အတူနေသော မိသားစုကလည်း ပစ္စည်းများ သိမ်းဆည်းပြီး သူတို့၏ ဘုရားကျောင်းဆောင်လေးများကို သိမ်းထားပြီး ဖြစ်သည်၊

မနက်ဖြန်မနက်စောစော ပြောင်းကြရမှာဖြစ်၍ ယာယီသွယ်တန်းထားသော လျှပ်စစ်မီးသီးများကိုလည်း နေ့လယ်ကပင် ဖြုတ်သိမ်းလိုက်ကြပြီး ဖြစ်သည်၊





www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ညရောက်သည်နှင့်ဝယ်ထားသော ဖယောင်းတိုင်များကို ထွန်းကြသည်။ အပြင်ဘက်တွင်လည်း လဆန်းရက်မို့ လက သာနေသဖြင့် မှောင်မိုက်မနေပါ။

နေ့ခင်းဘက်က ပစ္စည်းများ တစ်နေကုန် သိမ်းထားရသဖြင့် အမေကော အစ်မကြီးပါပင်ပန်းနေကြပြီဖြစ်ပါသည်။ ထို့အပြင် မနက်စောစော ထရမည်ဖြစ်သဖြင့် ကလေးများကို စောစောအိပ်ရာဝင်စေပါသည်။

ကျွန်တော်တို့ မိသားစုလိုပင် ကျန်မိသားစုနှစ်စုလည်း နေ့လယ်ဘက်က ပင်ပန်းထားသဖြင့် စောစောအိပ်ရာ ဝင်ကြသည်။

လျှပ်စစ်မီးမရှိ၍ ဖယောင်းတိုင်မီးမှုတ်လိုက်သည်နှင့် ပတ်ဝန်းကျင်တစ်ရလုံး မှောင်မည်းတိတ်ဆိတ်သွားတော့သည်။

ဖွင့်ထားသောတံခါးမှ လရောင်ဖျော့ဖျော့က အခန်းတွင်းသို့ ကျနေသဖြင့်အလင်းရောင်အနည်းငယ်တော့ ရှိနေသေးသည်။

စောစောအိပ်ရာဝင်ခဲ့ကြသော်လည်း မနက်စောစော အိပ်ရာထရမည်ဖြစ်သဖြင့် အမေနှင့် အစ်မကြီးတို့ အိပ်မပျော်ကြပါ။

ကျွန်တော်နှင့် အငယ်ကလေးနှစ်ယောက်ကတော့ အပူအပင်ကင်းစွာ စောစောအိပ်ပျော်သွားခဲ့ကြသည်။

တစ်နေကုန် ဆော့ကစားထားသောကြောင့် မောမောနှင့် အိပ်ပျော်နေစဉ် ကျွန်တော်၏ လက်အား အသာအယာ ပုတ်နှိုးလိုက်သဖြင့် လန့်နိုးသွားခဲ့သည်။ ရုတ်တရက် လန့်သွားသောကြောင့် ထထိုင်လိုက်သောအခါ အမေ၊ အစ်မနှင့် အစ်ကိုနှစ်ယောက်ပါ ငုတ်တုတ်ထိုင်နေကြသည်ကို လရောင်ဖြင့် မြင်လိုက်ရပြီး ကျွန်တော့်အား အသံမထွက်ဘဲ တိတ်တိတ်နေရန် အစ်ကိုကြီးက လက်ဖြင့် အချက်ပြပါသည်။

ကျွန်တော်လည်း ဘာမှန်းမသိဘဲ အသာအယာပင် အမေ့နားသို့ တိုးကပ်သွားမိပါသည်။ မောင်နှမလေးယောက်လုံး အမေ့နားတွင်ကပ်လျက်ထိုင်နေကြပြီး အသံမထွက်ရဲကြပါ။

အနားတွင် ကပ်ထိုင်နေသော အစ်ကိုကြီးအား လေသံတိုးတိုးဖြင့် ကျွန်တော် ကပ်မေးလိုက်သည်။

"ဘာဖြစ်နေကြတာလဲ - အစ်ကိုကြီး"

"အသံမထွက်စေနဲ့ - တိတ်တိတ်နေ၊ ပြီးမှ - ငါ လက်ညှိုးထိုးပြတဲ့ဘက်ကို သေချာစိုက်ကြည့်၊ လန့်ပြီးလည်း မအော်နဲ့ဦး"

အစ်ကိုကြီးက တိုးတိုးလေး ကပ်ပြောပြီးအဝင်တံခါးပေါက်ကြီးရှိရာဘက်ဆီသို့ လက်ညှိုးထိုးပြပါသည်၊ အစ်ကိုကြီးပြရာဘက်ဆီသို့ ရုတ်တရက် ကြည့်လိုက်သောအခါ ဖြာကျနေသော လရောင်ဖွေးဖွေးကိုသာ မြင်ရပါသည်။

မျက်လုံးကို သေချာစူးစိုက်ကြည့်လိုက်သောအခါတွင်မှ ကျွန်တော်ကြက်သီးများ ထောင်ထလာပြီး လန့်မအော်မိရန် ပါးစပ်ကို အမြန်လက်ဖြင့် ပိတ်လိုက်ရသည်။

မကြည့်ရဲသော်လည်း ကလေးပီပီ စပ်စုလိုသောဝါသနာကြောင့် သေချာပြန်ကြည့်လိုက်သောအခါ ဖြာကျနေသော လရောင်နောက်ခံဖြင့် တစ်ကိုယ်လုံး ပိန်လှီနေသော ကုလားအဘိုးကြီးတစ်ယောက်ကို မတ်တတ်ရပ်လျက် တွေ့လိုက်ရသည်၊ မျက်လုံးဟောက်ပက်နံရိုးအပြိုင်းပြိုင်းနှင့် အပေါ်အင်္ကျီ ဝတ်မထားပါ။

ခါးအောက်ပိုင်းတွင်လည်း ပိတ်ဖြူနှင့် ခါးတောင်းကျိုက်ထားပါသည်၊ ကျွန်တော်တို့အခန်းထဲသို့မျက်နှာမူထားပြီး အခန်းထဲသို့ ကြည့်နေပုံ ရပါသည်၊

ကျွန်တော်လည်း ဆက်မကြည့်ရဲတော့ဘဲအမေနှင့်အစ်မ၊အစ်ကိုတွေနားသို့ ပိုတိုးကပ်လိုက်ပြီး မျက်နှာကိုလည်း လက်ဖြင့်အုပ်ကာ ခေါင်းငုံ့ထားပြီး ငြိမ်နေမိပါသည်၊

ရင်ထဲတွင်လည်း နှလုံးခုန်သံက တဒုန်းဒုန်းဖြင့် မြည်နေပါသည်။ အမေနှင့် မောင်နှမအားလုံး မလှုပ်ရဲကြဘဲ အချိန်အကြာကြီး ငြိမ်နေကြပါသည်၊

အတော်ကြာသောအခါမှ အမေ့အသံကို တိုးတိုးလေး စတင်ကြားရပါသည်။

"ဟေတုပစ္စယော - အာရမ္မဏပစ္စယော - အဓိပတိပစ္စယော"

အမေ့ထံမှ ပဋ္ဌာန်းဒေသနာတော်ရွတ်သံကြောင့် မောင်နှမတစ်တွေ အားတက်သွားကြပြီးညစဉ်ဆိုနေကျအတိုင်း လိုက်ဆိုမိကြသည်၊

ပဋ္ဌာန်းဒေသနာတော်ကြီးအား ဘယ်နခေါက်ရွတ်ဆိုနေမိမှန်းမသိတော့ အတန်ကြာမှ သတိရပြီး တံခါးပေါက်ဆီသို့ မကြည့်ရဲ၊ ကြည့်ရဲဖြင့် လှမ်းကြည့်မိသောအခါ စောစောကရပ်နေသော အဘိုးကြီးအား မတွေ့ရတော့ပါ။

သို့သော်လည်း ရွတ်ဆိုနေမှုအား မရပ်ရဲသေးဘဲ ဆက်တိုက်သာ ရွတ်နေ

www.burmeseclassic.com



မိကြသည်။ တိတ်ဆိတ်နေသော ညသန်းခေါင်အချိန်ဖြစ်သဖြင့် ကျန်တစ်ခန်းထဲ အတူနေသောမိသားစုတွေလည်း လန့်နိုးလာကြသည်။

အချိန်အတော်ကြာသောအခါမှ ပဌာန်းရွတ်ဆိုခြင်းကို ရပ်လိုက်ကြပြီး သက်ပြင်းချနိုင်တော့သည်၊ အမေက ဖယောင်းတိုင်ရှာပြီး ထွန်းလိုက်မှ တစ်ခန်းလုံး လင်းသွားတော့သည်၊

"အစ်မကြီးတို့ - ညဥ့်နက်သန်းခေါင်ကြီး ဘာတွေဖြစ်ကြလို့လဲ။ ကလေးတွေလည်း မျက်နှာမကောင်းကြဘူး၊ ကျွန်မတို့ကိုလည်း ပြောပြပါဦး"

ထိုအခါကျမှအမေကကျန်မိသားစုနှစ်စုအား ဖြစ်ကြောင်းကုန်စင် ပြောပြပါသည်။

"ဟုတ်လိမ့်မယ် - အစ်မကြီး၊ ခါတိုင်း ညတွေဆို ကျွန်မတို့ အားလုံး ဘုရားရှိခိုးပဌာန်းရွတ်ပြီး မေတ္တာပို့ အမျှဝေတယ်လေ၊ အခုတော့ မနက်ဖြန် မနက် ပြောင်းရမှာဆိုတော့ ဘုရားကျောင်းဆောင်တွေလည်း မရှိ၊ ညကျတော့လည်း နေ့ခင်းဘက်က ပင်ပန်းထားကြတော့ ဘုရားမရှိခိုးဖြစ်ကြဘူးလေ"

"ကဲကောင်းလို့ပါလား - အစ်မကြီးရယ်၊ နို့မို့ဆိုရင် ဘာတွေဖြစ်လာမလဲတောင် မသိတော့ဘူး"

"ဟုတ်တယ် - ခါတိုင်းဆိုရင်ကျွန်မ အိပ်ရာထဲဝင်ပြီး ကလေးတွေ အိပ်ပျော်သွားရင် အိပ်နေကျ၊ ဒီနေ့ကျမှ မနက်ဖြန်အတွက်စိတ်လောနေပြီးအိပ်မပျော်တာ၊ လေက အေးခနဲ တိုက်လာလို့ အပေါက်ဝဘက်ကို လှမ်းကြည့်မိလိုက်တာ။ ကဲ - ကဲ - အားလုံးပြန်အိပ်ချင်အိပ်ကြလေ၊ အချောကြီးရှိသေးတယ်"

"ကျွန်မတို့လည်း မအိပ်ရဲတော့ပါဘူး - အစ်မကြီးရယ်၊ တော်သေးတယ် နော် - မနက်ဖြန် ပြောင်းရတော့မှာမို့လို့"

"ကဲ - ဒါဆိုလည်း စကားပြောကြဦး၊ ကျွန်မကတော့ ဖယောင်းတိုင်ထွန်းပြီး ဘုရားရှိခိုးလိုက်ဦးမယ်"

ထိုညက မိသားစုသုံးစုလုံး စကားတွေထိုင်ပြောကြရင်းမိုးလင်းသည်အထိ မအိပ်ကြတော့ပါ။

နံနက်မိုးလင်းသည်နှင့် ပြောင်းရွှေ့ရန်ရောက်လာသောကားတွေပေါ်တက်ရင်း အောင်လံဘက်ကမ်းသို့ ပြောင်းရွှေ့ခဲ့ကြသည်၊

"အစ်ကိုကြီး - အစ်ကိုကြီး - ဘယ်မှာ ဆင်းမှာလဲ။ ဂိတ်ဆုံးရောက်တော့မယ်"

ရုတ်တရက်ကားစပယ်ယာလေး၏ အသံကြောင့် ကျွန်တော် လန့်သွားပြီး ကားဘေးသို့ အကဲခတ်ကြည့်လိုက်ရာ အမြန်ကားကြီးက ဓာတ်ဆီဆိုင်ကို ကျော်လာပြီဖြစ်သည်။

"ဪ - အစ်ကိုကြီးကလည်းဂိတ်ဆုံးမှာ ဆင်းမှာပါကွာ"

ခဏအကြာမှာတော့ အမြန်ကားကြီးကသူ့တာဝန်ပြီးဆုံးသွားသည့်အနေနှင့်စက်သတ်လိုက်ပြီးရပ်နားသွားတော့သည်၊

ကျွန်တော်လည်း ခရီးဆောင်အိတ်ကို ဆွဲကာ ကားပေါ်မှ ဆင်းလာခဲ့သည်။ နံနက်လင်းစ အောင်လံမြို့ကြီးကတော့ အရင်ကထက် စည်ကားနေဆဲပါ။

**တင်အေးကျော်** (အောင်လံ)

## ကုန်ရောင်းကုန်ဝယ် ဟန်ကျ/မကျ

အသက်ကို တည်၊ မိမိနံကိုရော၊ ရောင်းမည့် ကုန်နံကိုပေါင်း ၈ ဖြင့်စား၊ ဂကြွင်းရင်ဝယ်၊ မြတ်မယ်။

၄၅ - နှစ်၊ အင်္ဂါသား၊ ဆီဝယ်ချင်တယ်ဆိုပါစို့။

၃ = မွေးနံ

၃ = ကုန်နံ

၆

၈ | ၅၁

၄၈

၃ (၃)ကြွင်း မမြတ်ပါ။

www.burmeseclassic.com




# ချစ်ကြရသော ဘိုးတော်

အေးမောင်မောင်ဆန်း

"ကြားပြီပြီလား၊ ဦးအောင်သန်း တစ်ယောက် ဘိုးတော်ပူးဝင်ပြီးတော့ နှစ်လုံးဂဏန်းတွေ လျှောက်ပေးနေတယ်တဲ့"

"ဟင် – ဘယ်လို – ဘယ်လို"

ကျွန်တော် ကိုယ့်နားကို ကိုယ်မယုံသဖြင့် ယခုကဲ့သို့ လာပြောသူတစ်ဖက်ရပ်ကွက်မှ မိတ်ဆွေဖြစ်သူအား ပြန်မေးလိုက်မိခြင်းဖြစ်သည်။

"ကျွန်တော်လည်း သေသေချာချာတော့ မသိပါဘူး။ ပြောသံကြားရတာကတော့ ဟိုနေ့က ဦးအောင်သန်း ဘိုးတော်ဓာတ်စီးပြီး နှစ်လုံးဂဏန်း တစ်ကွက်တည်းပေးတာ တဲ့ဝင်သွားလို့ အဲဒါအခု သူ့အိမ်မှာ ဂဏန်းလာတောင်းတဲ့ သူတွေ တဖွဲဖွဲပဲတဲ့ဗျာ"

"ဟင် – ဟိုတစ်နေ့ကပဲ ကျွန်တော်နဲ့တွေ့ပါသေးတယ်။ ဘာမှ မထူးခြားပါဘူး။ ဘာလဲ – အခု သူက ဘိုးတော်ဓာတ်စီးနေလား"

"အဲ – မနေ့ကတော့ ဘိုးတော်ဝင်ပြီး ဂဏန်းပေးသွားတာတဲ့။ အဲဒီနောက်ပိုင်းတော့ ဘိုးတော်ဝင်ပူးတယ်၊ ဓာတ်စီးတယ် ဘာညာ မကြားရတော့ပါဘူး။ ဒါပေမဲ့ – လူတွေက သူ့ကိုအခု ဘိုးတော်လိုပဲ ကိုးကွယ်နေကြတာတဲ့။ ကျွန်တော်

www.burmeseclassic.com



လည်း သေချာတော့ မသိပါဘူး။ သူများပြောတာ ကြားရတာပဲ သေသေချာချာ သိချင်ရင်တော့ ကိုယ်တိုင်သာ သွားကြည့်ပေတော့"

ထူးထူးဆန်းဆန်း ဖြစ်ရပ်များကို ကျွန်တော်စိတ်ဝင်စားသဖြင့် ကိုယ်တိုင်သွားပြီး စပ်စုရန် ဦးအောင်သန်း အိမ်ဘက်သို့ ခြေဦးလှည့်လိုက်၏။

ဦးအောင်သန်းမှာ အသက် (၆၀) ခန့်ရှိပြီး သူတို့လင်မယားမှာ ဈေးတွင် ဘိန်းမုန့်နှင့် မုန့်လင်မယား ရောင်း၏။ အရင်ကဦးအောင်သန်းမှာ အစိုးရဝန်ထမ်း လုပ်ခဲ့ဖူးသည်ဟု ပြောသံကြားဖူး၏။ သူ့ဇနီးမှာ အသက် (၄၅)နှစ်ခန့်ရှိပြီး ဦးအောင်သန်းနှင့် အသက်အရွယ် ကွာ၏။ သူတို့ လင်မယားတွင် ကလေး အသက် (၇)နှစ်နှင့် (၁၀)နှစ်အရွယ်ခန့်ရှိ ယောက်ျားလေးနှစ်ယောက် ရှိသည်။ ထို့ကြောင့် သူတို့လင်မယားမှာ ရရစားစားဘဝနှင့် အတော်ပင် ရုန်းကန်နေကြရသူများဖြစ်သည်။

ဦးအောင်သန်းနှင့် ကျွန်တော် စသိသောနေရာမှာ သူတို့ရပ်ကွက်နှင့် ကျွန်တော်တို့ရပ်ကွက်ကြားရှိ လမ်းဆုံမှ လက်ဖက်ရည်ဆိုင်တွင် ဖြစ်သည်။ ထိုဆိုင်မှာ စလောင်းမှလာသော နိုင်ငံခြားဘောလုံးပွဲများကိုပြလေ့ရှိ၏။ ထို့ကြောင့် ထိုနေ့များ၌ ရှင်းဆိုင်တွင် ဘောလုံးဝါသနာပါသူများမှာ လက်ဖက်ရည်တစ်ခွက်မှာသောက်ပြီး မထတမ်း ဘောလုံးပွဲများကို ထိုင်ကြည့်ကာ အားပေးကြလေသည်။ ကျွန်တော်လည်း ဘောလုံးပွဲကောင်းလျှင်သွားကြည့်ရာမှ ဦးအောင်သန်းနှင့် ဆုံမိခြင်းဖြစ်သည်။

ဦးအောင်သန်းမှာ တစ်ခါတစ်ရံ ထိုဘောလုံးပွဲများကို ဘယ်သူနှင့် ဘယ်မှာလောင်းလေသည် မသိ၊ ဘောလုံးပွဲလောင်းလာသေးသည်။ သို့သော် လောင်းသည်ဟု ဆိုသော်လည်း သူမှာ ငွေပိုငွေလျှံမရှိ၍ နှစ်ထောင်၊ သုံးထောင် အလွန်ဆုံး သူ သိပ်ပိုင်သည်ဟု ထင်သည့်ပွဲမှ ငါးထောင်ခန့်သာ လောင်းသည်။ ထိုသို့ လောင်းလာသည့်နေ့ဆိုလျှင် သူနှင့်အတူ ဘောလုံးပွဲကြည့်ရသည်မှာ အလွန်ပျော်စရာကောင်း၏။ လောင်းကြေးထပ်ထားသူဖြစ်၍ သူလောင်းထားသည့် အသင်းဘက်မှနေ၍ အားမလိုအားမရဖြစ်ကာနေ၏။

"ဟာကွာ - ဒီလောက်အပေါက်အကျယ်ကြီးကို ဝင်အောင်မသွင်းနိုင်ဘူး။ ငါတစ်ရေးနိုးထသွင်းတောင် ဝင်တယ်"

ဟု ပြောရာ အနီးအနားမှ လူများက ရယ်ကြ၏။ ထိုအခါ အသက်နှစ်ဆယ်ကျော် သုံးဆယ်အရွယ် လူငယ်များက ...

"ဟုတ်ပါတယ် - ဦးလေးဂိုးသွင်းကောင်းတာ ကျွန်တော်တို့သိပါတယ်၊ အသက်ကြီးမှ ကလေးက နှစ်ယောက်တောင်၊ ဒါတောင်အဝေးကွင်းတွေ ဘာတွေ ကစားသေးလား မသိဘူး"

ဟု သူ့ကို စကြနောက်ကြ၏။ သို့သော် သူက ဘာမှပြန်မပြော။ ဓာကြောင့် ဘောလုံးပွဲမှ ဂိုးရလုရခင်အခြေအနေကြောင့် လူအများက ဟင် - ဟာ စသည်ဖြင့် အာမေဋိတ်သံများ ထွက်လာသော်လည်း ဦးအောင်သန်းကဘာမှဝင်မပြော၊ တုတ်တုတ်မျှမလှုပ်ဘဲ မျက်မှောင်ကုတ်၍ကြည့်နေ၏။ ထို့နောက် အားလုံးအသံတိတ်သွားမှ သူက ...

"ဒီကောင်တွေကွာ - သူတို့ယူထားတဲ့လခကိုမှ အားမနာ၊ ညံ့လှချည်လား၊ တယ် - ငါတုတ်လိုက်ရ မကောင်းတော့ဘူး၊ ငါ့ကိုအကုသိုလ်လာပေးနေပြီ၊ ဂန်းမသားတွေ"

နိုင်ငံခြားဘောလုံးသမား သန်းကြွယ်သူဌေးလေးများမှာ မြန်မာနိုင်ငံမှ မုန့်လင်မယားရောင်းသည့် ဦးအောင်သန်း၏ တုတ်တာကို ခံနေရလေ၏။ ထိုအခါ လူငယ်များက -

"အစက အဲလိုမညံ့ဘူးဦးလေးရဲ့ အခုမှ ဦးလေးလောင်းလိုက်လို့ ညံ့သွားတာ၊ နောက်ကို မလောင်းပါနဲ့ဗျာ။ ကျွန်တော်တို့ အားပေးနေတဲ့ အသင်းပါ။ လက်ဖက်ရည်သောက်ချင်တိုက်ပါ့မယ်၊ မုန့်ပါ ကျွေးပါ့မယ်"

ဟု ပြောကြ၏။ ပြောလည်း ပြောစရာပင်ဖြစ်၏။ သူလောင်းသည့်အသင်းက နိုင်သည်ဆိုသည်မှာ ခပ်ရှားရှား။ ထို့ကြောင့် တစ်ခါတစ်ရံ ဦးအောင်သန်း ဘောလုံးပွဲလာမကြည့်လျှင် ဘောလုံးပွဲကြည့်ရသည်မှာ တစ်ခုခုလိုနေသလို ခံစားရ၏။ သူလာလျှင်လည်း သူ့ကို -

"ဗီဇာဥက္ကဋ္ဌလာပြီ၊ ဘတ်ချလာလာပြီ"

ဟူ၍ ခရီးဦးကြိုပြုကာ နေရာထိုင်ခင်းပေးကြ၏။ သို့သော်ယခုကြားရသည့် သတင်းက ဘိုးတော်ဖြစ်၍ ဂဏန်းများ ပေးနေသည်ဟူ၍ပင်။ ကျွန်တော် ဦးအောင်သန်းအကြောင်း စဉ်းစားရင်းနှင့်





www.burmeseclassic.com

www.burmeseclassic.com



သူတို့လမ်းထဲ ရောက်လာ၏။ သူ့အိမ်သို့သော်လည်း သူ့အိမ်သို့တစ်ခါမှအလည်မလာဘူး၊ ယခု တွေ့ရသည့်မြင်ကွင်းမှာ -

သူ့အိမ်ရှေ့တွင် ဆူပါစလွန်းတစ်စင်း၊ ဆူပါရှ(ဗ်)တစ်စီး နောက်ဆုံးပေါ် အိမ်စီးကားနှစ်စီး ရပ်ထားသည်ကို တွေ့လိုက်ရ၏။ ထို့ကြောင့် ဦးအောင်သန်းတော့နေ့ချင်းညချင်းတပည့်တပန်းတွေနှင့် ကြီးပွားသွားပါလားဟု တွေးမိလိုက်၏။ အိမ်ထဲကို လှမ်းကြည့်လိုက်တော့ ယောက်ျားမိန်းမ ဆယ့်သုံးလေးယောက်



# 6

သွားထိုးသွား၊ တစ်ခါတည်း
ချမ်းသာအောင် ထိုးခဲ့ သွားဆိုပြီးတော့
တစ်ခါ အိမ်တိုင်ကို ထိုးပြန်ရောဗျာ။
သူ့မိန်းမ မမြရွှေဆိုတာ ကြောက်လို့
မျက်စိမျက် မျက်နှာပျက်ဖြစ်နေတာ၊
နောက်တော့ နင် ငါ့သားကြီးကို
မလေးမစားမဆက်ဆံနဲ့၊ နောက်ကို
ဘာသံမှ ငါ မကြားချင်ဘူးဆိုပြီး
အသားတွေတုန်ပြီးတော့
ပုဆိုးလိပ်ထွက်သွားရောဗျ။
ဦးအောင်သန်း မောပြီးတော့
ကျန်ခဲ့တယ် အစ်ကို စဉ်းစားကြည့် ...



ခန့်ထိုင်နေကြသည်ကိုတွေ့ရ၏။ နှစ်လုံးဂဏန်း လာတောင်းကြသူများပင် ဖြစ်မည်၊ ယခု ကျွန်တော် အိမ်ထဲဝင်သွားလျှင်လည်း အိမ်ရှင်ဦးအောင်သန်းရော ထိုလူများကပါ နှစ်လုံးဂဏန်းလိုချင်၍ လာသည်ဟု ထင်ကြပေမည်၊

သို့သော် သိချင်သည်မှာ နှစ်လုံးဂဏန်းမဟုတ်၊ ဟိုနေ့က ဦးအောင်သန်း ဘိုးတော်ဝင်ပူးကပ်ဆိုသည်မှာတကယ်လား၊ ဂဏန်းတစ်လုံး တဲ့ပေး၍ သူပေးသည့်ဂဏန်းထွက်သွားသည့်ဆိုခြင်းမှာ တကယ်လော၊ ဤအတိုင်းမှန်ကန်ပါက ဘယ်သူတွေ လိုက်ထိုး၍ ဘယ်သူတွေ ပေါက်ကြသနည်းဆိုသည်ကိုကျွန်တော် သိလိုခြင်းဖြစ်သည်၊ ထိုသို့သိလိုလျှင်လည်း အိမ်ထဲဝင်ပြီး အခြေအနေကို စနည်းနာမှ ဖြစ်မည်၊ ထို့ကြောင့် ထင်ချင်သလိုထင် ဝင်မယ်ဟု စဉ်းစားကာ ဦးအောင်သန်းတို့ အိမ်ထဲ ဝင်လိုက်၏၊ ကျွန်တော်ဝင်လာသည်ကို မြင်သောအခါခေါင်းရင်းခန်းတွင် တင်ပျဉ်ခွေထိုင်နေရင်း ဧည့်သည်အမျိုးသားကြီးတစ်ဦးနှင့်စကားပြောနေသော ဦးအောင်သန်းက အသိအမှတ်ပြု ခေါင်းညိတ်ပြ၏၊ ဧည့်သည်အမျိုးသမီးတစ်ဦးကလည်း လာပါထိုင်ပါဟု နေရာပေး၍ အသာဝင်ထိုင်နေလိုက်၏၊

ဦးအောင်သန်းတို့အိမ်မှာ ခြေတံရှည် သွပ်မိုးပျဉ်ထောင်အိမ်ဖြစ်သည်၊ အပေါ်ထပ်တွင် အခြားမိသားစု ငှားနေ၏၊ သူတို့လည်း အိမ်ငှားပင် ဖြစ်ကာ အောက်ထပ်တွင်ငှားနေခြင်းဖြစ်သည်၊ သူတို့နေထိုင်သော အောက်ထပ်နံရံမှာ အုတ်နံရံ၊ ပျဉ်နံရံမဟုတ်၊ ဝါးထရံကာထားသည်၊ ဝါးထရံမှာလည်း လေးဖက်လေးတန် အပြည့် ကာထားခြင်းမျိုး မဟုတ်ဘဲ အိမ်ရှေ့မျက်နှာစာနှင့် ခေါင်းရင်းဖက် ပေ(၂၀)လောက်အထိသာ ကာထားခြင်းဖြစ်သည်၊ ဦးအောင်သန်းတို့ မိသားစုမှာ ယခု ကျွန်တော်တို့ဧည့်သည်များထိုင်နေသော ခေါင်းရင်းပိုင်းရှိ (၁၀)ပေ(၂၀)ပေခန့်ရှိသောကွပ်ပျစ်ပေါ်တွင်အိပ်ကြခြင်းဖြစ်သည်၊ မြေကြီးပေါ်တွင်အုတ်ခဲများ၊ ကျိုးတိုးကျဲတဲ ခင်းထားပြီး ကုလားထိုင်နှစ်လုံးသုံးလုံးနှင့် ဗီရိုတစ်လုံး၊ ခြေရင်းဘက်တွင် ချက်ပြုတ်စားသောက်ရပုံရှိပြီး အိုးခွက်ပန်းကန်များကို တွေ့ရသည်၊ ခြေရင်းဘက် မြေထဲတွင်လည်းသစ်သားအိမ်သာတစ်လုံးကို တွေ့ရကာ အပေါ်ထပ်နှင့် တွဲသုံးရခြင်း





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်။ ကျွန်တော်လည်း ဦးအောင်သန်းတို့အိမ်ရောက်မှ သူတို့မိသားစု ယခုကဲ့သို့ နွမ်းပါးပုံကိုကြည့်၍ စိတ်မကောင်းဖြစ်မိ၏။

ထို့နောက် ကျွန်တော့်ဘေးတွင် ထိုင်နေသောအမျိုးသမီးကို မေးကြည့်လိုက်၏။

"ဦးအောင်သန်းက ဘယ်လိုဖြစ်ပြီးတော့ အခုလို ဂဏန်းတွေ ပေးနေရတာလဲ"

"မနေ့ကမနက်ကလေ - သူတို့လင်မယား အကြီးအကျယ် ရန်ဖြစ်ကြတာတဲ့၊ နောက်တော့ ရန်ဖြစ်နေရင်းနဲ့ ဦးအောင်သန်းကို ဘိုးတော်ဝင်ပူးပြီး ဒီနေ့ထွက်မယ့် နှစ်လုံးဂဏန်း ဒါပဲထိုးဆိုပြီး ပြောသွားတာတဲ့"

"ရန်ဖြစ်တာကို ဘိုးတော်က ဝင်ပူးတယ်ဟုတ်လား။ ဘယ်ဘိုးတော် ဝင်ပူးတာတုံး"

"ဟုတ်တယ်၊ဘယ်ဘိုးတော်လည်းတော့ မသိဘူး"

ကျွန်တော် ဗိုတိကျကျသိချင်လို့လာကာမှ ထိုအမျိုးသမီးစကားကြောင့် အူကြောင်ကြောင် ဖြစ်ရသည်။ တစ်ခါမှ မကြားဖူး။

"အဆန်းပဲနော်၊ ဒါနဲ့ သူပေးတဲ့ဂဏန်းကိုလိုက်ထိုးပြီးပေါက်တဲ့လူတွေရော ရှိကြလား"

"ရှိတာပေါ့ ဒီအိမ်အပေါ်ထပ်ကအန်တီကြီးက သုံးထောင်ဖိုး၊ ဦးအောင်သန်းတို့ လင်မယားနှစ်ယောက်က ကိုးထောင်ဖိုး၊ ခြေရင်းအုန်းသီး၊ ငှက်ပျောသီးရောင်းတဲ့အိမ်က သုံးသောင်းခွဲဖိုး၊ ဦးအောင်သန်း မိန်းမပြောလိုက်လို့ ဈေးထဲက အထည်ရောင်းတဲ့ အပျိုကြီးကလည်း သုံးသောင်းခွဲဖိုး၊ ဦးအောင်သန်းမိန်းမ ပြောလိုက်လို့ ဈေးထဲက အထည်ရောင်းတဲ့အပျိုကြီးကလည်း သုံးထောင်ဖိုး လိုက်ထိုးလို့ ပေါက်လိုက်ကြတာကမှ ဝက်ဝက်ကွဲမွဲ့နေလ"

ဟုအသံခပ်အုပ်အုပ်ဖြင့်ရှင်းပြလေသည်။

"ကြော်"

ထို့နောက် ကျွန်တော် ဦးအောင်သန်းနှင့် ဧည့်သည်တို့ထိုင်၍ စကားပြောနေသော ဘုရားကျောင်းဆောင်ရှေ့သို့ အကဲခတ်ကြည့်လိုက်၏။ ခေါင်းရင်းခန်းတွင် အုန်းပွဲ၊ ငှက်ပျောပွဲတစ်ပွဲတန်ဆောင်းပွဲ ထိုးထား၏။ ကန်တော့ပွဲထဲတွင် အမွှေးတိုင်များစု၍ ထွန်းထားပြီး ငှက်

››› အမှတ် - ၁၁၁ ၊ ဩဂုတ် ၊ ၂၀၁၆ ‹‹‹

ပျောသီးများအကြားတွင်ကွမ်းယာများ၊ ငွေစက္ကူများ ညှပ်ထားသည်ကို တွေ့လိုက်ရ၏။ တစ်ဆက်တည်းမှာပင် ဦးအောင်သန်းနှင့်ဧည့်သည်အမျိုးသားကြီးတို့ အပြန်အလှန် စကားပြောနေသည်ကိုနားစွင့်လိုက်၏။ ဦးအောင်သန်းက -

"ခင်ဗျား တော်တော်ကွဲနေတယ်လို့ ခင်ဗျားကို ခေါ်လာတဲ့မိတ်ဆွေက ပြောတယ်"

"ဟုတ်ပါတယ် - ဘိုးတော်ရယ်၊ ကျွန်တော်မပေါက်တာ တော်တော်ကြာလို့ကွဲနေတာ ကြာပါပြီ"

ဟု လက်အုပ်ချီရင်း ရှိရှိသေသေနှင့်ပြောနေ၏။ ထို့နောက်ဦးအောင်သန်းကို အမွှေးတိုင်တစ်ထုပ်၊ ဖယောင်းတိုင်တစ်ထုပ်နှင့်အောင်သပြေပန်းတစ်စည်းနှင့် စုစုပေါင်းငွေနှစ်သောင်းဖိုးလောက်ရှိမည့် တစ်ထောင်တန်ငွေစက္ကူများကိုလည်း တရိုတသေနှင့် လှမ်းပေးနေ၏။ ထိုလူကြီးကြည့်ရသည်မှာ ငွေကြေးတတ်နိုင်ပုံရ၏။ စောစောကအိမ်ရှေ့တွင် ရပ်ထားသော ကားနှစ်စီးအနက် တစ်စီးမှာ သူ့ကား ဖြစ်ဟန်တူသည်။ ယခုမှ ဦးအောင်သန်းအိမ်လာကြသူများကို အကဲခတ်မိ၏။ နောက်ထပ် ရွှေများဝတ်ထားသော အမျိုးသမီးကြီးတစ်ဦးနှင့် သူ့သမီးဟု ယူဆရသော အသက်နှစ်ဆယ်ကျော်ခန့် မိန်းကလေးတစ်ဦး ကျန်လူများမှာ ဦးအောင်သန်းတို့ ရပ်ကွက်ထဲမှ ဖြစ်ဟန်ရှိပြီး အချို့မှာ ကျွန်တော် မျက်မှန်းတန်းမိသူများပါ၏။ ထိုစဉ် ဦးအောင်သန်းမှ သူ့ရှေ့မှ လူကြီးကို -

"ဘာမှ မပူနဲ့နောင်ကြီး၊ ခင်ဗျားဒီတစ်ပတ်ရမှာပဲ၊ ကျွန်တော် အားလုံးကိုလည်း ဒီဂဏန်းပဲပေးသလို ခင်ဗျားကိုလည်း ဒီဂဏန်းပဲပေးမှာ" ဟု ပြောသံကြားရပြီး ဧည့်သည်လူကြီးမှ ဦးအောင်သန်းအား ကန်တော့၍ နှုတ်ဆက်ကာထွက်သွားလေသည်။ ထို့ကြောင့် ဦးအောင်သန်းက -

"ကဲ - နောက်တစ်ယောက်လာ"

ဟုခေါ်လိုက်သဖြင့် ကျွန်တော်လည်းဒီကိုတစ်ယောက်ပြီးတစ်ယောက် ဦးအောင်သန်းနှင့် တွေ့ရပါက တဖြည်းဖြည်းနှင့်ငါနှင့်ဦးအောင်သန်းတွေ့သည့် အလှည့်ရောက်လာတော့မည်။ ဂဏန်းတောင်းရန်လာတာ မဟုတ်တော့ ပြန်ဖြစ်တော့မည်ဟုစဉ်းစားကာ ဧည့်သည့်

www.burmeseclassic.com

www.burmeseclassic.com



များထဲမှ ကျွန်တော် မျက်မှန်းတန်းမိသူများကို ...

"ကိစ္စလေးရှိလို့ - ပြန်လိုက်ဦးမယ်"

ဟု နှုတ်ဆက်လိုက်သည်။ ထို့နောက် ညွှန်သည်နောက်တစ်ဦးနှင့် စကားလက်စံပြောနေသော ဦးအောင်သန်းကိုလက်ဟန်ခြေဟန်ဖြင့်ပြန်တော့မည်ဖြစ်ကြောင်း နှုတ်ဆက်ကာ ထွက်လာခဲ့၏။ ထိုသို့ထွက်လာခြင်းကကောင်းသည်ဟု ဆိုရမည်။ အကြောင်းမှာ ဦးအောင်သန်းတို့ခြံရင်းအိမ်မှအုန်းသီးငှက်ပျောသီးရောင်းသော လင်မယားမှ ယောက်ျားဖြစ်သူ အိမ်ရှေ့မှာ ရပ်နေသည်ကို တွေ့လိုက်ရသည်။ ထိုလူမှာ ကျွန်တော်နှင့်အတော်အသင့်ရင်းနှီး၏။ ထို့အပြင် ဦးအောင်သန်းပေးသော ဂဏန်းဖြင့် ပေါက်ထားသူများထဲတွင် သူက အများဆုံး။ ထို့ကြောင့် ကျွန်တော် ဦးအောင်သန်းအကြောင်းကို ထပ်မေးကြည့်လိုသဖြင့် စကားစလိုက်၏။

"ခင်ဗျား - မနေ့က တော်တော်ထောသွားတယ်ဆို"

ဟု မေးလိုက်ရာ သူက ပြုံး၍ ...

"ဟုတ်တယ် - မနေ့က ဦးအောင်သန်းပေးတာလေ"

"အေးဗျာ - တော်တော်ထူးတာပဲ၊ ဘယ်လိုက ဘယ်လိုဖြစ်တာတုံး"

"ဒီလိုလေ အစ်ကိုရ၊ သူတို့လင်မယားက စီးပွားရေးကလည်း သိပ်အဆင်မပြေတော့ ထုံးစံအတိုင်း ခဏခဏဆိုသလို ရန်ဖြစ်ကြတာပေါ့။ ကျွန်တော်တို့လည်း မကြာမကြာ သူတို့လင်မယားရန်ဖြစ်တာ ကြားကြားနေရတယ်။ အဲ - ဒါပေမဲ့ - မနေ့ကမနက်က ရန်ဖြစ်တာကတော့ တော်တော်ကြမ်းတယ်ဗျ။ အုံး အုံး အုံး အုံးနဲ့ရိုက်တဲ့အသံတွေ သူတို့အိမ်ဘက်က ကြားတယ်၊ ပြီးတော့ - သူတို့အိမ်က သွပ်မိုးတွေကလည်း ဝုန်းဝုန်းဝုန်းဝုန်းနဲ့ မြည်တယ်။ ဒါနဲ့ ကျွန်တော်လည်း ကျွန်တော့်မိန်းမကို လာတာ၊ ဟိုဘက်မှာ ဦးအောင်သန်းတို့ လင်မယားတစ်ယောက်နဲ့ တစ်ယောက် သတ်ပုတ်ကုန်ပြီထင်တယ်။ တော်ကြာ လက်လွန်ခြေလွန် ဖြစ်ကုန်မယ်။ မြန်မြန်လာ တို့ သွားဆွဲမှဖြစ်မယ်ဆိုပြီးတော့ သူတို့အိမ်ဘက်ကိုလာခဲ့တာ ကျွန်တော်တို့ရောက်တော့ ဦးအောင်သန်းက မတ်တတ်ရပ်ပြီးတော့ ဟင်းဟင်းဟင်းဟင်းနဲ့အသားတွေက တဆတ်ဆတ်တုန်နေတယ်။ ကျွန်တော်ထင်တာက ဒေါသတွေ သိပ်ထွက်နေလို့ အသားတွေ တုန်နေတယ်ထင်တာ။ ဘယ်ဟုတ်ပါ့မလဲ၊ နောက်တော့ သူတို့အိမ်တိုင် လေးလက်မပတ်လည် ပျဉ်းကတိုးတိုင်ကြီးကို လက်သီးနဲ့ ဝုန်းဝုန်းဝုန်းဆိုပြီးတော့ နှစ်ချက်သုံးချက် ဆင့်ထိုးလိုက်တာဗျာ၊ အိမ်တစ်အိမ်လုံးကို သိမ့်သိမ့်တုန်သွားတာပဲ။ အမိုးမိုးထားတဲ့ သွပ်ပြားတွေတောင် ဝုန်းဝုန်းဝုန်းဝုန်းနဲ့ အသံမြည်ကုန်တယ်။ အပေါ်ထပ်မှာနေတဲ့ အန်တီဒေါ်ခင်ရီတို့သားအမိဆို အိမ်က ဝုန်းဝုန်းဝုန်းဝုန်းနဲ့ သိမ့်သိမ့်တုန်သွားတော့ အပေါ်မှာမနေရဲဘဲအောက်ကိုပြေးဆင်းလာပြီး တော်တော့လေ ဦးအောင်သန်း မလုပ်နဲ့တော့အိမ်ပြိုသွားပါဦးမယ်ဆိုပြီး ဝင်တားရတယ်။

ဒါပေမဲ့ - သူ့အနား မကပ်ရဲဘူး။ အဝေးကနေသာ တားနေတာ။ နောက်တော့ သူ့ပါးစပ်ကနေ သူ့မိန်းမကို ပြောတယ်။ နင် ငါ့သားကြီး ဘာမှတ်နေလဲ၊ ငါ့သားကြီးကို ငါစောင့်ရှောက်နေတာ၊ နင်တို့အချိန်မကျကြသေးလို့မချမ်းသာသေးတာ။ အဲ့ဒီအောင်သန်းဆိုတဲ့ အကောင်ကလည်းတစ်ခါတစ်ခါအရက်သေစာသောက်သေးတယ်။ ဒီတော့နင်တို့ကို ငါ ဘယ်လိုလုပ်ပမလဲ၊ ဒီမှာနင်ငွေသိပ်လိုချင်တယ် ဟုတ်လား။ ငါ့အကြောင်းသိရအောင် ပြောလိုက်ဦးမယ်၊ နင် ငွေသိပ်လိုချင်ရင် မနက်ဖြန် မနက်ထွက်မယ့်နှစ်လုံးဂဏန်းက × × × အဲဒီဂဏန်းပဲ၊ သွားထိုးသွားတစ်ခါတည်းချမ်းသာအောင်ထိုးခဲ့ သွား ဆိုပြီးတော့ တစ်ခါ အိမ်တိုင်ကို ထိုးပြန်ရောဗျာ၊ သူ့မိန်းမ မမြရွှေဆိုတာ ကြောက်လို့ မျက်စိပျက် မျက်နှာပျက်ဖြစ်နေတာ။ နောက်တော့ နင် ငါ့သားကြီးကို မလေးမစား မဆက်ဆံနဲ့၊ နောက်ကို ဘာသံမှ ငါမကြားချင်ဘူးဆိုပြီးအသားတွေတုန်ပြီးတော့ပုဆိုးလှ်ထွက်သွားရောဗျ။ ဦးအောင်သန်း မောပြီးတော့ ကျန်ခဲ့တယ် အစ်ကိုစဉ်းစားကြည့်၊ သူ့ကိုယ်လုံးနဲ့ ကျွန်တော့်ကိုယ်လုံး ဘယ်သူပိုတောင့်လဲ၊

အဲဒါ - တဝုန်းဝုန်းနဲ့ အိမ်တိုင်ကိုထိုးနေလို့ သွားဆွဲတာ ကျွန်တော့်ကို တွန်းလိုက်တာ လွင့်ပြီးတော့ နံရံမှာ သွားကပ်နေတာ တော်တော်သန်လိုက်တာဗျား နောက်ပြီးတော့ အဲ့ဒီလေးလက်မပတ်

www.burmeseclassic.com



လည်ပျဉ်းကတိုးတိုင်ကြီးကို ကရာဝေး သမားလည်း မဟုတ်၊ သိုင်းသမားလည်း မဟုတ်၊ နောက် သူ့အသက်အရွယ် သူ့ ခန္ဓာကိုယ်နဲ့ လက်သီးနဲ့ တဝုန်းဝုန်းထိုး နိုင်တာ အံ့ဩတယ်။ နောက် အဲ့ဒီပုဂ္ဂိုလ် ထွက်သွားတော့ သူ့ကို ကျွန်တော်တို့ လင်မယားက ကျွန်တော်တို့ အိမ်ဘက် ခေါ်လာပြီး အမောပြေအောင် ရေတွေ ဘာတွေ တိုက်ပြီးတော့ ဦးအောင်သန်း လက် ဘာဖြစ်သွားသေးလဲပြောပြီး သူ့ လက်ကိုကြည့်တာ ဘာမှမဖြစ်ဘူး။ ပုံမှန် ဆို လက်တွေ ကွဲပြဲထွက်ကုန်ရမှာ။ ဒါနဲ့ ကျွန်တော်က ဦးလေး စောစောက ဘယ် လိုဖြစ်တာလည်းလို့ မေးတော့ သူက အဲဒါ ငါ့ကိုစောင့်ရှောက်တဲ့ပုဂ္ဂိုလ်ဝင် တာဖြစ်မယ်လို့ သူက ပြောတယ်။

ဒါကြောင့် ကျွန်တော်က အရင် ဒါမျိုး ပုဂ္ဂိုလ်ဝင်ဖူးလားလို့ မေးတော့ ဟို လွန်ခဲ့တဲ့ လေးငါးနှစ်က တစ်ခါဝင်ဖူး တယ်လို့ ပြောတယ်။ နောက် သူ့အိမ်ကို ပြန်ပို့မယ်လုပ်တော့ ငါ ဒီမိန်းမ မျက်နှာ မကြည့်ချင်ဘူးကွာဆိုတာနဲ့ အဲ့ဒီညက ကျွန်တော်တို့အိမ်မှာပဲ ခေါ်သိပ်ထား လိုက်တယ်။ ပြီးတော့ သူ့မိန်းမကိုလည်း သူ့အရင်က အဲ့လိုဖြစ်ဖူးလားဆိုတော့ သိပ်ဒေါသထွက်လာရင်ဖြစ်တယ်။ လွန် ခဲ့တဲ့ လေးငါးနှစ်ကလည်း အခုလိုပဲ တစ်ခါဖြစ်ဖူးတယ်၊ သူ့စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်က ကြွလာပြီးတော့ အဲ့ဒီတုန်းက ချဲဂဏန်းပေးသွားတယ်တဲ့၊ ကျွန်တော် က ပေါက်လားလို့ မေးတော့ မယုံလို့ မထိုးဘူးတဲ့။ ဦးအောင်သန်းကတော့ ပုဂ္ဂိုလ်က ဘာပြောခဲ့မှန်း ဘယ်သိပါ့ မလဲ။ သူက ခတ်စီးခံနေရတဲ့ အချိန်ဆို တော့ သူ့မိန်းမက သူ့ကို ပြန်ပြောမှ သိ ရမှာ၊ နောက် ဂဏန်းထွက်ပြီးလို့ မှန်မှ ပြောပြတာတဲ့၊ ဒါကြောင့် ကျွန်တော်က ဒီတစ်ခါတော့ ထိုးဖြစ်အောင်ထိုးလို့ပြော တော့ သူက ထိုးမယ်လို့ပြောတယ်။ ပြီး တော့ ကျွန်တော့်မိန်းမကိုလည်း ပြော တယ်၊ မိန်းမရေ - ဒါကတော့ ပုဂ္ဂိုလ် အမှန်အကန် ဝင်တာ၊ မင်းရောငါရော ကိုယ်တွေ့ပဲ ဂဏန်းကတော့ မှန်မမှန် ငါ လည်းမသိဘူး။ ဒါပေမဲ့ - ထူးတော့တော် တော်ထူးတာမို့ငါသူ့ဂဏန်းကိုထိုးကြည့် ချင်တယ်ပြောတော့၊ မိန်းမကလည်း ထိုးချင် ထိုးပေါ့လို့ ပြောတာနဲ့ ပိုက်ဆံ ဘယ်လောက်ရှိလဲ စစ်ကြည့်တော့





လက်ထဲမှာ ငွေလေးသောင်း ဘယ် လောက်ရှိလဲ စစ်ကြည့်တော့ လက်ထဲ မှာ ငွေလေးသောင်းပဲရှိတယ်။ ဒါနဲ့ ဦးအောင်သန်းကို ပြောတယ်ဦးလေး ရေ၊ ဦးလေး ပုဂ္ဂိုလ်ပေးတဲ့ ဂဏန်းကို ကျွန်တော် ထိုးမယ်၊ ဒါပေမဲ့ ပေါက်ခဲ့ရင် လည်း ကျွန်တော်တို့ မိသားစု အခြေ အနေနဲ့ လေးငါးခြောက်သိန်း မကန် တော့နိုင်တော့ဘူး။ ဒါကြောင့် အခု ကျွန်တော့်ရှိတဲ့ ပိုက်ဆံထဲက ငါးထောင် ကန်တော့လိုက်မယ်။ အဲ့ဒီငါးထောင်ဖိုး ကို ဦးလေးထိုးလိုက် ပေါက်ရင် ဦးလေး ယူလိုက်ပါ၊ တကယ်လို့ မပေါက်ခဲ့ရင် လည်း ကျွန်တော်က ကန်တော့တယ် လို့ပဲ သဘောထားပါတယ်ဆိုပြီး သူ့ကို ကန်တော့ပြီးပေးလိုက်တယ်။ ကျွန်တော် တို့အားလုံးကံစပ်လို့လားတော့မသိဘူး။ ထွက်လာတာ ပုဂ္ဂိုလ်ပေးတဲ့ အတိုင်းပဲ "တဲ့" လှန်စရာတောင်မလိုဘူး။ ဦးအောင် သန်းက ကျွန်တော်ပေးတဲ့ ငါးထောင် ထဲက တစ်ထောင်သုံးပစ်လိုက်ပြီး ကျန် တဲ့ လေးထောင်ထိုးတယ်။ သူ့မိန်းမက ငါးထောင်ဖိုးထိုးတော့ သူတို့လင်မယား က ကိုးထောင်ဖိုး၊ ကျွန်တော်က သုံး သောင်းခွဲ၊ သူတို့ အိမ်အပေါ်ထပ်က အန်တီဒေါ်ခင်ရီက မယုံတယုံနဲ့ ထိုး လိုက်တာ သုံးထောင်ဖိုးရတယ်၊ ဈေး ထဲမှာလည်း သူ့မိန်းမက သူနဲ့ရင်းနှီးတဲ့ လူတွေ လျှောက်ပြောတာ ပေါက်ကြ သေးတယ်လေ။ ဒိုင်ဆိုတာတစ်ခါတည်း အော်သွားတယ်၊ တနင်္လာနေ့ သူပေး မယ့် ဂဏန်းကတော့ ရပ်ကွက်ထဲက ဒိုင်ရော ဒီအနီးအနားက ဒိုင်တွေမှာပါ ထိုးလို့ရမှာ မဟုတ်တော့ဘူး၊ သေချာ တယ်၊ တခြားမြို့နယ်တွေမှာ သွားထိုးမှ ရမယ်ထင်တယ်"

ဟု စိတ်ရှည်လက်ရှည် ရှင်းပြလေ သည်။

"ဒါနဲ့ နေပါဦးဗျ။ အခု သူ့အိမ်မှာ တွေ့ခဲ့လူတွေက ဂဏန်းလာတောင်း တာထင်တယ်၊ သူက ဘာဂဏန်းပေး လိုက်လဲ"

"ဘာဂဏန်းမှ လောလောဆယ် မပေးသေးပါဘူးဗျာ"

လောလောဆယ် စနေတနင်္ဂနွေ နှစ်ရက်ပိတ်ထားတော့ သူကလည်း ပုတီးလေး ဘာလေးစိပ်ပြီးတော့စဉ်းစား ဦးမယ်တဲ့။ တနင်္လာနေ့မနက်ရောက်မှ

www.burmeseclassic.com



ပေးမယ်တဲ့၊ တကယ်ဆိုရင် ဦးအောင်သန်းက လုပ်မစားတတ်လို့၊ ရိုးလို့ အခုသူ့ဆီ လာတဲ့ လူတွေကို လေ၊ တစ်ယောက်ကိုဂဏန်းလေးငါးခြောက်ကွက်မဲလေးတစ်ယောက်နဲ့တစ်ယောက်မတူအောင်ပေး၊ အဲ့ဒီထဲက တစ်ယောက်ယောက်တော့ ပေါက်ဦးမှာပဲလေ"

"ဟုတ်တယ် - ကျွန်တော်လည်း ခင်များတို့လို ဦးအောင်သန်းကို အနီးကပ် မပေါင်းဘူးပေမဲ့ သူ ရိုးသားမှန်း၊ သဘောကောင်းမှန်းတော့ သိပါတယ် ဗျာ၊ ဒါပေမဲ့ - ကျွန်တော်စိုးရိမ်တာတစ်ခုတော့ ရှိတယ်။ နှစ်လုံးဂဏန်းပေးတဲ့ ဘိုးတော်ဆိုပြီး အဆွဲခံရမှာပဲ စိုးတယ်"

သူကလည်း သွက်သွက်လက်လက်ပင် ထောက်ခံ၏။

"ဟုတ်တယ် - အစ်ကို၊ အစ်ကိုပြောတာမှန်တယ်"

ထို့နောက် အုန်းသီးငှက်ပျောသီးရောင်းသော ဦးအောင်သန်း၏ အိမ်နီးချင်းအား နှုတ်ဆက်၍ ထွက်လာခဲ့ပါသည်။ ထို့နောက် တနင်္လာနေ့တွင် ဦးအောင်သန်းပေးသော ဂဏန်းပါမပါ မေးကြည့်မိ၏။ ဦးအောင်သန်းက အားလုံးကိုတစ်ကွက်တည်းသာပေးသည်ဟုဆို၏။ သူပေးသည့် ဂဏန်းနှစ်လုံး၌ တစ်လုံးသာတူ၏။ သို့သော်သူပေးသော ဂဏန်းနှင့် အခြားဂဏန်းတွဲ၍ ထိုးသူအချို့နှင့် သူပေးသောဂဏန်းကိုပတ်ထိုးကြသူများ ပေါက်၏။ အင်္ဂါနေ့တွင်လည်း တစ်ကွက်တည်းပင်ပေး၏။ သို့သော် နှစ်လုံးစလုံးလွဲ၏။ ဗုဒ္ဓဟူးနေ့ရဲရဲတောက်ပင် ပေး၏။ သို့သော် နှစ်လုံးစလုံး လွဲ၏။ ဗုဒ္ဓဟူးနေ့ ရဲရဲတောက် တစ်ကွက်တည်းပင် ထိုးခိုင်း၏။ နှစ်လုံးစလုံး မပါ။ ဤသို့ဖြင့် ဦးအောင်သန်းမှာတဲ့ ကဂဏန်း တစ်လုံးတည်းသာပေးသော ဘိုးတော်ဘဝမှ နှစ်လုံးစလုံးမပါတော့တွေများလာ၍ပယ် ဂဏန်း နှစ်လုံးပေးသော ဘိုးတော်လေ၊ ဂဏန်းနှစ်လုံးပေးသော ဘိုးတော်၊ ရှောင်ဂဏန်းပေးသော ဘိုးတော်ဟူ၍ လူသိများ၏။ ထို့နောက် ဆယ်ရက်ကျော်ခန့်ကြာသောအခါ ဦးအောင်သန်းတို့လင်မယားရောင်းသည့်မုန့်ဆိုင်လေး ပြန်ဖွင့်လာသည်ကို တွေ့ရ၏။ ဂဏန်းလာတောင်းသော ပရိသတ်မရှိတော့၍ သူ့အလုပ် သူပြန်လုပ်နေလေပြီ။ ဘာပဲပြောပြော ဒီအလုပ်က သူတို့မိသားစုအတွက် အန္တရာယ်ကင်းသည်။ ရသည့်ငွေမှာလည်း သန့်ရှင်းသည်ဟု ကျွန်တော်ထင်သည်။ ဦးအောင်သန်းကတော့ အရင်လိုပင် လက်ဖက်ရည်ဆိုင်တွင် ဘောလုံးပွဲ လာကြည့်မြဲ၊ သူ့စိတ်နှင့် မတွေ့လျှင် ပွစိပွစိနဲ့ ဘောလုံးသမားများကို ဆဲမြဲ၊ ထို့အတူ တစ်ခါတစ်ရံ အရက်သောက်ပြီး လင်မယားနှစ်ယောက် စကားများမြဲ များနေကြသည်။ သို့သော် သူတို့လင်မယားကို အိမ်နီးချင်းများက မသိမသာ အမြဲလိုပင် အကဲခတ်နေကြသည်။ အထူးသဖြင့် လင်မယားစကားများလျှင် နားစွင့်ထားကြ၏။ ဦးအောင်သန်းကို ပူးကပ်သည့် အဘ ဝင်လေမလားဟု။

**အေးမောင်မောင်ဆန်း**

### ငှက်ဖျားဖြစ်သော်

- မြင်းခွာရွက်ရည်ကို ဂျပ်ကောင်းနှင့် ရောကြိတ်၍ သောက်ပါ။
- မြင်းခွာရွက်၊ ပင်စိမ်း၊ ဂျပ်ကောင်းမှုန့် ဆတူရော၍ သုံးရွေးခန့်လုံးပြီး တစ်နေ့နှစ်လုံး သောက်ပါ။

### စိန်စားမိသော်

- ကန်စွန်းရွက်နှင့် ရှားစောင်းရွက်ကို ရော၍ သောက်ပါ။

### ခြေတုန်လက်တုန်သေ


- ကြိတ်မှန်ရွက်ယိုဆေးစား ပေးပါ။

www.burmeseclassic.com




ဒဂုန်ရွှေမျှား

ကမ္ဘာမြေအောက်ခရီး





ဒဂုန်ရွှေမျှား

ထူးတစ်ထွေ


www.burmeseclassic.com

www.burmeseclassic.com




ဒဂုန်ရွှေမျှား

သုံးဖော်ညီနောင်




ဒဂုန်ရွှေမျှား

အဏ္ဏဝါရေအောက်ခရီး

www.burmeseclassic.com

www.burmeseclassic.com

# မင်းဘုန်းသိမ်သူ

သေဖလားရွှေဖလား
ဘဲကလပလား





ဟောင်းနွမ်းအိုမင်းနေသည့် ဇရပ်ပျက်ကြီးသည် ညအချိန်တွင် ကြောက်မက်ဖွယ်အဆင်းသဏ္ဌာန်ဖြင့် ရပ်တည်နေမည်မှာ သေချာသည်။ အိုမင်းဟောင်းနွမ်းခြင်း၊ အထီးကျန်ခြင်း၊ အရိပ်ခိုရန် မဝံ့မရဲဖြစ်ခြင်းတို့သည် ဇရပ်အိုကြီးတို့၏ ဝိသေသ လက္ခဏာများပင် ဖြစ်လိမ့်မည်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



# ဆပထုး ငှပထူး အာဃတူး

မင်းဘုန်းသိခ်သူ

နေ့အခါ မဆိုထားနှင့်၊ ညဉ့်မှာပင် တိတ်ဆိတ်ခြင်း၊ ကြောက်မက်ဖွယ်အဆင်းတို့ဖြင့် ပြိမ်သက်နေသော ဇရပ်အိုကြီးသည် ဘယ်အချိန်ကြည့်ကြည့်၊ သချိုင်းစောင့် ပြိတ္တာအိုကြီးနှင့် သဏ္ဌာန်တူသည်။ ရွာ၏အနောက်ဘက် အစွန်အဖျားတွင်ရှိ၍ အနီးပတ်ဝန်းကျင်မှ သက်ရှိလူသားမဆိုထားနှင့် ကျွဲနွားတိရစ္ဆာန်ပင် ယောင်မှားစွာ ဤနေရာသို့ လာဝံ့မည်မထင်ချေ။ လာရဲမည်မဟုတ်ချေ။

ဂူပျက်ဂူဆွေးနှင့် မှတ်တိုင်ပျက်မြေပုံဟောင်းများသည် ဇရပ်အိုကြီးကို ဝန်းရံကာဆီးထားပုံမှာ သူတောင်းစာ အဘိုးအို၏ သေအံ့ဆဲဆဲ ဝေဒနာကို ကရုဏာဖြင့် ဝိုင်းဝန်းကြည့်ရှုနေကြသည့် လမ်းဘေးနေ ပျံကျအပေအတေကောင်လေးတွေနှင့် သဏ္ဌာန်တူသည်။ ချုံပုတ်များ၊ သချိုင်းတွင်းရှိ နစ်ချို့တောစိုးသစ်ပင်ကြီးများသည် ငေးငြိမ်နေကြလျက် အရိပ်မည်းကြီးများက ချောက်ချားမှုကို ပံ့ပိုးနေသကဲ့သို့ ထင်ရသည်။ ကြောက်လန့်မှုကို အရောင်ဆိုးပေးနေကြသည်။

သချိုင်းမြေတွင်းတွင် သစ်ကိုင်း၊ အကျိုးအပဲ့များ အုတ်ဂူပျက်များမှ ထွက်လာသော အုတ်ကျိုးအုတ်ပဲ့ အင်္ဂတေစများသည် နေရာအနှံ့ ကြဲပြန့်နေသည်။ အမိုးပေါ်ရှိ သစ်ကိုင်းအကျိုးများကလည်း ဇရပ်ခေါင်မိုးပေါ်တွင် တစ်စွန်းတစ်စ တင်နေသေးသည်။ ခေါင်းမိုးသွပ်ပြားများလည်း လန်ထွက်နေကာ အချို့ရာသီဥတုဒဏ်က နှစ်ပရိစ္ဆေဒဒဏ်တို့ကြောင့် သံချေးအထပ်ထပ်စွဲထင်နေပြီး တွန့်လိမ်ကောက်ကွေးလျက် ရှိလေသည်။ ခေါင်စွန်းအလယ်ရှိသွပ်တစ်ချပ်မှာ ဗလာကျင်းနေပြီးတစ်နေရာသို့ လွင့်စဉ် ကျသွားပြီထင်သည်။ ထိုနေရာသို့ အလင်းရောင်စူးစူးက တည့်မတ်စွာ ကျရောက်နေသည်။

ဤဇရပ်ပျက်ကြီးထဲသို့ သူရောက်နေသည်မှာ ကြာလေပြီ။ မနေ့ညက ရောက်ခဲ့ပြီး ယနေ့ နေ့လယ်တိုင်ပေရာ နာရီပေါင်းနှစ်ဆယ်ခန့်ရှိပေပြီ။ သို့သော် အချိန်ကာလအားဖြင့် တွက်ကြည့်ပါက ခဏကလေးသာ အထင်ရသော်လည်း သူ့အဖို့က ကမ္ဘာပေါင်းများစွာ ကြာလိမ့်မည်ဟု ထင်သည်။ သူ့ဝမ်းဗိုက်ထဲမှာ အသက်ဇီဝ ဆက်လက်ရပ်တည်ရန်ဆို၍ ငှက်ပျောချဉ်သုံးလုံးသာ ဝမ်းဗိုက်ထဲမှာရှိနေသည်။ ထိုငှက်ပျောသီးကိုတော ကြောင်တစ်ကောင် သို့မဟုတ် ငှက်တွေ ချီသယ်လာခြင်းသာ ဖြစ်နိုင်သည်။ ထိုအစာကို စားခြင်းသာဖြစ်သည်။

ဇရပ်၏ ကြမ်းခင်းဖြစ်များသည် ဖုန်အလိမ်းလိမ်းထုတက်နေကာ ပေါက်သည့်နေရာက ပေါက်နေပြီ။ မဆင်မခြင်တက်နင်းပါက မြေကြီးလက်ခတ်မလွဲ ကျွံကျမှာသေချာသည်။ သူကဇရပ်ကြမ်းပြင် ဖုန်ထူထူထဲတွင် လှည်းကျင်းခြင်းမရှိဘဲ ထိုင်ချနေသည်။ သူ့အသွင်အပြင်ကိုကြည့်လျှင် စိတ်မာတတ်ရေးရာ ညှိုးနွမ်းကျဆင်းနေသည့် လူတစ်ယောက်၏ အသွင်သဏ္ဌာန်မှန်း သိသာလေ၏။ ဇရပ်တိုင်ကိုမှီပြီး မလှုပ်မယှက်ထိုင်နေပုံမှာ ရုတ်တရက် ကြည့်လိုက်လျှင် ဦးနှောက်သွေးကြောပြတ်ကာ သေဆုံးနေသည့်လူတစ်ယောက်နှင့် တူပေလိမ့်မည်။ ဒါပေမဲ့ ခန္ဓာကိုယ်က ဇရပ်ကြမ်းပြင်တွင်ထိုင်နေသော်လည်း သူ့အာရုံက ရွက်ကြွေတစ်ရွက်လို လွင့်ချင်ရာ လွင့်နေသည်။

ရုတ်တရက် လေပြင်းတစ်ချက် တိုက်လိုက်သဖြင့် အမိုးသွပ်ပြားတွေက တကျွီကျွီမြည်ကာ လှုပ်ယမ်းသွားသည်။ အလင်းရောင်ချို့တဲ့လွန်းလှသော ဇရပ်၏ တစ်နေရာမှ လင်းနို့ချေးနံ့က စူးရှပျံ့လွင့်လာသည်။ ထုပ်တန်းတစ်နေရာ





www.burmeseclassic.com

www.burmeseclassic.com



တွင် လျှို့ဝှက်တွယ်ကပ်နေသော ကိုယ်လုံးစိမ်းပြာရောင်တောက်တဲ့တစ်ကောင်ကလည်း သူ၏လှုပ်ရှားမှုကို တစ်ချိန်လုံးစောင့်ကြည့်နေသကဲ့သို့ ရှိလေသည်။

အချိန်ကားညနေစောင်းလာပေပြီ။ သူ့အတွက် သေခြင်းတရားကို ရင်ဆိုင်ရန် လက်တစ်ကမ်းသာ လိုတော့ပေသည်။ နောက်ထပ် နာရီအနည်းငယ်ဆိုလျှင် သူသည် ဘဝသစ်တစ်ခုသို့ ရောက်ရှိတော့မည်မှာ သေချာသည်၊ သည့်အတွက်လည်း ဝမ်းမြောက်ခြင်း မဖြစ်သလို ကြေကွဲခြင်းလည်း မဖြစ်ပါ၊ သူ၏ ဘဝဝင်္ကြေးကံတရား၏ စီမံဒက်ခတ်မှုသာဟု နှလုံးသွင်းနေမိတော့သည်။ သူ့ဘဝနိဂုံးအဆုံးသတ်ဖို့ဖြစ်ပေါ်လာသည်မှာ လွန်ခဲ့သည့်နာရီပေါင်းနှစ်ဆယ်ကျော်ကျော်၊ ဒါမှမဟုတ် ကစားပိုင်းသိမ်းပြီးခါကဟုဆိုကတိကျပေလိမ့်မည်။

စကားပိုင်းဟု ဆိုလိုက်သည်နှင့် ရင်ထဲကတဆစ်ဆစ်နာကျင်လာသည်၊ တကယ်တော့ ကစားပွဲသည် သူ့ဘဝဆက်လက်အသက်ရှင်ဖို့ ဒါမှမဟုတ် သေဆုံးဖို့ ကိရိယာတစ်ခုသာ ဖြစ်ခဲ့သည့် ဆုံးဖြတ်ချက်ချခဲ့သည့် ကစားပွဲတစ်ခုသာ ဖြစ်ခဲ့သည်။ ယခုတော့ ထိုအရာများသည် ကျန်ရစ်ခဲ့တော့မည်။

ဩော် - အမေနှင့် ညီမလေး။

သူ့အမိကထားရစ်ခဲ့ရသည့်သက်ရှိလူသားနှစ်ဦးမှာ အမေနှင့် ညီမလေးဖြစ်သည်။ အမေသည် မျက်မမြင် မိခင်အို မုဆိုးမ၊ ညီမလေးက ရွာ၏ ဈေးတွင်ဈေးရောင်းသည့် ဈေးသည်လေးတစ်ဦးသာ ဖြစ်သည်၊ သူတို့မိသားစုတွင် လယ်ကလေး ၃ ဧကရှိသည်၊ နွားတစ်ရှဉ်းရှိသည်။ နွားတစ်ရှဉ်းသည်လယ်ယာလုပ်ငန်းအတွက် သူတို့၏ မှီခိုအားထားရာ ယန္တရားအသက်အိုးအိမ်ဖြစ်သည်။

ယခုတော့...

သူ၏ မိုက်မဲမှုကြောင့် နွားတစ်ရှဉ်းသည် ကစားပိုင်းတွင်ဆုံးသွားပြီ။ အရှုံးနှင့် ရင်ဆိုင်ခဲ့ရပြီ။ ဒီအတွက်နှင့်ကိုယ့်ကိုယ်ကိုယ် သက်သေဖို့သာ ကောင်းသည်။ သူသည် ရိုးသားသူတစ်ယောက်၊ ပညာမဲ့ကျေးတောသားတစ်ယောက်၊ မဟုတ်မခံစိတ်ရှိသူတစ်ယောက်၊ သို့သော် ဖဲဝိုင်းမြင်လျှင်ကား တားမရ၊ ဆီးမရအောင် ထမင်းမေ့ဟင်းမေ့ ဖဲချပ်များအပေါ်တွယ်တာစိတ်က သူ့အသက်ကို ချွေတော့မည်၊ နွားတစ်ရှဉ်းလုံး ဖဲဝိုင်းမှာ ဆုံးရှုံးအောင် ကစားခဲ့သည့်သူ့အဖြစ်ကို အမေနှင့် ညီမလေးသိလျှင်...။





သူ ဆက်မတွေးရဲတော့၊ မစဉ်းစားရဲတော့ပေ၊ ဖဲဝိုင်းသည်လည်းကောင်း၊ ဖဲချပ်များသည်လည်းကောင်း သူ့ခန္ဓာကိုယ်ရှိ အကုသိုလ်ပိုးများနှင့် ပူးပေါင်းကာ သူ့အသက်ကို ချွေတော့မည်။

သူသည် ခါးပုံစထဲမှ နဖားကြိုးချည်သည့် ကြိုးခွေကို ထုတ်လိုက်လေသည်၊ သည်ကြိုးခွေသည် ဖဲဝိုင်းတွင် သူရှုံးနိမ့်ခဲ့သည့် ဒိုင်း၏လက်သို့ ထိုးအပ်ခဲ့ရသည့် နွားနှစ်ကောင်ကို ချည်နှောင်သည့်နဖားကြိုးများဖြစ်သည်။ ယခုတော့ နဖားကြိုးများကပင် သူ့ကို လှလှကြီး ဒဏ်ခတ်တော့ပေမည်။ နောက်ထပ် မိနစ်အနည်းငယ်ဆိုလျှင် လူ့ဘဝမှ စွန့်လွှတ်ရပြီး ဘဝသစ်တစ်ခုသို့ ရောက်ရမည်မှာ သေချာသည်၊ သူ့အလောင်းကို တော့ လူတွေ ချက်ချင်းတွေ့နိုင်ပါ့မလား၊ လူသူ ဖြတ်သွားဖြတ်လာ နည်းသည့် သချိုင်းဇရပ်အိုကြီးထဲတွင် သူ၏ လည်ပင်းကြိုးတန်းလန်းနှင့် ရုပ်အလောင်းကို ရက်ပေါင်းတော်တော်ကြာမှ လူတွေ တွေ့ကြလိမ့်မည်၊ ထိုအခါတွင်တော့ သူ့အလောင်းသည်ပုပ်ပွရိရွဲကာပိုးလောက်တွေ တဖွားဖွား တက်နေပေလိမ့်မည်၊ ထိုအခါမှပင် အမေနှင့် ညီမလေး သိရှိကာ ကြေကွဲကြတော့မည်၊

လောလောဆယ် သူ့ရင်ထဲမှာ ခေါသချင်စိတ်သာရှိသည်၊ သေမှ ဝဋ်ကျွတ်မည်၊ ဇီဇဉာက်ဆိုးသည် သေမှ ဇီဝိန်ချုပ်မှ ဝဋ်ကျွတ်တော့မည်။ သေပါစေ - ငါမြန်မြန်သေပါစေ...။

ငါးတောင်ခန့် ရှည်လျားသည့် နွားနဖားကြိုးဖြူဖြူသည် သူ၏လက်ချောင်းများကြားတွင် အဆိပ်ပြင်းထန်သော မြွေတစ်ကောင်လို ပါလာသည်၊ ယခုတော့ ကြိုးဖြူဖြူသည့် သူ့အား တမလွန်လောကဆီသို့ ယခုပင် ပို့ဆောင်ပေးတော့မည့် အမြန်ယာဉ်တစ်စီး ပေတကား။

⚓

သူ ဇရပ်ထုပ်တန်းကို မော့ကြည့်လိုက်သည်၊ ညနေခင်းနေချိုချိုအောက်တွင် ပီသစွာ မြင်နေရသေးသည့် ဇရပ်တန်းသည် လက်ခုပ်တစ်ဖောင်စာကမြင့်မားသည်၊ ကောင်းသည်၊ အဲဒါမှ ခပ်မြန်မြန်သေမည်၊

သူသည် လျှာတန်းလန်းနှင့် မျက်လုံးကြီး ပြူးထွက်ကျနေမည့် သူ့ပုံပန်းသွင်ကို စိတ်ကူးဖြင့် မြင်ယောင်ကြည့်လိုက်သေးသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ကြာတယ်ကွာ-ထုပ်ပေါ်တက်ပြီး ကြိုးချည်မှ"

သူသည်ဇရပ်တိုင်မှဖက်တွယ်ကာ ထုပ်လျှောက်ပေါ်တက်လာသည်၊

"အား-အား-အား"

ရုတ်တရက် ဇရပ်အပြင်မှ ကျီးကန်းများတအားအားအော်သံထွက်ပေါ်လာသည်။ ဇရပ်ထောင့်တစ်နေရာမှ အိမ်မြှောင်တစ်ကောင်က စုတ်ထိုးပြန်သည်။ မျက်လုံးစိမ်းနှင့်ရောမတောက်တဲ့ကြီးက သူ့ကို နားမလည်ဟန်ဖြင့် စိုက်ကြည့်နေသည်၊ ဂီးခနဲ ဇှက်ဆိုးအော်သံထွက်ပေါ်လာသည်၊

သူတစ်ချက် တွေဝေသွားသေးသည်။ သေမယ့်လူက ဘာတွေစဉ်းစားနေတာလဲ။ သေမှာဖြင့် မြန်မြန်သေတာပဲကောင်းတယ်။ ကဲ-သေကြစို့-မြန်မြန်သေကြစို့၊

ကြိုးဖြုကို ထုပ်တန်းမှာ ခပ်ခိုင်ခိုင်ချည်သည်။ လည်ပင်းကိုစွပ်ရန် ကွင်းလျှောကိုတော့ မနက်ကတည်းက ဖြုလုပ်ပြီးသားဖြစ်သည်၊ ထုပ်တန်းမှာကြိုးခိုင်ပြီဆိုလျှင် လည်ပင်းကိုစွပ်ပြီး ခုန်ချလိုက်ရုံသာ။

ထုပ်တန်းပေါ်မှအောက်ကိုငုံ့ကြည့်လိုက်လျှင် လူတစ်ရပ်မကမြင့်သည့် အကွာအဝေးကို သူ ချိန်ဆနေသည်။ ဒါဆို လည်ပင်းကို ကြိုးကွင်းစွပ်ပြီး ဒူးကွေးစရာမလိုဘဲ ခုန်ချလိုက်လျှင်ပင် လူ့ဘဝပြတ်ပြီ။ သူသည်ကွင်းလျှောကြိုးကို လွယ်ကူစွာ အဆင်ပြေမပြေကြည့်ရှုစစ်ဆေးပြီး လည်ပင်းဆီသို့ ကွင်းလျှောကို သူ၏ လက်များက တိတိကျကျ၊ မိမိရရ ရောက်ရှိသွားချိန်တွင် တစ်စုံတစ်ယောက်၏ ညည်းညူသံလား၊ စုတ်သပ်သံလား၊ မသဲကွဲသော အသံတစ်သံသည် သူ့နားထဲသို့ ပီပီသသ တိုးဝင်လာသည်။ ထို့ကြောင့် ကြိုးကွင်းကို မစွပ်သေးဘဲ အသံလာရာ ဇရပ်ထောင့် အမှောင်ဆုံး နေရာဆီသို့ သူ၏မျက်လုံးများကရောက်ရှိသွားတော့သည်၊ တစ္ဆေလား။

ပထမတော့ တောတိရစ္ဆာန်တစ်ကောင်၏အသံ၊ လေတိုးသံဟု ထင်မှတ်ခဲ့သေးသည်။ အသံသည် သချိုင်း၏ ဇရပ်အိုထောင့်တစ်နေရာမှ သေချာစွာထွက်ပေါ်လာခြင်းဖြစ်ရကား တစ္ဆေဖြစ်သည်မှာ သေချာပေပြီ။ ခုတော့ ကြိုးဆွဲချကာနီး လူတစ်ယောက်ကို တစ္ဆေခြောက်လေပြီကော။





သူ အသံလာရာဆီသို့ အာရုံလွှင့်နေဆဲမှာပင် ထူးဆန်းအံ့ဩစရာကောင်းသော ဒါမှမဟုတ် ထိတ်လန့်စရာကောင်းသည့် ဖြစ်ရပ်တစ်ခုက ဖြစ်ပွားသွားခဲ့သည်။

"ဟေ့-လူမိုက်"

ကျယ်လောင်စူးရှသောလူတစ်ယောက်၏အော်သံ၊ ထိုအော်သံကြောင့်ပင် သူသည် လက်ထဲမှာကိုင်ထားသော သေမင်းတမန်နဖားကြိုးကို လွှတ်ချလိုက်မိသည်၊ ဒါမှမဟုတ် လွှတ်ကျသွားတာလည်းဖြစ်နိုင်သည်၊ အသံလာရာသို့ ငုံ့ကြည့်လိုက်သည်၊ လူတစ်ယောက်၊ စောင်အညိုကြီး ခြုံထားသော လူတစ်ယောက်၊ သူ ထုပ်တန်းပေါ်မှပင် မဆင်းသေးဘဲ ငုံ့ကြည့်နေသည်၊ သရဲခြောက်တာ သေချာလေပြီ၊ ထိုစဉ် ဇရပ်ထောင့် အမှောင်ထဲမှလူသည်ထုပ်တန်းအောက်သို့ လျှောက်လာသည်၊ ထိုအခါ သူ ထင်ထင်ရှားရှား မြင်လိုက်ရကာ မှတ်မိသွားသည်၊ စိတ်သက်သာရာရသွားသည်၊

"လက်စသတ်တော့ ဦးဂေါ်လီကြီးကိုး"

သူ ထုပ်တန်းပေါ်မှ လွှားခနဲ ခုန်ချလိုက်သည်၊ ဦးဂေါ်လီကြီးနှင့် မျက်နှာချင်းဆိုင်သည်၊ လွန်ခဲ့သည့်နှစ်အနည်းငယ်က ရွာသို့ ထူးဆန်းစွာ ရောက်ရှိလာသော အရူးလိုလို လူကြီးတစ်ယောက်၊ ဆံပင်ရှည်၊ မုတ်ဆိတ်မွေးရှည်ကြီးများနှင့် ညှဉ်းသိုးသိုးလူကြီးတစ်ယောက်၊ လူတွေက ငပေါ၊ အရူးကြီးဟု သတ်မှတ်ထားသည့် ကျပ်မပြည့်သည့်လူကြီးတစ်ယောက်ကသူ့ကိုလူမိုက်ဟုခေါ်နေချေပြီကော၊ သူ့အဖြစ်သည် သေဖို့သာကောင်းသည်၊

"လူမိုက်-ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်တာ ဟုတ်လား"

"ဟုတ်တယ်-စိတ်ညစ်လို့ဗျာ၊ သေချင်တယ်"

"စိတ်ညစ်တိုင်းသာ သတ်သေရရင် လူ့ပြည်မှာ လူတောင်မရှိတော့ဘူးကွ-အရူးရဲ့"

ဟား-ဟား-ဟား-အရူးက သူ့ကို အရူးပြန်ခေါ်နေချေပြီကော၊ ဒါပေမဲ့-သူ ပြန်လှန် မေးခွန်းတွေမေးရန် ပြောရန် ခွန်အားမရှိ၊

"ခင်ဗျား သက်သက်မဲ့ [illegible] ယှက်တာပဲ ဦးဂေါ်လီ၊ ကျုပ် သေ[illegible] လို့"

ဦးဂေါ်လီသည် ပြာနမ်းနမ်း [illegible] ခမ်းကြီးကို တစ်ချက်မျှ ရွှဲ့လိုက်[illegible] သည်၊

www.burmeseclassic.com

www.burmeseclassic.com



"မင်း ခုထက်ထိ နောင်တမရသေးပါလားကွ၊ မင်း ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်ရတာလဲဆိုတာ ငါသိတယ် ဟောကောင်၊ မင်း ဖဲရှုံးလို့ မှတ်လား"

"ဟုတ်တယ်။ ဖဲက ကျုပ်ကိုကောင်းကျိုးမပေးမှန်းသိပေမယ့်လည်း ကျုပ်ဖဲရိုက်ချင်တဲ့ဇီဇကို မချိုးနှိမ်နိုင်ဘူး။ ရှုံးလေ ရိုက်လေပဲ။ တစ်ခါမှလည်း ဖဲရိုက်လို့ နိုင်တယ်မရှိပါဘူး ဦးဂေါ်လီ။ ရှုံးတာချည်းပါပဲ။ ခု နွားတစ်ရှဉ်းကုန်အောင် ဖဲရှုံးလို့ အိမ်မပြန်ရဲဘူး၊ သတ်သေရအောင် မနေ့ညတည်းက ဒီကိုရောက်နေတာ"

"ဒီလိုမှန်းသိ မတားပါဘူး လူမိုက်၊ သေလိုက်ပါလားကွာ"

သူ ပြုံးနေလိုက်သည်။ ဆက်၍ မေးပြန်သည်။

"မင်း နာမည်ဘယ်လိုခေါ်သတုံး လူမိုက်ရဲ့"

ဦးဂေါ်လီကိုသူတစ်ချက်စိုက်ကြည့်သည်။

"ပေတူး - သေချင်ပါတယ် ဆိုမှ မေးခွန်းတွေ လာမေးနေပြန်ပြီ"

"ဘာရယ်"

"ပေတူး"

"ဟား - ဟား - ဟား - ရယ်ရတယ်။ ပြည့်ပြည့်စုံစုံပြောစမ်းပါကွာ၊ မင်းနာမည် အာပေတူး၊ ဟုတ်တယ်။ အာပေတူးမှတ်လား၊ လူက ရိုးပုံရိုးလက်၊ မဟုတ်မခံစိတ်ရှိပုံနဲ့ ကိုယ်နဲ့မဆိုင်ဘဲ နေရာတကာ ဝင်ဝင်အာချောင်လို့ ပြဿနာဖြစ်ပေါင်းများပြီ။ ဒါကြောင့် အာပေတူးလို့ ခေါ်တာ မဟုတ်လား။ လူမိုက် - သေလိုက်လေ"

"ခင်ဗျားက ရှုံးတယ်သာဆိုတယ်၊ ကျုပ်အကြောင်းကို ဂယနကာသိနေပါကလားဗျ"

လူတကာက အရူးဟု သတ်မှတ်ထားပြီး ပေါက်ကရတွေ တတွတ်တွတ်တောင်စဉ်ရေမရတွေ ပြောတတ်သည့် လူရူးတစ်ယောက်က ခုချိန်မှာတော့ တူတူတန်တန် လူကောင်းတစ်ယောက်ကဲ့သို့စကားတွေပြောနေပါပကောလား။ သူသည် ဦးဂေါ်လီကြီးကို သံသယစိတ်ဖြင့် စိုက်ကြည့်နေမိသည်။ ဒီအရူးကြီးဟာ ဘာလဲ၊ တမင်ရူးချင်ယောင်ဆောင်နေတဲ့ လူကြီးလား။

"အာပေတူး"

"ပြောလေ - ဦးဂေါ်လီ"

"မင်း - ဖဲမရိုက်ဘဲနေလို့မရဘူးလား"

"မရဘူး - ဖဲဝိုင်းမြင်တာနဲ့ အသားထဲ ရိုးတွင်းချဉ်ဆီထဲက ဖဲပိုးတွေဟာ ရှုစိရှုစိ တက်လာပြီး ဦးနှောက်ကို ကိုက်ခဲတော့တာပဲဗျို့"

ဦးဂေါ်လီသည် ခြုံထားသောစောင်ကြီးကို ဖယ်လိုက်ပြီး ကြမ်းပြင်ပေါ် ထိုင်ချလိုက်သည်။ သူကပါ ရောယောင်ပြီး ထိုင်လိုက်မိသည်။ ဇရပ်၏ ကြမ်းပြင်သည် ဖုန်းအလိမ်းလိမ်းဖြစ်နေသော်လည်း နှစ်ယောက်စလုံး ပြိုင်တူထိုင်လိုက်ကြခြင်းဖြစ်သည်။

"မင်းက ဦးနှောက်နည်းတဲ့ကောင်ပဲ၊ ရိုးသားတယ်၊ ထုံထိုင်းတယ်ဆိုတာပဲ မင်းမှာရှိတယ်။ ပြီးတော့ ကလိမ်ကကျစ်မကျတတ်ဘူး။ သူတစ်ဖက်သားကို သနားကြင်နာတတ်တယ်။ ဟုတ်တယ်မှတ်လား"

သူ ဦးဂေါ်လီကြီးကို အံ့ဩတကြီးငေးကြည့်နေမိသည်။ ဒီအရူးကြီးက သူ့အကြောင်းတွေကို သိနေပါပေါ့ကလား။ ဘယ်လို အရူးကြီးပါလိမ့်၊

"ဖဲရိုက်တယ်ဆိုတာ နိုင်ချင်လို့ပဲ၊ ပြိုင်ဘက်တွေကို သနားကြင်နာစိတ်ရှိနေရင် ဖဲဝင်မရိုက်နဲ့တော့။ မင်းမှာရှိတာသာ အလကားပေးလိုက် ကုသိုလ်ရမှာ။ အေး - မှတ်ထားကွ၊ ဖဲရိုက်တယ်ဆိုတာ ကံကော၊ ဉာဏ်ကောပါရတယ်။ ကောက်ကျစ်ချင် ကောက်ကျစ်ရမှာပဲ၊ အေး - သတ္တိတော့ ရှိဖို့လိုတယ်ဟေ့။ မင်း ဖဲရိုက်တာကို မစွန့်နိုင်ရင် သူများထက် နာတစ်ဖျားသာအောင်လုပ်ဟေ့၊ အာပေတူး"

သူဟုတ်ကဲ့ဟုဝန်ခံချက်ပေးလိုက်မိသည်။ ဦးဂေါ်လီသည် ဇရပ်ပြင်သို့ငေးကြည့်လိုက်လေသည်၊ ဇရပ်အပြင်တွင် အမှောင်ပင် ပျိုးစပြုလာသည်။

"မင်း နွားတစ်ရှဉ်းဖဲရှုံးလို့ဒိုင်လက်ထဲကို ထည့်ပြီး ပြန်ထွက်သွားပြီတဲ့နောက်တိုင်းမှာ ဖဲဝိုင်းထဲမှာ ဘာတွေဖြစ်ပြီး ကျန်ရစ်ခဲ့သလဲဆိုတာ မင်းသိလား"

"မသိဘူး - ကျုပ် ဖဲဝိုင်းထဲက ထလာတော့ ကျန်ရစ်တဲ့ လူတွေက ဆက်ရိုက်ကြတယ်။ ကျုပ် ဝိုင်းထဲမှာ နေဖို့ ခွန်အား မရှိတော့ဘူး။ ဒါကြောင့် ထလာပြီး ဒီဇရပ်ထဲမှာ တစ်ညလုံး လာအိပ်နေတာပေါ့၊ သေချင်တယ်ဗျာ၊ သေချင်တယ်"

ဦးဂေါ်လီသည် တဟားဟား ရယ်ပြန်လေသည်။

"ဟီး - ဟီး - ဟီး - မင်း ဖဲဝိုင်းက ထလစ်သွားတော့ သိပ်မကြာလိုက်ဘူး။

www.burmeseclassic.com



ပြဿနာတွေ တက်တော့တာပဲဟေ့ ကောင်၊ အာပေတူး"

သူ အံ့ဩသွားသည်၊ ဘာတွေ ဖြစ်သွားခဲ့ပါလိမ့်။

"ဘာတွေ ဆက်ဖြစ်သလဲဆိုတာ ပြောပြပါဦး"

"ဘာတွေဆက်ဖြစ်ရမှာလဲကွ၊ ဒိုင်ကဖဲလိမ်ရိုက်မှုတွေ ပေါ်ကုန်ပြီ။ ခုတ်ကြ ထစ်ကြလုသတ်ပွဲကြီး ဆက်ဖြစ်တာပေ့ါကွာ၊ ဒိုင်ကဒီရွာကမဟုတ်ဘူးမှတ်လား၊ သူနဲ့ အဖော်နှစ်ယောက်ပါလာသေးတယ်။ ဘာပြောကောင်းမလဲ"

"ဟုတ်လား - ဘာတွေဆက်ဖြစ်ကြသလဲ ပြောစမ်းပါဦး ဦးဂေါ်လီ"

"ရွာခံတွေက ဆော်ကြတာပေ့ါ၊ သုံးယောက်စလုံး ဒိုင်အပါအဝင် ပွဲချင်းကိုပြီးရောပဲ"

သူ အံ့ဩထိတ်လန့်သွားသည်၊ မထင်မှတ်နိုင်သည့်စကားတွေ။ ဒီအရွးအပေအတေကြီးက ဘယ်လို ဒီစကားတွေက ကြားသောရပါလိမ့်မယ်။

"ဘယ်လိုဖြစ်ကြတာလဲဗျာ"

"ဘယ်လိုဖြစ်ရမှာလဲညာက်နဲ့ဖဲလိမ်ရိုက်ကြတော့ ရွာကသိတော့ ဝိုင်းရှတာပေ့ါ"

"ဦးဂေါ်လီက ဘယ်လိုလုပ်သိ"

"အဲဒီဝိုင်းနားမှာ ငါရှိတယ်၊ ငါလာတော့မင်းထွက်သွားပြီးနှားနစ်ကောင်ကို ဖဲဒိုင်ကို ထိုးအပ်ပြီး ထွက်သွားပြီ"

"ဒိုင်နဲ့နှစ်ယောက်ကိုဝိုင်းရှကြတာ ပွဲချင်းချင် - ပြီးပဲလား"

"သြော် - ကျားကိုက်တာတောင် အပေါက်ကလေးနဲ့လား မေးသလိုဖြစ်နေပြီ"

သိချင်စိတ်က များနေသည်၊ ဖဲဝိုင်းမှာ ဘာတွေဖြစ်သွားတာလဲ၊

"ဒါနဲ့ - ဆက်ပြောပါဦး ဦးဂေါ်လီ၊ ဘာတွေ ဆက်ဖြစ်သေးသလဲ"

"ဖဲလိမ်ရိုက်ပါပြီဆိုမှ ရှေ့က ဆော့ကစားထားတာတွေလည်း ပြန်လျော်ပေ့ါကွ"

"ဟာ - ဟုတ်လားကျွန်တော့်ရဲ့နွားနစ်ကောင်ကော"

"ကာလသားတွေမင်းအိမ်ကိုသွားပို့လိုက်ကြပြီ၊ ဟေ့ကောင် - လူမိုက်၊ မင်းသေချင်စိတ်ရှိသေးလား"

သူ ခေါင်းခါလိုက်သည်၊ အဖြစ်အပျက်တွေက မြန်ဆန်ပြောင်းလဲလွန်းလှသည်၊ ကံတရား၏ လှည့်စားမှုကမျက် လှည့် ဆန် လွန်း လှ ချေသည်တကား၊ တကယ်လို့များ သူ ဆွဲကြိုးချသေသွားခဲ့လျှင် ဦးဂေါ်လီပြောပြသည့် အဖြစ်အပျက်တွေကို သူ သိနိုင်တော့မည် မဟုတ်၊ အသက် တစ်ချောင်း အချည်းနှီးဖြစ်ရမည့်ကိန်းမှ အရွးကြီး တစ်ယောက်က ဝင်ကယ်ခဲ့သည်၊ ဆိုလျှင် - သည်အချိန်မှာ အရွးကြီးဟု သတ်မှတ်ထားသူ တစ်ယောက်က စကားအတည်တွေ ပြောနေတာကလည်း ထူးဆန်းသည်။

သူ ဦးဂေါ်လီကြီးကို ကျေးဇူးတင်မိသွားသည်။

"လူမိုက်"

"ပြောလေ ဦးဂေါ်လီ"

"မင်း ဘာဝေါ်နေတာလဲ"

"ဦးဂေါ်လီကို ကျေးဇူးတင်လို့"

"ငါ့ကို ကျေးဇူးမတင်နဲ့၊ ကံတရားကို ကျေးဇူးတင်စမ်း လူမိုက်"

"ဘာပဲဖြစ်ဖြစ်၊ ဦးဂေါ်လီက ကျွန်တော့်ကျေးဇူးရှင်ပဲလေ"

"ငါ ဘယ်သူ့ကျေးဇူးမှ အတင်မခံချင်ဘူး"

စကားစ ပြတ်သွားသည်၊ ညကား တဖြည်းဖြည်း မှောင်ရီအေးစက်လာလေပြီ။ သချိုင်းမြေသည် သစ်ပင်ကြီးများ ထူထဲပိတ်မှောင်နေခြင်း၊ လူသူကင်းဝေးကာ တိတ်ဆိတ်နေခြင်း၊ သချိုင်းတွင်အိပ်တန်းဝင်သည့်ငှက်များ၏အသံသာ ရှိနေခြင်းသည်ချောက်ချားဖွယ်ရာဖြစ်စေသည်။

⚘

"အု - ဂူး - ဂူး"

ခွေးလေခွေးလွင့်တစ်ကောင်၏ ရှတ်တရက်အူသံ၊ ဦးဂေါ်လီကြီးသည် ဇရပ်ပေါ်မှ ဆင်းသွားကာ လှေကားထစ်အောက်တွင် ထင်းပေါက်တွေဖြင့် မီးဖိုလေသည်၊ လေစိမ်းတွေ ဇရပ်ထဲသို့ လွင့်ဝဲလာသည်၊ ထိုအခါမှ သူ ချမ်းရမှန်းသိလာသည်၊ ဆာရလောင်ရမှန်း သိလာသည်၊ မီးပုံမှ မီးတောက်စွဲသည်နှင့် ဦးဂေါ်လီ ဇရပ်ပေါ်ပြန်တက်လာသည်၊ သူ့ကိုစကားမပြောတော့ဘဲ အထုပ်တစ်ထုပ်ကို ဖြေကာ ရေတစ်ခွက်နှင့် အားရပါးရ စားလေသည်၊ တစ်လုတ်နှစ်လုတ်စားပြီးသည်နှင့် သူ့ကို လှမ်းကြည့်သည်။

"လူမိုက် - ဗိုက်ဆာရင် လာစား၊ ဟင်းကတော့မကောင်းဘူး၊ ထမင်းဆိုင်ကနေ တောင်းလာတာဟေ့"

သူ လှမ်းကြည့်လိုက်တော့ ဟင်းကမွှေးနေသည်၊ မဆလာနံ့ရသည်၊ လျှာကိုနှုတ်ခမ်းနှင့်ထိကာ သိမ်းလိုက်မိသည်၊ ဝမ်းထဲမှာ တကြုတ်ကြုတ် ဝင်မြည်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ဝမ်းမီးတောက်စက်ဖြစ်သည့် အစာအိမ်အသေးစားလေးဆီမှ အင်ဂျင် အသေးစားလေး၏ မောင်းနှင်သံပဲ ဖြစ်လိမ့်မည်၊ လူသည်ဝမ်းမီးစက် အဆက်မပြတ် လည်ပတ်နိုင်ရေးအတွက် ဘဝတစ်လျှောက်ရုန်းကန်ခဲ့ရသည်၊ တိုက်ပွဲတွေ နွှဲခဲ့ရသည်၊ လူးလိမ့်အောင် စံခဲ့ရသည်၊

"လာလေကွာ"

သူမရှက်နိုင်တော့၊ နေရာမှထကာ ဦးဂေါ်လီဆီသို့ ရွေ့သွားမိသည်၊ ထမင်းပုံထဲမှာ ငါးဟင်းနှင့် ဘဲဥတစ်လုံး တွေ့သည်၊ သူ အနည်းငယ် ယူစားသည်၊ အရသာရှိလိုက်သည့် ဖြစ်ခြင်း၊ ဘဝတစ်သက်တာမှာသည်လောက်အရသာရှိသည့် ထမင်းမျိုး သူမစားဘူးခဲ့၊ ဆာလောင်မွတ်သိပ်နေ၍ပဲဖြစ်မည်၊ ဝမ်းဗိုက်ထဲတွင် အစာအိမ် အတန်ငယ် ငြိမ်သက်သွားသည်နှင့် -

"လူမိုက်"

"ဗျာ"

"ထမင်းစားပြီးရင် အိမ်ပြန်တော့၊ အိမ်မှာ မင်းအဖေနဲ့ ညီမလေး စိတ်ပူနေပြီ"

သူ ရုတ်တရက် တွေသွားသည်၊ ရင်ထဲမှာ မကျေနပ်စိတ်က ရုတ်တရက် ရုန်းကြွသွားသည်၊ ဘာကိုမကျေနပ်တာလဲ၊ ဟုတ်တယ်၊ ဒိုင်ကိုင်သည့် ကောင်နှင့် သူ့ပါတနာများ၊ တစ်နည်းအားဖြင့် ဖဲလိမ်ရိုက်သည့် လူယုတ်မာများ၊ ဘယ်လိုများ ဖဲလိမ်ရိုက်ကြပါလိမ့်၊ ဖဲဝိုင်းတွင် လက်ရင်းနှင့် လက်ဖျားသည် ဒိုင်၏လူများ၊ နေရာမရွေ့ တဖြည်းဖြည်း သယ်ယူသွားသည့် ငွေပုံကြီးထဲမှာ သူ၏ နွားနှစ်ကောင်၊ နိုင်းနွားနှစ်ကောင် ပါသွားခဲ့သည်မဟုတ်ပါလား၊ ကံကောင်း၍သာ နိုင်းနွားနှစ်ကောင် ပြန်လွတ်လာခြင်းဖြစ်သည်၊

ဘာပဲဖြစ်ဖြစ် အိမ်ကို ရုတ်တရက်တော့မပြန်ချင်၊ ဒါကလည်း သူ၏ရှုံးသွပ်မှု၊ ဖဲအပေါ် သေချင်ဇောက်အောင် မြူပ်နှံမိသည့်စိတ်ကြောင့်ပဲ ဖြစ်သည်၊ ရွှေးမြီးကောက် ကျည်တောက်စွပ်ဆိုသော စကားသည် သူ့အတွက်ပဲ ဖြစ်လိမ့်မည်ထင်သည်၊

ဦးဂေါ်လီသည် သူ့ကို ခပ်တွေတွေ စိုက်ကြည့်ကာ နောက်ဆုံး ထမင်းလုတ်ကို သွတ်သွင်းလိုက်ပြီး အကြွင်းအကျန်တွေကို စုသိမ်းကာ ဇရပ်အောက်သို့ ဆင်းသွားသည်၊ ခဏကြာတော့ ပြန်တက်လာသည်၊ ဇရပ်အောက်တွင် မီးတောက်မီးလျှံတွေ တောင်လောင်နေသော မီးဖိုက အရှိန်ရစ ပြုလာပေပြီ၊

ဦးဂေါ်လီသည် ဇရပ်တောင့်ရေအိုးမှ အုန်းမှုတ်ခွက်ကိုယူကာ ရေသောက်သည်၊

"လူမိုက်…မင်း…ဖဲအပေါ်သံယောဇဉ်မပြတ်နိုင်ဘူး မှတ်လား"

သူ တွေငိုင်သွားသည်၊ ဘာဆက်ပြောရမလဲ၊ ဦးဂေါ်လီက လူမိုက်လို့ပဲ ဆက်ပြောမှာ၊ သူမဖြေ၊ ဦးဂေါ်လီကြီးကို မော့ကြည့်သည်၊ ဦးဂေါ်လီက သူ့နားမှာ ဝင်ထိုင်ကာ လေချဉ်တစ်ချက် ပျို့လိုက်သည်၊ စုတ်တစ်ချက် သပ်သည်၊

# ၆

ဝေး–ဒီသုသာန်ထဲမှာ
မှီတင်းနေထိုင်ကြကုန်တဲ့ မကျွတ်မလွတ်
အစိမ်းသရဲ တစ္ဆေ ဖဲသမားသူငယ်ချင်း
မိတ်ဆွေအပေါင်းတို့ရေ–ငါနဲ့အတူ
ဖဲရိုက်ကြရလေအောင် လာကြပါဟေ့
ပျော်ပျော်ပါးပါး ကစားရအောင်၊
မင်းတို့လည်း သရဲတစ္ဆေဘဝမှာ
ဖဲရိုက်စရာ အဖော်မရှိကြတော့၊
ပျင်းနေကြပြီပေါ့နော်၊ လာကြဟေ့
လာကြ ငါနဲ့အတူ ဖဲလာကစားကြ၊
ငါ ဒိုင်ကိုင်မယ်နော်



www.burmeseclassic.com



“အေး - မင်း ဖဲအပေါ်သံယောဇဉ် မပြတ်နိုင်ဘူး။ သေတာတောင် နောင်ဘဝအထိ ဖဲဆက်ရိုက်မယ့် ကောင်ပဲ၊ ကဲကွာ မင်းကိုငါကူညီမယ်။ ကတိသစ္စာတော့ တည်ဖို့လိုတယ်၊ မင်းတာ အာပေအတေ လူရိုးလူးဖြောင့်မို့ ငါကူညီမှာ”

သူ ဆတ်ခနဲ မော့လိုက်သည်၊ သူ့မျက်ဝန်းထဲမှာဦးဂေါ်လီကိုအထင်အမြင်သေးသည့် ပုံရိပ်တွေ။ မျက်လုံးများကသေးကြုံသွားကာ လှောင်ပြုံးတစ်ချက်ပြုံးလိုက်၏၊ အာပေအတေ ခြေသလုံးအိမ်တိုင် အရှူး၊ စိတ်မမှန်သူ တစ်ယောက်က ဘာအကူအညီ ပေးနိုင်မှာတဲ့။ သူ ဇဝေဇဝါ မျက်လုံးအကြည့်များနှင့် တွေ၍ကြည့်နေမိသည်။ ဇရပ်ပေါ်တွင်အလင်းရောင်မှုန်သဲ့သဲ့သာရှိသည်။ ဇရပ်ခေါင်မိုးစွန်းပေါ်ရှိ တစ်နေရာမှ တောက်တဲ့၏အော်သံ၊ ငှက်အချို့၏တောင်ပံခတ်သံများကို စတင် ကြားနေရပေပြီ။ မီးဖိုဆီမှအဝါရောင်မီး၏အလင်းပြန်သာ ဇရပ်ပေါ် လွှင့်ပြန့်လာတတ်သည်။

“ဦးဂေါ်လီလိုလူက ကျုပ်ကို ဘယ်လိုများ အကူအညီပေးနိုင်မှာတဲ့။ ကျုပ်က သေချင်နေတဲ့လူဗျ”

“ဟား - ဟား - ဟား - မင်းသေချင်တာ ငါသိတယ်။ လူမိုက် - ဖဲနဲ့အကျိုးမပေးလို့မှတ်လား။ ကဲ - ဒီလိုလုပ်ကွာ၊ မင်း ဒီလောက်တောင် ဝါသနာစိဇ မစွန့်လွှတ်နိုင်ဘူးဆိုရင် ဖဲမော်ဝင်ပါ”

သူ အံ့ဩသွားသည်၊

“ဘာလဲဗျ၊ ဦးဂေါ်လီရဲ့ဖဲမော်ဆိုတာ”

ဦးဂေါ်လီ စုတ်တစ်ချက် သတ်သည်။

“ဒါကြောင့်မို့ မင်းကို တုံးတယ်လို့ပြောတာပေါ့။ မော်ဆိုတာ တန်ခိုးသိဒ္ဓိပဲကွ။ လူစင်စစ်ကနေ သိဒ္ဓိတန်ခိုးရနေတာပေါ့”

သူ ငေးကြောင်နေမိသည်၊ မီးအလင်းပြန်ကာ အဆီပြန်နေသော ဦးဂေါ်လီ၏မျက်နာပြင်ကိုအရောင်တင်ပေးသကဲ့သို့ ရှိသည်။ ဇရပ်အပြင်ဘက်တွင်ပြင်းထန်သောလေက တိုက်ခတ်စပြုလာသည်၊ မီးဖိုမှမီးညွန့်များကအလိပ်လိုက်အလိပ်လိုက် တက်နေပုံမှာ တစ္ဆေတွေကနေသည်နှင့်တူသည်၊ တဖျစ်ဖျစ်မြည်နေသော လောင်ကျွမ်းဆဲ သစ်တိုသစ်စများကလည်း စိတ်မနှံ့သည့် မိန်းကလေးတစ်ယောက် ၏ တောင်စဉ်ရေမရ စကားပြောသံနှင့် တူသည်။

“ကျုပ် မသိဘူးဗျာ”



“ရု - သိပြီမှတ်လား၊ ဒီမှာ မင်း ဖဲမော်ဝင်ပါ လူမိုက်အာပေတူး။ ဖဲမော်မင်းအောင်ပြီသာဆိုရင် စားပေတော့ပဲ၊ အေး - ဒါပေမဲ့ ကတိတော့ တည်ရမယ်။ ဒီအစီအရင်က သစ္စာရှိဖို့တော့ လိုတယ်၊ ဉာဏ်လွှာသုံးတတ်ရမယ်။ ဖဲမော်ဆိုတာ လူတစ်သောင်းမှာ တစ်ယောက် အောင်မြင်ခဲတယ်၊ မအောင်မြင်ရင်လည်း အသက်မရှည်တတ်ဘူး အာပေတူး”

ဦးဂေါ်လီ၏ဖဲမော်သည်စိတ်ဝင်စားစရာ၊ အားရှိစရာ ကောင်းလှသည်။

“ကျုပ်က ပင်ပင်ပန်းပန်းနဲ့ မိခင်နဲ့ညီမကိုရှာဖွေကျွေးမွေးနေရသူပါ။ လယ်ယာအလုပ် ဆိုတာ ပင်ပန်းပါတယ်။ ပင်ပန်းသလောက် အကျိုးမရှိ အမြတ်လည်း နည်းပါတယ် ဦးဂေါ်လီ”

“ဒါပေမဲ့ ကတိတည်ရမယ်၊ ငွေဘယ်လောက်ရရင် ဖဲရိုက်ခြင်းကို ရပ်ရမယ်။ ဆက်ရိုက်လည်း မင်းဖဲမော်က ဘာမှ အစွမ်းအာနိသင် မရှိတော့ဘူး၊ နိုင်တုန်းကရတဲ့ပိုက်ဆံတွေတောင်ပြန်ပါသွားနိုင်တယ်ကွ၊ မင်း ဖဲမော်ဝင်ပါ - ငါ နည်းပေးမယ်”

သူ့ရင်ထဲတွင် မီးညွန့်မီးလျှံတွေကို တဖျပ်ဖျပ် လှုပ်ရှားလာသည်။

“ဘာလဲ - မင်း ဖဲမော်ဝင်ရမှာကြောက်နေပြီလား၊ ယောက်ျားပဲကွာ”

“မဟုတ်ပါဘူး - ဦးဂေါ်လီ၊ ဖဲရိုက်တိုင်း ရှုံး၊ နိုင်တယ်လို့ မရှိတဲ့ကျုပ်ဘဝကျုပ် ရင်နာလွန်းလို့ပါ၊ ဒါကြောင့် အရှုံးတွေနဲ့ချည်းသာရှိလို့ သေတာပဲကောင်းလို့၊ သေကြောင်းကြံမိတာပါ။ ကျုပ် ကြိုးစားပြီး ဆောင်ရွက်ပါ့မယ်။ အောင်မြင်ရင် ဦးဂေါ်လီကို ကျေးဇူးမမေ့ပါဘူး၊ မအောင်မြင်လို့ သေသွားရင်လည်း သေပါစေ။ ကျုပ်က သေချင်နေတာကိုးဗျ။ သေလူပါဗျာ”

“ကဲ - သေချင်ရင် နောက်မှသေ၊ နောက်နှစ်ရက်ကျရင် ဒီနေရာကို ပြန်လာခဲ့ အာပေတူး၊ မင်း ဘယ်လိုအစီအစဉ်တွေလုပ်ရမယ်ဆိုတာပြောပြမယ် ဖဲမော်ဝင်တော့”

“စိတ်ချ ဦးဂေါ်လီ၊ ကျုပ် ဖဲမော်ဝင်မယ်”

ညဉ့်ကတဖြည်းဖြည်းနက်လာလေပြီ၊ ဇရပ်အပြင်ဘက်တွင် ပေါက်ရောက်နေကြသော သစ်ပင်ကြီးများသည်ကင်းစောင့်တစ္ဆေကြီးတွေလို တန်းစီရပ်ရင်း ဇရပ်ထဲရှိ သူတို့ကို စောင့်ကြည့်နေကြဟန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ - အစီအစဉ်ကို ပြောပြမယ် နားထောင်"

"ဟုတ်ကဲ့ - ကျုပ် နားထောင်နေပါပြီ၊ ဦးဂေါ်လီခင်ဗျား"

အပြင်ဘက်တွင် လေတိုက်သဖြင့် မီးညွန့်တွေ ယိမ်းယိုင်ကာ မီးပွားတွေ တဖွားဖွား လွင့်ပျံနေပြီ၊

"ပထမဦးဆုံး ဖဲမှော်စီရင်ဖို့က အင်မတန် အခြောက်အလှန့်ကြီးပြီး သစ်ပင်ကြီးတွေထူထပ်တဲ့ သချိုင်းကုန်း ဖြစ်ရမယ်၊ လူမိုက်ရာ"

သူ ပခုံးကို တစ်ချက် တွန့်လိုက်သည်၊ အဲဒါမှ လန့်ဖျပ်ပြီး မြန်မြန်သေမှာပဲ တွေးလိုက်သည်၊

"ပြီးရင် - အဲဒီသချိုင်းဟာ ဖဲသမားတွေသေပြီး အမြှုပ်အနှံများတဲ့ သချိုင်းဆိုရင် ပိုကောင်းတယ်လူမိုက်၊ အဲဒီလို သချိုင်းမျိုးတွေ ဘယ်မှာရှိသလဲဆိုတာ ရှာကွာ"

သူ အနည်းငယ်တွေးလိုက်သည်၊ ဖဲသမားတွေသေလို့ မြှုပ်တဲ့သချိုင်း၊၊

"အဲဒီသချိုင်းကတော့ ကျုပ်တို့ရွာ အနောက်ဘက်က သချိုင်းပဲ ဖြစ်ရမယ် ထင်တယ်၊ မနေ့က ဖဲဝိုင်းမှာသေတဲ့ ဒိုင်လုပ်တဲ့ သူနဲ့ သူ့လူနှစ်ယောက်လည်း ဒီရွာအနောက်ဘက်မှာပဲ မြှုပ်လိမ့်မယ် ဦးဂေါ်လီ၊ပြီးတော့ ရေနစ်သေတဲ့ကောင် ဟိုးတစ်မြန်နှစ်ကပေါ့ သိန်းအောင်ဆိုတဲ့ ကောင်လည်း ဖဲသမားပဲ၊ လွန်ခဲ့တဲ့ငါးနှစ်လောက်က သံတုတ်ဆိုတဲ့ကောင် လည်း ဖဲရှုံးပဲ၊ ဒီကောင်လည်း ကားပေါ်က အရက်မူးပြီး ပြုတ်ကျသေတာ၊ ရိုးရိုးဗျားနာပြီးသေတဲ့ ကောင်တွေထဲမှာ လည်း ဖဲသမားတွေ ပါတာပဲဗျို့၊ ကျုပ်အထင်တော့ အနောက်သချိုင်းထဲက သချိုင်းမှာတင်ဖဲသမားအယောက်ရှည်းအယောက်နှစ်ဆယ်မကဘူးဗျို့"

"ဟုတ်ပြီ - ဒီလောက်ဆိုရပြီဟေ့၊ ကဲ - အစီအစဉ်ကို နောက်နေ့မှ ဆက်ပြောမယ်၊ မင်း ယူလာဖို့ကတော့ ဖဲထုပ်အသစ်တစ်ထုပ်ရယ်၊ ညှာက်သချိုင်းကုန်းမှာထွန်းဖို့ ဖယောင်းတိုင်ရယ်၊ မီးခြစ်ရယ်၊ မှတ်ဖို့သားဖို့ ဗလာစာအုပ်နဲ့ ဖောင်တိန် (သို့မဟုတ်) ခဲတံတစ်စုစုပေါ့ကွာ၊ အဲဒါ မမေ့မလျော့ ယူလာရမယ်၊ ငါမှာတဲ့ ပစ္စည်းတွေက မင်းအတွက် မခက်ခဲပါဘူး၊ လူမိုက်အာပေတူးရေ"

"ဟုတ်ကဲ့ပါခင်ဗျာ၊ ကျုပ် ဆက်ဆက်ယူလာပါ့မယ်၊ ဖဲမှော်အောင်ဖို့သာ ကျုပ်ကို ကူညီဆောင်ရွက်ပါ ဦးဂေါ်လီရယ်၊ ကျေးဇူးမမေ့ပါဘူးဗျာ"

"စိတ်ချ မင်းကို ငါကူညီမယ်၊ မင်းဘက်က သတ္တိရှိဖို့ရယ်၊ လိမ္မာပါးနပ်ဖို့ရယ်ပဲ လိုတယ်၊ အဲ - စီရင်ချိန်မှာ မင်းကြောက်ရင်၊ မအောင်မြင်ရင် အသက်သေလိမ့်မယ်၊ အဲဒါ မင်းကြိုးစားရမယ်၊ သေမထူးနေမထူး၊ အာပေတူးပေါ့ကွာ၊ ဟုတ်လား - လူမိုက်"

ပထမဦးဆုံးအနေနှင့် သူ ရယ်မောလိုက်သည်၊

"ဟုတ်တယ် - ကျုပ်ဘဝက သေမထူး နေမထူး အာပေတူးပဲ"

"ဟား - ဟား - ဟား - ဟား"

"ဦးဂေါ်လီ - ဖဲသမားတွေမြှုပ်တဲ့ သချိုင်းထဲမှာ ဘာလုပ်ရမယ်ဆိုတဲ့ စီရင်ပုံ ကလေး အနည်းအကျဉ်းလောက် ကျုပ်ကို ပြောမပြနိုင်ဘူးလားဗျာ၊ စတိလောက်ပေါ့"

"ပြောပြနိုင်တာပေါ့ကွ၊ အဲဒီဖဲသမား အသုဘတွေ များများမြှုပ်တဲ့ သချိုင်းထဲမှာ မင်း ဖဲရိုက်ရမှာ"

သူနည်းနည်းဖြုံသွားသည်၊ သချိုင်းထဲမှာ ဖဲရိုက်ရမည်တဲ့၊

"ဟုတ်လား - ဖဲရိုက်ရမယ်"

"ဟုတ်တယ် ဖဲရိုက်ရမှာ၊ အဲဒီ သချိုင်းထဲမှာ မနေ့က လောလောလတ်လတ်သေသွားတဲ့ ဖဲသမားလူလိမ် သုံးယောက်ရယ်၊ မြွေကိုက်သေတဲ့ဖဲသမား၊ ရေနစ်သေတဲ့ ဖဲသမား၊ ကားပေါ်က အရက်မူးပြီးပြုတ်ကျတဲ့ဖဲသမား၊ဓားထိုးခံရလို့ သေတဲ့ဖဲသမား၊ ရောဂါနဲ့သေတဲ့ ဖဲသမား၊ မိန်းမနဲ့ ဖဲ ဘယ်သူ့ပိုချစ်သလဲ မေးရင် ဖဲကို ပိုချစ်တဲ့ဖဲသမား၊ ခုနစ်ရက်ခုနစ်လီ ဖဲဝိုင်းကမထဘဲ ဆီးချုပ်ဝမ်းချုပ်ထိုင်တဲ့ ဖဲသမားမသာ၊ အဲဒီမသာတွေနဲ့ မင်း ဖဲရိုက်ရမယ်"

သူ့ခေါင်းကို တူနှင့်ထုလိုက်သလို ခံစားလိုက်ရသည်၊

"ဦးဂေါ်လီရာ - ဒီကောင်တွေက လူသေတွေလေ၊ လူ့ပြည်မှာ မရှိတော့တဲ့ကောင်တွေ၊ ဒီကောင်တွေနဲ့ ကျုပ်က ဘယ်လိုလုပ် ဖဲရိုက်လို့ရမှာတုံး"

ဦးဂေါ်လီ ကျွတ်ခနဲ စုတ်သပ်လိုက်လေသည်၊

"လူမိုက်ရယ် - အဲဒါကြောင့် ခက်တာပေါ့၊ ဖဲသမားသေရင် တစ္ဆေဖြစ်တာများတယ်ကွ၊ လောဘက ဦးစီးနေတာကိုး၊ အဲဒီ မကျွတ်မလွတ် အစိမ်းသေတဲ့သရဲ၊ ရိုးရိုးသေတဲ့ဖဲသမားတစ္ဆေ၊ အပေအတေ ဖဲသမားတွေနဲ့ မင်း ဖဲရိုက်ရမှာ"

www.burmeseclassic.com

သူ ပခုံး တစ်ချက်တွန့်လိုက်သည်။ လက်ဖျားခြေဖျားများ အေးစက်လာသည်။

"ကြောက်စရာကြီးဗျာ၊ ဖဲသမားသရဲတွေနဲ့ ညဘက်သင်္ချိုင်းကုန်းထဲမှာ တစ်ယောက်တည်း ဖဲရိုက်ရမယ်ဆိုတော့ အဟင်း - ဟင်း - ကြောက်တယ်ဗျို့"

"ကြောက်ရင်အောင်မြင်မှာမဟုတ်ဘူး၊ သေကိန်းနီးတယ် လူမိုက်"

နှုတ်ခမ်းတစ်ချက်ကိုက်ကာ စဉ်းစားမိလိုက်၏။ ရင်တွေ အခုန်မြန်နေပြီ။ တစ်ခုခုကို လိုချင်လျှင် တစ်ခုခုကို ရင်းနှီးရမယ်၊ စွန့်လွှတ်ရမယ်၊ ဟုတ်တယ်လေ။

"ကျုပ် အစကတည်းက ဖဲမှော်ဝင်မယ်လို့ ကတိပေးထားပြီးပြီလေ ဦးဂေါ်လီ၊ ကျုပ်မကြောက်ပါဘူးဗျ၊ ဒူးတုန်တာပဲရှိပါတယ် အဟီး - ဟီး - ဟီး"

"ကဲ - ကဲ - နောက်နှစ်ရက်ကျရင် ဖဲမှော်ဝင်ဖို့ ပြင်ဆင်တော့ပေါ့၊ မနက်ဖြန်ကျရင် အသေးစိတ် ထပ်ပြောပြတာပေါ့။ အာပေတူး လူမိုက် - ဟော့ကောင် သတ္တိရှိနော်"

"သတ္တိရှိပါတယ်ဗျ၊ ကျုပ်လက်ခုံမှာ ဆေးမင်ကြောင်ထိုးထားတယ် တွေ့လား။ မကွေးမြသလွန်ဘုရားပွဲမှာ သတ္တိဆိုပြီး ဆေးမင်ကြောင်ထိုးထားတယ် ဟီး - ဟီး - ဟီး - သတ္တိဗျ - သတ္တိ"

"ဟုတ်ပြီ - ဟုတ်ပြီးမနက်ဖြန် ထပ်တွေ့မယ်"

"ရွာအနောက်ဘက်က သင်္ချိုင်းဆိုရင် ပိုအဆင်ပြေမယ် ဦးဂေါ်လီ"

"ဖဲသမား တစ္ဆေသရဲတွေပေါလေ၊ ကောင်းလေပဲ၊ သစ်ပင်ကြီးတွေလည်း ရှိတယ်မဟုတ်လား၊ အဲဒီမှာ ဇရပ်လည်း ရှိရမယ်။ အဲဒီမှာ ဖဲဝိုင်းထောင်ရမှာ"

"ဖဲသမားယောကျ်ားသရဲတင် မကဘူး။ မိန်းမဖဲသမား သရဲမကြီး ဒေါ်တင်အေးတောင် ရှိတယ်ခင်ဗျ။ အဲဒီသရဲမကြီးက ခုထိ မကျွတ်သေးဘူး"

⚘

ညကား ထူထဲ သိပ်သည်းကာ နက်မှောင်လှလေပြီကော။ ကြည့်လေရာရာ ပတ်ဝန်းကျင်တွင် အမှောင်ထုသာ ဖုံးမိုးကာဆီးထားသည်ကို တွေ့ရသည်။ သို့သော် ဇရပ်အပြင်ဘက်တွင်တော့ အလင်းမှုန်သဲ့သဲ့ကတော့ ရှိနေသည်။ ကြယ်ရောင်များဖြင့် ထင်သာမြင်သာရှိနေသေးသည်ဟုဆိုရပေမည်။





ကောင်းကင်ယံမှာ ကြယ်တွေ ပြည့်နှက်နေလေသည်။

ဇရပ်ပတ်လည်တွင် ကုက္ကိုပင်၊ သပြေပင်အိုကြီးများနှင့် ကျွန်းပင်ကြီးများမှာ လေတိုက်တိုင်း တရှဲရှဲမြည်ကာ ကုက္ကိုသီးမည့်များသည် တဖြုတ်ဖြုတ်ကြွေပြီး ဇရပ်ခေါင်မိုးပေါ်သို့ တဒုန်းဒုန်းကြွေဆင်းကျကုန်သည်၊ တစ်ခါတစ်ရံတွင် ကိုင်းခွေးကလေးများ၏ ကြွေကျသံလည်း ကြားနေရသည်၊ မြေပြင်တွင် ဖွေးဖွေးလှုပ်လျက် ရှိနေကြသော ရွက်ကြွေပေါင်းစုံ တတော့ လေနှင်ရာသို့ တဖျောဖျော မြည်ကြွေးကာ လိုက်ပါသွားကြပုံများဝိညာဉ်တွေ တဖျော်တပါးအော်ဟစ်ပြေးလွှားသံနှင့် တူသည်။

အာပေတူးသည် သင်္ချိုင်းတွင်းရှိ ဇရပ်ပေါ်သို့ မှောင်ရီပျိုးစအချိန်ကပင်ကြိုတင်ရောက်ရှိနေခြင်းဖြစ်သည်။ ယခု သင်္ချိုင်းသည် သူနှင့် ဦးဂေါ်လီကြီးတွေ့ဆုံရာ ဒရယ်မြောင်ကျေးရွာ၏အနောက်ဘက်သင်္ချိုင်းမဟုတ်။ ဒရယ်မြောင်သည် သူတို့ရွာ၏ တစ်ခုတည်း သင်္ချိုင်းဖြစ်သော်လည်း ယခုသင်္ချိုင်းကတော့ ဒရယ်မြောင်၊ ကျက်တီးကုန်း၊ ညောင်ခြေထောက် သုံးရွာစလုံးမှ နာရေးကိစ္စရှိလျှင် လာရောက်မြှုပ်နှံလေ့ရှိသော ရွာသုံးရွာ၏ သင်္ချိုင်းဖြစ်သည်၊ ဧရာမသစ်ပင်ကြီးများလည်း ပေါက်ရောက်ကြသည်။ ပြီးတော့ဦးဂေါ်လီညွှန်ကြားသည့် အင်္ဂါရပ်တွေနှင့်လည်း ပြည့်စုံသည်။

ဦးဂေါ်လီ ဆိုသော အရှုးအပေအတေကြီးကား ထူးဆန်းသော လူကြီး တစ်ယောက်ပင် ဖြစ်ပေသည်တကား။ ရွာစဉ်ရွာတန်းတွေကို ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာနေသည်သာမက အဆက်အစပ်မရှိ၊ တောင်စဉ်ရေမရ စကားတွေလျှောက်ပြောနေတတ်သော အရှူးကြီးသည် လွန်ခဲ့သည့်ညက ထူးထူးဆန်းဆန်းစကားတွေကိုအတည်တကျ လူကောင်းပကတိပမာ ပြောဆိုသွားခဲ့သည်၊ ဆုံးမဩဝါဒတွေပင် ပါသည်၊ တည်တည်တံ့တံ့ အသုံးအနှုန်းတွေ သုံးစွဲသွားခဲ့သည်မှာ မယုံကြည်စရာ ဖြစ်ခဲ့သည်။ ပြီးတော့ တစ်ညလုံးမအိပ်၊ စိတ်ပုတီး တချောက်ချောက် စိပ်နေခဲ့သည်။ ဘုရားစာတွေ၊ ဂါထာတွေ ဝူပျက်ဂူဟောင်းတွေပေါ်မှာ ရွတ်ဖတ်သရဇ္ဈာယ်နေတတ်သည်၊ သူပြောသည့် ဖဲမှော်ဆိုတာလည်း တော်တော်စိတ်ဝင်စားဖို့ကောင်းသည့် အစီအရင်တစ်ခုဖြစ်သည်၊ လွယ်လွယ်ကူကူ မအောင်မြင်နိုင်သည့် ဆန်းကြယ်သည့်သိဒ္ဓိတစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေရာ လူထုလှုံ့ဆော်ချက်ကြီးကို အဓွတ်ခံ မဖြေသေးရဲတော့ပေ။ ဝေလေးစားစိတ်ဝင်လာသည်။

ယခုမိတော့ အိမ်ပေါ် အသည်လူထု လူ့ဆော်ကြီး၏ ညွှန်ကြားမှုဖြင့် ရွာသုံးရွာ၏ ရောမသုဿာန်ကြီးသို့ ညဦးကတည်းက ရောက်ရှိနေပေပြီကော။ ဤသချိုင်းတွင် ဖိသမားများသာမက အခြားဥပဒေ့ ဖြင့် သေဆုံးကြကုန်သော ပုဂ္ဂိုလ်များ၏ ကြွင်းကျန်သော ရုပ်ကလာပ်များကိုလည်း မြှုပ်နှံလေ့ရှိသည်။ လွန်ခဲ့သော ရက်သတ္တပတ် တစ်ပတ်ခန့်က ဒရယ်ဖြောင်ကျေးရွာတွင် ဖလီမ်ရိုက်၍ အသတ်ခံလိုက်ရသော ဖိသမားသုံးဦး၏ အလောင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများအရ မြေမြှုပ်သင်္ဂြိုဟ်ပြီးစီးပေပြီ၊ ကံကောင်းထောက်မ၍ သူ၏နွားတစ်ရှဉ်းပင် ပြန်ရခဲ့ပြီမဟုတ်ပါလော။ တခြားသော အပေအတေ ဖိသမား၊ ကဖော်သမားများ၏အလောင်းများလည်း မြောက်မြားစွာရှိသည်ပင်။ တခြားလူမိုက်များ၏ရုပ်ကြွင်းများလည်း ရှိနိုင်သေး။

လူထုဆန်ဦးဂေါ်လီ၏ ညွှန်ကြားမှု ရှောင်ရန်ဆောင်ရန် စည်းကမ်းချက်များနှင့် အညီစနစ်တကျ ပြင်ဆင်ကာ အဆ ပေတူးသည့် ဇရပ်ပေါ်သို့ တစ်ယောက်တည်းရောက်လာခဲ့လေပြီ။

ညကြီး ဝေလဝေအားတို့ဖြစ်၍ တအုန်းအုန်းတိုက်ခတ်နေကာ မှန်ဝါးဝါးလာရောင် ကြယ်ရောင်တို့ဖြင့်သာ မှုန်ရိုးလျက်ရှိပေသည်။ ကျယ်ပြောလှသော သချိုင်းမြေ တစ်မျှော်တစ်ခေါ်အဆုံးတွင် မြေပုံမို့မို့ ဂူသစ်၊ ဂူဟောင်းများသည် ကပိုကရိုပြန့်ကြဲလျက်ရှိကြ၏။ ကြယ်ရောင်မှိန်မှိန်ပျပျသာ တို့ထိထားသော ရောမသစ်ပင်ကြီးများ ထိပ်ဖျားရှိ သစ်ရွက်သစ်ခက်များ၊ မြေပုံ၊ ဂူဟောင်း၊ ဂူသစ်တို့သည် တစ်ခါတစ်ခါလက်လက်ပြေးသွားတတ်သည်။ ကြယ်ရောင်တို့ကြောင့်ပင် ဖြစ်သည်။

သချိုင်းမြေသည် မကြာခင် ဖြစ်ပေါ်တော့မည့် အရေးအခင်းကြီးတစ်ခု ဖြစ်ပျက်တော့မည်ကို သိရှိနေဘိ အလား လျှို့ဝှက်ချက်များကို ဝါးမျိုထားသကဲ့သို့ ငြိမ်သက်ပိတ်နေခြင်းဖြစ်သည်။ သစ်ပင်ကြီးများသည် ၎င်းတို့၏ ကိုင်းလက်တံ ညိုမည်းမည်းကြီးများကို ညွှတ်ကိုင်းရင်း ကာင်းစောင့်ရဲဘော်ကြီးတွေလို ငြိမ်သက်နေကြသည်။ လေအသေးတွင် ညီစိုစို ပုပ်အိုက်အိုက်အနံ့ဆိုးများ၊ တူးလက်စ တွင်းသစ်၏ စိုမြေခွေးနံ့များက သချိုင်းမြေကို စက်ဆုပ်ရွံရှာဖွယ်ဖြစ်စေအောင် သံဝေဂရဖွယ်ဖြစ်စေအောင် တန်ဆာဆင် လျက်ရှိပေ၏။ မြေဆိုးတစ်ကောင်၏ ဖြတ်တောင်းဖြတ်တောင်း တွန်မြည်သံ၊ ရှဉ့်များ၊ ကြွက်ကြီးများ၏ ပြေးလွှားသံ၊ ညဥ့်ငှက်များ၏ အစာရှာဖွေသံ၊ သချိုင်းမြေ၏ ကောင်းကင်ယံမှ ငိုးခနဲ မြည်ကာ ဖျတ်သန်းသွားသော လင်ကောင်မိုးငှက်များ၏အသံသည် ပို၍ချောက်ချားဖွယ်ဖြစ်စေအောင် မှုံမှိုင်းပေးသကဲ့သို့ရှိလှသည်။ တစ်ကောင်တည်းသော ခွေးအေ့ခွေးလွှင့်တစ်ကောင်သည် အုတ်ဂူဟောင်းတစ်လုံးပေါ် ဆောင့်ကြောင့်ထိုင်ကာ လည်တံကို မော့လျက် လွမ်းလွမ်းဆွေးဆွေးဟုံ ရှည်ဆွဲကာ သချိုင်းများကို အူမြည်နေပေသည်။ ထို့နောက် တခြားအဝေးတစ်ကဆက်အူပြန်သည်။

ဇရပ်ခေါင်မိုးကို ထိုးထွက်ရှိသော ရောမမန်ကျည်းပင်ကြီး၏ ရှည်လျားသော ကိုင်းလက်တံများက လေညင်း ဖြန်းဖြန်းမြည်ကာ ရိပ်ခနဲ ဝဲခနဲ အရိပ်မည်းကြီးများဖြင့် ခြောက်လှန့်နေသို့သော်ငြား ပွဲတော့မပျောင်းပေ ဖက်တော့မယောင်အားဖြင့် ပေါင်းယောင်။ အဘ်ပေတူးသည် စိတ်ကိုတည်ငြိမ်စွာ ထားလိုက်ပြီးလျှင် လွယ်အိတ်ထဲတွင် ထည့်ယူလာခဲ့သည့် မစ္စည်းအားလုံးကို ဇရပ်ကြမ်းပြင်ပေါ်သို့ သွန်ချသည်။ ကျောက်ဖယောင်းတိုင် ၁၀ တိုင်၊ ယမ်းမီးခြစ်ခေါ်သစ်သားမီးခြစ်တစ်လုံး၊ ဗလာစာအုပ်တစ်အုပ်နှင့် ဖောင်တိန်တစ်လက်၊ ပြီးတော့ အသစ်စက်စက် ဖဲထုပ် တစ်ထုပ်။

မှောင်မည်းထဲမှာပင် မီးခြစ်ကိုယူကာ ခြစ်လိုက်သည်။ မီးတောက်သွားသော်လည်း မီးခြစ်ဆံသည် ခါးလယ်မှကျိုးကာ ကြမ်းပြင်သို့ ဒေါက်ခနဲကျပြီး ငြိမ်းသွားသည်။ ရုတ်တရက် ဖျပ်ခနဲ လင်းလိုက်သောအလင်းဖြင့် မြင်လိုက်ရသည့် အရာဝတ္ထုကြီးတစ်ခုကြောင့် ရင်တစ်လုံး ဒိန်းခနဲမြည်သွားကာ လန့်ဖျပ်သွားမိသည်။ သူ့ရှေ့တည့်တည့် လက်ဝဲဘက်ထောင့်တွင် ရောမမျက်လုံးနီကြီးနှစ်လုံးက လက်ဖက်ရည်သောက်အကြမ်းပန်းကန်လုံးလောက် ရှိမည်၊ ဖျမ်ခနဲ ပျောက်သွားသည်။ ဘာမျက်လုံးလဲ... တောကြောင်မျက်လုံးဆိုလျှင် ထိုတောကြောင်သည် ဆင်လောက်ရှိသော တောကြောင်ဖြစ်လိမ့်မည်၊ အိမ်မြောင်မျက်လုံးဆိုလျှင် အဲမေရုန်မြစ်ကြီးထဲက

www.burmeseclassic.com



အာဖရိကမိကျောင်းအရွယ် အိမ်မြှောင်ဖြစ်လိမ့်မည်။

ဒါပေမဲ့ အသိစိတ်ကို ပြန်ချုပ်ကာ စုစည်းလိုက်သည်။ သတ္တိကို မွေးလိုက်သည်။ မီးခြစ်ဆံတစ်ချောင်းထပ်ယူကာ ခြစ်သည်။ ရှဲခနဲ မြည်သံနှင့်အတူ မီးဝါဝါက လင်းခနဲ တောက်ပသွားလေသည်။ စောစောက မျက်လုံးနီနီကြီးနေရာကို ကြည့်လိုက်တော့ ဘာမှမရှိတော့။ သည်တော့မှ သက်ပြင်းချကာ ကျောက်ဖယောင်းတိုင်ကြီး သုံးတိုင်ကို တစ်နေရာစီထွန်းညှိလိုက်သောအခါဇရပ်တစ်ခုလုံး လင်းထိန်သွားတော့လေသည်။

ဇရပ်တစ်ဆောင်လုံး မီးထိန်ထိန်လင်းသွားသည်နှင့် အာပေတူးသည် ဇရပ်အောက်သို့ဆင်းသွားကာ အမှောင်ထုထဲသို့ ကျယ်လောင်စူးရှသောအသံကြီးဖြင့် အောက်ပါအတိုင်း အော်ဟစ်ဖိတ်ခေါ်လေ၏။

"ဝေး - ဒီသုသာန်ထဲမှာ မှီတင်းနေထိုင်ကြကုန်တဲ့ မကျွတ်မလွတ် အစိမ်းသရဲတစ္ဆေဖဲသမားသူငယ်ချင်းမိတ်ဆွေအပေါင်းတို့ရေ -ငါနဲ့အတူ ဖဲရိုက်ကြရလေအောင် လာကြပါဟေ့ - ပျော်ပျော်ပါးပါး ကစားရအောင်၊ မင်းတို့လည်း သရဲတစ္ဆေဘဝမှာဖဲရိုက်စရာအဖော်မရှိကြတော့၊ ပျင်းနေကြပြီပေါ့နော်၊ လာကြဟေ့ လာကြ ငါနဲ့အတူ ဖဲလာကစားကြ၊ ငါဒိုင်ကိုင်မယ်နော်"

အာပေတူး၏ ကျယ်လောင်သောအသံကြီးသည် ဇရပ်ပတ်ဝန်းကျင်သုသာန်တွင်းသို့စူးရှစွာပြန့်နှံ့သွားသည်နှင့် တစ်ပြိုင်နက် ထူးခြားမှုများက ရုတ်တရက် ထွက်ပေါ်လာလေတော့သည်တကား။

ရေမသစ်ပင်များပေါ်မှ ဆင်းလာသောခြေသံများ...

ရူးချုပုတ်များကို တိုးဝေ့ဖြတ်ကျော်လာသည့်အသံများ။

ဂူတွေပေါ် မြေပုံတွေပေါ်ကို ဖြတ်ကျော်နင်းကာမြေးတွားက်လာသောအသံများ။

ညာသံပေးသည့်အသံလိုလို၊လက်ခုပ်လက်ဝါး တီးလိုက်သံလိုလို အမျိုးစုံသောအသံများသည် ကြောက်ခမန်းလိလိ အလျှိုလျှိုပေါ်ထွက်လာသည်။

အကောင်အထည် မမြင်ရသေးဘဲ လှုပ်ရှားလူးလွန့်သံများ။ခြေသံများသည် တစ်စုတစ်ဝေးတည်းဖြင့် ဇရပ်ပေါ်သို့ တက်လာကြလေပြီတကား။ မှုန်ဝါးဝါး ကြယ်ရောင်ပျပျအောက်တွင် အရိပ်မည်းကြီးများသည် လူလိုလို၊ တောတိရစ္ဆာန်တွေလိုလိုထင်ယောင်ထင်မှားစွာဖြင့် ဇရပ်ပေါ်သို့ ပြေးတက်လာကြခြင်းပင်။

အာပေတူးသည် ကြက်သီးတွေ တဖြန်းဖြန်းထကာ ထိုင်ရမလို ထရမလို ဖြစ်သွားသေးသည်၊ သို့သော် ရဲစိတ်ကို မွေးလိုက်ရသည်။ သူ့မျက်နှာသည် သုသာန်မြေပြင်အောက်မှ လူသေတွေ ထကပင်အသက်ဓာတ်ကင်းမဲ့သလိုဖြစ်သွား၏။ အေးမြသော လေပြည်ရှိန်းများက သူ့တစ်ကိုယ်လုံးကိုကိုက်ဖဲ့ရန်တဟူးဟူး ပြေးဝင်လာကြသည်။

ဇရပ်ပေါ်တက်လာသော လူလိုလို အရိပ်လိုလို အရာဝတ္ထုများကြောင့် အံ့ဩတုန်လှုပ်မှုဖြင့် သူ၏ ဒူးများပင် ညွတ်ခွေကျသွားမတတ် ခံစားလိုက်ရသည်။

"ဘုရား - ဘုရား - ဖဲသမားတစ္ဆေသရဲတွေ ဇရပ်ပေါ်တက်လာကြပြီ"

သူ့လက်မှာကိုင်ထားသော အသစ်ကျပ်ချွတ် ဖဲထုပ်သည် ချွေးများဖြင့် ချောကျိုသွားကာ လွတ်ကျမလိုဖြစ်သွားသေးသည်၊ ထိုစဉ် သူ့ကို ထိုးတိုက်သွားသည့် ခံစားမှုမျိုးကလည်း ရှိသေးသည်။ ထိုအခါ အသိဉာဏ်သည် ခန္ဓာကိုယ်နှင့် လွတ်ထွက်သွားအောင်ဗလာဟာင်းလင်းပြင်ကဲ့သို့ဖြစ်သွားသည်။

စိတ်ကိုတင်းလိုက်သည်။ အာခေါင်ထဲမှာ ခြောက်သွေ့ကာ ရေငတ်သလိုပင်ဖြစ်လာသည်။ စိတ်ကို ထပ်မံတင်းလိုက်မိသည်။

"ဟေး - လာ - လ - လ -"

ရုတ်တရက် ကြောက်စိတ်ဖြင့် အသံဝင်သွားသေးသည်။ သို့သော်...

"ဟေး - လာကြ - လာကြ - ဖဲဝိုင်းစတော့မယ်ဟေ့"

အာပေတူးသည် ဖယောင်းတိုင်မီးများဖြင့် လင်းထိန်နေသော ဇရပ်ကြမ်းပြင်တွင် တင်ပျဉ်ခွေထိုင်ကာ ဖဲထုပ်ကို တရှမ်းရှမ်း တဖျပ်ဖျပ် မြည်အောင် ပုံစံမျိုးစုံဖြင့် ကုလားဖန်ထိုးလေတော့၏။

ထိုအချိန်တွင် အာပေတူး၏စိတ်ထဲတွင် ဇရပ်ပေါ်သူတစ်ယောက်တည်းရှိနေသလို မခံစားရဘဲ လူအုပ်စုကြီး အလယ်တွင် ရောက်နေသကဲ့သို့ ခံစားလိုက်ရခြင်းဖြစ်သည်။

"ဟေ့ - ငါးအိမ်နော် - ငါးအိမ် - ငါဒိုင်ကိုင်မယ် - မင်းတို့ထိုးကြ - အလျော်အစားကတော့ တိတိကျကျပဲဟေ့"





www.burmeseclassic.com

www.burmeseclassic.com

ဖဲကို ကုလားဖန်ထိုးကာ ဖျက်ပြန်သည်၊ နည်းမျိုးစုံဖြင့် ဖျက်ရသည်။ ထိုအချိန်တွင် ဖယောင်းတိုင်တစ်တိုင်ရုတ်တရက် ငြိမ်းသွားသည်။ တစ်စုံတစ်ယောက်က ဟူးခနဲမှုတ်လိုက်သလို ငြိမ်းသွားခြင်းဖြစ်သည်၊

"အား–မလုပ်နဲ့ကွ၊ မနှောက်နဲ့ဟေ့–မှောင်နေပြီ"

သူငြိမ်းသွားသော ဖယောင်းတိုင်ကိုမီးကူးရန်စိတ်ကူးစဉ်မှာပင်ဖယောင်းတိုင်က ရုတ်တရက် မီးပြန်တောက်လာသည်၊ လန့်ဖျပ်သွားမိသည်၊ ထိုစဉ်ဇရပ်ပေါ်သို့လူအုပ်စုကြီးတဖြည်းဖြည်းတက်လာသလို ကြမ်းပြင်သည် သိမ့်ခနဲ သိမ့်ခနဲ ဖြစ်ကာ တရှပ်ရှပ်ခြေသံများဖြင့် ရှုပ်ထွေးသွားပြန်သည်တကား၊

ထိုအခါ ဦးဖေါ်လီ၏ ဩဝါဒသံကိုပြန်လည်ကြားယောင်မိပြန်သည်၊

"မင်း–ဖဲရိုက်ဖို့ ခေါ်လိုက်ရင် သရဲတစ္ဆေ ဖဲသမားတွေ ရှုစီရှုစီဖြစ်ပြီး တက်လာကြလိမ့်မယ်၊ မကြောက်နဲ့ ငါးအိမ်ကစား၊ ဖဲဝေ၊ မနိုင်နိုင်တဲ့ နည်းတဲ့ ဖဲရိုက်"

အာပေတူး သူ့အိမ်အပါအဝင်ဖဲဝေခြင်းကိစ္စကို စတင်လေပြီ၊ ဖဲမဝေခင်ကတည်းက အကြံသမားဖြစ်သည်နှင့်အညီ ဖဲငါးချပ်ကို လုံချည်ထဲတွင် ထည့်ကာ ဖက်ထားပြီးပြီဖြစ်သည်၊ ဖဲ့လိမ့်ရိုက်ရန် ဖြစ်သည်၊

ဖဲဝေနေစဉ်မှာပင် ညီစုံစုံ အနံ့ဆိုးများ၊ အရက်နံ့လိုလို၊ ချွေးနံ့လိုလို အနံ့ပေါင်းစုံသည် အာပေတူး၏ မှတ်ပတ်လည်တွင် လွှမ်းခြုံလာကာ သူ့တစ်ကိုယ်လုံး အနံ့ဆိုးများအောက်တွင် နစ်မြုပ်သွားသလို ခံစားလိုက်ရသည်၊ ဖဲသမားတစ္ဆေတွေ စုဝေးလာကြလေပြီ၊

အာပေတူး ဖဲစဝေလေပြီ၊ အိမ်ငါးအိမ်၊

"ဘူကြီးနော် –ဘူကြီး – မင်းတို့ကြိုက်သလောက်ထိုးကြ၊ ကဲ – ဖဲစဝေပြီကွ၊ လက်တွေဖယ်ကြ၊ ဖွင့်ါးချပ်ပြည့်မှကိုင်ကြနော်၊ မှားကုန်မယ်"

သူ ဖဲကိုစဝေသည်၊ ဖဲကျန်ကို ဝိုင်းလယ်တွင်ချကာ သူ့ဖဲကို ကြည့်သည်၊ ကုလားနှစ်ချပ်ပါသော်လည်း ဘူစဉ်မဖြစ်၊ ၂ ဖဲ ၃ ဖဲ ၁ဖဲ ဖဲသေ၊ ထို့ကြောင့်လုံချည်ကြားတွင် ဝှက်ထားသော ၅ ဖဲ တစ်ချပ်ယူကာ ၁ ဖဲနှင့် လဲလိုက်သည်၊ ဘူစဉ်ဖြစ်သွားသည်၊

ဟီး – ဟီး – ဟီး – တစ်ဝိုင်းလုံး စားပေရော့ အာပေတူးတဲ့ကွ၊ ဘူကြီးကွ၊

"ဟေ့ –မင်းတို့လက်တွေဖယ်ကြ၊ ဖဲ့ခွင့်ကိုဖေါ်တောင်နိုင်တယ်၊ ဒီမှာကြည့်၊ ဘူကြီးနော်၊ ကုလားနှစ်ကောင်ကလေးကွင်နှစ်ကောင်၊ ဟားဟားဟား–ဟားနဲ့"

မှုံတေးသောဖဲချပ်တွေ လျှင်မြန်စွာသိမ်းလိုက်ဆဲတွေ ယူသလိုပုံစံမျိုးလုပ်ကာ ဖဲကိုဖျက်ပြန်သည်၊ ဖဲချပ်ဝှေ့ထဝ်ဝေသည်၊ ပီပြင်စွာသိုရှပ်ဆောင်သည်၊

"ဖဲဇရပ်ကွနြေရရပေ၊ မကြောက်နဲ့၊ မင်းကိုဘာမှ မလုပ်နိုင်ကြဘူး၊ မှန်သေသေချာ အလျှော်အစားနှင့် ပေး။ သေသေချာချာလုပ်"

# ၆

မင်း–နောက်ဆုံး
ဖဲချပ်တွေ ချသွားလိုက်တာ
မင်းတစ်ချပ်တော့ ချန်ထားရမယ်ကွ၊
ဘယ်ဖဲကျန်ကျန်ရတယ်။
အဲဒီ ဖဲက အဓိကပဲ။
မင်းရဲ့အသက်ပဲ။ ဖဲမျော်ပဲ။
အေး–လွှတ်အောင်တော့ ပြေးဟေ့။
နည်းမျိုးစုံနဲ့ ရှောင်ပေတော့။
ရွာထဲကို လွှတ်အောင်ပြေး





www.burmeseclassic.com

www.burmeseclassic.com



ဦးဂေါ်လီ၏ ညွှန်ကြားချက်ကို ထပ်မံကြားလာရပြန်သည်။

"ဟော့ - မဖြစ်တဲ့ကောင် တင်နော်၊ ကလိမ်ကကျစ်တော့ မလုပ်နဲ့၊ ဒီမှာ အကြွေးစာရင်းစာအုပ်ရှိတယ်။ ရစရာ ရှိတာ ပေးစရာရှိတာ မှတ်ထားတယ်၊ တိတိကျကျပဲဟေ့"

သည်လိုဖိန့်လုံးကလည်းပါသည်။ သူ့ရှေ့မှအိမ်တွေကို လှန်ကြည့်သည်။ နှစ်အိမ်က မဖြစ်၊ ဖြစ်သည့်အိမ်က တစ်အိမ်က ၃ ပွင့်၊ တစ်အိမ်က ၇။ ကိစ္စမရှိ။ သူ့အိမ်က ၄ ဖဲ ၂ ဖဲ ၄ ဖဲနှင့် ဘူစဉ်ဖြစ်နေသေးသည်။ ကျန်သည့်နှစ်ချပ်ကို လှန်လိုက်တော့ ၃ ဖဲနှင့် ၅ ဖဲ တက်လာသည်ကော။ သည်တော့ သူက ရှစ်ပွင့်။

အာဟ - အာဟ - အာဟ ၈ ပွင့်နှင့် တစ်ဝိုင်းလုံးစား၊ ကောင်းလိုက်သည့်ဖဲ၊ တစ်သက်လုံးမကောင်းသည့်ဖဲ၊ ခုမှလာကောင်းနေသေးတော့၊

"ကဲ - တစ်ဝိုင်းလုံးစားပြီနော်၊ စားပြီ၊ အမှန်အကန်နော်၊ ကဲ - လက်ရှောင်ဖျက်မယ်"

အာပေတူး ဖဲချပ်တွေကို ကောက်ပိမ်းသည်။ လုလုပပဖဲချပ်တွေ ဖျက်သည်၊ ကုလားဖန်ထိုးသည်၊ ထို့နောက် သူ့ဘာသာ ဖဲချိုးသည်၊ လက်ရင်းအိမ်မှာ စဝေသည်၊

"လက်တွေဖယ်နော်၊ ဖယ်ကြ"

ရှေ့ဒုတိယအိမ်မှ ဝဲခနဲ မြင်လိုက်ရသည့်လက်မည်းကြီး၊ အမွေးထူထူနှင့် ဓာရာမလက်မည်းကြီး၊ လူ့ဝံလက်ကြီးလို ချက်ချင်းပျောက်သွားသည်၊ ရင်ထဲမှာ ဘုရားတမိလိုက်သည်၊ တစ်ကိုယ်လုံး အဖျားဝင်သလိုတဆတ်ဆတ်တုန်သွားသည်၊ ပတ်ဝန်းကျင်တွင် လူတွေ ဝိုင်းထားသလို ခံစားရသည်၊ နောက်ကျောမလုံချင်တော့၊

အသက်ရှူသံလို အသံတစ်သံ ထွက်ပေါ်လာသည်၊ လေတိုက်သံ မဟုတ်၊ လူတစ်ယောက် အသက်ပြင်းပြင်း ရှူသံမျိုး ဖြစ်သည်၊ စိတ်ကိုထိန်း၍ ဝိုင်းမပျက်စေရန် ဆက်သွားသည်၊ အလျော်အစားလုပ်သည်၊ စောစောကလိုပင် လုံချည်ကြားထဲ ထည့်ဝှက်ထားသည့် ဖဲချပ်ဖြင့် တစ်ဝိုင်းလုံး စားလိုက်ပြန်သည်၊ တစ်ခါတစ်ရံ သုံးပွင့်ကို ရှစ်ပွင့်ပြောကာ စားတတ်သေးသည်၊

ထိုအခါ အသံတွေ ပိုကျယ်လာသလို ခံစားရသည်၊ သချိုင်းမြေကိုဖြတ်ကာ တိုက်ခတ်လိုက်သောလေထုထဲတွင် လေချွန်သံလိုလို၊ ညည်းညူသံလိုလို အသံများက သူ့စိတ်အာရုံကို ဖွေပြားစေပြန်သည်၊ ဇရပ်ပြင်ပမှာသစ်ပင်ကြီးများတွင်အိပ်တန်းဝင်နေကြသောငှက်များသည် တရှုရှု လှုပ်လာကြပြီ၊ တောင်ပံတွေခတ်၊ တကီးကီးအသံတွေမြည်လာကြလေပြီကော၊

ညဥ့်သည် တဖြည်းဖြည်း နက်ရှိုင်းသိပ်သည်းလာသည်၊ ထိုစဉ် ဇရပ်တွင်းရှိ ထုပ်တန်းမှ ဓာရာမလင်းဆွဲကြီးတစ်ကောင်က လန့်ဖျပ်ကာ အပြင်ဘက်ကောင်းကင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပြန်သည်၊ အာပေတူးသည် တစ်ကြိမ်တစ်ခါတွင်တော့ အရှုံးနှင့် နစ်သိမ့်ပေးလိုက်ရသည်၊ ထိုသို့မလုပ်လျှင် မဖြစ်၊ အလျှော့အတင်းကလည်း လုပ်ပေးရသည် မဟုတ်လား ...

"ဟော့ - လူမိုက်၊ တစ်ခါတလေ အရှုံးပေးပြီး ဖဲကြောကို ဆွဲထားကွ၊ ဒါမှလည်းဒီသရဲတွေ ကျေနပ်မှာ၊ ပြီးရင် ဒီကောင်တွေကိုဖဲနိုင်တဲ့အကြွေးစာရင်း ကိုမှတ်ကြ၊ ကိုယ်လိုချင်သလောက်ငွေ ပမာဏရရင် ဝိုင်းသိမ်းဖို့ မမေ့နဲ့တော့"

ဦးဂေါ်လီ၏စကားတွေက စွဲစွဲထင်ထင် ဝင်လာသည်၊ အာပေတူးသည် ဦးဂေါ်လီ၏ လမ်းညွှန်ချက်အတိုင်း တစ်သဝေမတိမ်းဆောင်ရွက်နေခြင်းပင် ဖြစ်သည်၊

ဖဲဝိုင်း စသည်မှာ နှစ်နာရီကျော်ပေပြီ၊ ယူလာသည့်ဗလာစာအုပ်နှင့် ဖောင်တိန်တွင်အိမ်လေးအိမ်ဆီမှရစရာ အကြွေးတွေက စာမျက်နှာတော်တော်များများမှာ နေရာယူကာ ပြည့်နက်နေလေပြီ၊ တစ္ဆေဖဲသမားများကိုဖဲခိုးဖဲလိမ်ကာ အနိုင်ယူခြင်းဖြစ်သည်၊

ဖဲဝိုင်းကား အချိန်အတန်ကြာလေပြီ၊ တဖြည်းဖြည်း သန်းခေါင်ယံသို့ပင် တိုင်လာပေပြီကော၊ တစ်ယောက်တည်း စကားတွေပြော၊ တစ်ယောက်တည်း ဖဲဝေ၊ ဒိုင်ကိုင် အလျော်အစားလုပ်၊ ပြီးလျှင် အကြွေးစာရင်းစာအုပ်တွင် ရစရာများကို ထည့်သွင်းလာသည်မှာ ဗလာစာအုပ်တွင် မင်တွေဖြင့် ပြည့်နက်နေပြီ၊ စုစုပေါင်း သရဲတစ္ဆေဖဲသမားတွေဆီက ရစရာသိန်းတစ်ရာ ကျော်လေပြီ၊

"ဒီမှာ - ဖဲသမား အပေါင်းတို့ရေ - ဝမ်နင်ခေါ်တော့မယ်၊ ခု - သုံးပွဲကစားပြီးရင် ဝိုင်းသိမ်းမယ်၊ ဟုတ်ပြီလား - သန်းခေါင်ကျော်ပြီ... ကဲစပြီ"

ဖဲချပ်များကို ခါတိုင်းလိုဝေ၊ တစ်ယောက်တည်း စကားပြောပြီးတော့ အပွင့်တွေကို ပြောချင်ရာပြောပြီး သုံးပွဲ တိတိ အနိုင်ယူလိုက်ပြန်သည်၊





www.burmeseclassic.com

www.burmeseclassic.com

သည်လိုနှင့် ပွဲသိမ်းလေပြီ။ ဇရပ်ပေါ်ရှိ ဓာတ်မီးတိုင်များမှ မီးညွှန့်များသည် တဖျတ်ဖျတ်မြည်လာသည်။ ဗိုင်းခနဲဖတ်ဖတ်လည်တွင် ရိပ်ခနဲ ရိပ်ခနဲ အရိပ်မည်းကြီးတွေ စတင်လှုပ်ရှားလာသည်။ ဝိုးရိုးဝိုးလာလေပြီ။

ဘောက်

ရုတ်တရက် ဘောက်ခတ်သံကြီးသည် ဇရပ်ထုပ်တန်းဆီမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ သူမော့ကြည့်လိုက်တော့ အရိပ်ကြီးတစ်ခု ထုပ်တန်းပေါ်တွေ ဆောင့်ကြောင့်ထိုင်နေသည်။

“ဘုရား – ဘုရား – ဖဲ သမား – တစ္ဆေ”

သူ့အသံက လည်ချောင်းထဲမှာ တင်းကြပ်ပိတ်ဆို့ကာ မေးရိုးတွေက စေ့သွားသည်။ သူ့ရင်ခုန်သံသည် ရင်ခေါင်းထဲတွင် ပွဲတင်ရိုက်သွားသည်။ ဇရပ်လေ့ကားအတိုင်း တက်လာသော ခြေသံများ၊ ကြမ်းပြင်ပေါ်ကိုရုပ်တိုက်သံများလည်း တဖြည်းဖြည်း ကျယ်လောင်လာလေပြီ။

“ဟင်း – ဟင်း – ဟင်း – ဟင်း”

“ဟီး – ဟီး – ဟီး”

မကျေမနပ်အံကြိတ်သံ၊ ညည်းတွားသံ…။

“ဖဲဝိုင်းသိမ်းပြီးရင်သုံ့ဇာဝီရိယနဲ့ လွတ်မြောက်ဖို့ကြိုးစားတော့ အဲ့ဒါဗပေ တူး…။ မိစ္ဆာဖဲဝိဗိရိတ်အနိုင်ယူပြီး ကြွေးစာရင်းတွေ သိန်းပေါင်းများစွာ တင်ထားတော့ ဒီကောင်တွေ ကျေနပ်ကြမှာ မဟုတ်ဘူး။ မင်းကို နည်းမျိုးစုံနဲ့ ဖြုံခြောက်ကြမှာ သေအောင် သတ်ကြမှာကွ။ ဒီတော့ လွတ်အောင်ပြေး၊ ငါစီစဉ်ထားတဲ့အတိုင်းလုပ်။ ကြွေးစာရင်းကျေညာ၊ ဘယ်နှစ်အတွင်းကျေအောင် ဆပ်ဆိုပြီး အော်ပြေးပေတော့”

ဦးဂေါ်လီ၏စီရင်ညွှန်ကြားသံထွက်ပေါ်လာသည်။ ကြားယောင်လာသည်။

“ဟော့ကောင်တွေ – မင်းတို့ဆီမှာ ငါ အကြွေးသိန်းတစ္စရာ ငါးဆယ်၊ ဒီ သုံးနှစ်အတွင်း ကျေအောင် ဆပ်ကြရမယ်၊ မင်းတို့ကျေအောင် ဆပ်ကြဟေ့”

အာပေတူး၏ အသံကြီးက တိတ်ဆိတ်မှုဖြင့် ငြိမ်သက်နေသော သချိုင်းမြေတွင် ကျယ်လောင်စွာ ဟိန်းထွက်သွားတော့သည်။ သူသည် အသက်ကို ဝဝရှူသည်။ လက်ထဲမှာ ဝိုင်းသိမ်းဖဲထုပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်သည်။ ထို့နောက် ဇရပ်ပေါ်မှ လွှားခနဲ ခုန်ချထွက်ပြေးလေတော့သည်။

“ဝေး – ဟေး – ဟေး”

“ဝူး – ဟူး – ဝေး – ဟေး”

သူ့ခန္ဓာကိုယ်ကြီးတစ်ခုလုံးရုတ်တရက် လေဖမ့်တိုင်းတိုက်လိုက်သလိုလဲပြိုသံများ၊ လေပြင်းတိုက်ခတ်သံများ၊ တဟီးဟီး တဖားဖား ရယ်သံကြီးများသည် အာသည်းနလုံးတစ်ခုလုံးကို ယူကျုံးဆုပ်နယ်လိုက်ဘိသကဲ့သို့ကြောက်လန့်တုန်လှုပ်သွားစေကာ အရိပ်မည်းကြီးများ၊ အရိပ်ဖြူကြီးများသည် အာပေတူးထွက်ပြေးရာ နောက် ဆီသို့ တစ်ဟုန်ထိုး ပြေးလိုက်လာကြ လေပြီကော။

ဤဒရယ်မြောင်၊ ကျတ်တီးကုန်းညောင်ခြေထောက်ရွာသုံးရွာ၏ အထင်ကရရောမသချိုင်းကြီးသည် အာပေတူးတို့ သူငယ်ချင်းတွေ ငှက်ပစ်ရာ၊ ဖဲဝင်ရိုက်ရာ သချိုင်းကြီး ဖြစ်ပေရာ သချိုင်း၏ အနေအထားကို ကျွမ်းကျင်နေပေပြီ။ ဖြတ်လမ်း၊ ကုန်း၊ ကမူ စသည်တို့ကိုလည်း ဘယ်နေရာ ဘာရှိသည်ကို သိရှိပြီးဖြစ်သည်။

“ဝေး – ကိုက်ဟ – ကိုက်ဟ”

“မလွတ်စေနဲ့”

အော်သံတွေ…။

ပြေးလွှားရင်းသူလှည့်ကြည့်လိုက်သည်။ ဘုရား – ဘုရား – လွန်ခဲ့သည့် တစ်ပတ်လောက်က ရွာတွင် ဖဲလိမ်ရိုက်၍ အဲသတ်ခံရသည့် ဇော်ဝီ ထုံးမောင်သွေ့ဂေါင်းကောင်းမှတ်မိသည်။ သူ့နွားတစ်ရှဉ်းဖြစ် ဖါသွားခဲ့သည့်မဟုတ်လော။ ဖဲသမားတစ္ဆေသုံးကောင်သည် လက်ကြီးနှစ်ဖက်ထိန်၍ လည်ပင်းကြီးတွေ လိမ်ခေါင်းကာ သူ့နောက်သို့ သွေးရှူးသွေးတမ်း လိုက်လာကြလေပြီကော။ ရှေ့ဦးမှ တစ်ယောက်သည် ဖဲဗိုင်သမားဖြစ်ပြီးပထမဦးဆုံး ဓားဖြင့်အထိုးခံရ၍ သေလေရာ ဓားတန်းလန်းဖြင့် လိုက်လာခြင်း ဖြစ်သည်။

“အာပေတူး – နောက်က လိုက်လာရင် လွတ်အောင်ပြေး၊ သချိုင်းကို ပတ်ပြေး၊ အပြင်မထွက်နဲ့ ညာဏ်ကိုလှည့်သုံး၊ သူတို့က မင်းကို မိအောင်ဖမ်းလိမ့်မယ်၊ မိရင် မင်းသေပြီ၊ မင်းက သူတို့ကို ဖဲလိမ်ရိုက်တာကိုး။ အေး – ပြေးရင်းလွှားရင်းနဲ့ မင်းလက်ထဲက ဖဲချပ်တွေကို တစ်ချပ်ချင်း ချပစ်ခဲ့၊ ဟုတ်ပြီလား၊ တစ်ချပ်ချင်း ပစ်ချရမှာနော်”

ဦးဂေါ်လီ၏ ဩဝါဒတွေကို သတိရလာသည်။ ဖဲချပ်တွေကို တစ်ချပ်ချင်း ချကာ ဂူတွေ မြေပုံတွေကို ကျော်လွှား ဖြတ်ကျော်ကာပြေးသည်။ လူရိုးတွေတို့ စလုတ်တိုက်မိသေးသည်။

“လိုက်ကြဟေ့ – လိုက်ကြဟေ့”

www.burmeseclassic.com



နောက်သို့ လှည့်ကြည့်လိုက်ပြန်သည်။ ပြင်းထန်သော တဖုတ်ဖုတ်မြေသံနှင့်အတူ သူ့နောက်သို့ ပြေးလိုက်လာသူမှာ ခေါင်းပြတ်ကြီးဖြစ်သည်။ ခေါင်းပြတ်နှင့် ခန္ဓာကိုယ်ကြီးသည် မြေကားရား လက်ကားရားဖြင့် လိုက်လာရာ ဖဲချပ်တစ်ချပ် ပစ်ချလိုက်သည်။ ခေါင်းပြတ်ကြီးသည် ကောက်ကိုင်ကာ လှည့်ပြန်သွားသည်။ ညာသံပေးကာ လိုက်လာသံတွေကလည်း အဆက်မပြတ်၊ မိန်းမကြီးတစ်ယောက် ရုတ်တရက် ပေါ်လာပြန်သည်။ တောင်းကြီး ရွက်ကာ ပေါ်လာခြင်းဖြစ်သည်။

"ဖဲသမားမကြီး ဒေါ်တင်အေး"

ဖဲချပ်တစ်ချပ်ချကာ အစာကျွေးလိုက်သည်၊ ဖဲသမားမကြီးကောက်ကိုင်ကာ လှည့်ထွက်သွားသည်။

"ဟီး-ဟီး-ဟီး"

ပြေးလွှားရင်း ဆိုးဝါးနံစော်လှသော အပုပ်နံ့ကြီးများ ဟောင်စပ်စပ် အနံ့များကလည်း နှာခေါင်းထဲသို့ အလုံးအရင်းနှင့် ဝင်လာသည်၊ ကျက်တီးကုန်းရွာမှ ဖဲသမားသရဲများ၊ ညောင်ခြေထောက်မှ တစ္ဆေဖဲသမားများသည်လည်း သူ့နောက်သို့ ဒေါသတကြီး လိုက်လာကြသည်၊ ထန်းပင်လောက်အရပ်ရှည်သည့် တစ္ဆေဖဲသမားများ၊ အရိုးဂေါက်ဂက် အသားမရှိသော တစ္ဆေများလည်း တချောက်ချောက်အသံတွေပေးကာ လိုက်လာကြလေပြီကော၊ မိလျှင်မသက်သာ။

သူသည် ဖဲချပ်တွေကို တစ်ချပ်ချင်းချကာ သချိုင်းမြေကို ပတ်၍ ပြေးနေလေသည်၊ သချိုင်းထဲမှ ငှက်များ၊ ကျီးကန်းများကလည်း မအိပ်ကြတော့ဘဲ တကီးကီး၊ တအားအား မြည်ကာ ဒေသွးရှူးဒေသွးတန်းပျံသန်းကြကုန်သည်၊ ပစ်ချသမျှဖဲချပ်များသည်ရုတ်တရက်ပျောက်ကုန်သည်။

ပြေးလွှားရင်း လက်ထဲမှ ဖဲချပ်များကို ကြည့်လိုက်ရာ ၅ ချပ်မျှသာကျန်တော့သည်၊ လင်းကြက်ပင် တွန်ပေတော့မည်၊ ထိတ်ခနဲ့ဝမ်းသာသွားသည်၊ ပြေး-ပြေး-ပြေးထား။

"ဝိုး"

ရုတ်တရက် အရာဝတ္ထုကြီးတစ်ခု သူ့ခေါင်းပေါ်မှ အသံမြည်ကာ ဖြတ်သွားသဖြင့် ခေါင်းငုံ့ရှောင်လိုက်သည်၊ ကြည့်လိုက်တော့ နွားခေါင်းရိုးကြီး၊ အရှေ့ဘက်မှ ပစ်ထည့်လိုက်ခြင်းဖြစ်သည်၊ ထို့နောက် ပေါင်ရိုးကြီးတစ်ချောင်း ဖုန်းခနဲ ကျလာပြန်သည်၊ ခုန်၍ ရှောင်လိုက်သည်၊ ထို့နောက် လူ့ခေါင်းခွံကြီးတစ်လုံး ဖုန်းခနဲ ကျလာပြန်သည်။



ဖဲတစ်ချပ်ကိုချ၍ ဆက်ပြေးသည်၊ ထိုစဉ်-

"ဝုန်း-ဝုန်း-ဝုန်း-တွန်းဟေ့-တွန်းဟ"

ရှေ့ဘက်ဆီမှ အသံတွေ၊ မျက်နှာချင်းဆိုင်ဆီမှ ညာသံပေးကာ အော်ဟစ်လာသံတွေ။

"ဘုရား-ဘုရား-ဘာတွေလဲဟ"

သူ ကြည့်လိုက်သည်၊ လူတစ်စုသည် ဖြူဖြူရှည်ရှည် အရာဝတ္ထုကြီးတစ်ခုကို တွန်းလှည်းပေါ်တင်ကာ မျက်နှာချင်းဆိုင် တွန်းလာကြခြင်းဖြစ်သည်၊ လူ အယောက်နှစ်ဆယ်ခန့်ရှိမည်၊

"တွန်းထား-တွန်းထား"

တွန်းလှည်းပေါ်မှ လူသေခေါင်းတလားကြီး၊ စက္ကူဖြူဖြူတွေ ကပ်ထားသော ခေါင်းတွင် နာမည်ရေးထိုးထားသည်၊ အာပေတူး သေသေချာချာကြည့်လိုက်သည်။

## အာပေတူး

အသက် ၂၃-နှစ် ကောင်းမှု၊

"ဟိုက်ရှားဘား-ငါ့နာမည်ပဲ၊ လွတ်အောင်ပြေးမှ၊ ပြေးပြီဗျို့"

သူ့နာမည်ရေးထိုးထားသောခေါင်းတလားကြီးကို မြင်တွေ့လိုက်ရသော အခါ တစ်ကိုယ်လုံးရှိသွေးလည်ပတ်မှုများ ရပ်ဆိုင်းသွားသလို ဖြစ်သွားပြီး ဘုရားတလိုက်သောအသံသည် လည်ချောင်းထဲတွင် တစ်ဆို့နေလေသည်။

ဤလမ်းသည် သုသာန်မှ ရွာသို့ ထွက်ရာလမ်းဖြစ်သည်၊ ယခုလမ်းပေါ်တွင် ပိတ်ဆို့ကာ ခေါင်းတလားကြီးကို လှည်းပေါ်တင်လျက် လူတစ်စုက သူ့ဆီသို့ ဝိုင်း၍တွန်းရွေ့လာလေပြီ၊ လူတွေကို သူကြည့်လိုက်တော့ သေလွန်ပြီးဖြစ်သော တစ္ဆေဝိညာဉ်များ ဖြစ်နေသည်တကား၊ ရေနစ်သေသောဖဲသမားသိန်းအောင်၊ ကားပေါ်မှ အရက်မူးပြုတ်ကျသော ဖဲသမားသံတုတ်၊ ရပ်ကျော်ရွာကျော် ဖဲသမားများသည် သူ့ဆီသို့ တည့်တည့်တိုးဝင်လာလေပြီကော၊

"ဝုန်း-ဝုန်း-ဝုန်း"

"လိုက်ဟ-လိုက်ဟ-မလွတ်စေနဲ့ဟေ့"

"ဖဲသမားလူလိမ်အာပေတူး"

အာပေတူးသည်ရုတ်တရက်သတိဝင်လာကာ လှည့်၍ ပြေးလေသည်၊ ဖဲချပ်တွေကို တစ်ချပ်ချင်း ပစ်ချသည်၊ ဖဲချပ်များသည် မြေပေါ်ရောက်သည်နှင့် ရုတ်တရက် ပျောက်သွားသည်၊

...ရှိသည့် လက်တွဲမှာကိုင်ထား မှုသော ဖဲချပ်နှစ်ချပ်မှ တစ်ချပ်ကို ရွှေ့ ဖယ်လိုက်သည်။ တစ်ချပ်ကျန်သည်။ ဖဲချပ်တွေကုန်ပြီ။ တစ်ချပ်ပဲ ကျန်တော့ သည်။ ပြေးလွှားနေရင်း သူ့ ငွေကော ကြည့် လိုက်သည်။ အနီရောင်ဖဲချပ် ဒိုင်းမွန်း ဆဲဗင်း။

ဦးဝေါလီ၏ ခွန်သင်ရှုံ့ကော့ပြန် လည်ကြွားပေယာင်လာပြန်သည်။

မင်း – နောက်ဆုံးဖဲချပ်တွေချသွား လိုက်တာ မင်းတစ်ချပ်မှတ်ခဲ့ချက် ထား၊ ရ မယ်တွဲ၊ ဘာ့ယ်ဖဲကျန်ကျန် ရတာယ်၊ ဒီဒိုဗီ ဖဲကအဆိုကတဲ။ မင်းရဲ့အသက်ပဲ၊ ဖဲမှာ်ပဲ၊ ခဲအား – လွတ်အောင်တော့ ပြေးပေ့ဘူး၊ နည်းမျိုးစုံနဲ့ ရှောင်ပြေးပေတော့၊ ရွာထဲ ကိုလွှတ်အောင်ပြေး

၊လက်ဖွဲ့ထဲတွင်သိမ်းဝှက်ဖဲမှော်ဒိုင်းမွန်း ဆဲဗင်း ရလေပြီ၊ သူ့ရင်ထဲမှာ အငင်အား တွေ တွာစိမ့်စိမ့်တိုးဝင်လာသလို ခံစား လိုက်ရသည်၊ အောင်မြင်တော့မည်၊ လွတ်မြောက်အောင်ပြေးမှ ပြေးမည်။

အရိပ်မည်းကြီးတွေ ရွေ့လျားကာ လိုက်လာကြသည်။ ညသည်ပေးကာ ထက် ကြပ်မလွှတ်။

အာပေတူးသည် အနီးဆုံးဖြတ် လမ်းဖြစ်သည့် အုတ်ဂူကြီးတစ်လုံးပေါ် သို့လွှားခနဲခုန်ကျော်လိုက်ကာသည် လွတ် သွားသည်၊ လှည့်မကြည့်တော့ချေ။ ကြယ် အပေါ်တွဲသို့ ပြေးထွက်သွားသည်၊ ရုတ် တရက်မှတ်တိုင်တစ်ခုကို ဖြတ်ကျော် ရာ ခလုတ်တိုက်လဲကျမလို ယိမ်းထိုး ဖြစ်သွားသည်။ ရုတ်ခြည်းဖင် တိုယ်ကို မတ်ကာ မနားတမ်း ဆက်ပြေးသည်။

မင်း – ထချိုင်းမြေကထဲတစ်ချပ် ကိုင်ပြီး ရွာထဲဝင်မိရင် လွှတ်ပြီ၊ အောင် မြင်ပြီလာမှတ်ပေတော့၊ အဲဒါဖဲမှော်ပဲ ဖမ့်။

ဦးဝေါလီ၏ စကားသံသူ့နောက်ပြေး သည်၊ ကျော့်သစ်ပေါက်တစ်ကောင်၏ ပြေးနှုန်းကဲ့သို့ ပြေးသည်။ ခါနောက်ကို လှည့်မကြည့် ဖွဲ့နေအိမ်ရှေ့ကွာမှ ရင် နှစ်ခြမ်းကွဲမေရတွဲ့ ဆက်ပြေးသည်၊ အော်ဆံတွေနောက်မှ တဖြည်းဖြည်း ပြတ်ကာ ကျန်ရစ်ခဲ့လေပြီတကား။

✤

ဤသို့ဖြင့် ဒရယ်ပြောင်ကျေးရွာ တွင် ဖဲမှော်အောင်သည့် လူထူးလူဆန်း အာပေတူးဟူသည့်လူတစ်ယောက်ပေါ် လာသည်၊ သူသည် ဖဲမှော်၏အစွမ်း သတ္တိများဖြစ်သည့် လိုရင်သည့်ဖဲကို





ခေါ်တိုင်း တက်လာသည့် ဖဲကြောင့် ရွာများတွင် မကစားဘဲ တရုတ်သူဌေး၊ ကုလားသူဌေးများကျက်စားရာရန်ကုန်၊ မန္တလေးမြို့ကြီးများပေါ်သို့ နောက်လိုက် နောက်ပါ ခြွေရံသင်းပင်းများဖြင့် တက် ၍ကစားရာ အမြဲတမ်းအနိုင်ရရှိသည်။ ရွာတွင် လယ်ကေပေါင်းများစွာ ပိုင်ဆိုင် သွားခဲ့သည်၊ ကျောင်းဇရပ်တွေဆောက် လုပ်လှူဒါန်းသည်၊ စာသင်ကျောင်း ဆောက်ပေးသည်၊ ကျေးလက်ဆေးပေး ခန်း လှူဒါန်းဆောက်လုပ်ခဲ့သည်၊ မိဘမဲ့ ကလေးတွေ ရှင်ပြုပေးသည်။

သည်လိုနှင့်ဖဲမှော်သက်တမ်း၃နှစ် ပြည့်သောအခါ ဖဲမှော်သည် ရုံးစွမမှန်း တော့ဘဲ သာမန်ဖဲတစ်ချပ်သာဖြစ်သွား သည်၊ ထိုအခါအာပေတူးသည် သူမူလ ဖဲမှော်စီရင်ခဲ့ရာ ဇရပ်အိုကြီးဆီသို့ ဖဲ မှော်ဒိုင်မွန်းဆဲဗင်းကို လာထားသော အခါ သူ ပစ်ချစီရင်ခဲ့သည့် ဖဲချပ်အား လုံး ဇရပ်ပေါ်တွင် ထပ်လျက်သား ပြန် တွေ့ရသည်။

ထို့နောက်မကျွတ်မလွတ်ဖဲသမား တစ္ဆေများကို တစ်ယောက်ချင်းအမျှဝေ ကာ ကုသိုလ်ကောင်းမှု ပြုခဲ့ပြီး ဖဲရိုက် ခြင်းဓလေ့ကိုပါ စွန့်လွှတ်လိုက်သည်။

သူနေထိုင်ရာ နေအိမ်ခေါင်းရင်း တစ်နေရာတွင် မိဘများ၏ ဓာတ်ပုံနှင့် ယှဉ်တွဲကာ ဦးဝေါလီ၏ ဓာတ်ပုံကိုပါ တရိုတသေ ချိတ်ဆွဲထားသည်ကို လူ တိုင်းတွေ့နိုင်သည်။

မင်းဘုန်းသိခ်သူ

နားပြည်ယိုလျှင်...
- ကြက်သွန်နီကို
အရည်ညှစ်၍ထည့်ပါ။
- ကြိတ်မှန်ရွက်ခြောက်မှုန့်နှင့်
အုန်းဆီစစ်စစ်ဖျော်၍ နားကျပ်ပါ။